
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| တမူခွင့်ပြုချက်အမှတ် | - ၅၀၁၀ ၃၂၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀ ၅၈၇၀၆၀၅ |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ် ၂၀၀၆၊ ဖေဖော်ဝါရီလ |
| ထုတ်ဝေသူ | - ဒေါ်မြနှင်းအေး (မြလွန်းရီစာပေ)<br>အမှတ်(၄၄)၊ ပထပ်(ခ)၊ ၉၁-လမ်း၊<br>ကန်တော်ကလေး၊ ရန်ကုန်။ |
| အတွင်းပုံနှိပ်တိုက် | - ဦးစိန်ဝင်း (စိန်ရတနာပုံနှိပ်တိုက်)<br>အမှတ်(၂၁)၊ ၁၆၂လမ်း၊<br>တာမွေ၊ ရန်ကုန်။ |
| အဖုံးပုံနှိပ်တိုက် | - ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)<br>၉၆/ခ၊ ၁၁လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀ကျပ် |



ကျွန်မအသက် ဆယ်နှစ်တုန်းက
ဗေဒင်ဆရာတစ်ယောက်က ဟောခဲ့တယ် . . .
နင့်ဘဝဟာ အကောင်းဆုံးနဲ့အဆိုးဆုံး အမြဲတွဲပြီး
ရလိမ့်မယ်တဲ့ . . .
ကျွန်မရခဲ့တယ်ဆိုတဲ့ အကောင်းဆုံးတွေက
ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်ရင်းနဲ့ ရခဲ့ပြီး
အဆိုးဆုံးတွေကိုတော့ ဘာအားထုတ်မှုမှမလိုဘဲ
လက်ခံရရှိခဲ့တယ်
အဲဒါဟာ ဘာကြောင့်လဲ . . .
လူတစ်ယောက်က ပြောတာပဲ . . .
အဲဒါ ကံကြမ္မာပဲ မိငယ်တဲ့
ဒါပေမဲ့ . . . မိငယ်က ကံကြမ္မာကို မယုံဘူးလေ . . .



www.burmeseclassic.com

www.burmeseclassic.com



**ပဥ္စမ်းအနမ်း**

ဂဏာန်းအမဆိုတာ အထီးကိုစား သားမွေးတယ်တဲ့ . . .

မြေပွေးမျှားဟာ မိခင်ဗိုက်က အကောက်လိုက် ဖောက်ထွက်တတ်တဲ့ . . .

ကမ်းခြေဟာ ရေလှိုင်းတိုက်စားခံရင်း အနားသတ်ဖြစ်နေတုန်း . . .

ချစ်တဲ့ကောင်လေးရေ . . .

ငါဂဏာန်းအမ မဖြစ်ချင်ဘူး . . .

ပဥ္စဂံအနမ်းနဲ့ ငါ့ကိုလှိုက်စားပေမဲ့ မိခင်ဝမ်းက ဖောက်မထွက်ရဲခဲ့ပါ . . .



မင်းအတွက်နဲ့ မာနတွေပြုတ်ကျ ဘာမဆိုစွန့်ရက်ရဲခဲ့ပေမဲ့လည်း . . .

အနားသတ်မဖြစ်ခဲ့တဲ့ဘဝ သံတိရခြင်းတွေနဲ့ ဖာထေးထားဆဲ . . .

ငါ့ရဲ့ အနာဂတ်အိပ်ကလေးမှာလဲ . . .

မင်းရဲ့ ခြောက်ကြိုးတပ် ဂစ်တာလေး မျက်ရည်စက်ပုံလက်ခတ် ကလေးနဲ့ ကော့ဒ်တွေ ပြန့်ကြဲပါစေဦး . . .

မင်းရင်ခွင်မှာ မွေးစက်ရင်း မှိုင်းမိခဲ့တဲ့ ငါ့ပဥ္စဂံအနမ်း . . .

အလွမ်းတံတား မဖြစ်ချင်ဘူးကွာ . . .

အခုထိငါ . . .

အချစ်ပန်းတွေ ပျိုးနေတုန်းပါ . . .

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အဲဒီနေ့က ၁၉၉၉ ခုနှစ် ဒီဇင်ဘာလရဲ့ တစ်ရက်ပဲ။ နေ့ခွဲ တော့သေချာမသိတော့။ နေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ)ထဲမှာတော့ . . . စကားလုံး တစ်လုံးတွေ့ရှိသောနေ့ဟု ခေါင်းစဉ်တပ်ထားသည်။

ဒီဇင်ဘာလဆိုတော့ ကျောင်းမှာလူသိပ်မရှိ။ မနက်ပိုင်း တချိန် ဆိုကျောင်းပြေးကြသည်။ ဗိုင်ယ်မှာ ညကတစ်ညလုံး အိပ်ရေးပျက်ထား သောကြောင့် ကြောင်နေသောမျက်လုံးတို့ကိုအသာပုတ်ခတ်ပုတ်ခတ် လုပ်ကာ . . . ထုံးစံအတိုင်း မြောက်ကြွမြောက်ကြွ ခြေလှမ်းတို့ဖြင့် စာကြည့်တိုက်ထဲ လှမ်းဝင်လိုက်သည်။

ဗိုင်ယ်မျက်နှာကို မြင်သူတိုင်းက ညအိပ်ရေးပျက်ထားသည့် တုထင်မှာကိုမဟုတ်။ မျက်ခွံမှာအပြာရောင်တလက်လက်လ[illegible]လျက်၊ မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင်တို့ကလည်း အပြာရောင်မက်စ်ကာရာဖြင့် ကော့ညွတ်ထားသည်။ နှုတ်ခမ်းကိုပုံဖော်ဆိုးထားသဖြင့် . . . မျက်နှာတစ်ပြင်လုံးသည် ဆေးဆိုးပန်းရိုက်မျက်နှာဖြစ်နေသည်။ ဒီမျက်နှာက မိငယ်ရဲ့ မျက်နှာဖုံးတစ်ခုဖြစ်သလို မိငယ်ရဲ့ . . . သင်္ကေတတစ်ခုဖြစ်သည်။

ဘာလို့လဲဆို မိငယ်ရဲ့မျက်နှာမှာ ဘယ်တော့မှ ညိုးငယ်နေတာ၊ စုတ်ပြတ်နေတာ၊ တွေဝေနေတာ လုံးဝမမြင်စေရ။ ဘယ်သူမှလည်း မမြင်ခဲ့ဘူး။

လူတိုင်းသည် မိငယ်ရဲ့ အလှပြင်ထားသော မျက်နှာမျိုးကိုသာ ဘာကယ့်အစစ်ထင်ကြလေသည်။ အခုလည်း ကျောင်းကိုတော့ ရောက်သာသည်။ ကျောင်းခန်းထဲမဝင်ဘဲ အိပ်ချင်နေ၍ စာကြည့်တိုက်ကို ဝင်ခြင်းဖြစ်သည်။

အင်း . . . စာကြည့်တိုက်မှာ ဒီလိုမနက် ကိုးနာရီခွဲပဲရှိသေးဘဲ့အချိန်မို့ ကောင်လေးချောချောလေးတွေတော့ ရှိမှာမဟုတ်။ ကောင်းတာပေါ့။ မရှိတော့ မကြည့်ဖြစ်။ မကြည့်ဖြစ်တော့ မျက်စေ့အညောင်းသက်သာတာပေါ့။ ဤသို့မိငယ်တွေးလေသည်။ လေ့ခါးသစ်များပေါ် နေးကွေးလေးလံစွာတက်ရင်း ကျောင်းမပျော်သော ကိုယ့်ခေါင်းကို ကိုယ်နားလည်လျက် . . . ဘာကိုလိုချင်နေသလဲဆိုတာ ဝေဖန်စားမရနိုင်အောင်ရှိသည်။

ခုစီးနေတဲ့ကားက Volvo အမျိုးအစား။

ဝတ်ထားသောစိန်တန်ဖိုးက သိန်းပေါင်းမနည်း။ လူပုံက



အပျံစား အလန်စား။ ပိုက်ဆံအိတ်ထဲမှာ အနည်းဆုံးတစ်ထောင်တန်အရွက်ငါးဆယ်ပါသည်။

ဟန်းဖုန်းနဲ့မိငယ်မှာ ဘာလိုနေလဲ။

မိငယ်ဘာလို့ ကျောင်းကိုလာရင် မပျော်တာလဲ။

မိငယ်ကျောင်းမပျော်တဲ့အပြင် . . . အိမ်မှာတော့ ပျော်လို့လား။

ပိုဆိုးသေးသည်မဟုတ်လား။ ကိုယ့်အကြောင်းတော့ ကိုယ်သိသည်။ မိငယ်လေတစ်ချက်ချွန်ကာ ဒေါက်ဖိနပ်ပန်းရောင်ကလေးကိုချွတ်သည်။ စာကြည့်တိုက်မှာ ဝန်ထမ်းကလွဲ၍မရှိ။ တစ်ယောက်ရှိသည်။

ထိုသူသည် မိငယ်ကို ကျောပေးထားသည်။ ရှပ်အင်္ကျီနှင့် ကျောပြင်အနေထားအရ ကောင်လေးတစ်ယောက်ပေါ့။

မိငယ်သည် အဲဒီကောင်လေး ထိုင်နေသောခုံနဲ့ မျက်နှာချင်းဆိုင်းတည့်တည့်ခုံမှာ အသံမြည်အောင် ခုံကိုဆွဲယူ၍ ထိုင်လိုက်သည်။

သို့သော် ကောင်လေးက ငုံ့နေသောခေါင်းကို မဖော်ရုံမက တုတ်တုတ်မှမလှုပ် စာကြည့်တိုက်ထဲမှာ မိငယ်ခုံရွှေ့သံသည် မိုးခြိမ်းသံလိုကျယ်လောင်သွားသည်။ ကောင်လေးက ဝိပဿနာဝင်စားနေတဲ့အတိုင်းပဲ။ စာအုပ်ထူထူကြီးတစ်အုပ်ကိုမဲသဲဖတ်နေဆဲ။ ငုံ့နေသောမျက်နှာကို မိငယ်သေချာမမြင်ရ။

ဆံပင်နက်နက်တို့က သူ့နဖူးပေါ် အုပ်ဆိုင်းကျနေသည်။ အဲ နှုတ်ခမ်းတို့တော့ တောင်းတောင်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတရဲနေသည်။ အသက်ဆယ့်ခုနှစ် ဆယ်ရှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်ရဲ့ နှုတ်ခမ်းမျိုးထက် နီ့ဘူးစို့ထားသော ာလေးငယ်တစ်ယောက်၏ နှုတ်ခမ်းမျိုးနဲ့ ပိုတူသည်။ မိငယ်သည် အိတ်ထဲမှ ဘောလ်ပင်တစ်ချောင်းထုတ်ကာ စားပွဲခုံပေါ် တဒေါက်ဒေါက် သုပ်၍ကောင်လေးများ မော့ကြည့်မလားဟု တမင်ဆူညံနေလိုက်သည်။

မျက်မှန်အမဲကြီးတပ်ထားသော ကောင်လေးက ထုတ်တုတ် ှမလှုပ်။

"ဟဲ့ . . . နင်ကဘာလဲ တရားထိုင်နေတာလား"

စိတ်ထဲကနေ မိငယ်လှမ်းမေးလိုက်သည်။ သူ့ရှေ့မှ ဒီလောက် ခတ်ဆန်သွက်လက် ချောမောလှပသော ကောင်မလေးတစ်ယောက် ရောက်နေတာတောင် တစ်ချက် မော့မကြည့်တာ ဆန်းနေသည်။ ျက်လုံးများ မြင်ရှရဲ့လားမသိ။ မြင်ရမှာပေါ့လေ။ မျက်မှန်တပ်ထား ဘာပဲဥစ္စာ။

မိငယ်မှာကြည့်နေရင်းက အသဲယားလာသည်။ ဆိပ်ချင်စိတ် သည်းပျောက်လျက်ရှိသည်။ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်တော့ ပွဲတင်းမှန်မှာ နှင်းငွေ့တွေသီနေဆဲ။ ကောင်လေးကလည်း အဲဒီနှင်းငွေ့ တွေလိုပဲ အေးစက်စက်ရှိလှသည်။

အဲဒါမိငယ်ရဲ့ အကျင့်ပဲ။

ယောက်ျားလေးတွေ ရှေ့ရောက်လျှင် ချောမောလှပသော မိငယ်ကိုတစ်ချက်တော့ ကြည့်စေချင်သည်။ အခုက မိငယ်ကို ရှိတယ်



တောင်မထင်။ ဂရုတောင်မစိုက်။

"ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက်"

မိငယ်သည် ခုံနှင့်ဘောလ်ပင်ထိသည့်အသံကို တဖြည်းဖြည်း နားကလောလာသည်။ နည်းနည်းတိတ်ပေးပါလို့ပြောရင် ကောင်လေး ရဲ့ မျက်နှာကိုတော့ မြင်ရမှာပဲဟုလည်း တွေးလျက်ရှိသည်။ မျက်မှန်ကြီး က အမဲရောင်ကြီးဆိုတော့ သိမ်ရုပ်ဆိုးတာပဲ။ လူတွေဒီမျက်မှန်အမဲကြီး ကို ဘာကြောင့်ကြိုက်ပြီးတပ်နေကြသလဲမသိ။ မိငယ်ကတော့ မျက်မှန် ဆို ပန်းရောင်ဖျော့ဖျော့လေး၊ စိမ်းရောင်ဖျော့ဖျော့လေး အဲဒါမျိုးပဲကြိုက် သည်။ ရွှေရောင်တို့ အမဲရောင်တို့ဆိုတာ တောဆန်သည်ဟုထင်သည်။

ကောင်လေးအသားက စိမ်းမြမြနဲ့ ဖြူသောအသားမျိုး။ ရုပ်အကျိုကလည်း တံဆိပ်အကောင်းစားမဟုတ်ပါလား။ အဖြူခံမှာ အနက်နဲ့အစင်းကျားကလေးတွေ ကွက်ထားသည်။ ဖြူဝင်းသော အသား အရေနဲ့ဆို သူနဲ့တီရှပ်တွေ အရမ်းလိုက်မှာပဲဟု မိငယ်က စိတ်ကူးထဲမှ တွေးမိပြန်သည်။

ကြည့်စရာမရှိ၍ ရှိသောတစ်ယောက်ကို ကြည့်နေသော မိငယ်သည် ဘယ်လိုမျက်နှာလဲဟု သိချင်ပါတယ်ဆိုမှ သူကမျက်နှာမော့ မလာ၍ စိတ်တိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီခဏမှာပဲ. . .

အဲဒီခဏမှာပဲ . . .

အဲဒီခဏမှာပဲ . . .

Day Diary ဟုရေးထားသော စာအုပ်၏ ပထမဆုံး ာမျက်နှာတွင် စကားလုံးတစ်လုံး တွေ့ရှိသောနေ့ဟု ခေါင်းစဉ် တပ်ထားလေသည်။



အချစ်ဆိုတာ ဘာကြီးလဲ. . .

ထိုင်လို့ရလားဟင်. . .

ကျွန်မ မသိဘူး. . .

ကျွန်မသိတဲ့ အချစ်ကတော့

ကြည့်လိုက်ရင် သိပ်ငြိမ်းချမ်းတာပဲ. . .

တလောကလုံးက ယောကျ်ားတွေထဲမှာ သူကအငြိမ်ချမ်းဆုံး ယောကျ်ားပဲ။ မယုံရင် ကျောင်းကိုလာကြည့်ပါလား။ သူ့ကိုကြည့်ရတာ သူငယ်တန်းကလေးလေးတစ်ယောက် မိုးမိုးရွှဲအပင်အောက်မှာ စာထိုင် ကျက်နေသလိုပဲ. . .

မိုးမိုးပြီးရွက်ကြွေလေးတွေ မြက်ခင်းပေါ် ကြွေပြီဆိုရင် ဂ္ဂန်မှာ ဆောင်းဦးပေါက်ပြီးဆုံးပြီဆိုတဲ့ အဓိပ္ပါယ်ပဲတဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီမှာ စတွေ့ခဲ့တဲ့သူက ကျွန်မကို စကားတစ်ခွန်းတောင်မပြောပါဘူး။ ဒါပေမဲ့ ပြောနေသလိုပဲ ခံစားရတယ်။

အဲဒီစကားလုံးက အချစ်လေ။

ဒီနေ့မှာ ယောက်ျားတစ်ယောက်ရဲ့ မျက်လုံးတွေ ဘယ်လောက်လှတာသိခဲ့ရသလိုပဲ အချစ်ဆိုတာစိတ်ကူးယဉ်ဖို့ ဘယ်လောက်ကောင်းကြောင်း သိခဲ့ရတယ်။

♡ ♡ ♡



မိုးကောင်းကင်အကြောင်းကို ခါတိုင်းဆို မိငယ်မစဉ်းစား။ ဒီနေ့တော့ မိုးကောင်းကင်ဆိုတာ. . . လကမ္ဘာကကြည့်လျှင် ကမ္ဘာကို ခရမ်းရောင်အဖြစ်မြင်စေတာအရာများဟု သိပ္ပံစာစောင်ထဲတွင် ဖတ်မိပြီး စဉ်းစားခန်းဝင်နေလေသည်။

ငယ်ငယ်တုန်းကဆို စာစီစာကုံးထဲမှာရေးဖို့ မေမေက စာကြောင်းတွေနှုတ်တိုက်ပေးတတ်သည်။ ဥပမာ . . .

ရယ်စရာတော့အကောင်းသားပဲ။ မိငယ်မှာ အဖေရှိ၏။ အမေ ရှိ၏။ အစ်ကိုတစ်ယောက်ရှိ၏။ သုံးစရာငွေများ အဖေ့ဆီက သိန်းဂဏန်း ငါးချောင်းအထိ အသာကလေး တောင်းနိုင်၏။ အမေကဆို မိငယ် ရွေ့ဝတ်ချင်တယ် ပူဆာလျှင်ပဲပြုံးပေးပြီးကာ လိုတာထက်ပိုဆင်၏။ ထိုဘဝမှာ မိငယ်ပျော်သလား။

"မိငယ်. . . နင်စုံစမ်းခိုင်းထားတဲ့တစ်ယောက်လေ"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ထဲက ရွှေယိမ်းအသံက အားတက်သရေရာပဲ။

"အယ်တစ်ယောက်လဲ"

"ဟာ. . . နင်ပဲ. . . စုံစမ်းခိုင်းထားတဲ့ကောင်လေးလေ"

"ငါသိချင်တဲ့ ကောင်လေးတွေ အများကြီးပဲဥစ္စာ"

"သေပါတော့ မိငယ်ရယ်"

"အို. . . မသေနိုင်ပါဘူး. . . အခုမှ ငါ့အသက်ငယ်ငယ်လေး ရှိသေးတာ"

"အေး. . . အေး. . . ငါမေ့သွားလို့ နင်ခုမှအမေ့ဝမ်းထဲက ကျွတ်စကလေး. . ."

"မယုံဘူးလား. . . ငါငိုပြမယ်"

"တော်တော့ . . . ငပေါမ. . . ပြောပြမဲ့ဟာတောင် အစပျောက်သွားပြီ"

"ပျောက်မှာပေါ့. . . နင်ကအစကတည်းက ထမီမှမကာစ်တဲ့ ဥစ္စာ"

"ကြည့်စမ်း. . . နင်ကပါငါ့ကို ပြောလာပြီပေါ့လေ"

ရွှေယိမ်းက ထမီဝတ်လျှင် မနိုင်ဘဲမကြာခဏ ကျွတ်ကျ တတ်ရာ ထမီမဝတ်ဘဲ ကွာတားစကော်များသာ ဝတ်လေသည်။ ထို့ကြောင့် သူ့ကိုထမီမကာစ်ဟု ငါပြောလျှင် အလွန်စိတ်တိုသည်။

"ဒါနဲ့ နင်စာမေးပွဲ ဖြေပြီးပြီလား ရွှေယိမ်း"

"ငါ. . ."



"ဖွားလေ . . . နင်ပဲ Y.F.I ဝင်ခွင့်ဖြေမယ်ဆို"

"တကျက်မယ်ဆိုရင် အိပ်ပျော်သွားလို့ . . . စာမရသေးဘူး၊ နင်ကျောင်းတက်ရတာ အဆင်ပြေလား"

"ဟင့်အင်း. . . ငါတစ်ယောက်တည်း. . ."

"အတွဲလေးဘာလေး ထားပေါ့"

"တော်ပါ. . ."

"တကယ်ပြောတာ . . . နင့်အမေတော့မသိစေနဲ့ပေါ့ တော်ကြာ ဓာတ်ခါထဲပေးစားလိမ့်မယ်"

"နင်သိနေရဲ့နဲ့ မဟုတ်တာ လာတိုက်တွန်းသေးတယ်"

"နင်အခုလို လုပ်နေတာထက် တစ်ယောက်ကို အတည်တကျ ကြံလိုက်ရင် ပိုကောင်းမယ်ထင်တယ်။ ငါပြောတာနင်သဘောပေါက်လား. . . အပျော်ကြံမကြီး"

"ငါ့ကိုများ. . . အေးပေ့. . . နောက်နင့်ကိုပါ အပျော်ကြံဦးမှာ"

ရွှေယိမ်းက မိငယ်ကို နင်မို့အေအိုင်ဒီအက်စ် မကြောက် ဘာညာဖုန်းထဲက ပွစိပွစိဆဲဆိုပြီး ရယ်လေသည်။ ခဏကြာတော့ တိတ် သွားသည်။

"သူ့နာမည်က ကုရွှေတဲ့"

"ဟင်း. . . မိန်းမကျနေတာပဲ"

"မြန်မာတစ်ပြည်လုံးမှာ အချမ်းသာဆုံး ဆယ်ယောက်ထဲက

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့သားလို့ ပြောကြတာပဲ။ ဆယ်တန်းကို ဂုဏ်ထူးသုံးဘာသာနဲ့ ထွက်ထားတာ"

"ဒါဆိုငါထက်ညံ့တယ် . . . ငါကငါးဘာသာဂုဏ်ထူး"

"အရေးထဲကြော်ငြာဝင်နေပြန်ပြီ . . . ငါတို့ ၈ . ၅ သူ ခြောက်နှစ်ကြီးတယ်"

"ဒါဆိုကိုကိုပေါ့"

"နောက်ဆက်တွဲသတင်းက လုံးဝမကောင်းဘူး"

"ဆက်ပြောပြလေဟာ"

"ရည်းစားအများကြီးရှိတယ်"

"ဒါဆိုငါ ဟိုသီချင်းဆိုရမယ်ထင်တယ် . . . ရည်းစားအများကြီးထဲမှာ ငါနံပါတ်ဘယ်လောက်လဲ"

"နှင်တစ်ဆယ်တော့ ကျော်မှာပဲ . . . သူနိုင်ငံခြားက ပြန်လာတာသိပ်မကြာသေးဘူး . . . ဟိုက MBA ယူလာတာ"

"ဘယ်ကလဲ"

"ထိုင်း"

"ကြော် . . . တော်တော်ဝေးတာကိုး . . . ဒါနဲ့များ ငါဘန်ကောက်ကို Shopping ထွက်တုန်းက ဘာလို့မတွေ့တာလဲမသိဘူး"

မွှေးသိမ်းဘက်က ဆဲဆိုသံတွေ တရစပ်ထွက်လာပြီးတော့ . . .

"သူ့နာမည်က နှင်မှတ်မိတယ်နော် . . . အခုနောက်ဆုံး သူလုပ်နေတာ စာရေးကိရိယာ ကိုယ်စားလှယ်ယူထားတာ၊ မြို့ထဲက



ရုံးခွဲမှာ တစ်ပတ်တစ်ရက်ထိုင်တတ်တယ် . . . "

"ဘယ်နေ့တွေလဲ"

"အင်္ဂါတစ်ရက်တည်း"

"မွှေးသိမ်း . . . နှင့်အမျိုးထဲမှာ ကလေးဘယ်နှစ်ယောက်ရှိလဲ"

"ဘာလုပ်ဖို့လဲ"

"ကျောင်းတက်နေတဲ့ကလေးကိုပြောတာ စာရေးကိရိယာ လိုချင်တာစာရင်းကောက်ထားလိုက် . . . "

"နှင်ဝယ်ပေးမလို့လား"

"အေး"

"နှင်ဦးကုဋေကို တကယ်အတည်ကြံမှာလား . . . ကျောင်းမှာရော နှင်သဘောကျတာ တစ်ယောက်တောင် မရှိဘူးလား"

"ရှိတယ်"

"ရှိတယ် . . . ဟုတ်လား"

"ထင်တာပဲ စာကြည့်တိုက်ထဲမှာ တွေ့တာ"

"ချောလား"

"မျက်မှန်ကလေးနဲ့"

"ဆေးကျောင်းသားပဲ ဒီလောက်တော့ရှိမှာပေါ့ . . . "

"မျက်မှန်ချွတ်လိုက်တဲ့အချိန်မှာ ငါ့ကမ္ဘာကြီးဟာဟာဟင်းလင်းပဲ"

"နှင်အဝတ်အစားတောင် မကာပ်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ညာဏ်မှီသလိုတွေးကြည့်ပေါ့"

"ဟင့်အင်း . . . ငါရှက်တယ်"

"တကယ်သန့်တာဟာ . . . မျက်မှန်ချွတ်ပြီး ခါတ်ပုံရိုက်၊ အဲဒီဓါတ်ပုံနဲ့ ကုမ္ပဏီသွားလျှောက်ရင် MD တော့သေချာတယ်။ MD မဟုတ်ရင် GM ပဲ"

"ဘာလဲ . . . မော်တော်ကားဒရိုင်ဘာနဲ့ ဂိတ်မင်း(ဂိတ်စောင့်)လား"

"ပြောရက်လိုက်တာ . . ."

"နင်ကနားထောင်ရက်တယ်မဟုတ်လား"

"နားထောင်တာက ငါနားလည်ပါပြီ၊ ရှက်တာတဘာတို့ရှက်တာလဲ"

ရွှေယိမ်းက ရယ်သံတွေထပ်ထွက်လာသည်။

"ဒါနဲ့ လမင်း၊ နင့်ဆီလာသေးလား"

"မလာဘူး"

"သူ့ဆန်စက်ထဲမှာ အလုပ်ရှုပ်နေတယ်ထင်ပါတယ်"

"ငါတို့လမင်းဆီ တစ်ရက်သွားမယ်လေ"

"အေး . . . နင်အားတဲ့ရက်ပေါ့"

"ရတယ် . . . ကြိုက်တဲ့ရက်ရွေး . . ."

"ဒီလိုဆို . . . မနက်ဖြန်သွားမယ် . . ."

♡ ♡ ♡



"နင်တို့နှစ်ယောက်လာမယ်ဆိုလို့ ဂျါအိမ်ကို ထမင်းပို့ချက်ခိုင်းထားတယ်၊ ဟင်းကတော့ နင်တို့စားနေကျဟင်းပဲ"

လမင်းအသံနှင့် မျက်နှာကတည်ငြိမ်နေသည်။

ဘွဲ့တစ်ခုလောလောဆယ် ရထားတာကလွဲ၍ ဘာမှလည်းအထင်ကြီးစရာမရှိပါ။ ကဲသူ့ကိုယ်သူ . . . စီးပွားရေးသမားဟုသွေးနားထင်ရောက်နေပုံရသည်။

မိဘလက်ထက်က ဆန်စက်ကို မန်နေဂျာလုပ်ခါစတုန်းကဆိုမိငယ်တို့တို ကြည့်ကာ'ဪ နင်တို့ကလေးပဲရှိသေးတယ် . . . ကျောင်းစာပဲကျက်ကြ . . . မဟုတ်တာရှုပ်တွေ စိတ်မဝင်စားကြနဲ့ . . . မိငယ်နင့်ကိုငါပိုစိုးရိမ်တယ် . . . ရုပ်ကလေးကလှတာပဓာ မှန်ကြောတထထာနဲ့ ကြည့်လုပ် . . . ဘယ်အချက်လင်ဆိုးသားဆိုးနဲ့ ရမလဲမသိဘူး' ဟုလူကြီးလေသံဖြင့် ဆုံးမခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်မှာ လင်ဆိုးသားဆိုးဆိုသောစကားကို အတော်မျက်မုန်းကျိုးလေသည်။

"ငါ့အဆင့်က လင်ဆိုးသားဆိုး ရမဲ့အဆင့်လား"

"နင့်စိတ်ကို ငါကောင်းကောင်းသိတယ် . . . လုပ်ချင်ရာစွတ်လုပ်တဲ့ မိန်းမ. . . ငွေကိုရှာဖို့ ဘယ်တော့မှမစဉ်းစားဘူး. . . ဖြုန်းဖို့ပဲ စဉ်းစားနေတာ. . ."

"နင်စိတ်ပူမနေပါနဲ့ ငါလင်ဆိုးသားဆိုး ရလျှင်လည်း မရခင်နင်ပဲကယ်တင်ပေါ့ နင်တစ်ယောက်လုံးရှိတာပဲ စိတ်မပူပါဘူး"

မိငယ်ကထိုသို့ ရွဲ့ပြောလျှင်လမင်း၏ မျက်လုံးများကတလက်လက်တောက်လာကာ အားတက်သရောလေသံဖြင့်

"နင့်အတွက်ငါက ကယ်တင်ရှင်ကြီးပေါ့"

ဟု အမြင်ကတ်စရာအသံဖြင့် ရယ်တတ်၏. . .

အခုလည်း ဆန်စက်ထဲမှ စွပ်ကျယ်အညိုရောင်ကလေးဝတ်ကာ မရှိတဲ့အထုပ်ကို များချင်ဟန်ဆောင်၍ ခတစ်ခွဲသား တွေးနေသည်။

"ဘာဟင်းလဲ"

ရွှေယိမ်းက အစားမက်သူမို့ မေးသည်အခါ သူ့မျက်နှာတထုံးစံအတိုင်း မခုတ်တတ်သည့် ကြောင်ရဲ့ မျက်နှာသေမျိုးကလေးဖြင့်

"စားနေကျဟင်းပါဆိုမှ . . . ငါ့ကိုပြန်လာမေးတယ်. . . ဟိုသင်း. . . ဟိုသင်း. . . ငါးပိရည်"

ရွှေယိမ်းက ငါးပိရည်အသံကြားတာနဲ့ နှာခေါင်းရှုံ့ကာ လမင်း



ကိုကျိန်လေသည်။

"နင်ယူမဲ့မိန်းမကျမှ ငါးပိရည်နဲ့ နေ့တိုင်းကျွေး . . ."

"ကျွေးမှာ . . . အစကတည်းက အဲသလိုစားတတ်တဲ့သူပဲငါယူမှာ ဒါမှအကုန်အကျသက်သာမှာ မိငယ်နင်သဘောပေါက်တယ်နော် . . ."

"ဘာ. . . ငါကဘာလို့သဘောပေါက်ရမှာလဲ"

"ချွေတာစုဆောင်း သူဌေးလောင်းလေ . . ."

"မဟုတ်ပါဘူး. . . နင်ငါ့ကို စကားနဲ့ ကြုံရင်ကြုံသလိုကြောရရုံကြတဲ့ကောင် နင်နော် နင်ခင်လာတွေ . . . ပျက်စီးအောင်စကားတစ်ခွန်းနဲ့ မဖျက်ဆီးနဲ့"

"ကြမဲ့ကြ ကျောရရုံနဲ့တင်ဖြစ်မလား . . . မသကာ ရင်ဘတ်ဆိုဟုတ်တုတ်တုတ်"

မိငယ်ဘာမှပြန်မပြောနိုင်ခင်. . . နယ်ဖုန်းတစ်ခုဝင်လာသဖြင့် လမင်းကလက်ခံစကား ပြောနေရသဖြင့် ရန်တွေ့ဖို့စကားလုံးတောင် ပျောက်သွားသည်။

"ဩော်. . . ဟုတ်ကဲ့. . . ရွှေ့အပတ်ထဲ ကျွန်တော်လာခဲ့မှာပါ. . . ပြင်ဆင်စရာတွေပြင်ဆင်ထားပေါ့. . .၊ တိတိကျကျပဲလိုချင်တယ်. . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့. . . ဒါဆိုပါပဲဗျာ. . . ဒီမှာကျွန်တော့ကောင်မလေး ရောက်နေလို့. . ."

"နင်စကားပြောတာ သိပ်တင်စီးတာပဲ . . . ကဲပြော. . .

www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ယောက်မှာ ဘယ်သူကနင့်ကောင်မလေးလဲ. . ."

"နင်တို့ကောင်မလေးမဟုတ်ဘူးလား. . . ကောင်မလေး မပြောလို့ ကောင်မကြီးပြောရမလား. . ."

ရွှေယိမ်းဘာမှ ဆက်မပြောနိုင်တော့ဘဲ မိငယ်ကိုစစ်ကူတောင်းသလို တစ်ချက်လှည့်ကြည့်သည်။

"တန်ရာတန်ရာပဲ တောင်းပါတယ် လမင်း. . . မှန်းရင်လည်း မတန်မရာတွေ မမှန်းနဲ့ . . . ပါးစပ်မှာ အနာပေါက်နေဦးမယ်"

"ပေါက်ပစေပေါ့ . . . နင်ဆီတော့ လာမပြဘူးမှတ်ပါ။ ဘာမှကုတတ်မဲ့ပုံမပေါ်ဘူး. . . ဒါဆရာဝန်လောင်းလား . . . လန့်ထွက်နေတာပဲ. . . ငါလက်ထပ်မဲ့မိန်းမက နင့်လိုသာဆိုနားရင်းကို ပိတ်တီးပစ်မှာ. . ."

"ငါ့လိုမိန်းမမျိုးကိုလဲ နင်ရအောင်ပိုးစမ်းပါဦး"

"ကိုယ့်ကိုကိုယ် အထင်မကြီးစမ်းပါနဲ့ မိငယ်ရယ် . . . ခုချိန်ထိ နင်ဘာမှမပြောင်မြောက်သေးပါဘူး . . . ငါကပိုင်းပိုင်းလည်လေ သိတယ်မို့လား"



အပြန်လမ်းမှာ ရွှေယိမ်းကနှုတ်ခမ်းစုကာ. . .

"ဒီကောင်လေးက တော်တော်ကြီးကျယ်တယ်၊ ငယ်ငယ်တတည်းက တွဲလာခဲ့လို့ပေါ့။ နို့မို့ဆို ခုမှသာသိကြည့် ငါလုံးဝအဖက်မလုပ်ဘူး မိငယ်သူရည်စားများတာပဲ လာကြွားနေသေးတယ်. . ."

"ဒါဆိုငါတို့လည်း အားကျမခံ ရည်းစားပြန်ထားကြမယ်. ."

"နင့်အိမ်က ပေးစားမဲ့လူကိုပဲ နင်ယူရမှာမိငယ် . . . ပေါက်ကရ လျှောက်မပြောနဲ့ . . . ဒါနဲ့လမင်း နင့်ကိုကြည့်တဲ့ မျက်လုံးတွေမရိုးသားဘူး. . ."

"သူကဘယ်တုန်းကများ ရိုးသားဖူးလို့လဲ ဂျင်ရှစ်စမ်းတာ ခြေလည်နေတဲ့ကောင်"

ပြောနေရင်းနဲ့ ကျောင်းကကောင်တလေးကို မြင်ကနဲ မိငယ် သတိရလေသည်။ မျက်မှန်အောက်က လှပသော အကြွင်းနာမျက်ဝန်း

www.burmeseclassic.com



များ အဲဒီမျက်လုံးတွေဟာ ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးတွေ ဖြစ်ဖို့တော့မကောင်း။ ယောကျ်ားတစ်ယောက်မျက်လုံးက အဲဒီလောက် ဖြူစင်အေးချမ်းနေပြီး စိတ်သောကမရှိသလို နူးညံ့နေဖို့မကောင်း။ အင်း သူ့မျက်လုံးတွေ သိပ်အေးချမ်းတာပဲ။ ပြောရမယ်ဆို မျက်လုံးတင်မဟုတ် ပါဘူး။ သူ့ကိုကြည့်လိုက်ရင်ကို အေးချမ်းနေတာပါပဲ။

"ရွှေယိမ်း နင့်ကိုငါ အိမ်ပြန်လိုက်မပို့တော့ဘူး"

"နင်ဘယ်သွားမလို့လဲမိငယ်"

"ကျောင်း"

"ရတယ်လေ ငါကကျောင်းသွားမယ် ... နင်ကျောင်းတက် စရာရှိတာများ လမင်းဆီအချိန်ကုန်ခံပြီး သွားရတယ်လို့ ..."

မိငယ်ဘာမှမပြောဘဲ ပုခုံးသားတွန့်ပြလိုက်သည်။

ကျောင်းကိုတတ်နိုင်သမျှ မလာချင်သောစိတ်သည် အဲဒီ ကောင်လေးအကြောင်းကို တွေးမိတဲ့ခဏမှာပင် ပြောင်းလဲသွားကာ မိငယ်ဖာသာသိသည်။ ကျောင်းရောက်တော့ ပရယ်တီကယ်လ်စနေပြီ။ ထုံးစံအတိုင်း ဒေါက်မီနစ်သံ တူဒေါက်ဒေါက်နှင့် မိငယ်သည် နောက်ကျ၍အဆူခံရသည်။ ထုံးစံအတိုင်း ဆရာမကို ပြုံးပြကာခေါင်းငုံ့ခံရသည်။ စာလည်းခေါင်းထဲရောက်မလာ။ တစ်စုံတစ်ယောက်ကို ရှာဖွေ နေတာသာ အဖတ်တင်သည်။ တွေ့လည်းမတွေ့။ ဒီတိုင်းဆို လာရကျိုး မနပ်။



"မိငယ် နင်ဘာ ... နေတာလဲ"

ခုံနံပါတ်ချင်း ကပ်လျက်မီးမီးက မိငယ်ဂဏာမငြိမ် ဖြစ်နေတာ ကို သတိပြုမိကာ မေးသည်။ မီးမီးနှင့်တောင် မတွေ့တာ တော်တော် ကြာပြီဟု ထင်ရလောက်အောင် မိငယ်က ကျောင်းခန်းထဲမဝင်ဖြစ်။

"မီးမီးကိုလူတစ်ယောက်အကြောင်း မေးစရာရှိတယ်"

"ဘယ်သူလဲ ကျူရှင်သင်ဖို့လား ..."

"ဟုတ်တယ် ကျူရှင်အတွက်"

"ဘယ် Subject အတွက်လဲ"

"အချစ် ..."

မီးမီးကရယ်လေသည်။

"တကယ်ပြောတာ ..."

"ကဲပါ ... ဘယ်သူလဲ ..."

"မျက်မှန်ကလေးနဲ့ ..."

"ကျောင်းမှာမျက်မှန်တွေ အများကြီးပဲဥစ္စာ"

"သူ့မျက်မှန်က သူများနဲ့မတူဘူးလေ"

"ဒါဆို ... မှန်ကသုံးခုပါနေလို့လား"

"မဟုတ်ပါဘူး ... မီးမီးသိမလား ... သူ့မျက်မှန်က အပဲကြီးဟ ... ထူတယ်"

"ဟာအဲသလိုပြောရင် ဘယ်သိမလဲ ... အခန်းထဲကရော ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ်ထင်တာပဲ၊ သူဖတ်နေတာ Patho စာအုပ်ကြီး"

"Patho က PLဝမ်းမှာလည်း ပါတာပဲဥစ္စာ"

"မဟုတ်ဘူး. . . သူ့စာအုပ်ကို မိတ်လိုက်တဲ့အချိန်မှာ 3rd MB လို့ရေးထားတာ သေသေချာချာ တွေ့လိုက်တယ်"

"အဲဒါတောင်တွေ့ရင် နာမည်ရောမတွေ့လိုက်ဘူးလား"

"မတွေ့ဘူး. . . အဲဒါဘယ်လိုလုပ်ရင် ကောင်းမလဲ"

"မနက်ဖြန်ကျောင်းလာမှာလား"

"ဘာလုပ်ဖို့လဲ"

"ကျောင်းမှာပတ်ရှာကြမယ်လေ. . ."

"စာကြည့်တိုက်ထဲကို ထပ်လာရင်သိပ်ကောင်းမှာပဲ"

"ဘယ်မှာတွေ့ခဲ့တာလဲ စာကြည့်တိုက်မှာလား"

"ဟုတ်တယ်. . ."

"ဒါဆို. . . သီဟာထင်တယ်. . . သီဟာပဲဖြစ်မှာ"

"အဲဒီနာမည်နဲ့သာဆိုရင် . . . သူ့ပုံစံနဲ့က တခြားစီဖြစ်မှာပဲ"

"ဘာဖြစ်လို့လဲ"

"သူ့ကြည့်ရတာ တုပ်ချောင်းချောင်းနဲ့"

"သီဟာပဲဖြစ်မှာပါ သေချာတယ်။ သီဟာကအဲသလိုပဲ . . . ပုံစံကုပ်ချောင်းချောင်း၊ အေးတိအေးစက်နဲ့ အတန်းထဲက ဘယ်မိန်းခလေးကိုမှစကားမပြောဘူး"

"ဘာဖြစ်လို့လဲ"



"မပြောတတ်ဘူး ရှက်လို့နေမှာပေါ့"

"စကားပြောတာပဲ ရှက်စရာလား. . . ဈေးကိုင်လိုက်တာ"

"မဟုတ်ဘူးမိငယ်ရဲ့ သီဟက သီးသန့်ဏလေးနေတာ ပြောင်ပြောင်နောက်နောက်လည်း မရှိဘူး. . . သူများကစရင်တောင် စလို့စမှန်းသိတာမဟုတ်ဘူး. ."

"အဲဒီပုံစံနဲ့ဆိုရင်တော့ ငါနဲ့တခြားစီပဲ"

"ပြောရင်းနဲ့ ငါမေ့တော့မလို့ . . . မိငယ် နင့်ကိုဒွာနမှုခေါ်နေတယ်"

"ဘာကိစ္စလဲ"

"ကျောင်းပျက်တဲ့ကိစ္စလို့ထင်တာပဲ. . . အဲဒါသူအားတဲ့နေ့လည်ဘက်လာတွေ့ပါတဲ့"

"နင်ပါလိုက်ခဲ့ပါလားမီးမီးရဲ့ ငါတစ်ယောက်ထဲဖြစ်နေလို့"

"ငါမလိုက်ချင်ဘူး . . . ငါသူ့ကိုကြောက်တယ်. . . သူတစ်ချက်အော်လိုက်ရင် ငါအသားတောင် တုန်သွားတယ်. . . ပြီးတော့ နင့်ကိုဆူမှာမိငယ်ရဲ့"

"သူမအော်စေရပါဘူးဟာ. . . ငါ့ကိုယုံစမ်းပါ. . ."

"မလိုက်ချင်ပါဘူးဆို"

"မီးမီးအတူအညီးတောင်းတာပါဟာ. . . နော်. . . နော် နော်လို့. . ."

မိငယ်ကျောင်းတက်တော့ အခုထိသုံးနှစ်အတောအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိငယ်မတွေ့ဖူးသော ဒွာနမှူးရယ်လို့မရှိ။ စာမေးပွဲကျလို့၊ ကျောင်းခေါ် ချိန်မပြည့်လို့၊ စာကြည့်တိုက်က စာအုပ်တွေငှားပြီး ပြန်မအပ်လို့၊ စသောရာဇဝင်မျိုးစုံဖြင့် မိငယ်သည် လူဆိုးစာရင်းဝင်တောင်မလေး ဖြစ်သည်။

အများစုရဲ့ အမြင်မှာမိငယ်သည် မိဘချမ်းသာမှုကြောင့် အလိုလိုက်၍ စာမေးပွဲကျသူ၊ စာမကြိုးစားသူ။ တကယ်တော့ မိငယ် မိဘများက အလိုမလိုက်သလို အတင်းအကျပ်ချုပ်ခြယ်သော မိဘမျိုး မဟုတ်။

မိငယ်တို့နှစ်ယောက် ဒွာနမှူးအခန်းရှေ့ရောက်သောအခါ ဓိုးဓိုးက သိသိသာသာပင် မျက်စိမျက်နှာပျက်နေသည်။ ဒွာနမှူးရှေ့ မှာတော့ ဓိုးဓိုးခေါင်းမဖော်တော့။

"နာမည်ကြီးမင်းသမီးကို အခုမှပဲတွေ့ဖူးတော့တယ် ... ကဲကျောင်းတွေဒီလောက်ပျက်တာ. . . ဘာအလုပ်လုပ်နေလို့လဲ မိငယ် သူများတွေလို စာသင်ရင်းတစ်ဖက်နဲ့ ကျောင်းတက်နေရတယ်ဆိုလာ တော့ . . . အခုမိဘကလည်းပြည့်စုံ၊ ပင်ကိုဉာဏ်လေးတလည် ကောင်းသားနဲ့ မိန်းခလေးတန်မဲ့ ဒီလိုဖြစ်နေတာ နည်းနည်းမှ မသင့် တော်ဘူး"

မိငယ်ဆီကနေ ငိုသံသဲ့သဲ့ထွက်လာတော့ ဒွာနမှူးရပ်သွာ သည်။ သူဆုံးမတာမှန်သွားပြီဟု နှုတ်ခမ်းကိုတွန့်၍ပြုံးသည်။

"လူဆိုတာ ကိုယ့်အမှားကို အချိန်မှီသိဖို့ အရေးကြီးတယ်



အဲသလိုသိဖို့ဆိုတာကလည်း ပြောပြနိုင်တဲ့လူရှိဖို့လိုသေးတယ်။ မမတို့က သမီးတို့ကောင်းဖို့ကိုပြောနေတာ . . . သမီးအတွက် မိဘက ကုန်ကျရတဲ့ ငွေကိုမနှမြောနေပါစေ. . .၊ စေတနာကိုတော့ နှမြော သင့်တယ်. . . ကဲ. . . ကဲ. . . ငိုတာတိတ်တော့"

"ဝမ်းနည်းလွန်းလို့ပါ မမရယ်. . . မိငယ်ကျောင်းပျက်တာ အဘိုးဆုံးသွားလို့ပါ. . ."

"အို. . ."

"အဘိုးကမိငယ်ကိုသိပ်ချစ်တာပါ. . . အဘိုးနေမကောင်း တော့မိငယ်ပဲ တောက်လျှောက်ပြုစုရတာမမရဲ့. . . အဆိုးဆုံးက ရက်တောင်မလည်သေးဘူး မနေ့ကမှဆုံးသွားတာ. . ."

"ဘာရောဂါနဲ့ဆုံးတာလဲ"

" **Heart Failure** (နှလုံးရောဂါအပြင်းစား)နဲ့ပါ"

"ဩော် ဒါနဲ့များမိငယ်ရယ် ခွင့်တိုင်လိုက်ပေါ့. . . မမက သမီးကျောင်းပြေးတယ်ပဲသိတာ၊ Absent တွေ သိပ်များနေလို့လေ အခုမှ သမီးကျောင်းပျက်တာ နာရေးကြောင့်မှန်းသိတာ. . . တိတ် တိတ်. . . မိငယ်၊ သမီးဘာလိုသေးလဲ. . . ရက်လည်ဘယ်တော့လဲ မမတို့ကျောင်းကဆရာမတွေစုပြီးလာခဲ့မယ်"

"ရပါတယ်မမ. . . အဲဒီလောက်ဒုက္ခမရှာပါနဲ့. . . မိငယ် မိဘတွေက ကိုယ့်အမှုကို ကိုယ်ဖာသာပဲ မြိုသိပ်တတ်လို့ပါ. . . အဘိုးက နာတာရှည်ဖြစ်နေတာလည်း တော်တော်ကြာခဲ့ပြီ. . . ခုလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာက သူ့အတွက်ပိုသက်သာပါတယ် မမရယ်. . . မခံစားရတော့ဘူးပေါ့၊ ဌာနမှူးမျက်နှာက မိုင်ယံကို သနားကြင်နာသော နူးညံ့မှုမျိုးဖြင့် နဂိုကအဆူသန်ဆရာမဟု နာမည်ကြီးခဲ့တာတောင် မယုံရတော့မလို။ မိုင်ယံကိုသံသယလုံးဝမရှိ။ ဌာနမှူးအခန်းရှေ့ကထွက်တော့ မိုင်ယံမျက်နှာသည် စောစောကဝမ်းပန်းတနည်းငိုကြွေးနေသော မျက်နှာမျိုးမဟုတ်တော့။ အိမ်သာထဲဝင်တာ မှန်ရှေ့မှာအလှကျကျနန ပြန်ပြင်ပြီး လေကလေးတချွန်ချွန် သီချင်းကလေးတညည်းညည်းနဲ့ မိုင်ယံကိုမီးမီးက အထူးအဆန်းသဖွယ် ငေးမောကြည့်နေသည်။

"မိုင်ယံပြန်တော့မယ် မီးမီးသိလား. . ."

"အင်း. . . ဟို. . . မနက်ဖြန်အသုဘချဆိုတော့ မိုင်ယံကျောင်းဘယ်လာနိုင်မလဲ. . . မီးမီးခွင့်တိုင်လိုက်မယ်"

"မတိုင်ပါနဲ့. . . လာဖြစ်အောင်ကြိုးစားပါ့မယ်၊ ကဲ့ဂွတ်နိုက်"

ကားပေါ်ရောက်တော့မှ မိုင်ယံသည် ထိန်းထားရသမျှကို အားပါးတရ ရယ်လိုက်လေသည်။ အဘိုးရေ. . . အဘိုးကို လူ့လောကတစ်ခေါက်ပြန်ခေါ်ပြီးသေခိုင်းသလို ဖြစ်နေပြီဟုလည်း တွေးမိသေးသည်။

♡ ♡ ♡



ကျောင်းထဲက ပြန်ထွက်ခါနီးမှာ . . . မိုင်ယံကောင်လေးတစ်ယောက်ရဲ့ နောက်ကျောကို အမှတ်မထင် ကြည့်မိလိုက်သည်။ ဒီရှပ်အင်္ကျီအကွက်၊ သူပဲနေမှာပဲဟုတွေးကာ သူ့နောက်မှကားဟွန်းအကျယ်ကြီး တီးသော်လည်း သူကမူ မိုင်ယံကားကို ဂရုတောင်မစိုက်ဘဲ ကားလမ်းကို ဖြတ်ကူးသွားသည်။

အစမှာ ဒါပထမဆုံးအကြိမ် ကိုယ်ပိုင်ကားဖြင့် သွားလာရခြင်းကိုမှန်းတီးမိခြင်းဖြစ်လေသည်။ ခုနေများ မိုင်ယံဟာ သူ့လိုပဲလမ်းလျှောက်သူတစ်ယောက်ဆိုလျှင် အနည်းဆုံးတော့ သူ့နောက်ကို အပြေးထလေးလိုက်ပြီး. . . မျက်နှာကလေးတော့ ကြည့်ခွင့်ရမှာပေါ့ကွယ်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး မိုင်ယံရင်ထဲမှ ဟာတာတာဖြစ်မျက်ရှိတာ. . . သူတက်သွားသော ဘတ်စ်ကားပေါ်သို့ ခိုတ်ကူးဖြင့်လိုက်တက်ကာဘယ်လိုအရသာမျိုးလဲဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်ရတာ. . . တလောကလုံးမှာ သူတစ်ယောက်ထဲရှိတယ်များ ထင်နေသလားမသိပါ။ အိမ်ပြန်ရောက်တော့ ကားကိုဂိုဒေါင်ထဲထိပင် မသွင်းတော့ဘဲ ခြံထဲမှာပဲအဆင်ပြေသလိုရပ်ထားကာ မိငယ်အခန်းဆဲသို့ တောက်လျှောက်ဝင်လာပြီး အခန်းတံခါးကို ပိတ်လိုက်သည်။ ပြီးတော့ အိမ်နေရင်းအဝတ်လဲကာ ခုတင်အစွန်း၌ ခြေတွဲလောင်းချလျက် ဘာလုပ်ရကောင်းမလဲဟု စဉ်းစားသည်။

စာကျက်ဖို့များ မိငယ်ခေါင်းထဲရောက်မလာ။ စာမေးပွဲဖြေခဲ့ညမှ စာကျက်တာတောင် စာမေးပွဲဆိုတဲ့အသိကိုအားနာ၍ နည်းနည်းပါးပါးကျက်ခြင်းဖြစ်သည်။

ရွှေယိမ်းပြောသလိုဆိုမိငယ်မှာ အများတကာ လိုချင်တာတွေ ပြည့်စုံပါလျက်. . . အပျော်တစ်ခုကို လမ်းကြောင်းရှာကြံလျက်ရှိသူ။

"မိငယ်. . . အမေ့ကို မနက်ဖြန်မနက် ကားလိုက်မောင်းပေး မလား"

အမေအခန်းထဲဝင်လာတာနှင့် ခိုင်းတော့မယ်မှန်းသိသလို ရှောင်ဖို့လည်း မိငယ်တို့က ခေါင်းထဲကထွက်ပြီးသား။

"မနက်ဖြန် ကျုတိုရီယယ်ရှိတယ်အမေ. . ."

"စာကျက်တာလည်း မတွေ့ပါလား"

"ခုပဲကျက်မလို့. . . ခဏနားနေတာ"

"ပြီးတာပဲ. . . မီးမီးရောလာမကျက်ဘူးလား"

"ဟင့်အင်း. . . မီးမီး သူ့အဘိုးဆုံးလို့. . ."



"ဟုတ်လား. . . ဘယ်နေ့ အသုဘချမလဲ"

"မနက်ဖြန်"

"သမီးလိုက်ပို့လိုက်ဦး"

"ဟုတ်ကဲ့"

မီးမီးသာကြားလို့ကတော့ မိငယ်ကို လုပ်ချင်စိတ်ပေါက်မည်မတတ်နိုင်။ ဒီလိုပဲလိမ့်ဖို့ညာဖို့ စိတ်ထဲကနေ မကြံရွယ်ပါဘဲ ပါးစပ်က အမြဲထွက်သည်။

အမေထွက်သွားတော့ မိငယ်ဆီလမင်းက ဖုန်းခေါ်လေသည်။

"ဘာလဲ. . . ဘာကိစ္စရှိလို့လဲ"

"မနက်ဖြန်နင်အားလား မိငယ်"

"ဘာလုပ်ဖို့လဲ"

"လေယာဉ်ကွင်းသွားမလို့ နင့်ကားနဲ့လိုက်ပို့ပေးပါလား"

"နင့်ကားကရော"

"ဝပ်ရှော့ရုံမှာ"

"ဓါတ်ဆီဖိုးပေးရမယ်"

"မနက်စာထမင်းပါကျွေးမယ်"

"ဘာကိစ္စနဲ့သွားမှာလဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ကို သွားကြိုရမှာ"

"အဲဒါဆို အပြန်မှာနင်ငါနဲ့ပါလာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး ငါ့မျက်နှာလေးကို အရင်မြင်ပါရစေဆိုလို့ သွားကြို့ရမှာ..."

"နင်ကြွားနေပြီ..."

"တကယ်ပြောတာ အိမ်ကသဘောတူထားတဲ့ ကောင်မလေး ကျောင်းပိတ်လို့ခဏပြန်လာတာ... ငါ့အမေတွေက မျက်နှာမြင်စေချင်လို့ဟာ..."

"ငါသိတဲ့မျက်နှာမြင်ကတော့ ကလေးမီးဖွားတာပဲ... နင် ဘယ်တုန်းက အထုပ်နဲ့အထည်နဲ့ ဖြစ်သွားတာလဲ..."

"လျှောက်နောက်မနေနဲ့... နင့်ဆီငါ ရှစ်နာရီခွဲလောက် လာခဲ့မယ်"

"အဲ... မလာနဲ့... နင့်ကိုပဲငါလာကြိုလိုက်မယ်..."

"အိမ်မှာမဟုတ်ဘူးလား"

"ဟုတ်တယ်... အမေက မနက်သူ့ကို ကားမောင်းခိုင်းတာ ကျွတ်ရိရယ်ရှိတယ်လို့ ညာပြောလိုက်ပြီးပြီ မနက်ဖြန် နင်ငါ့အိမ်ကြွ လာတော့ ငါ့အလိမ်တွေ ပေါ်ကုန်ရောပေါ့ဟ... နင့်ဆီပဲ ငါလာကြို ပါမယ်"

"အေးလေ... ဒါဆိုလဲပြီးတာပဲ"

"ဖုန်းချလိုက်တော့လေ"

"နင်အရင်ချလေ"

"လမင်း"



"ငါ့ဘက်က နင့်ကိုဘယ်တော့မှ မခွဲခွာပါဘူး... နင်သိရက် နဲ့ငါနင့်တို့ ဘယ်တုန်းက နှုတ်ဆက်ဖူးလို့လဲ..."

"မိန်းမရခါနီးနေပြီ"

"နင်သာငါ့ကိုလက်ထပ်မယ်ဆို ငါအိမ်က သဘောတူတဲ့ ကောင်မလေးကို ငြင်းမှာပေါ့... ဟင်... မိငယ်... ဘယ်လိုလဲ နင်ငါ့တို လက်ထပ်မှာလား"

"လာနောက်မနေနဲ့"

"နင်သာခေါင်းတစ်ချက်ညိတ်လိုက်စမ်းပါ၊ ငါလုံးဝတခြား မိန်းမကို မယူဘူး"

"ဒါဆိုရင်တော့ ဝမ်းနည်းစရာပဲ ... ငါမှာအခု ချစ်ရမဲ့သူ ရှိနေပြီ..."

"လျှောက်ပြောမြန်ပြီ"

"တကယ်မယုံရင် ကျောင်းကိုလာကြည့်ပါလား ငါနဲ့တခြား ခိုပဲ"

"နင်ကတြိုက်တာမဟုတ်ဘူးလား... ငါ့ကိုမရလို့ လုပ်မိ သုပ်ရာတွေ လျှောက်မလုပ်နဲ့မိငယ်... ဟိုချိန်ဒီချိန်နဲ့ ပစ်မှတ်တွေ သိပ်များရင် ပစ်တဲ့သူဆီ ပြန်လှည့်လာလိမ့်မယ်... ဒါနဲ့ငါပြောတာတွေ အဟုတ်ထင်ပြီး စိတ်ကူးမယဉ်နေနဲ့ဦး နင့်လိုပျံလန်နေတဲ့မိန်းမမျိုးကို ယူရင်ကိုယ်သေတွင်းတိုယ်တူးသလို ဖြစ်နေမှာသိရက် မယူဘူးဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ သူကဦးအောင် ဖုန်းချသွားသည်။ လမင်း ပြောသမျှကိုသာ မိငယ်မှာ ဒေါသတွေထွက်နေကာ ခံစားနေရရင် ဒီလောက်ထိ ခင်မင်တဲ့ သက်တမ်းရှည်လာမှာမဟုတ်။

လူလစ်တာနဲ့ အဲသလို လက်ထပ်ခွင့်တောင်းသောလမင်းသည် မိငယ်ကိုခုချိန်ထိ မရိုးမသား မပြောသူဟု သတ်မှတ်နိုင်ပါမလား။ ရွှေယိမ်းကတော့ လမင်းကို ကျိတ်ကြိုက်နေသူဟု နာမည်ပေးထားသည်။ သို့သော်လမင်းမှာ အိမ်ကသဘောတူထားသူရှိတာ. . . မိငယ်ခုမှ သိရတာဖြစ်သည်။ မနက်ဖြန်ကျမှ အဲဒီကောင်မလေးကို အကဲခတ် လိုက်ဦးမည်။

♡ ♡ ♡



နိုင်ငံခြားမှာ ကျောင်းတက်နေတဲ့ မိန်းမကို အခုလို ကျစ်ဆံမြီးလေးနှစ်ဖက်ကျစ်ကာ ရိုးရိုးသားသား မျက်နှာကလေး၊ အပြုံးဆောင်သော အသံချိုချို ပိုင်ဆိုင်သော ရိုးရိုးသားသား ကောင်မလေးပုံဟု မိငယ် မထင်ထားခဲ့ပါ။ မိငယ်နှင့်အရပ်တူလောက်ပဲရှိမည်။ သို့သော် ဖိနပ်ပါး ကလေးကို စီးထားသဖြင့် မိငယ်ရဲ့ဒေါက်ဖိနပ်စီးထားသော အရပ်ထက် နိမ့်သည်ဟုထင်ရသည်။ လမင်းကို ကြည့်ပုံက ချစ်မြတ်နိုးဟန် အားကိုးဟန်အပြည့်။

"ယမုံကို မိတ်ဆက်ပေးရဦးမယ်၊ ဒါကိုယ့်အချစ်ဆုံးသူငယ်ချင်း မိငယ်တဲ့. . . မိငယ်. . . ဒါ. . . ယမုံ. . ."

"တွေ့ရတာဝမ်းသာပါတယ်မိငယ်"

"မိငယ်ကတော့ ဝမ်းမသာပါဘူး. . . ယမုံလို ရိုးရိုးအေးအေး ကောင်မလေးနဲ့ ဒီလိုလူရှုပ်လူပွေလူပေလူတေ လမင်းနဲ့. . . မှားမယ်

www.burmeseclassic.com

www.burmeseclassic.com



နော်. . . ယမုံ"

"ဟာ. . မိငယ်. . . ဘာတွေလျှောက်ပြောနေတာလဲကွာ ယမုံကတကယ်ထင်နေဦးမယ်. . . ယမုံ ကိုယ်တို့ကဒီလိုပဲ အတည် ပေါက်နဲ့နောက်နေကျ စိတ်ယဲမှာမထားနဲ့နော်. . ."

လမင်းပြာပြာသလဲ ဖြစ်နေပုံကို ရွှေယိမ်းအား ခေါ်ပြလိုက်ချင်သည်။ မနေ့ကဖြင့် မိငယ်ကို့စကားဖြင့်တင်တင်စီးစီး လက်ထပ်ခွင့်တောင်းသောလမင်းသည် အခုမနက်မှာတော့ သူမဟုတ်သလို။ ဘာရယ် မဟုတ် မိငယ်စိတ်ထဲမှာ တော်တော်အောင့်သက်သက်နိုင်လှသည်။

"ရပါတယ်. . . ယမုံကတော့မိငယ်ကို မြင်မြင်ချင်း ခင်ပါတယ်"

ယမုံအိမ်က လာကြိုသောလူများနှင့် ယမုံက သူ့အိမ်ပြန်ပြီး လမင်းကတော့ ကတိအတိုင်း မိငယ်ကို မနက်စာကျွေးမှာမို့ မီလျံကျိုင်ကို နှစ်ယောက်သားရောက်ခဲ့ကြသည်။

"နင်ယမုံရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာပြောလို့လဲ"

"မိငယ်. . . တွေ့ခါစလူတစ်ယောက်ကို စိတ်စနိုးစနောင့်ဖြစ်အောင်လျှောက်မပြောသင့်ဘူး. . . နင်ကလေးလဲမဟုတ်တော့ဘူး၊ ပြီးတော့ ယမုံက ငါ့အိမ်က အမှတ်ပြည့်ပေးထားတာ. . ."

"ဒါနဲ့နေပါဦး. . . နင့်အိမ်က အမှတ်ပြည့်ပေးတာနဲ့ နင်တကယ်လက်ထပ်မှာပေါ့"

"အဲဒါ ငါမစဉ်းစားရသေးဘူး"

"နင့်ကြည့်ရတာ ကြိုက်ပုံလည်းမရဘူး"

"ငါ့စိတ်ကို နင်နားလည်နေသားပဲ"

"ဟင့်အင်း. . . အမှန်အတိုင်းပြောရင် ငါသိပ်နားမလည်ဘူး၊ ဒါတောင်နင်နဲ့ငါ ခင်လာတာ ငယ်ငယ်ကတည်းကမို့လို့ပဲ. . . နင့်ကိုငါ သိပ်မခွဲခြားတတ်ဘူး. . ."

"ငါ့ကိုနင် အကုန်နားလည်ရင် နင်နဲ့ငါလက်ထပ်လို့ရပြီ"

"ထမင်းတစ်နပ်ကျွေးပြီး မစားရသေးမီစကားနဲ့ ပစ်မှားဦးမယ်တော့ပြီ မှာထားတာတွေ နင့်ဖာသာပဲစား . . . ငါမစားဘူး"

"ဟာ. . . အဲသလိုမလုပ်ပါနဲ့. . . နင်ကလဲ နင်မကြိုက်ရင် ငါမပြောတော့ပါဘူး၊ ဒါနဲ့တွေ့ချောင်းကနင့်ရဲ့ တစ်ယောက်သောသူက ဘယ်လိုပုံစံလဲ"

"ငါပြောပြရင် မဟားရဘူးနော်"

" ရင်ထဲမှာတော့ နာနေမှာပေါ့"

"လာပြန်ပြီ"

"ဆောရီး. . . ဆောရီး. . . ကဲပြော"

"အင်း. . . အရပ်မြင့်တယ်"

"ငါ့လိုပဲပေါ့"

"ကြော်ငြာမဝင်နဲ့. . . သူတနင့်လိုပြောတာတာ ရှပ်တပ်တပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မနေဘူး"

"ဒါဆိုဆေးကျောင်းသားတုံးပေါ့. . ."

"ပြောရက်လိုက်တာ. . . အဲဒါကြောင့်နင့်ကိုမပြောပြချင်တာ"

"နာမည်ကဘယ်သူတဲ့လဲ"

"မသိဘူး. . ."

"အံ့ရောပဲမိငယ်. . . ဒါနဲ့များ နင်သူ့ကိုချစ်ရမဲ့လူလို့ ပြောသေးတယ်"

"အဲဒါက စိတ်ထဲကသိတာလေ. . . ဘယ်လိုပြောမလဲ. . . သူ့ကိုစတွေ့တွေ့ချင်းမှာ ငါ့စိတ်ထဲမှာ သိပ်အေးချမ်းတယ်. . . ငါတွေ့ဖူးတဲ့ ဘယ်သူနဲ့မှမတူဘူး. . . ဘယ်ယောကျ်ားနဲ့မှကိုမတူတာ သူ့ပုံစံက သူများကို စိတ်ဒုက္ခရောက်အောင်လုပ်တတ်မဲ့ပုံလည်း မဟုတ်ဘူး. . . ဝလွတ်ရွတ်တတ်လည်း လုံးဝမပြောဘူး. . . အတန်းထဲမှာလည်း သူနေတဲ့ပုံစံက သီးသန့်ကလေး"

လမင်းက မိငယ်ပြောသမျှကို နားထောင်ရင်း မျက်နှာက တဖြည်းဖြည်း အနီရောင်ရင့်လာသည်။ ပြီးတော့ စိတ်လှုပ်ရှားပုံဖြင့် မိငယ်ရှေ့ကရေခွက်ကိုယူ၍ တရှိန်ထိုးမော့သောက်သည်။ လမင်း ရေသီးသွား၍ မိငယ်ပြောလက်စကို ခဏရပ်လိုက်ရသည်။ ထိုခဏမှာ မှာထားသော ဟင်းတွေထမင်းတွေ ရောက်လာသည်။



"နင်ထမင်းရော စားနိုင်သေးရဲ့လားမိငယ်"

"ဘာဖြစ်လို့လဲ"

"လေတွေနဲ့ ဗိုက်ပြည့်နေတယ်ထင်လို့. . ."

"နင်ကဘာဖြစ်နေတာလဲ. . . စကားပြောတာ အကောင်းကိုမပြောဘူး"

"နင်အဲဒီလောက်ညွှန်းတာ ဒီနေ့နင့်ကျောင်းကို ငါလိုက်ကြည့်ဦးမှပဲ"

"မဖြစ်ဘူး. . . မဖြစ်ဘူး. . . နင်လိုက်လာရင် ငါဘူပိတ်သွားမှာပေါ့. . . ဇာတ်လမ်းကစတောင်မစသေးဘူး. . . ငါ့မှာအတွဲကြီးနဲ့ ဆိုရင်သူငါ့ကို တမျိုးထင်မှာ သေချာတယ်"

"ပြဿနာပဲ. . . မြွေပဲဟာ"

"ကဲ. . . စား. . . ပြီးရင်နင့်ကျောင်းကိုသ[illegible]ကြမယ်"

မိငယ်မှာ စားသာစားနေရသော်လည်း [illegible]ည်ချောင်းတွင် တစ်ဆို့နေသကဲ့သို့ ခံစားနေရသည်။ လမင်းကို သူတွေ့သွားရင် သေချာပေါက် မိငယ်ကိုအထင်လွဲမှာဟု စိတ်ထဲကကြိုတင်သိနေတာလည်းပါသည်။ ပြီးတော့ လမင်းက ကျောင်းကိုတစ်ခါမှ မလိုက်ဘူး[illegible] ဒီတစ်ခါလိုက်တာကို ကျောင်းကတစ်ယောက်ယောက်က အတွဲ[illegible]ထင်မှာလည်း စိုးသည်။ အဓိက သူမထင်လွဲရင် ပြီးတာပါပဲ။

ကျောင်းရောက်တော့ မီးမီးက မိငယ်လက်[illegible] စာအုပ်တစ်အုပ် ထည့်ပေးသည်။ လမင်းကတော့ ဟိုကြည့်သ[illegible]ကြည့်ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်ကြီးလဲ မီးမီးရဲ့"

"ကူငွေလေ"

"အန်"

"မိငယ်ဘဲ အဘိုးဆုံးတယ်ဆို၊ အဲဒါဌာနမှူးက ကူငွေကောက်နိုင်းလို့ မီးမီးတာဝန်ခံပြီး ကောက်ပေးတာ။ ငါးသောင်းကျော်ရတယ်။ ရက်လည်ကျရင် အတန်းထဲကလူတွေ စုပြီးလာကြလိမ့်မယ်။ ဒီနေ့ အသုဘပို့တာတော့ ကြိုမစီစဉ်ထားလို့ မလိုက်ပို့ဖြစ်ကြဘူး. . ."

"ဟာပြဿနာပဲ"

မျက်ခုံးကခပ်လှုပ်လှုပ်။ ဒီလမင်းလိုက်လာကတည်းက မိငယ်မှာ ရင်တွေပူရပြီ။ အခုတော့ အဘိုးဆုံးသည်ဟု အလွယ်တကူ ပြောမိတာ တကယ့်ပြဿနာခေါင်းတက်ခွနင်းထားသလို ဖြစ်တော့မည်။ လမင်းကပါးစပ်အငြိမ်မနေ။

"မိငယ် နင်ဘာတွေ ပါးစပ်ဆော့ထားပြန်ပြီလဲ"

"ငါသေလိုက်ချင်ပြီမီးမီးရာ ဌာနမှူးကို ရစ်မှာစိုးလို့ ကျောင်းပျက်တာ အဘိုးဆုံးလို့ဆိုပြီး ပြောတာ တကယ်မဟုတ်ဘူးဟ"

"ဟင်. . . ဒါဆိုမိငယ်အဘိုးက မဆုံးဘူးပေါ့"

"ဆုံးတယ်"

"ဒါနဲ့များ"

"ငါ့အဘိုးဆုံးတာ ငါမမွေးခင်ကတည်းက"

"ဟင်ဒါဆိုရင်တော့ ပြဿနာပဲ"



"ဒီပိုက်ဆံကောက်ထားတာတွေ ပြန်ပေးလိုက်"

"ငါပိုက်ဆံပဲမှတ်တာ၊ လူနဲ့တွဲမှတ်တာမဟုတ်ဘူး၊ ပြီးတော့ ပြန်ပေးရင် နင်ဌာနမှူးကို လိမ်ပြောသလိုကြီး ဖြစ်နေတာ ပေါ်သွားမှာပေါ့"

"အေး. . . ဒီလိုလုပ်ဟာ. . . ဘုန်းကြီးငါးပါးပဲ ပင်ပြီးဆွမ်းကျွေးသပိတ်သွတ်မှာလို့. . . အမြင်လှ လုံးဝမဖိတ်ဘူးလို့ ငါ White Board မှာ စာတက်ရေးလိုက်မယ်. . ."

"ဒါဆိုပိုက်ဆံတွေရော"

"အင်း. . . နင်ယူလိုက်"

"ဟာ. . . မယူရဲပါဘူး"

"ဒါဆိုငါပဲယူလိုက်မယ်. . . ဈေးပတ်ဖို့ ပိုက်ဆံရတာပေါ့"

"အဲဒါကြီးကတော့ မကောင်းပါဘူး"

"ဒါဆိုဘယ်လိုလုပ်မလဲ ပိုက်ဆံတွေပြန်ပေးဆိုတော့ နင်ပဲလူတွေမှတ်ထားတာ မဟုတ်ဘူးဆို. . . တချို့ကောင်တွေက နင်သိတဲ့အတိုင်းပဲ ပိုတောင်းမှာ နင်အိတ်စိုက်မလား. . .၊ ဒါမှမဟုတ် ငါပြောသလိုလုပ်. . . ရှင်းရှင်းလေးပဲ"

မီးမီးမျက်နှာက ငိုးရှုက်လောက်သာရှိသည်။

"ဟုတ်တယ်လေ ဒီပိုက်ဆံက ငါကောက်နိုင်းတာလည်း မဟုတ်ဘူး"

"ငါကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်မနေနဲ့. . . ဘယ်လိုမှဖြေရှင်းလို့မရတာ ဒီတစ်နည်းပဲရှိတော့တယ်"

"မိငယ်ရာ . . . နင်လုပ်လိုက်ရင် တာလွဲချည်းဘဲ"

"လွဲလွဲလေးပဲကောင်းပါတယ်"

ပိုက်ဆံငါးသောင်းကျော်ကို အိတ်ထဲခပ်တည်တည်ထည့်ကာ မိငယ်ပြန်ဖို့ပြင်သည်။ လမင်းက "နေဦးလေ ငါ့ကိုပြဦး"ဟုဆိုတာတောင်

"သူဒီနေ့ကျောင်းမလာဘူး"ဟုမိငယ်က ဘုးခံပြင်းသည်။ တကယ်တော့ မိငယ်ကျောင်းထဲဝင်လာကတည်းက ခုံတန်းတစ်ခုမှာ စာထိုင်ဖတ်နေသော သူ့ကိုတွေ့သားပဲ။ သူကမိငယ်ကို တစ်ချက်မော့ကြည့်တာ သူ့စာသူပြန်ငုံ့ဖတ်နေသည်။ သူ့အကြည့်ကသာမန်ပဲ။ ဘာမှမထူးခြား။ မိငယ်သည် တခြားသူတွေအတွက်သာ အားကျစရာကောင်းသော ငွေချမ်းသာလှသော်ကြော့မလေး။ သူ့အတွက်တတော့ လုံးဝဂရုစိုက်စရာမလိုသော သာမန်မိန်းခလေးပဲ။ ထိုသို့သော သာမန်အကြည့်မျိုးကို မိငယ်အကြည့်မခံနိုင်။ လမင်းသာတွေ့လျှင် ဟားမှာပဲ။

သို့သော်လမင်းက မိငယ်ထင်တာထက် အများကြီးလူကဲခတ်တော်သည်။ ကျောင်းကအပြန်လမ်းတစ်ဝက်မှာ ရုတ်တရက်မေးသည်။

"ရှပ်အင်္ကျီအဖြူနဲ့ ခုံမှာတစ်ယောက်ထဲ စာထိုင်ကျက်နေတာသူလား"



"နင်ဘယ်သူ့ကိုပြောနေတာလဲ"

"မသိချင်ယောင်ဆောင်မနေနဲ့ မိငယ်. . . ငါပြောတာ နင်သိပါတယ်. . . ဒါနဲ့ အဲဒီလိုပုံစံမျိုးကိုမှ နင်ဘာလို့ကြိုက်တာလဲ"

"မပြောတတ်ဘူး. . . ငါအဲသလို ရိုးရိုးအေးအေး နေတတ်တဲ့သူဆိုသဘောကျတာပဲဥစ္စာ၊ ကြည့်လိုက်တာနဲ့ အေးချမ်းနေတာပဲကွာ၊ သဘောပေါက်လား. . . ငါပြောချင်တာ လူတော်တော်များများ မျက်နှာကပ္ပလောင်တယ်၊ ဒါပေမဲ့သူကတော့ ထူးခြားတယ်"

"ဝတ်တာစားတာကြောင့်လား"

"ဟုတ်ချင်ဟုတ်မှာပေါ့"

"အင်းဒါဆိုငါလည်း လိုက်ဝတ်ဦးမှာပဲ"

"ကြော်ငြာဝင်ပြန်ပြီ"

"ဒါပေမဲ့ နင့်ကိုငါမညာမတာတစ်ခုပြောမယ်. ."

"ပြော. . ."

"မနာနဲ့. . ."

"အေး. . ."

"နင့်ပုံစံကို တော်ရုံယောကျ်ား ကြိုက်ရဲမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ငါကြိုလ်ပေါက်နေလို့လား"

"နင့်ပုံစံက လေးလေးနက်နက်ပုံစံမဟုတ်ဘူးမိငယ်. . နင်ဘယ်လောက်အတွေးနက်တာ၊ မိန်းမပီသတာ အချင်းချင်းပဲသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်လူက လုံးဝမသိဘူး၊ နင့်ရဲ့ပုံပန်းသဏ္ဍာန်နဲ့နင့်ကို ဆုံးဖြတ်မှာပဲ၊ နင်ချစ်တဲ့သူကနင့်ကို ပြန်ချစ်ဖို့ဘာမဆိုလုပ်မဲ့ မိန်းမထဲမှာလည်း နင်မပါဘူး. . ."

"ဟုတ်တယ် . . . ငါ့ဂုဏ်သိက္ခာရှိစွာနဲ့ပဲ အသဲကွဲခံပါ့မယ်"

"နောက်မနေပါနဲ့. . . ငါအတည်ပြောနေတာ. . . နင့်ပုံစံကလွတ်လပ်လွန်းတယ်၊ နင်သဘောကျတဲ့ပုံစံကတော့ တည်ငြိမ်လွန်းတယ်၊ အစွန်းနှစ်ဖက်ကြားထဲမှာ အချစ်ဆိုတာ ဘယ်တော့မှ ဖြစ်မလာဘူး။ အချစ်ဆိုတာ အပေးအယူမျှတတဲ့ အခြေအနေ တစ်ခုမှာပဲ ဖြစ်လာတာ၊ အပေးအယူမျှတဖို့ဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်ဦးမှ. . . ပြီးတော့လူမှာက Type ရယ် Complex human beings ရယ် နှစ်မျိုးပဲရှိတယ်။ Type ကပုံသေအမျိုးအစား. . . Complex human beings ကပြောင်းလဲနေတဲ့အမျိုးအစား. . . နင်က ဒုတိယအမျိုးမှာပါတယ်. . . အဲသလိုလူမျိုးနဲ့ Type နဲ့ လုံးဝတွဲလို့မရဘူး. . ."

"တွဲမိရင်ဘာဖြစ်မှာလဲ"

"စိတ်ဆင်းရဲရမယ်. . . Complex human beings ကပဲ အထိနာတတ်တယ်မိငယ်. . . ဘာလို့လဲဆို စိတ်လှုပ်ရှားလွယ်လို့ပဲ. . . စိတ်လှုပ်ရှားလွယ်လို့သာ အပြောင်းအလဲများတာပေါ့. . . အဲဒီလိုလူက တစုံတရာကို တွယ်တာပြီဆိုရင် အတိုင်း



အတာတစ်ခုထိပဲ လက်ခံတယ် တဲ့အချိန်ကျော်လာရင် သူငြီးငွေ့တာပဲ. . . ဘယ်အရာကိုမှ တသမတ် ထဲခင်တွယ်တဲ့စိတ်မရှိဘူး. . ."

"နင်ပြောမှပဲ ငါကအလေအလွင့်ဖြစ်တော့တယ်"

"စဉ်းစားကြည့်လေ. . . နင်ရနေတဲ့ဘဝမှာ နင်အခုပျော်လို့လား"

ထိုမေးခွန်းမှာ မိငယ်ငိုင်သွားသည်။ လမင်းသည် မိငယ်နှင့်ငယ်ပေါင်းဖို့လမင်းကိုတော့ မိငယ်ညာလို့မရ။

"တကယ်လို့သာ ဆင်းရဲပြီးအပူအပင်တွေများနေတဲ့ဘဝမျိုးကို နင်ရခဲ့မယ်ဆိုရင် အခုလက်ရှိဘဝကို နင်တောင့်တမှာပဲ. . . ဖို့အတွက် ကြိုးစားအားထုတ်မှာပဲ. . . ပြီးတော့ အချစ်ကို နင့်ခေါင်းထဲထည့်ချင်မှထည့်မယ်. . . ထည့်ခဲ့ရင်လည်း နင့်ကိုအထောက်အပံ့ပေးနိုင်တဲ့. . . စီးပွားရေးနိုင်တဲ့ ဥပမာငါ့လိုပေါ့. . . အဲသလိုလူမျိုးဆိုပဲနင်မျက်စိကျမှာ. . ."

"ဒါဆို ငါမွဲသွားမှ နင့်ကိုကြိုက်မှာပေါ့ . . . နင်စောင့်နိုင်ရင်စောင့်လေ"

"စောင့်ခိုင်းမနေနဲ့. . . အခုချက်ချင်း နင့်ကိုငါခိုးပြေးပစ်မှာ"

"ဟား. . . ဟား. . . တားကငါမောင်းနေတာပါ. . ."

"နင်မယုံဘူးလားမိငယ်. . ."

လမင်းအသံက ချက်ချင်းတည်တံမာကျောသွားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တားမောင်းနေရာကနေ သူ့ဘက်လှည့်ကြည့်လိုက်သည်။

"နင်စိတ်ကူးတွေ ဇွတ်ယဉ်မနေနဲ့. . . ငါကောင်မလေးကို စောစောကမြင်ခဲ့တယ်မို့လား၊ နည်းနည်းဝေဖန်ပေးဦး"

"နင့်ကိုချစ်မဲ့ပုံပဲ"

"ဟုတ်တယ်. . ."

"နင့်ကိုအစကတည်းက တွေ့ဖူးတာပေါ့. . ."

"အင်း. . . အဲဒီကောင်မလေးက ငါ့အမေတို့နဲ့ ဆွေမျိုးနီးစပ် တော်တယ်. . . ဘန်ကောက်မှာ ကျောင်းတက်ဖို့ ငါတို့မိဘတွေက ထောက်ပံ့ပေးထားတာဆိုပါတော့. . . အစကတည်းက ပေးစားဖို့ ရည်ရွယ်ပြီး လုပ်ထားတာ. . ."

"သူဘာကျောင်းတက်နေတာလဲ"

"ပြောရင် နင်အံ့ဩမသွားနဲ့. . . နင့်လိုပဲ သူဆေးကျောင်း တက်နေတာ. . . စကောလားရှစ်နဲ့ဆိုပါတော့"

"ဒါဆိုသိပ်တော်မှာပဲ"

"စာအုပ်ထဲက စာတွေအားတိုင်း သူကျက်နေတာလေ. . ."

"သူကနင့်ကိုချစ်တယ်ဆိုတော့ နင်ကရော. . ."

ဘာရယ်မဟုတ် ထိုမေးခွန်းကို မိငယ်မေးခြင်းဖြစ်သည်။

"နင်ဘယ်လိုမြင်လဲမိငယ်"ဟု လမင်းကပြန်မေးသည့်အခါမှ တော့ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။



"ငါကဘယ်လိုမြင်ရမှာလဲ. . . ခုမှနင်တို့နှစ်ယောက်ကို တွေ့ဖူးတာ. . . စကားပြောရတဲ့အချိန်ကလဲ ခဏလေး. . ."

"ငါ့ဘက်က ယမုံ့ကို ချစ်တယ်လို့နင်မြင်လား"

"နင်ဘယ်လိုဖြေစေချင်လဲ"

"မရစ်နဲ့မိငယ်"

"မရစ်ပါဘူး. . . နင့်စိတ်ထဲရှိတာ နင်ပဲသိမှာပေါ့၊ ငါက ဘယ်လိုသိမှာလဲ. . . နင်ကငါမှမဟုတ်တာ. . . ငါတစ်ခုခုမှားပြောရင် ငါပဲနှိပ်ကွပ်ခံရဦးမယ်. . ."

"အခုငါတွေဝေနေတယ်"

"ဟုတ်လား"

"ငါဘာလိုချင်လဲဆိုတာ ငါ့ဖာသာငါသိနေတယ်၊ ဒါပေမဲ့ အဲဒါကိုငါရအောင် မကြိုးစားရဲဘူး"

"နင်ဘာတွေပြောနေတာလဲ. . ."

"ငါမရမှာကြောက်လို့ မကြိုးစားတာပဲမိငယ်. . . ငါဘာတွေ ပြောနေလဲဆိုတာ နင်သိပါတယ်. . . နင်မသိချင်ဟန်ဆောင်နေတာ ပေါ့"

"ကျွတ်. . . မော်ဒန်တွေဖြစ်နေပြီ. . . နင့်ကိုငါ နားမလည် နိုင်တော့ဘူး. . ."

"တကယ်တော့ လူချင်းမတူတာဟာ အဓိကပြဿနာပဲ

www.burmeseclassic.com

www.burmeseclassic.com



အစားထိုးလို့ရနိုင်တဲ့ ဂုဏ်ခြပ်တွေ စည်းစိမ်ဥစ္စာတွေ ရှိကောင်းရှိပေမဲ့ ကိုယ်ချစ်တဲ့သူမဟုတ်တာ ပြဿနာပဲ. . ."

"နင့်မှာရော အချစ်ရှိသေးတယ်ပေါ့. . ."

"ရှိတာပေါ့ဟ. . . ငါကလူပဲ"

"မသိပါဘူး. . . ဒီလောက်ရည်းစားပေါင်း သောင်းခြောက်ထောင်ရှိနေတဲ့သူက. . ."

နင်ဂုဏ်ယူလိုက်စမ်းပါ။ ငါ့ဘဝမှာ မိန်းမတစ်ယောက်မောင်းတဲ့ကားကို ဒီနေ့မှစီးဖူးတာ"

"ကြော်ဝမ်းနည်းစရာပဲ. . . ငါ့ကားပေါ်မှာ တင်စီးတဲ့ ယောက်ျားတွေမှ အများကြီးပဲ. . . နင်ကအဲဒီထဲက တစ်ယောက်ပဲ သိလား"

လမင်းမျက်နှာက လင်ပုပ်ဖမ်းသလို ရှုပ်နေကာ. . . စကားဆက်မပြောတော့. . . ဒီလောက်ဆိုမိငယ် သဘောပေါက်သည်။ ဒါမိငယ်ကို စိတ်ကောက်တာ၊ ကောက်ပေါ့။ လမင်းအကြောင်းများ မိငယ်တို့က ချက်ဆိုနားခွက်က မီးတောက်ပြီးသား။ စကားသံတိတ်သွား၍ ကက်ဆက်ဖွင့်လိုက်သောအခါ အနဂ္ဂ၏အသံက အကျယ်ကြီး. . .

"ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်မရဘူး. . . ဘယ်ကြည့်ရမလဲဗျ. . . ယောက်ျားချင်းတိုး"

"ပိတ်လိုက်စမ်းပါ မိငယ်ရာ. . ."



"ငါကြိုက်တယ်ဟ. . . မြိုင်ဘက်ခွေက စာသားတွေ မြောက်တယ်၊ နင့်လိုလူမျိုးတွေ အကြောင်းလဲပါတယ်. . . ငါ့လိုလူမျိုးတွေ အကြောင်းလဲပါတယ်။ ဥပမာဟာ ကုန်ပစ္စည်းတွေ ဝယ်မသုံးလဲ ကြော်ငြာတော့ ကြည့်ခွင့်ရှိတယ်။ မင်းငါ့ကိုပြန်မကြိုက်လည်း ငါ့ဘက်က လိုက်ခွင့်ရှိတယ်။ မိန်းမယူဖို့ပိုက်ဆံမရှိလည်း ရည်းစားတော့ ထားခွင့်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘောလ်ပင် အငဲချောင်းငါးရာ၊ Sweet Bag ကတစ်ရာ. . ."

"ဒါပဲလား"

"ဒါပဲပေါ့"

ဦးကုဋ္ဌေရဲ့ စာရေးကိရိယာရုံးခွဲမှာ ရွှေယိမ်းအမျိုးထဲက ကလေးတွေအတွက် ဘောလ်ပင်နဲ့ အိတ်ကလေးတွေ လာဝယ်ရင်း မိငယ်သည် ဒ်ဂတွင်းမှန်ခန်းထဲကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ဦးကုဋ္ဌေက ဟန်းဖုန်းတစ်ဖက်၊ ကြိုးဖုန်းတစ်ဖက်နှင့် ဗျာများနေပေသည်။

"ခရက်ဒစ်ကတ်ဒ်နဲ့ပေးလို့ရလား"

"ရှင်"

အကြွေးဝယ်ခွင့်ကတ်ဒ်လေ"

"အစ်မရယ်. . . ငွေလေးငါးသောင်းလောက်ပဲဟာကို. . ."



"ဒါဆို. . . တို့သူနဲ့သွားပြောမယ်လေ"

"ဘယ်သူနဲ့လဲ"

"ဦးကုဋ္ဌေနဲ့"

"အစ်မကဆရာနဲ့အသိလား"

"သိတာပေါ့"

အရောင်းစာရေးမကလေးက ပြုံးစိစိဖြင့် ခေါင်းညိတ်ပြသည်။

မှန်တံခါးကိုတွန်းဖွင့်၍ အထဲသို့ဝင်သွားသောအခါ မိငယ်ကို သူအံ့ဩစွာကြည့်နေသည်။ သူ့ရှေ့က ခုံမှာဝင်ထိုင်ပြီး ခရက်ဒစ်ကတ်ဒ် ချပေးတော့. . .

"ဘာလုပ်ဖို့လဲ"ဟုမေးသည်။

"မိငယ်မှာ ပိုက်ဆံပါမလာလို့. . . အဲဒါ Credit Card နဲ့ ပေးလို့ရလား"

"ငွေကဘယ်လောက်ကျလဲ"

"ငါးသောင်း"

"မင်းလိပ်စာပေးခဲ့လေ၊ အတိအကျနော်၊ ကိုယ့်အလုပ်သမား တစ်ယောက်နဲ့ လာယူခိုင်းလိုက်မယ်၊ Credit Card [illegible]ရှုပ်လို့ ဒါပေမဲ့ထားခဲ့ရမယ်"

မိငယ်ရဲ့ Adress Card ကို သူ့ဆီကမ်းပေးတော့ သူ့လက်သူ့ ကြွယ်မှ တဖျတ်ဖျတ်လင်းနေသော စိန်လက်စွပ်ကို မြင်ရသည်။ အလှအပကို ဒီလောက်ကိုးကွယ်တဲ့ ယောကျ်ားမျိုးက မိငယ်လိုလှပသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းခလေးနောက်ကို မလိုက်စရာအကြောင်းမရှိ. . .

"မိငယ် မလိမ်ပါဘူးနော်. . ."

"သိပါတယ်. . . မင်းတို့အိမ်ကို ကိုယ်ရောက်ဖူးတယ်. . . မင်းကဘယ်သူလဲ အဲဒီအိမ်ကပဲလား. . . ကိုယ့်မိတ်ဆွေသမီးကလေး က မင်းလောက်ပဲရှိမယ်ထင်တယ်. . . နေပါဦး အဲဒီကောင်မလေး နာမည်က. . ."

"စဉ်းစားလို့မရရင် မစဉ်းစားပါနဲ့တော့ မိငယ်ကအဲဒီအိမ်ကပဲ ပြီးတော့ ဦးကုဒေ့ပြောတဲ့ မိတ်ဆွေသမီးကလေးဆိုတာလည်း မိငယ်ပဲ"

"ဒါပေမဲ့ အဲဒီတုန်းက. . ."

"ဟုတ်တယ် . . . တမင်တကာ ရုပ်ဆိုးအောင်လုပ်ပြီး ဦးကုဒေ့ ထွက်ပြေးချင်စိတ်ပေါက်အောင် လုပ်လိုက်တာ. . ."

ဦးကုဒေ့ရဲ့ "ဪ"ဆိုသောအသံတွင် မိငယ်သည်လွန်ခဲ့သည့်နှစ်ပတ်က သူမိငယ်တို့အိမ်သို့ အကြောင်းကိစ္စတစ်ခုဖြင့် လာခဲ့တာကိုပြန်မြင်ယောင်မိလေသည်။ မိငယ်ကိုအမေက လှလှပပမြင်ဆင်ထား. . . သမီးနဲ့သဘောတူထားတဲ့လူ လာလိမ့်မယ်. . . ဟုရုတ်တရက်ပြောတော့မိငယ်လန့်သွားလေသည်။

"အမေက သမီးကိုယောကျ်ားပေးစားမလို့လား"

"ဟုတ်တယ် နင်လက်လျှားလက်လျှားလုပ်နေတာ ငါတစ်စက်မှကြည့်မရတော့ဘူး. . . လာလိုက်တဲ့ဖုန်းဆိုတာ ကောင်လေးတွေချည်းပဲ. . . ဟန်းဖုန်းခလဲ တစ်လတစ်လ ရှင်းရတာမနည်းဘူး နင့်ကို



ခြေငြိမ်အောင်မြန်မြန်ပေးစားမှာ"

"ဘယ်သူနဲ့လဲ"

"အမေတို့မိတ်ဆွေရဲ့သားပဲ. . ."

"ချောလား"

"ဒါအမေ့ကိုမေးရမဲ့စကားလား"

"မသိဘူးလေ . . . ဒါပဲနော်. . . မိငယ်ရုပ်ဆိုးရင် လုံးဝမကြိုက်ဘူး"

"ငါသိပါတယ်. . . ညည်းအကြောင်းကိုသိလို့ အလှအပကြိုက်တဲ့သူ တမင်ရှာထားတာ၊ အဲဒီကောင်လေးက ထမင်းမစားခင်လက်ကိုဆပ်ပြာနဲ့ တစ်ခါပိုးသတ်ဆေးနဲ့တစ်ခါ နှစ်ခါအမြဲဆေးတယ်၊ တစ်နေ့အကျီနှစ်စုံလဲတယ်. . . ရေမွှေးဆိုလည်း ပြင်သစ်ကလာမှသုံးတယ်. . ."

"အဲဒီလောက်ကြီးကျတော့ ယောကျ်ားနဲ့ဘယ်တူတော့မလဲအမေရာ. . . အခြောက်ကြီးနဲ့တူနေပြီ"

"ညည်းပဲ လှတာကြိုက်တယ်ဆို"

"သိပ်လွန်လွန်ကျူးကျူးဆိုရင် ကြည့်မရဘူး"

"ပိုက်ဆံကတော့ တော်တော်ချမ်းသာတယ်"

"အမေတို့လဲရှိတာပဲ"

"ပြီးတော့ တစ်ဦးထဲသောသား"

"သွားပြီး Score Out (စာရင်းမရှိ)သွားပြီ. . . သမီး အမုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးက တစ်ဦးထဲသောသားပဲ. . . အဘွားလဲကြီး တကိုယ်ကောင်းလဲဆန်၊ အမေရွေးထားတဲ့ကြီးက သမီးနဲ့အဆင်ပြေမှာ မဟုတ်ဘူးသေချာတယ်"

"ဒီတစ်ယောက် မပြောတော့ နောက်တစ်ယောက်ပေါ့"

"ဒီတစ်ယောက်ကတော့ ဖြေစရာအကြောင်းကိုမရှိဘူး. . . ယောက်ျားဖြစ်ပြီး ဒီလောက်နုနွဲ့နေတာ ယူပြီးသမီးက ဘာမှမလုပ်ဖေးနိုင်တာနဲ့ မြန်မြန်ကွဲမှာ. . ."

"ဘာပဲဖြစ်ဖြစ်. . . တွေ့ကြည့်ဦး. . . မနက်ဖြန်မနက်အိမ်လာလိမ့်မယ်"

"မိငယ်ကိုလာကြည့်မှာလား"

"ဟုတ်တယ်"

"စိတ်ချ. . . အလှလွန်နေလို့ သူလန့်ဖျတ်သွားစေရမယ်"

အမေက မိငယ်အပြောကို ရယ်လေသည်။ အင်း။ သူများအမေတွေဆိုရင် ဆယ့်ကိုးနှစ်မကလို့ ကိုးဆယ့်နှစ်ဖြစ်ပစေ အပျိုကြီးဖြစ်တာကောင်းဟု ပြောကြာမှာ. . . အိမ်ကအမေကတော့ မိငယ်ကို တချိန်လုံး အခြေမကျသေးဟုဆိုကာ ဟိုလူနဲ့စပ် ဒီလူနဲ့စပ်. . , အဲဒီလူရောက်လာမည့်မနက်မှ မိငယ်အခန်းတံခါးကို မဖွင့်ပေ။

"မိငယ်ဘာလုပ်နေလဲ"

"အလှပြင်နေတယ်အမေ"



"အေး. . . အေး. . . လှလှလေးနော်"

"သူရောက်မှလာမေါ်လေ"

"အေး. . . အေး"

အရောင်တွေထဲမှာ အနီနဲ့အဝါကို မိငယ်အမုန်းဆုံး၊ အခုတော့ အနီနဲ့အဝါကို အသုံးချကာ မိငယ်အလှပြင်သည်။ မှန်ထဲက ကိုယ့်ရုပ်ကိုယ်ပြန်ကြည့်ပြီး ဗိုက်နှိပ်ကာရယ်ရသည်။ နှုတ်ခမ်းကို ရှိရင်းဖွဲ့ထက်ထူကာ ရဲနေအောင်ဆိုးထားသည့်မျက်နှာနှင့် မျက်လုံးပတ်တ်လည်က အမဲရောင်လိုင်းကြီးသည် တွေ့ရသူကိုတော့မသိ မိငယ်ဖာသာပင် လန့်သွားသည်။ လည်ပင်းမှာက ကခရုပုတီးတွေ ငါးကုံးလိုက်ဆင့်ဆွဲထားသည်။ ဂါဝန်က အနီနဲ့ အဝါကြား လက်သဲအတုက အနီရောင်တောက်တောက်၊ ဒေါက်ဖိနပ်က အနီရောင်တောက်တောက်၊ ကဲ. . . မောင်မင်းကြီးသား ရောက်လာရင် မိငယ်ကို. . ."

"သမီးရေ ညှေ့သည်ရောက်ပြီ မီးဖိုချောင်ထဲက အအေးဗန်းယူပြီး ထွက်ခဲ့နော်"

မြန်မာစံတော်ချိန် နံနက်ဆယ်နာရီခွဲမှာ မိငယ်သည် အအေးဗန်းကိုင်လျက် ထိုသူရှေ့မှာမှောက်လျက် (တမင်)လဲလေသည်။

"ဟာဗျာ စိုကုန်ပြီ"

"ဆောရီးနော်. . . သမီးက ဦးကိုတမင်လုပ်တာ. . . အဲမဟုတ်ဘူး"

သူ့ပုဆိုးပေါ်ရေတွေ ဖိတ်စင်ကာ မိငယ်မျက်နှာကို စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



လက်မျက်နှင့် ရယ်လည်းရယ်ချင် နောက်ထပ်လည်း ထပ်မကြည့်ရဲသော အကျပ်ရိုက်နေသည့်သူ့မျက်နှာကို မိငယ်ဘယ်တော့မှမမေ့။

သူ့မျက်နှာသည် ကိန်းခန်းကြီးစွာ အကြွားသန်မည့် ယောကျ်ားမျိုးဟု ထင်ရက်စရာ မရှိအောင် ချောမောသန့်စင်ပါသည်။ သို့သော်သူ့ပိုင်ဆိုင်မှုများ သူကိုယ်တိုင်ခွန်အား၊ ဉာဏ်စွမ်းဖြင့် ရခဲ့သည် မဟုတ်ဘဲ အတိတ်ကံကြမ္မာ၏ အစွမ်းကြောင့် ဘိုးဘေးစဉ်ဆက် ချမ်းသာလာခဲ့သမျှကို ဂုဏ်ယူကြွားဝါတတ်သော ဦးနှောက်နှင့် နှုတ်ခမ်းတစ်စုံကို မိငယ်သည် ပစ္စည်းဥစ္စာချမ်းသာမှုအတွက် မာန်မာနကြီးမြင့်သူ မဟုတ်သကဲ့သို့ မာန်မာနတက်သူများကိုလည်း နဲနဲမှကြည့်မရ။ ထို့ကြောင့် အိမ်ကသဘောတူသော လူမှန်သမျှ မိငယ်လက်ချက်နဲ့ လွဲခဲ့ရသည်ချည်းဖြစ်သည်။ သူကမိငယ်အတွက် ပထမဆုံးအိမ်က သဘောတူသူမဟုတ်ပါ။

"မိငယ်. . . ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ် အဖေတို့ ဂုဏ်သိက္ခာကို ညည်းဘယ်အထိချနေဦးမှာလဲ"

အဖေ့မျက်နှာကို မိငယ်မကြည့်၊ ပါးကေးရောင် တောက်နေသော ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်နေသည်။ မိငယ်ရဲ့ ငုံ့ထားသော မျက်နှာကိုသာ အဖေမြင်လျှင် ပြုံးစိစိလုပ်နေသောကြောင့် ဆူရုံတင် မဟုတ်ဘဲ ရိုက်ချင်စိတ်ပေါက်ကော အိမ်ကနှင်ချချင်စိတ်ပါပေါက်လိမ့်မည်။ မိငယ်နားလည်ထားတဲ့ ဂုဏ်သိက္ခာနှင့်အဖေတို့ လက်ခံထားတာ တော်တော်လွဲနေခဲ့သည်။ ဘာလို့လူချမ်းသာတွေကိုမှ အထင်ကြီးတာ



လည်းမသိပါ။

"မိငယ်က ကိုယ့်ကိုကိုယ် လူတစ်ယောက်လို့ပဲမြင်တယ်. . ."

"အဖေတို့မိငယ်ကို တစ်ယောက်ထဲနေတာ မကြည့်ရက်ဘူးလား. . . ပြီးတော့ လက်ထပ်လိုက်လို့ မိငယ်ဘယ်လောက်ပို ချမ်းသာမှာလဲ. . . မိငယ်ငွေချမ်းသာတာ မလိုချင်ဘူး. . . စိတ်ချမ်းသာတာပဲလိုချင်တယ်"

"အခုစိတ်ဆင်းရဲနေလို့လား"

"စိတ်ညစ်တာပေါ့. . ."

"စောစောကသမီးလုပ်လိုက်တဲ့ပုံနဲ့ ဘယ်လောက်မျက်နှာပျက်စရာကောင်းလဲ. . . အဲဒါ မြန်မာတစ်ပြည်လုံးမှာ အချမ်းသာဆုံး ဆယ်ယောက်ထဲက တစ်ယောက်ရဲ့တစ်ဦးတည်းသောသား နိုင်ငံခြားက ဘွဲ့ယူလာတာ. . ."

"မိငယ်မသိချင်ဘူး. . . စိတ်လည်းမဝင်စားဘူး"

"သူကလည်းသမီးကို စိတ်ဝင်စားလို့ လာကြည့်တယ်မှားထင်နေလား"

"ရှင်"

"သူကလည်း မိဘဩဇာကို အာမခံချင်လို့ အဖေတို့ဆီ ရောက်လာတာ. . . ကိုယ့်ကိုနန့်နန့်တက်လိုချင်လို့ ရောက်လာတာ မဟုတ်တဲ့သူကို သမီးဆက်ဆံလိုက်တာ အောက်တန်းကျတယ်. . . စကားလေးဘာလေးပြောကြည့်ပြီး စိတ်ဖြစ်ချေဖြစ် ရိုင်းနိုင်းခွင့်ရရင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



သမီးကို အဖေတို့အတင်းရိုက်မပေးစားပါဘူး. . . သူ့ကိုသွားတောင်းပန်လိုက်မိငယ်. . . ”

“လုံးဝမတောင်းပန်နိုင်ဘူးအဖေ. . . သူနဲ့မိငယ်လည်း ရှေ့ဆက်ပက်သက်စရာမရှိဘူး. . . သူ့ချမ်းသာတာ မချမ်းသာတာ မိငယ်စိတ်မဝင်စားဘူး. . . ”

“နင်ဘယ်လိုလူမျိုးကိုမှ စိတ်ဝင်စားလဲ. . . ကဲ”

“ရိုးသားရမယ်၊ မိငယ်လက်ထပ်တဲ့သူဟာ မိငယ်ချစ်သူ[illegible] ဖြစ်ရမယ်. . . မိဘသဘောတူမှ ယူရတာ. . . မိငယ်အစွမ်းအ[illegible] မရှိသလိုပဲ. . . မိငယ် မိဘအကူအညီနဲ့ ဒီအသက်အရွယ်ထိ နေလာ[illegible] ပြီးပြီ. . . ယောက်ျားယူတဲ့အထိ မိဘကလိုက်စီမံပေးတာတော့ ကလေ[illegible] ဆန်လွန်းတယ်ထင်တာပဲအဖေ. . . မိငယ်ချစ်သူကို ကိုယ့်သဘော[illegible] ကိုယ်ထားပါရစေ. . . ”



“ဪ. . . မင်းကိုး”

ထိုအသံနှင့်အတူ သူတစ်ချက်ပြုံးသည်၊ ထိုအပြုံးမှာ ကိုယ့်ကို[illegible]ယုံသိအထင်ကြီးသော ယောက်ျားတွေရဲ့ အပြုံးမျိုး။

“ဒါဆိုရင်တော့ မင်းနဲ့ကိုယ်တွေ့တာ ဒါဒုတိယအကြိမ်ပေါ့”

“ဟုတ်တယ် . . . နောက်ထပ်တွေ့ဖို့က မသေချာပါဘူး”

“နောက်ထပ်တွေ့ဖို့ဟုတ်လား. . . ကိုယ်က မိဘအရှိန်အဝါနဲ့[illegible]နေကာက်နေတဲ့ မိန်းခလေးမျိုးတွေ နဲနဲမှစိတ်မဝင်စားဘူးကလေးရဲ့”

သူပြောပုံဆိုပုံနှင့်ဟန်ပန်မှာ မိငယ်ဒေါသထွက်ကာ အသား[illegible]ဝင် ဒေါ်စက်လာသည်။

“ကဲ. . . ကိုယ်နဲ့ခဏနေရင် အလုပ်ကိစ္စတစ်ခုချိန်းထားလို့[illegible]သည်တွေရောက်လာလိမ့်မယ်. . . မင်းကိုအကြာကြီး ဧည့်ခံနိုင်[illegible]သောရှိနေဘူး. . . ”

www.burmeseclassic.com

www.burmeseclassic.com



သူဆီကအပြန်မှာ မိငယ်သည် ဒီလောက်မိုးမမြင် လေမမြင် ဖြစ်နေသောယောကျ်ားမျိုးကို ဘယ်လိုပညာပေးရကောင်းမလဲဟု စဉ်းစားအကြံထုတ်နေမိသည်။

အဲသလိုလူမျိုးတွေဟာ သူတို့ရှေ့မှာ လွယ်လင့်တကူ ဒူးထောက်အရှုံးပေးတတ်သော သူမျိုးတွေကိုပဲ နောက်ဆုံးရွေးချယ်တတ်ကြသည်။

"နင်စဉ်းစားကြည့်စမ်း ရွှေယိမ်း သူကများငါ့ကိုကလေးတဲ့"

"သူ့ထက်ငယ်တာကို"

"ငယ်လို့ခေါ်တာမဟုတ်ဘူး. . . သူခေါ်တဲ့ပုံကငါ့ကို အနူးမနပ်ကလေးပါဆိုပြီး နှိမ်ခေါ်တာ. . ."

"နင်ကလည်းအတွေးခေါင်နေပြန်ပြီ. . ."

"ငါ့ကိုအထင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်ပြီးတော့များ. . . သူ့အခန်းထဲက ပညာရှိနည်းနဲ့ မောင်ထုတ်တယ်. . ."

"ဒါကတော့ သူနင့်အိမ်လာတုန်းက နင်ဆက်ဆံလိုက်တာ လွန်သွားတာကိုး"

"ဒါပေမဲ့ သူကလူကြီးပဲ၊ ပြီးတော့ ယောကျ်ားပဲ နဲနဲတော့ ယောကျ်ားဆန်သင့်တယ်။ အခုဟာက ငါနဲ့ပြိုင်ပြီး ကလေးဆန်နေသလို ဖြစ်မနေဘူးလား"

"ကဲ. . . ဒါဖြင့် နင်ဘာလုပ်ချင်လဲ. . . အံ့ရော. . . ကိုယ့် လက်ထပ်မဲ့သူကိုတောင် နာမည်မသိလို့ သူငယ်ချင်းကို ပြန်စုံစမ်း



နိုင်းသတဲ့. . . အအမ"

"ငါသူ့ကိုလက်ထပ်မယ်လို့များ ထင်သလား"

"ဒါဖြင့် နင်ဒီနေ့ဘာသွားလုပ်သလဲ"

"သွားလေ့လာတာ. . . အလကားလူ လူမှုဆက်ဆံရေးညံ့ဖျင်းတဲ့လူ"

"ဘာပဲဖြစ်ဖြစ် နင်အကြွေးငါးသောင်း တင်ခဲ့ပြီးပြီ"

"လာတောင်းပစေ . . . ငါမပေးဘဲ တမင်ထားဦးမယ်"

"နင်နဲ့သူလိုက်တယ်"

"ဘာပြောတယ်"

"ငါမျက်စိထဲမှာပြောတာ. . . စိတ်ကူးမလွဲပါနဲ့မိငယ်. . . အိမ်ကဒီလောက် အဆင်ပြေတာရှာပေးထားတာကွယ်. . . မျက်စေ့နိုတ်သာယူ"

"လုံးဝမယူဘူး. . . ငါအဲသလိုလူမျိုးကို လင်အရာမှာ မထားနိုင်ဘူး. . . မိန်းမကိုနိုင်စားမဲ့လူမျိုး"

"သူအခု နောက်ဆုံးတွဲနေတဲ့တစ်ယောက်က နာ့စ်နော်"

"ဘာ နာ့စ်ဟုတ်လား"

"ဟုတ်တယ်. . . YGH က. . . သိပ်မကြာခင် စင်္ကာပူကို သွားတော့မယ်တဲ့. . . နောက်တစ်ဘွဲ့ထင်တယ် အဲဒီအတွက်သွားမှာ"

"Score က အဲဒီမှာ ဖောက်တာပဲ . . . ဘာပဲဖြစ်ဖြစ် ဒါကဆရာဝန် ဖြစ်မဲ့လူလေ. . ."

www.burmeseclassic.com

www.burmeseclassic.com



မိငယ်သည် ဦးကုဋေကို အစကတည်းက စိတ်မစင်စားတဲ့ အမြင် အခုလိုမျိုးသတင်းကိုကြားသောအခါ လုံးဝကို မကြိုက်တော့။

"ငါ့ကျောင်းက ကောင်လေးလောက် ငါဘယ်သူ့ကိုမှ တန်ဖိုးမထားဘူးသိလား ရွှေယိမ်း. . . ငါ့ကောင်လေးကလေ. . . သိပ်အေးချမ်းတာ. . ."

"နင်က Sharp ဖြစ်တယ်မိငယ်. . . အချွန်အတက်ရှိတဲ့ လူမျိုးဟာ အဲဒီအချွန်အတက်တွေကြောင့်ပဲ ထိမိခိုက်မိတတ်တယ်. . . ဦးကုဋေနဲ့လက်ထပ်ဖို့ ပျက်သွားလည်းပျက်ပစေပေါ့၊ ပြီးတော့ လမင်းဘာပြောပြောခေါင်းထဲသိပ်မထည့်နဲ့ နင်ပတ်သက်နေတဲ့ ယောကျ်ားနှစ်ယောက်လုံးက တော်တော်ကိုအတ္တကြီးတဲ့ အမျိုးအစားတွေ လမင်းဆိုလည်း နင့်ကိုချစ်တယ်လို့ ဘယ်တော့မှစပြောမဲ့ကောင်မဟုတ်ဘူး နင်ကချစ်တယ်လို့ပြောတာကို စောင့်နေမဲ့ကောင်"

"ရွှေယိမ်း ယောကျ်ားတွေကဘာလို့ ငါ့ကိုအဲသလို သဘောထားကြတာလဲ"

"နင့်ကို လွယ်လွယ်နဲ့ရမယ် ထင်ကြလို့ပေါ့မိငယ်"

ထိုထင်မြင်ချက်မှာ မိငယ်ရင်နင့်ရပါသည်။ မိငယ်ကတော့ ဘယ်တော့မှ ယောကျ်ားတစ်ယောက်ကို ချစ်တယ်ဟု စမပြောပါ။

သို့သော် လူတစ်ယောက်ကို မိငယ်ဘက်က အရင်စချစ်တာတော့ ဘယ်လိုမှတားမရဘူးလေ။



"ငါ့မှာ ငယ်ငယ်ကထဲက အိပ်မက်တစ်ခုရှိတယ်သိလား ရွှေယိမ်း"

"နင်ခဏခဏ ပြောဖူးပါတယ်"

"ဟုတ်တယ်. . . ငါ့ချစ်သူနဲ့ ငါကမ္ဘာအနှံ့လျှောက်သွားချင်တယ်၊ အမေရိကားက ဝိုးလ်ဒင်းဂိတ်တံတားပေါ်မှာ ချစ်သူမောင်းတဲ့ကားကိုစီးချင်တယ်. . . ဖူဂျီယာမကို ချစ်သူပုခုံးပေါ်ခေါင်းတင်ပြီးကြည့် ချင်တယ်၊ ဆွစ်ဇာလန်ရေခဲပြင်ပေါ်မှာ ချစ်သူနဲ့အတူ ရေခဲမုန့်စားချင် တယ်၊ အီဖဲမျှော်စင်အောက်က ကော်ဖီဆိုင်မှာ ချစ်သူနဲ့အတူ ကော်ဖီ ထိုင်သောက်မယ်၊ ကဲဘယ်လောက်လှတဲ့ အိပ်မက်ကလေးလဲ. . . အဲဒီ ချစ်သူမျိုးကို စိတ်ကူးယဉ်နေတဲ့ငါဟာ အသက်ဆယ့်ကိုးနှစ်နဲ့ လူတစ် ယောက်ကို ဘုမသိဘမသိလက်ထပ်လိုက်ရင် ငါ့အိပ်မက်တွေကို ငါမီးရှို့ ဖစ်လိုက်တာနဲ့ အတူတူပဲ. . ."

"ဒါနဲ့နင့်အိပ်မက်ထဲကလူက ဘယ်လိုပုံစံမျိုးလဲ"

"ပြောရင်ယုံမှာလား"

"ပြောပြလေ"

"ကျောင်းကကောင်လေးအတိုင်းပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



မိငယ်ကျောင်းထဲကို ကားဖြင့်ခပ်ဖြည်းဖြည်း မောင်းဝင်တာ ခုတစ်လော ကျောင်းမှန်မှန်တက်ချင်နေတာကို ရယ်ချင်နေမိသည်။ သိရေတာထဲမှာ သူထိုင်သောခုံနောက်မှာ မိငယ်ခဏထိုင်မည်။ ပြီးတော့ နေကြာစေ့တဖောက်ဖောက်ဝါးကာ သူ့ကျောကိုနေကြာစေ့ဖြင့် ပေါက်တာတောင် သူကလှည့်မကြည့်။ မီးမီးကရယ်လေသည်။

"တရားထိုင်နေတာလားမသိဘူး"

နေကြာစေ့ဖြင့် ပေါက်ပြီးတော့. . . မြေပဲစေ့ဖြင့် ပေါက်သည့်အလှည့်။ ဒါတောင် သူကလုံးဝလှည့်မကြည့်။ အတန်းတစ်ချိန် ပြီးသွားသည့်အခါ သီဟသည် လွယ်အိတ်ကိုဘေးလွယ်ကာ နောက်တကျော့လိုက်သည့်အတိုင်း ပြေးတော့သည်။

မိငယ်နှင့်မီးမီးက သူ့နောက်ကနေ ဒေါက်ဖိနပ်တဒေါက်ဒေါက်နှင့် အပြေးလိုက်ရသည်။ မီးမီးက မလိုက်နိုင်တော့ကြောင်း



လက်ခါပြတော့ မိငယ်ပဲခပ်တည်တည် ဆက်လိုက်သည်။ လူရှင်းသော ကော်ရစ်ဒါတွေ့ချိုးအရောက်မှာ သူတို့ခနဲရပ်လိုက်၍မိငယ်လည်း လိုက်ရပ်သည်။ ပြီးတော့သူကမိငယ်ရှိရာ နောက်ဘက်ကိုလှည့် ကာ ခေါင်းကုတ်နေလေသည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ကို မနောက်ပါနဲ့မိငယ်"

"မိငယ်ကသီဟကို ဘာကိစ္စနောက်ရမှာလဲ"

"ကျွန်တော်မိငယ်ကို ကြောက်ပါတယ်ဗျာ. . . ကျွန်တော့်ကို အေးအေးဆေးဆေး နေခွင့်ပေးပါ"

မိငယ်သည် ကိုယ့်ကိုကြောက်ပါတယ်ဟု ပြောသောသီဟကို ကြည့်ပြီး ငိုချင်သွားသည်။ သူ့ကိုမိငယ်ဘာမှ မလုပ်ရပါလား။ ဒါနဲ့များ မိငယ်ကို သူကကြောက်သတဲ့။ ထိုစကားသည် ခပ်မတ်မတ်ရပ်နေသော မိငယ့်ဒူးခေါင်းများကို အားအင်စုပ်ထုတ်လိုက်သလို ချိနဲ့စေသည်။

"မိငယ်က ကြောက်စရာကောင်းလို့လား"

"ကျွန်တော်ဘယ်လိုပြောရမလဲဗျာ"

"ပြောတတ်သလိုပြောပေါ့"

"ကျွန်တော့်ကို သူများတွေစတာက ကိစ္စမရှိဘူး. . . မိငယ်တို့ထိခိုက်လို့ပါ. . ."

"ဒါဆိုမိငယ်အတွက် သူကစေတနာနဲ့ပေါ့ ဟုတ်လား. . . မိငယ်သူ့ကို ဘာမှမလုပ်ရပါလား။ သူ့ကိုမိငယ် မဟားဘူး. . . ကိုယ့်ဘာသာကိုယ်နေတာပဲ၊ အခုလည်း မိငယ်ကင်တင်းသွားမလို့ပါ သူနဲ့ မိငယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းထဲ မတော်တဆကြုံတာပါ"

"ကျွန်တော်မှားသွားရင် တောင်းပန်ပါတယ်မိငယ်"

"ရပါတယ် မိငယ်က စိတ်ထဲမထားတတ်ဘူး. . . အမှန်အတိုင်းပြောရင် သူနဲ့မိငယ် ခင်ချင်တယ်. . . ရမလားဟင်"

"ဗျာ"

"ခင်ချင်လို့ပါ ရမလားလို့. . . အဲဒါ"

အဲဒီအချိန်မှာ သူခေါင်းတစ်ချက်ကုတ်ကာ ရယ်လေသည်။ သူရယ်ပုံသည် မိငယ်အား ပြောမရသောကလေးဆိုးပမာ သဘောထားသော သဘောထားကြီးသူရဲ့ အရယ်မျိုးဖြစ်သည်။ မိငယ်သည် ကိုယ်ရင်ခုန်သံကိုယ် ပြန်ကြားရလေသည်။ ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျင်လာသည်။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ရဲဝံ့နေတတ်သော မိငယ်သည် သီဟရှေ့မှာတော့ အပြစ်ရှိသူကလေးတစ်ယောက်လို မလုံမလဲဖြစ်နေတာ အလွန်ထူးဆန်းသည်။ သီဟမျက်နှာကို မကြည့်ရဲတော့။

"ဘာလို့ရယ်တာလဲ"

မိငယ်အသံက အနဲငယ်ဆူအောင့်အောင့်။

"ကျွန်တော်ကမိငယ်အတွက် ထူးဆန်းတဲ့သတ္တဝါတစ်ကောင်လားမိငယ်"

"ဘာဖြစ်လို့ အဲသလိုပြောရတာလဲ"



"မိငယ်ကိုခင်တဲ့လူတွေ ဒီလောက်များတာ"

"ဒါပေမဲ့ မိငယ်အခုသူနဲ့ခင်ချင်တယ်"

"ရပါတယ် ဒါပေမဲ့ကျွန်တော်က မိငယ်နဲ့မတူဘူးလေ"

"ဘာမတူတာလဲ"

"အိမ်ကျမှစဉ်းစားပေါ့"

"မဟုတ်ဘူးလေ စကားကိုရှင်းအောင်ပြောပါသီဟရဲ့. . . အဲသလိုပဟေဠိမဖွက်ခဲ့နဲ့. . ."

"ကျွန်တော်ဒီနှစ်မှ ကျောင်းပြောင်းလာတာ"

"ကြော်"

"အခုကျွန်တော် ထမင်းစားနေပြီမိငယ်"

"ဘယ်မှာစားမှာလဲ"

"သွားတော့မယ်"

" ဘယ်မှာစားမှာလဲလို့ မေးနေတယ်လေ"

"ဘာလုပ်မလို့လဲ"

"မေးတာသာ ဖြေစမ်းပါသီဟရယ်"

"ယောက်ျားလေးဆောင်မှာ"

"မိငယ်လိုက်လို့ရသလား"

"မရဘူး"

"ထမင်းစားပြီးရင် အတန်းပြင်တက်မှာလား"

"ဟုတ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုမိငယ် သူထမင်းစားပြီးတဲ့အထိ ဒီဘက်ကင်တင်းက စောင့်မယ်"

"ဗျာ"

"ဟုတ်တယ်လေ မိငယ်လည်း . . . သူနဲ့အတန်းပြန်လိုက်တက်မယ် . . ."

♡ ♡ ♡



၂

သူထမင်းစားစဉ်မှာ မီးမီးဆီဟန်းဖုန်းဖြင့် လှမ်းဆက်သည်။

"မိငယ် နင်တို့ဘယ်ရောက်သွားပြီလဲ"

"သူကထမင်းသွားစားနေတယ်"

"နင်ကရော"

"ငါကကင်တင်းမှာပေါ့"

"နင့်ညီသည်ရောက်နေလို့ တခါထဲခေါ်လာခဲ့မယ်"

"ဘယ်သူလဲ"

"မြင်မှပဲကြည့်တော့ . . . ငါလည်းမသိဘူး"

ညီသည်ကို ဦးကုဋေဖြစ်နေမည်ဟု မိငယ်လုံးဝမထင်ထား ပါ။ ဦးကုဋေ၏ကားက ကျောင်းကင်တင်းရှေ့မှာ ရပ်လိုက်သောအခါ ကျောင်းသူအားလုံးက အာရုံစိုက်ပြီး ဦးကုဋေနဲ့မီးမီးကို ဝိုင်းကြည့်ကြ သည်။ မီးမီးက မိငယ်ကို ဇက်ကလေးပုံ လျှာကလေးထုတ်ပြီး မိငယ်

www.burmeseclassic.com

www.burmeseclassic.com



နားကပ်ပြောသည်။ တိုးတွန်းသဖြင့် မကြားရ။

"ဘာပြောတာလဲ"

"အကြွေးလာတောင်းတာတဲ့"

မီးမီးစကားကြောင့် ဦးကုရွှေကပြုံးသည်။

"ပိုက်ဆံငါးသောင်းနဲ့ ဦးကုရွှေမပွဲသွားပါဘူး အလုပ်သမားနဲ့တင်ပြီးမှဲ့ကိစ္စကို လူကိုယ်တိုင်လာတော့ ပင်ပန်းတာပေါ့"

"ကျေးဇူးပဲ"

"ဘာလို့လဲ"

"ကိုယ်ပင်ပန်းမှာ စိုးရိမ်လို့လေ"

"ပေါလိုက်တာ"

မိငယ်စကားကြောင့် ဦးကုရွှေမျက်နှာပျက်သွားသည်။ မီးမီးကအားနာစရာကြီးဆိုကာ မိငယ်ကိုလက်ကုတ်သည်။

"ပိုက်ဆံက အခုတစ်ခါထဲပေးလိုက်မယ်"

မိငယ်ရဲ့ ကျောက်လိပ်ပိုက်ဆံအိတ်ကလေးကို သူသေချာစိုက်ကြည့်နေသည်။ တစ်ထောင်တန်တွေ၊ နှစ်ရာတန်တွေ၊ ငါးရာတန်တွေ အကုန်လုံးငါးသောင်းအပြည့်ရေပြီး သူ့ရှေ့ချပေးလိုက်သည်။

"ဒါနဲ့. . . အဲဒီလောက်ဘောလ်ပင်တွေ အများကြီးမင်းတစ်ယောက်ထဲ ရေးလို့တုန်လား"

"အလှူလုပ်တာ. . . ကဲ. . . ပိုက်ဆံလာယူတာဆို. . . ကိစ္စပြီးပြီနော်. . . မီးမီးနင်ထမင်းစားပြီးပြီလား"



"ဟင့်အင်း"

"ဒါဆို ငါတို့ထမင်းစားရအောင်"

"ကိုယ့်ကို မကျွေးတော့ဘူးလား"

"အကြွေးရှင်ဆိုတာ အကြွေးရရင်တော်ပြီပေါ့. . . ထမင်းပါစားချင်နေလို့ကတော့ အရိုက်ပါမခံရကံကောင်း. . ."

"မိငယ်မကျွေးပါနဲ့ ကိုယ့်ဟာကိုယ်စားမယ်လေ"

"ရှင်ဒီလုံဆိုင်မျိုးတွေ စားတတ်လို့လား"

"ဘာလို့မစားနိုင်ရမှာလဲ"

"မသိဘူးလေ ရှင်ပုံစံကတချိန်လုံး တရိုက်ဒါးတို့ ဆီဒိုးနားတို့ကနေ ဆင်းမဲ့ပုံစံမပေါက်လို့. . . မိငယ်တို့ကတော့ မြေကြီးဆန်တယ်လေ"

သူကမိငယ်အပြောကို သဘောကျကာရယ်သည်။

သူနဲ့အတူတူ ထမင်းစားချင်သော်လည်း သီဟပြန်ထွက်အလာကို စောင့်ရမဲ့တာဝန်ကြောင့်သာ တစ်ဝိုင်းထဲထိုင်ရခြင်းဖြစ်သည်။

"မိငယ် ကြက်အသဲကြိုက်လား"

"မကြိုက်ဘူး"

"ကြိုက်များကြိုက်လားလို့ပါ. . . ဒါဆိုလည်းကိုယ်မကျွေးမှာတော့ဘူး"

"မိငယ်စားချင်တာ ကိုယ့်ဟာသာမှာမယ် ရှင်မှာနဲ့ ပြီးတော့ကိုယ်စားတာကိုယ်ရှင်းကြေးနော် ဒါပဲစပ်စပ်ဖျက်ဖျက်တွေ မလုပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့အဲဒီလောက် တင်းမာနေတာလဲမိဝယ်"

"ဒီတိုင်းပဲ မိဝယ်စကားပြောတတ်တယ်"

မီးမီးကတော့ မိဝယ်ရဲ့ရွာတာတာ အသံကြောင့် သူ့ကိုအနဲငယ်အားနာနေပုံရသည်။ အကြောင်းမသိတဲ့လူအတွက်တော့ သူ့ပုံစံကအထင်ကြီးလေးစား လောက်စရာကိုး။ မိဝယ်ကတော့ သူ့အကြောင်းတွေမသိချင်ဘဲ သိထားတာမို့ ကြည့်လို့မရ။

မှာထားတာတွေ ရောက်လာပြီး မိဝယ်တို့ကနန်းဆိတ်ကနန်းစားရင်း သီဟဖြတ်မဲ့ဘက်ကိုသာ လည်တဆန့်ဆန့် မျှော်လေသည်။ သိပ်မကြာခင် သီဟပြန်ထွက်လာသည်။ မိဝယ်စားလက်စကိုရပ်ကာ ငွေတစ်ထောင်တန်တစ်ရွက် မီးမီးလက်ထဲထိုးပေးခဲ့သည်။

"ငါသွားတော့မယ်"



"ရွှတ်. . . ရွှတ်. . ."

သီဟအပြေးလိုက်လာသော မိဝယ်ကိုလှည့်ကြည့်ပြီး. . . စိတ်ကျဉ်းကျပ်သော မျက်နှာဖြင့် တစ်ဖက်ပြန်လှည့်သွားသည်။

"နေပါဦးမောလိုက်တာ . . . ဟောဟဲ. . . ဟောဟဲ"

"ထမင်းရောစားပြီးခဲ့ရဲ့လား"

"အမှန်အတိုင်းပြောရရင် တစ်လုတ်ပဲစားရသေးတယ်. . . အကြွေးလာတောင်းတဲ့သူရှိလို့လေ. . , မိဝယ်ဘေးမှာထိုင်နေတာ အဲဒီတစ်ယောက်က အကြွေးငါးသောင်းလာတောင်းတာ"

သူအထင်လွဲမှာစိုး၍မိဝယ် ကမန်းကတန်းရှင်းပြရသည်။

"မိဝယ်သူများ ပိုက်ဆံချေးတတ်တယ်ပေါ့"

"ချေးထားတာမဟုတ်ပါဘူး၊ သူတို့ဆိုင်က Credict Card မှ လက်မခံတာ. . . မိဝယ်လည်းမသိတော့ ပိုက်ဆံအများကြီး မထည့်

www.burmeseclassic.com

www.burmeseclassic.com



သွားမိဘူး. . . အဲဒါဒီနေ့ အကြွေးလာတောင်းတာ"

မိငယ်ရှင်းပြတာကို သူဘာမှပြန်မပြောတော့ဘဲ ရှေ့တူရူကို သာကြည့်၍လျှောက်သည်။ သင့်တိုကြီးစွာ လှမ်းနေသော ဘွန်းကြီးလိုပဲ သူ့ခြေလှမ်းတွေကစိပ်သည်။ မိငယ်ကို နောက်ထပ်ဘာမှလည်း ထပ် မပြော။ မိငယ်မှာသူ့ကို ဘယ်လိုစကားစပြောရကောင်းမလဲဟု စဉ်းစား ကာအကြံထုတ်နေသည်။

"သီဟ. . . မျက်မှန်တပ်တာ ကြာပြီလား"

"ဟုတ်ကဲ့. . ."

"ပါဝါဘယ်လောက်ရှိလဲ"

"များတယ်"

"အနီးမှုန်လား"

"နှစ်မျိုးလုံးမှုန်တယ်ခင်ဗျ"

"ဘာလို့အမဲရောင်တပ်တာလဲ"

"အဘွားလုပ်ပေးတာ"

"ဒါကြောင့်ပုံတုံးတာ"

"ဗျာ"

"ဟုတ်တယ်လေ. ... ဒီပုံတုံးတဲ့ မျက်မှန်ကိုတပ်လို့ သီဟ ပုံစံက အဘိုးကြီးပုံပေါက်နေတာ. . . တခြားတစ်စရာ ပုံစံတွေအများ ကြီးရှိတာပဲ"

"ပြဿနာမရှိပါဘူး"



"ရှိတာပေါ့. . ."

"ဗျာ"

"အဘွားက အကျီလုံချည်တွေရော ဝယ်ပေးတာလား"

"ဟုတ်ကဲ့"

"ဟင်း. . . ဒီခေတ်မှာ ရှိုင်ပုဆိုး ဘယ်သူမှမဝတ်တော့ဘူး။ သီဟတစ်ယောက်ပဲဝတ်တာ သိလား"

"အဝတ်အစားပဲ ယုံရင်ပြီးရောပေါ့မိငယ်"

"အယ်. . . စကားပြန်ပြောတယ်တော့"

ပြောပြီးမှ မိငယ်ရယ်ချင်သွားလေသည်။ သူက မိငယ် မေးသမျှကိုသာ ဖြေနေတာမဟုတ်လား။ အခုမှသူထင်မြင်ချက်ကို ပြောတာဆိုတော့ တမျိုးဖြစ်နေသည်။ အဲသလိုပြောတတ်မယ်တောင် မထင်ပါ။

အတန်းထဲကို မိငယ်နဲ့သူတွဲဝင်တော့ တချို့ပြုံးစိစိ။ ထွန်းအိန္ဒာဗို ရဲမီးနဲ့ရေသီချင်းကို တောင်လေးတစ်ကောင် ထဆိုလိုက်သံကြားရသည်။ မီးလို့ရည်ညွှန်းချင်တာ မိငယ်ကိုပါ။ သူကတော့ ရေပဲပေါ့။

သူ့နားမှာ ခပ်တည်တည်နဲ့ မိငယ်ဝင်ထိုင်တော့. . . သူက တဖက်ကို ရွှေ့သွားသည်။ သူနဲနဲရွှေ့တော့ မိငယ်ပါလိုက်ရွှေ့သည်။ သုံးလေးခါလောက်ရွှေ့ပြီးတော့ သူခေါင်းကုတ်ပြန်သည်။

"သီဟ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမှာဘောက်ရှိလို့လား"

"ဗျာ"

"ခဏခဏခေါင်းကုတ်နေလို့ . . မနက်ဖြန် ခေါင်းလျှော်ရည် ဝယ်လာပေးမယ် . . ."

"မဟုတ်ပါဘူး"

"ဒါဖြင့်ဘာလို့ ခေါင်းခဏခဏ ကုတ်နေတာလဲ"

"ကျွန်တော်နားမှာ မိငယ်ရှိနေတာ စိတ်ကျဉ်းကျပ်လို့ပါ"

"ဒါဆိုနောက်တန်းပြောင်းထိုင်ပေးမယ်လေ"

သူကမိငယ်ဘက်မလှည့်တော့ဘဲ တဖက်ကိုသာ နှုတ်ခမ်းကြီး ကိုက်ပြီး မျက်နှာလွှဲထားလေသည်။ မိငယ်မှာရယ်လည်းရယ်ချင်၊ သူ့ကိုသနားလည်းသနားသဖြင့် နောက်တန်းသို့ ရွှေ့ထိုင်လိုက်သည်။

"သီဟ"

"ဗျာ"

"အာလူးကြော်စားမလား"

အာလူးကြော်ထုပ်ကို ထောင်ပြတော့ ခေါင်းခါသည်။

"သီဟ"

"ဗျာ"

"မြေပဲကြော်ထုပ်စားမလား"

သူထပ်ခေါင်းခါသည်။

"သီဟ"



"ဗျာ"

"ရေသောက်မလား"

သူထပ်ခေါင်းခါသည်။

"သီဟ"

"ဗျာ"

"ခေါင်းခါလိုက်ဦး"

သူယောင်ပြီးခေါင်းခါသည်။ ပြီးမှမိငယ်ဘာပြောလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဘယ်လိုပက်သက်လဲဆိုတာတော့ ငါမသိဘူး. . . ဒါပေမဲ့ သူ့ကိုနင်ဒီအတိုင်းထားသွားပြီး သီဟနောက်ကို ပြေးလိုက်သွားတော့ လူတွေအကုန် သူ့ကိုဝိုင်းကြည့်ကြတယ်သိလား. . . သူက ငါ့ကိုမေးတယ်. . . အဲဒါမိငယ်ကောင်လေးလားတဲ့"

"နင်ဘယ်လိုဖြေလိုက်သလဲ"

"ဟုတ်တယ်လို့"

"ကောင်းတယ်"

"ဒါပေမဲ့သူပြောတယ်"

"မိငယ်လက်ထပ်ရမဲ့သူက ကိုယ်ပဲတဲ့"

"ဘာသူကများ စော်စော်ကားကား. . ."

"နင်နဲ့သူဘာတော်လဲမိငယ်"

"အိမ်ကသဘောကျတဲ့အဆင့်ဆိုပါတော့ဟာ. . ."



"ဪဒါကြောင့် သူ့ပုံစံက သေချာနေတာကိုး"

"သူ့မှာရည်းစားရှိတယ်မီးမီးရဲ့"

"ဟုတ်လား. . . ဒါဆိုသူလည်း ခေသူမဟုတ်ဘူးပေါ့"

"နောက်ဆုံးတစ်ယောက်နှာစ်မတဲ့. ."

"ဟင်"

"ငါသူ့လိုလူမျိုးကို လုံးဝမကြိုက်ဘူးသိလား. . . ဘယ်တော့မှ နှာစ်လက်ထဲရောက်နေတဲ့ လူတစ်ယောက်ကို ဆရာဝန်တစ်ယောက်က ဖြတ်ခုတ်စရာလား. . . တကယ်လို့ ငါ့ကိုသူလာတွဲပြီး တကယ်ယူတော့ ဟိုမိန်းမပဲဆိုရင် ငါသိက္ခာက သွားပြီလေ. . ."

"ယူချင်မှ ယူမှာပေါ့ဟာ နင်ကလဲ. . ."

"ဘာပဲဖြစ်ဖြစ် ငါတော့ အဲဒီလိုမြင်သမျှ ငါ့ဟာဆိုတာမျိုး သိပ်မုန်းတာပဲ. . . ပါးစပ်ထဲမှာလည်း ဝါးထားသေး လက်နှစ်ဘက်မှာလည်းအပြည့် ကျန်တာလည်းငါ့ဟာဆိုတာမျိုးက လောဘမကြီးလွန်းဘူးလား. . . မဖြစ်နိုင်ပါဘူး. . . ဦးကုဋ္ဌေကို ငါချစ်လဲမချစ်ဘူး. . . စိတ်ဝင်စားလို့လည်း မရဘူး. . . စိတ်ထဲမှာ မခံချင်တာပဲရှိတယ်၊ မခံချင်တာရဲ့ နောက်ဆက်တွဲက ဘယ်တော့မှ အချစ်မဖြစ်ဘူး. . ."

"ဒါပေမဲ့ နင့်အိမ်က သဘောကျတယ်ဆိုတော့. . ."

"အဲဒါခက်တာပေါ့. . . ဒါပေမဲ့ငါ့အိမ်က ပိုက်ဆံချမ်းသာတဲ့ လူတိုင်းကို သဘောကျနေတာ၊ အမေတို့က ငါ့ကိုသူတို့လိုရှုံးကန်ရမှာ အရမ်းစိုးတယ်၊ ငါရှုန်းကန်နိုင်မှာ မဟုတ်ဘူးလို့ထင်တယ်. . . ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့သူနဲ့ပဲ ငါ့ကိုလက်ထပ်စေချင်ကြတာ။

"သီဟမချမ်းသာဘူးနော်"

"ငါသိပါတယ်"

"သီဟကအဖေလည်းမရှိတော့ဘူး"

"ဟုတ်လား"

"အစ်မသုံးယောက်နဲ့ အဘွားနဲ့အတူနေရတာ၊ သူ့အမေက အထည်ဆိုင်ဖွင့်ပြီး သူတို့ကို ရှာကျွေးနေတာ သီဟကို အရမ်းလဲချစ် ကြတယ်၊ ယောကျ်ားလေးတစ်ယောက်ထဲဆိုတော့ ငွေထားမတတ်ပဲ. . . သီဟအစ်မသုံးယောက်လုံးကလည်း ဆရာဝန်တွေချည်းပဲ. . ."

"ဪ . . . ပညာတတ်တွေချည်းပဲကိုး. . ."

"ငါလည်း ငါ့အမေဆီက သီအမေအထည်တွေ ဖောက်သည် ယူနေကျမို့သိတာ. . . သီဟအမေက သူ့သားကို ဘယ်သူနဲ့မှတူတယ် တန်တယ်ထင်တာမဟုတ်ဘူး. . . နင့်အမေလိုမျိုးပဲ အဘွားကြီးက ထက်တယ်. . . သူ့သားကို လူပျိုကြီးပဲလုပ်နိုင်းမယ်ဆိုပြီး လက်မထောင် နေတာ"

"သူ့အစ်မတွေကရော အိမ်ထောင်မပြုကြဘူးလား"

"မပြုကြဘူး. . ."

"ရုပ်ဆိုးလို့နေမှာပေါ့"

"သီဟပုံစံတွေပါပဲ၊ အသားဖြူဖြူ မျက်မှန်ပါဝါထူထူနဲ့"

"ဒါပေမဲ့ သီဟမျက်လုံးသိပ်လှတာ. . ."



"ကိုယ့်ငါးချဉ်ကိုယ်မှမချဉ်ရင် ဘယ်သူချဉ်မလဲကွယ်"

"ထားပါတော့ . . . သီဟကရော ရည်းစားကိစ္စလုံးဝရှင်းလို့ လား"

"သူ့လိုတောဂိုက်မျိုးကို နင့်လိုအရူးပဲကြိုက်မှာ. . . ဘယ်သူ မှမကြိုက်ဘူး၊ ဆေးမကွေးမှာ 1st MB ရော၊ 2nd MB ရောသီဟက All D ထွက်လာတာ၊ ငါတို့ကျောင်းကို 3rd MB မှရောက်လာတာ သူ့စံချိန်ကို သူအချိုးမခံလောက်ဘူး၊ စာပဲစိတ်ဝင်စားတဲ့သူဆိုတော့ နင်လမ်းကြောင်းရှင်းတယ်"

"ငါတကယ်ချစ်တဲ့လူကို ငါဘယ်တော့မှ စိတ်ညစ်အောင် မလုပ်ဘူး. . . ငါချစ်တယ်လို့ပြောလိုက်လို့ သူစိတ်ညစ်သွားမှာ ငါစိုး တယ်. . . တကယ်လို့ သူကသာဖွင့်ပြောလာမယ်ဆို ငါခေါင်းညိတ်မှာ သိလား"

မျက်မှန်အောက်မှာ မျက်လုံးများသည် ဘာကြောင့်အတ္တရိပ် တင်းစင်နေပါလိမ့်။ သူဟာဆရာဝန်ဆိုတဲ့အလုပ်နဲ့ပဲ လိုက်ဖက်ပါသည်။ သူ့ပုံစံက စကားသိပ်များများ မပြောပေမဲ့ ကြင်နာတတ်မဲ့ပုံ။ ဆရာဝန် ဖြစ်လျှင်အောင်မြင်ဖို့ ရာနှုန်းများပါသည်။ ဆေးရုံမှာ ဂျူတီကုတ်ကို ပခုံးပေါ် အသာတင်၍ လူနာများအား သူ့ရောဂါရာဇဝင် မေးနေသည်တွင် မိငယ်သည် သူမတွေ့အောင် ချောင်ကျကျတစ်နေရာမှ ရပ်ပြီးသူ့ကို ငေးမောနေတတ်သည်။ စာတော်သောသူသည် အထန်းတူများကို တန်ကျပန်ကြဲ ရှင်းပြတတ်သည်။ ဆရာ/မများကသူ့ဆိုလျှင် စာတော်

www.burmeseclassic.com

www.burmeseclassic.com



သူအဖြစ် သဲသဲလှုပ်ကြတာကိုမြင်တိုင်း မိငယ်ဝမ်းသာမိသည်။

မိငယ်နဲ့သူဟာ တကယ့်ဆန့်ကျင်ဘက်တွေပါ။

သိပ်မကြာခင် အတန်းထဲမှာ သတင်းတွေပျံ့ထွက်လာသည်။ စာတော်သော သီဟကို မိငယ်လိုက်ကပ်သည်ဆိုသောသတင်း။

"လုံးဝဂရုမစိုက်ဘူး. . . အဲဒီသတင်းကို ပြောကြစမ်းပါစေ၊ ငါသီဟကို စာတော်လို့ ကြိုက်ခဲ့တာလည်း မဟုတ်ဘူး. . . စာကလွဲပြီး ဘာမှမသိတဲ့လူကို ငါကြည့်ရဆုံးပဲ. . . ဒါပေမဲ့ ငါအဲဒါကို လိုက်ရှင်းပြ စရာမလိုဘူးလို့ထင်တယ်. . ."

မိငယ်ရဲ့ခေါင်းမာမှုကို မီးမီးက ဘာမှမပြောတော့ဘဲ သက်ပြင်းတွေသာ အခါခါချလေသည်။ မိငယ်ကတော့ စာတော်သော သီဟထံမှာ စာအကြောင်းပင်မေးဖို့ စိတ်မကူးခဲ့။ မိငယ်ကိုယ်တိုင်လည်း စာမကျက်။ ရုပ်ရှင်တွေပတ်ကြည့်သည်။ ပြီးတော့ ကြည့်ပြီးသားရုပ်ရှင် အကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် သီဟနောက်မှာထိုင်ပြော သည်။ ပြောလို့မောလာပြီဆိုလျှင်

"သီဟ"

"သီဟ"

"ခင်ဗျာ"

"ဒီဘက်ခဏလှည့်ပါဦး"

"ဘာလဲမိငယ်"



"ဘာမှမဟုတ်ဘူး. . . အမေပျားပြေမလားလို့. . . စကား များရတာမောလာလို့ အဟဲဟဲ. . ."

ခပ်တည်တည်နဲ့ အဲသလိုပြောပစ်သည်။ သီဟမျက်နှာ ရဲပလောင်းခတ်သွားလျှင် မိငယ်မှာ ရယ်ချင်ပက်ကျိဖြစ်သွားရသည်။

"သီဟ"

"ဗျာ"

"ရှက်ကြောဘယ်နားမှာရှိလဲ"

"ကျွန်တော်ဘယ်သိမလဲမိငယ်ရ"

"သိများသိသလားလို့ပါ. . . မိငယ်မှာ အဲဒီရှက်ကြောက ပျောက်နေပြီ၊ သီဟမှာကြီးများနေသလားလို့ပါ"

"မိငယ်ကလဲဗျာ. . ."

နှစ်ယောက်တည်းဆုံခဲ့ရင် မိငယ်မျက်နှာကို လုံးဝမကြည့်ဘဲ အောက်နှုတ်ခမ်းကို နာနာကိုက်ကာ ကျောင်းစာအုပ်ကိုသာ မဲသဲကြည့် နေသည်။ မိငယ်ကတော့ ခပ်တည်တည်ပဲသူ့ရှေ့ကတိုင်ကာ မျက်လုံး ခပ်မှေးမှေးထားပြီး သူ့ကိုစိမ်ပြေနပြေငုံ့ကြည့်လေသည်။ အဲဒီအခါ ဆိုရင် သူ့ပုံစံက ကြောင်လက်ထဲမှ ကြွက်ကလေးလို သနားစရာ ကောင်းနေလေသည်။ ခုဆိုမိငယ်ကျောင်းတက်ရတာ ပျော်လာပြီ။ သူနဲ့အတူ စာကြည့်တိုက်မှာ စာဖတ်တာလည်းမဟုတ်ဘဲ သူစာဖတ်တာ ထိုင်ကြည့်ရတာနဲ့တင်အချိန်တွေ အကုန်မြန်လှလေသည်။

"သီဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မပျင်းဘူးလား"

"ဘာလို့လဲ"

"စာတွေဖတ်နေတာလေ မပျင်းဘူးလား"

"ကျွန်တော်အမြဲစာဖတ်တာပဲမိငယ်"

"ဝမ်းသာရင်ရော"

"ဖတ်တာပဲ"

"ဝမ်းနဲ့ရင်ရော"

"ဖတ်တာပဲဗျာ"

"တမျိုးပါလား"

သူရယ်လေသည်၊ သူရယ်လိုက်လျှင် သွားတက်ချွန်ချွန်ကလေး တလှစ်ကနဲပေါ်လာလေ့ရှိသည်၊ အဲဒီသွားတက်ကလေးကို မိငယ် ရင်ခုန်ပါသည်၊ သူဟာတခြားကောင်လေးတွေလို ပဲလည်း မများတတ်၊ သူမှာထင်ရှားသောအရာသည် နှီးဂုဏ်ပဲဖြစ်သည်၊ မိငယ်က နှီးသားမှ တစ်ခုသာရှိပါစေ. . . စိတ်ဝင်စားလို့ Score ဆွဲထားသည့် မိန်းမဆိုတော့ သူ့နှီးသားပုံကလေးက မိငယ်အတွက် အ ငန်းဖမ်းသလို ဖြစ်နေတော့သည်၊

"ကျွန်တော် ဝမ်းနဲ့သည်ဖြစ်စေ၊ ဝမ်းသာသည်ဖြစ်စေ အိပ်ရှိ မဟုတ်ရင်စာဖတ်တယ်၊ မိငယ်ရော. . ."

"ဟင့်အင်း. . . မိငယ်စာတွေသင်ရတာပျင်းတယ်"



"ဟုတ်လား"

"သူကတော့ စာသင်ရတာ ပျော်တယ်ထင်တယ်"

"ကျွန်တော်လား. . . မပျော်ပါဘူး. . . ကျွန်တော်လည်း စာတွေဖတ်ရတာပျော်လို့ ဖတ်နေတာမှမဟုတ်တာ. . . အဘွားက ကျွန်တော့်ကို အထူးကုအရမ်းဖြစ်စေချင်တာ၊ အမေကလည်း ကျွန်တော့်ကိုအရမ်းမျှော်လင့်ထားတာ"

"အင်းတကယ်လို့များ. . . ဆေးကျောင်းမပြီးသေးဘဲ သီဟ မိန်းမရသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာဗျာ. . . မိငယ်ကလဲ ကြံကြီးစည်ရာ"

"ဟယ်. . . ဖြစ်နိုင်တာပဲနော် မယုံဘူးလား မဖြစ်နိုင်တာ ဘာမှမရှိဘူးသီဟရဲ့"

"ဒါဆိုမိငယ် ဒီနှစ်ဆပ်ပလီမထိအောင်ဖြေပါလား"

"မဖြေပါဘူး တမင်ထိအောင်ဖြေနေတာ. . ."

"မိငယ်ဆိုတဲ့နာမည်က တမျိုးလေးပဲနော်"

"အင်း. . . မိငယ်ဆိုတဲ့နာမည်က တလေးဆန်တယ်"

"အပြင်ကနဲ့မတူပါဘူး"

"ဟုတ်လား. . . သီဟကမိငယ်ကို ဘယ်လိုမြင်လို့လဲ"

"မပြောတတ်ဘူး"

"သီဟကလိမ္မာတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက ရဲသွားပြန်သည်။

"သီဟ"

"ဗျာ"

"သီဟအိမ်ကို ဖုန်းဆက်လို့ရလား"

"ရပါတယ်"

"သီဟစာကျက်ပျက်မှာပေါ့"

"မိငယ်အရေးကြီးရင် ဆက်ပါ"

"ဟင့်အင်း... သီဟနဲ့ပက်သက်ရင် အရေးမကြီးတာ ဘာမှ မရှိဘူး"

မိငယ်တို့သည် နှစ်ဦးထဲတွေ့ချိန်များတွင် ရောက်တတ်ရာရာ စကားများပြောပြီး ပြီးသွားသည်။ သူ့တို့ဘတ်စ်ကားစီးရတာပင်ငန်းလို့ မိငယ်ကားပေါ်လိုက်စီးဖို့တော့ မိငယ်ဘယ်တုန်းကမှ မပြောခဲ့ပေ။ တစ်ညနေမှာ မိငယ်သူ့ကို တောင်းဆိုသည်။

"သူနဲ့တူတူ ဘတ်စ်ကားလိုက်စီးမလို့"

"မဖြစ်ပါဘူး"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ"

"မိငယ်ဖိနပ်နဲ့ ငြိးတော့လူမြင်လို့မကောင်းပါဘူး... မိငယ် ဖာသာပဲကားမောင်းပြီးပြန်ပါဗျာ ဘတ်စ်ကားက ကျပ်တယ်..."

"သီဟကျတော့ စီးနေပြီးတော့"



"ကျွန်တော်ကယောကျ်ားလေ... ပြီးတော့ စီးနေကျ မိငယ်ရဲ့"

ဟား...။ မိငယ်တို့အဲဒီစကားကို အသေကိုကြွေတော့ တာပဲ။

♡ ♡ ♡

www.burmeseclassic.com

www.burmeseclassic.com



"သုံ့ရင်ခုန်နေပြီလို့ နင်ထင်တယ်ပေါ့မိငယ်"

"ထင်တာပဲရွှေယိမ်းရဲ့"

"ငါတို့နဲ့ မိတ်ဆက်ပေးဦးလေ"

"မဖြစ်နိူင်သေးပါဘူး တော်ကြာလန့်ပြီး ထွက်ပြေးနေဦးမယ်"

လမင်းမျက်နှာက သိသာစွာပျက်ယွင်းနေပြီး မိငယ်ကို မျက်စောင်းခဲ၍ ကြည့်သည်၊ ရွှေယိမ်းက ရယ်ကြဲကြဲနှင့်။

"လမင်း... နင့်မျက်နှာက လငပုပ်ဖမ်းထားတာလား"

"ဟုတ်တယ်... မိငယ်... နင်အရှက်မရှိဘူးလား"

"ဘာအရှက်လဲ... ဒီမှာ လူတစ်ယောက်ကို ငါချစ်လို့ ချစ်တဲ့ အကြောင်းငါ့သူငယ်ချင်းတွေကို ပြောတာရှက်စရာလား... အဲဒီလူရှေ့မှာမပြောရဲပြီးရောပေါ့... မပြောဘူးဆိုတာလည်း... ငါကအချစ်ကိုပြပြီး မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာစိုးလို့ မပြောတာ... ဒါပဲ... ငါ့ကို



စကားလုံးကြီးကြီးတွေနဲ့ နှိပ်ကွပ်ဖို့စဉ်းစားမနေနဲ့သိလား... လူတစ်ယောက်ကို နင်ချစ်ဖူးရင် ငါဖြစ်တာကိုယ်ချင်းစာလိမ့်မယ်ဟ... သူ့ဆီကဘာမှလည်းမလိုချင်ဘူး... သူ့အေးချမ်းနေတာကိုပဲ ငါမှာကြည့်ပြီး ချစ်နေရတာ... တကယ်လို့သူ့နေရာမှာ တခြားတစ်ယောက်ဆိုရင် ယောကျ်ားလေးပဲ... ကိုယ့်ကိုမိန်းခလေးဘက်က ကြိုက်တယ်ဆိုရင် မြန်ပြီးအထာတွေပေးနေဦးမယ် သူကလုံးဝအဲသလိုမဟုတ်ဘူး၊ အဲဒါသူနဲ့တခြားယောကျ်ားတွေရဲ့ ကွာဟချက်ပဲ ပြီးတော့ သူရဲ့တန်ဖိုးပဲ အဲဒီတန်ဖိုးကြောင့် သူ့ကိုပါ မြတ်နိုးတာ..."

လမင်းက သောက်ရေသန့်ဘူးကိုယူပြီး ကားပြတင်းကနေ စိတ်ဆိုးမာန်ဆိုး လွှင့်ပစ်လေသည်။ လမင်းအပြုအမူက ကြမ်းလွန်းသဖြင့် မိငယ်ကားကိုရပ်လိုက်သည်။ ရွှေယိမ်းကလည်း လမင်းကို စိတ်ဆိုးဟန်ဖြင့် မျက်နှာတင်းနေပေပြီ။

"နင့်အပြုအမူက ဘယ်ဆင့်ထိရောက်သွားမယ်ဆိုတာ နင်သိရဲ့လား လမင်း"

"ဆောရီးမိငယ်"

ကားအတွင်း၌ ခဏမျှတိတ်ဆိတ်သွားသည်။ အဲယားကွန်းကြောင့် အေးစိမ့်နေသော ကားတွင်းမှရှိနေလျက် ဒေါသကြောင့် မိငယ် လက်ဖဝါးတွေ ချွေးစေးပြန်လျက်ရှိသည်။ လမင်းမျက်နှာက နီရဲလျက်ရှိသော မျက်ဝန်း၌မျက်ရည်ကြည်တို့ ဝေ့ဝဲလျက်ရှိသည်။ ကြိုတင်မိငယ် [illegible]တ်ထပ်ခွင့် တောင်းတတ်သောလမင်းသည် နောက်ကြောင်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်ဘဲ တကယ်တောင်းနေတာလားမသိပါ။

"နင်ဘာဖြစ်နေတာလဲလမင်း"

"ငါ. . . ငါမသိဘူး. . . ငါမပြောတတ်ဘူးမိငယ်. . . အခု ငါတစ်ခုခုကို မကျေနပ်ဘူး. . . ဒါပဲ. . . ငါ့ဟာငါ ကကျဉ်းသွားတော့မယ်"

ပြောပြီးကားပေါ်ကဆင်းသွားတော့ လမင်းကျောပြင်ကို ကြည့်ရင်း. . . ရွှေယိမ်းနဲ့မိငယ် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြသည်။

"နင့်ကိုငါအစက ပြောခဲ့သားပဲမိငယ်. . . လမင်းက နင့်အပေါ်မှာ မရိုးသားဘူးလို့"

"သူ့ကောင်မလေးနဲ့နင်တွေ့ပြီပြီလား"

"ဟင့်အင်း"

"ချစ်စရာလေးသိလား. . . စကောလားရှစ်နဲ့ ဆေးကျောင်းတက်ရတာဆိုတော့ ဘယ်လောက်တော်မလဲ စဉ်းစားသာကြည့်. . . ဒီလိုမိန်းခလေးမျိုးကို ရနေရက်သားနဲ့ ငါ့ကိုနယ်ကျွံစရာ ဘာအကြောင်းမှမရှိဘူး. . ."

"နင်ရော. . . လမင်းအပေါ်မှာ ဘာစိတ်မှမရှိဘူးလား"

"ဟင့်အင်း. . . ငါ့အတွက်လမင်းနဲ့ရွှေယိမ်းဟာ အကောင်းဆုံးသူငယ်ချင်းတွေပဲ ကျောင်းမှာဆိုမီးမီးပေါ့. . . သူငယ်ချင်းလို့ပဲ လမင်းအပေါ်မှာ သဘောထားလို့ရတယ်"



"သူကသဘောထားနိုင်ပုံမှမရတာ. . . ဒါကြောင့်ဒီလိုဖြစ်သွားတာ မတွေ့ဘူးလား. . ."

"စိတ်မကောင်းပါဘူး လမင်းအတွက်ရော လမင်းမျက်နှာတစ်ကမ္ဘာထင်နေတဲ့ ယမုံအတွက်ရော. . ."

www.burmeseclassic.com

www.burmeseclassic.com



"မိငယ်ကို သတင်းကောင်းတစ်ခုပြောပြမယ်. . ."

"ဘာများလဲ အဖေ"

မေးသာမေးရသည်။ နောက်တစ်ယောက်နှင့် ထပ်များစပ်သလားဟု ရင်တထိတ်ထိတ်ရှိလှသည်။

"ကုမ္မေက သမီးကိုသဘောကျလို့တဲ့"

သောက်လက်စ နာနတ်သီးဖျော်ရည်သည် မိငယ်လည်ချောင်းတွင်းမှာ တစ်ဆို့သွားသည်။

"အစကတော့ သမီးကအမြဲငြင်းနေလွန်းလို့ အဖေတို့စပ်တဲ့ကိစ္စတွေ ထပ်မလုပ်ဘူးလို့ ဆုံးဖြတ်ထားတာ. . ."

"အဲဒီအတိုင်းပဲ ထားပါလားအဖေရာ"

"သူကသဘောကျပါတယ်ဆိုတော့လည်း. . ."

"သူ့ဟာသူကျကျပေါ့. . . သမီးတော့မကျပါဘူး"



"သမီးက ဘာလို့မကျတာလဲ. . . သူ့မှာပြောစရာ အပြစ်မှမရှိတာ"

"သူ့မှာရည်းစားတွေ အများကြီးအဖေရ"

"ဒါကတော့ လူလွတ်ပဲသမီးရယ်"

"ဟင့်အင်း. . . အဲသလိုမျက်နှာများတဲ့ သူကိုသမီးမကြိုက်ဘူး. . ."

"သူကသမီးတောင်းဆိုသမျှ အကုန်လိုက်လျှောပါမယ်ဆိုတဲ့ကတိနဲ့ အဖေ့ဆီအကူအညီတောင်းထားတယ်. . . သူ့ကိုမိဘတွေက်ကကြည့်ရင်. . . သဘောမတူစရာ ဘာမှမရှိတော့ အဖေလည်းငြင်းရခက်တာပေါ့"

"သမီးသူ့ကိုမှမကြိုက်တာ. . ."

"ဒါဆိုသမီးမှာရည်းစားရှိလား"

"မရှိဘူး"

"မရှိရင် သူ့ကိုကော့စဉ်းစားသင့်တယ်"

"အဖေတို့ကလေ ကိုယ့်သမီးကလေး အေးအေးဆေးဆေးနေပါစေဆိုတာမရှိဘူး. . . သူ့အကြောင်းဆိုတာ ဦးကုမ္မေအသက်အစိတ် ယိုးဒယားက အမ်ဘီအေဘွဲ့ရဆိုတာနဲ့ အပြည့်အစုံ ဘယ်လိုမှသိနိုင်ဘူး"

"ဒါဆိုအပြည့်အစုံသိအောင် သူနဲ့တွဲကြည့်သင့်တယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် စကားပုံတွေထားခဲ့တာ။ ကံဆိုးမသွား
မိုးလိုက်လို့ရွာလို့။ ဦးကုမ္မေက ကျောင်းကိုလာ၊ မိငယ်ကပတ်မြေး၊ သိ
ကစာမကျက်သောမိငယ်ကို စာတွေရှင်းပြဖို့ကြိုးစား။ သပွတ်အူ
လုံးပတ်ဂျာလည်ရိုက်နေသည်။

"မိငယ် ဒီနေ့စာနှစ်ပုဒ် ရအောင်ကျက်ပါလား"

"မကျက်ချင်ပါဘူး"

"ကျွန်တော်ရှင်းပြမယ်"

"ရတယ်. . . ရှင်းပြလည်းနားဝင်မှာမဟုတ်ဘူး. . . သိ
ဖာသာပဲကျက်. . ."

ပြောနေရင်း ဦးကုမ္မေကားကို ကျောင်းထဲဝင်လာတာ တွေ့
မိငယ်အမြန်ထကာ နီးစပ်ရာ အိမ်သာထဲပြေးဝင်သည်။ ကံဆိုးချင်
အိမ်သာက ယောကျ်ားအိမ်သာ။



သီဟက မိငယ်ထပြေးတာကို နောက်ကလိုက်ဆွဲ၍သာ တော်
တော့သည်။

"ဘာဖြစ်နေတာလဲမိငယ်"

"ဘာမှမမေးနဲ့ ဟိုမှာပါဂျဲရိုးပေါ်ကဆင်းလာတဲ့လူ တွေ့လား"

"အင်း"

"အဲဒီလူကို သွားပြောပေး. . . မိငယ်အခု ကျောင်းမှာမရှိဘူး
လေးတင်ပြန်သွားတာလို့ သွားမြန်မြန်ပြောပေး"

ဘုမသိဘမသိ သီဟက မိငယ်မှာတဲ့အတိုင်းမပြော။ မိငယ်
နေရာကို ပြလိုက်သေးသည်။ ဦးကုမ္မေနဲ့ မျက်နှာချင်းဆိုင်ရပ်ကာ

"ဘာကိစ္စလဲ"

ဟုမိငယ်မာမာထန်ထန် မေးပစ်လိုက်သည်။ သီဟကိုတော့
တ်စောင်းတခဲခဲ။

"ဦးလေးက မိငယ်ဆီသွားဆိုလို့ ကိုယ်လာခဲ့တာ"

"အဲဒါဆိုမိငယ်ကပြန်လို့ပြောလိုက်မယ် ပြန်တော့. . ."

"ဟာကွာ မိငယ်ကလဲ"

"ဟုတ်တယ်. . . မိငယ်အခု အိမ်သာတက်ချင်လို့ သီဟ
စောင့်ပေး. . . ရှော့လွယ်အိတ်ယူထား. . . ဦးကုမ္မေပြန်တော့လေ. .
ခုတမိငယ်ပြန်ထွက်လာတဲ့အထိ ဒီမှာပဲစောင့်နေ‌ဉ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာကြီးဗျာ မိငယ်ကလဲ. . ."

"ဘာအားနာစရာရှိလို့လဲ. . . နေပါဦး သူဘယ်သူလဲဆိုတာ သိဟသိလား. . ."

"အစ်ကိုဝမ်းကွဲဆို"

"လဲသေလိုက် အိမ်ကသဘောတူတဲ့လူသိလား. . . မိငယ် မကြိုက်လို့ပျက်မလိုဖြစ်နေတာ သူကသဘောကျသတဲ့ဆိုပြီး ဇာတ်လမ်း ပြန်ဆက်နေတာ. . . သိဟကလဲသေ ဘာမှလဲမသိဘူး၊ သူများပြော တိုင်းယုံရလား သူကမိငယ်ယောကျ်ားဆိုလဲ ယုံမှာလား"

"အဲဒါတော့ ဘယ်ယုံမလဲ. . . မိငယ်ယောကျ်ားမရှိတာ ကျွန်တော်သိတာပဲ"

"အခုအတင်းယေးစားရင် ရှိသွားမှာပေါ့. . ."

"ဟာ. . . အဲသလိုတော့ မယူပါနဲ့"



"ဘာဖြစ်လို့လဲ"

"မိငယ်မှမချစ်ဘဲဟာ"

မိငယ်ဘယ်လောက်ကြည်နူး သွားသလဲဆိုတာ ပြောပြမရနိုင်။ သူ့ကို ကြည်နူးစွာ ငေးကြည့်ရင်း မိငယ်ကတိပေးလေသည်။

"စိတ်ချမိငယ် မချစ်ဘဲနဲ့ဘယ်တော့မှ ယောကျ်ားမယူဘူး"

"အဲသလိုမှပေါ့"

"သိဟရော"

"ကျွန်တော်ကလား. . . ကျွန်တော်ကသိဟပဲလေ"

မိငယ်နဲ့ ပေါင်းပြီးနောက် သူစကားပြောတာ အတန်ငယ် သွက်လက်လာသည်။ သူများတွေအမြင်မှာတော့ သူသည်မိငယ်ဖျက်ဆီး၍ပျက်စီးတော့မည့် သားကောင်းရတနာလေး၊ တကယ်တမ်းမှာသူက သူမနေရသောဘဝကို မိငယ်ရနေ၍ စိတ်ဝင်စားသဘောကျတာရယ်၊ မိငယ်ကိုခင်တာရယ်ကြောင့် သူနဲ့မိငယ်ကို အတွဲလိုသွားလာနေကြခြင်း ဖြစ်သည်။

"အံမယ်. . . ဘာမှလဲမဆိုင်ဘူး"

"ဆိုင်တာပေါ့ သိဟဆိုတာ ခြင်္သေ့လေ"

"သိသားပဲ"

"ခြင်္သေ့ငါးမျိုးရှိတယ်ဆိုတာရော သိလား"

"မသိဘူး"

"ခြင်္သေ့ငါးမျိုးရှိတယ်မိငယ်ရဲ့ တိဏသီဟဆိုတဲ့ ခြင်္သေ့က

www.burmeseclassic.com

www.burmeseclassic.com



မြက်စားတယ်၊ ကာဠသီဟဆိုတဲ့ ခြင်္သေ့လည်း မြက်ပဲစားတယ်၊ ပဏ္ဍုသီဟရယ်၊ ကေသရသီဟရယ်၊ နရသီဟရယ်က ဟင်းမျိုးပဲစားတယ်"

"သီဟက ဘယ်သီဟလဲ"

"ကျွန်တော်က ကေသရသီဟလိုမျိုးပဲဖြစ်ချင်တယ်။ ဟင်းမျိုးကလွဲရင် ရရာမစားဘူး၊ ဆိုလိုတာက ကျွန်တော့်သမိုင်းမှာ မိန်းမနဲ့ ပက်သက်ပြီး ဘယ်တော့မှမရှုပ်စေရဘူး. . ."

"ဒါဆိုသီဟကိုရတဲ့ မိန်းခလေးက သိပ်ကံကောင်းမှာပဲ"

သူကမိငယ်ရေရွှတ်တော့ ဖျတ်ကနဲကြည့်သည်။ မိငယ်တလည်း အကြည့်မို့ အကြည့်နှစ်ခု လမ်းခုလတ်မှာ အရှိန်ပြင်းထန်စွာ တိုက်မိကြသည်။ ပြီးတော့ လမ်းခုလတ်မှာပဲ ရပ်တန့်နေကြသည်။

"မိငယ်ကိုအိမ်က ဘာလို့ယောကျ်ားယူစေချင်တာလဲ"

"မသိပါဘူး ဆိုးလို့ထင်တာပဲ. . ."

"ဒါဆိုမိငယ်လိမ္မာသင့်တယ်"

"မလိမ္မာချင်ပါဘူး၊ မိငယ်စိတ်ချမ်းသာတဲ့ဘဝကို လူတွေဘယ်လောက်မကောင်း ပြောပါစေမိငယ် နေပျော်တယ်. . ."

"မိငယ်စိတ်ဆင်းရဲနေရလို့လား"

"အင်း. . ."

"မထင်ပါဘူး"

"မထင်ရင်ဘာလို့မေးသေလဲ. . . တဲ. . ."



"စိတ်မဆိုးပါနဲ့. . ."

"မဆိုးပါဘူး. . . မိငယ်ဆိုးတယ်နော်၊ သီဟက မိငယ်နဲ့ တွဲနေတော့ သီဟပါပျက်စီးသွားဦးမယ်"

သူ့ကရယ်လေသည်။

"အဲဟုတ်ပြောတာ. . ."

"မိငယ်က ကျွန်တော့်ကို မဖျက်ဆီးပါဘူး"

"အံမယ် မိငယ်ကိုများအထင်သေးလို့"

"မဟုတ်လို့လား ကျွန်တော်စာကျက်ရင် မိငယ်ဘယ်တုန်းက နှောင့်ယှက်ဖူးလဲ. . . မိငယ်တစ်ခါမှ ကျွန်တော်နဲ့ စာအတူမကျက်ဘူး"

"ဆပ်ပလီဖြေဖို့ ကြံရွယ်ထားပါတယ်ဆိုမှ"

"မဖြေပါနဲ့မိငယ်ရယ် တခါထဲအောင်အောင်ဖြေပါ. . ."

"မိငယ်ကို ဘာလို့တခါထဲအောင်စေချင်တာလဲ"

"မပြောတတ်ဘူးဗျ. . ."

"အိမ်မှာလာကျက်ပေးမလား"

"မလာချင်ဘူး. . . ကျောင်းမှာပဲကျက်လေ"

"မကျက်ချင်ဘူး"

"မိငယ်တကယ်ဆိုးတာပဲ"

"စိတ်ပျက်သွားပြီမို့လား"

"ရပါတယ်. . . သည်းခံရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မိငယ်နဲ့သူကြားကို မမျှော်လင့်ဘဲ ဝင်ရောက်လာတာ သူ့အစ်မတစ်ယောက်ဖြစ်သည်။ မိငယ်ကို အသေအချာ လာရောက်စစ်ဆေးမေးမြန်းလိုသော သဘောရှိပြီး သူတို့မောင် မိငယ်ကြောင့်စိတ်လေတာဟု စွပ်စွဲလိုကြသည်။ မိငယ်လည်း ဘာမှမလုပ်ရသေး၊ သူကလည်း ဘာမှမပျက်စီးသေး (ထင်တာပဲ)။

ကျောင်းမှာက စာတော်သောသူ့ဘက်ကသာ နာရိုးထုံးစံရှိကြသည်။ မိငယ်ပဲမတန်မရာတွေ မှန်းနေသလိုလို။

အပြင်ကမျက်လုံးများနဲ့ဆို ဒီတောပုံဘတ်စ်ကားတိုးစီးနေတဲ့ စာကြမ်းပိုးတစ်ယောက်နဲ့ ငွေကြေးချမ်းသာသော (ဆရာဝန်တစ်ယောက်ဖြစ်မှာသေချာသော) မိန်းခလေးတစ်ယောက် နာချင်နာမိငယ်ဘက်ကနာရမှာ။

ခုတော့ သူ့အစ်မများပင် မိငယ်ကို အပြစ်တင်လိုဟန်။

သူတို့မောင်ရဲ့ ပညာရေးထိခိုက်နစ်နာသွားမှာ ဘာညာစကားကြီးကြီးကျယ်ဖြင့်. . .

"သူ့ပညာရေးတပိုင်းတစ မဖြစ်စေရပါဘူး. . . မိငယ်မိဘတွေထားပေးနိုင်ပါတယ်"ဟု မိငယ်တမင်ရွဲ့ပြောပစ်လိုက်သည်။

သူနဲ့မိငယ်အဖြစ်က လူတွေကသာအထင်ကြီးနေတာ သူကဘာမှမဖြစ်မရှိတာ မိငယ်အသိဆုံး၊ သူ့အစ်မတွေကတောင် အတွဲဟုထင်ပေမဲ့တကယ်တမ်းအတွဲမဟုတ်ထာ မိငယ်တို့ဖာသာသိနေသားပဲ။



"သီဟအစ်မတွေက သီဟနဲ့မိငယ်ကို မပေါင်းစေချင်ကြဘူး"

". . . . ."

"ဒီနေ့ကစပြီး မိငယ်တို့ဝေးဝေးနေကြရအောင်"

". . . . ."

www.burmeseclassic.com

www.burmeseclassic.com



“မိငယ်. . . ငါနင့်ကို ပြောစရာရှိတယ်”

“ပြောလေ. . .”

“ငါ့ကိုလက်ထပ်မလား”

“ဘာ”

“တိုးတိုးအော်ပါဟ. . . နင့်ကျောင်းက လူတွေကြားထဲမှာ”

“နင်လာနောက်နေတာလား လမင်း. . . ငါအခုဘယ်လောက် စိတ်ရှုပ်နေသလဲ နင်သိရက်နဲ့. . . ပွဲလန့်တုန်းဖျာမခင်းနဲ့”

“ဒါကတော့ နင်ဖာသာ နင်စည်းဖောက်တာပဲ. . . သူငယ်ချင်းကို သူငယ်ချင်းလိုခင်ရင် ဘာမှမဖြစ်ဘူး ပြီးတော့ နင့်မှာယုံ့ရှိတယ်”

“ဒါဆိုနင်ကရော ဟင်ဦးကုဋေရှိရတ်သားနဲ့ ဟိုငတုံးကို ဘာလို့ ကြိုက်နေသေးလဲ”



“တော်စမ်း. . . သူ့ကိုလုံးဝမစော်ကားနဲ့. . . သူ့ဟာသူနေတာဘယ်သူ့ကိုမှသူ ဘာမှမလုပ်ဘူး. . . ငါတို့နှစ်ယောက်ဘာမှ မဟုတ်တာတောင် ဘာလို့နင်တို့တွေ အပြစ်ဖို့ချင်ရတာလဲ၊ နင်တို့တွေ နဲနဲမှ မတရားဘူး”

“နင်ဒီလောက်ဖြစ်နေရင် နင့်အိမ်ကို ငါပြောလိုက်တော့မယ်”

လမင်းကတကယ်အမေ့ကို ဖုန်းဆက်ပြောလေသည်။ ဗိုဗို သာသာလေးတွေ ထည့်ပြောသော မိငယ်ကို ရာဇသံတွေ ပေးကုန်ကြတော့သည်။

“တန်ရာတန်ရာ မမှန်းဘူး. . . အဲဒီကောင်လေးက ဘာများ မက်မောစရာရှိလို့လဲ. . . မွဲဆေးဖော်နေတယ်. . . စာတော်တာ တစ်ခုထဲနဲ့ ဘာမှလုပ်စားလို့မရဘူး. . .”

“မိငယ်သိပါတယ်. . . မိငယ်တို့ဘာမှလဲမဖြစ်သေးပါဘူး”

“မဖြစ်သေးဘဲနဲ့ လမင်းကပြောတုံမလား”

“အမေတို့က လမင်းကိုယုံမှာလား သမီးကိုယုံမှာလား”

“ဘယ်သူ့မှမယုံဘူး”

“မိငယ်ကလေးမဟုတ်တော့ဘူးအမေ”

“ကလေးမဟုတ်လို့ ညည်းနောင်ရေးကို ပူပန်ရတာပေါ့. . . အိမ်ကစီစဉ်ပေးတဲ့လူကျတော့ တောင်ပြောမြောက်ပြောနဲ့ မြန်မြန်ပေးစားမှဖြစ်မယ်. . .”

“မိငယ်ယောကျ်ားယူပြီး ကျောင်းမပျက်ရဲဘူး. . . အမေ့လို

www.burmeseclassic.com

www.burmeseclassic.com



မိငယ်ဝိုက်ဖုံးအင်္ကျီနဲ့ ကျောင်းမတက်နိုင်ဘူး. . . ရှက်တယ်. . ."

"မိငယ်"

အမေ့ကို အဲဒီလိုပြောလျှင် အသဲတဆတ်ဆတ်တုန်အောင် နာလေ့ရှိသည်။ အမေလည်းအသက်ဆယ့်ခြောက်နှစ်ခွဲ ဆယ်တန်းအောင်ပြီးစမှပဲ အိမ်ကသဘောတူသော အဖေနဲ့ယူခဲ့သည်။ သမီးကညာ အခါမလင့်စေနဲ့ဆိုသောစကားကို မျိုးရိုးစဉ်ဆက်အလိုက် အမေတို့က ထိန်းသိမ်း၍ အမွေဆက်ခံလာခဲ့သည်။ ကိုနည်းတူစွာပင် မိငယ်ကိုလည်း အသက်ဆယ်ကိုးနှစ်ပြည့်ပြီဆိုကာ. . . ဒီတိုင်းကြည့်မနေနိုင်တော့ခြင်း ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ်မိငယ်ကတော့ အသက်သုံးဆယ် လောက်မှပဲ အိမ်ထောင်ပြုချင်သည်။ အဲဒီအချိန်ဆို အမေတို့ထောက်ပံ့စရာလည်း မရှိတော့။ ကိုယ့်ခြေထောက်ပေါ် ကိုယ် ကောင်းကောင်းရပ်နေနိုင်ပြီး အိမ်ထောင်ပြုပြီး မိဘဆီက ပိုက်ဆံမတောင်းချင်ရုံသာမက လင်သယ်ဆီကလည်း မိငယ်လက်ဖြန့်မတောင်းချင်။ အဲဒီမာနကိုပဲ တလွဲဆံပင်ကောင်းသောမာနဟု အမေကယူဆနေသည်။

"နင်ဘာဖြစ်လို့ ဒီလောက်ခေါင်းမာနေတာလဲ. . . အိမ်က ကျွေးတာစား ဆင်တာဝတ်နေပြီး အိမ်ကပြောတာ တစ်ခွန်းမကျန်ပြန်ပက်တယ်. . . နင့်ခေါင်းထဲမှာ ငါ့အမေဆိုတာရော ရှိသေးရဲ့လားဟင် ဆေးကျောင်းရောက်မှ အမြီးထောင်မလာနဲ့. . . နင့်တို့ဉာဏ်ကောင်းတယ်ဆိုတာ ငါ့အိပ်နေသလောက်ပဲရှိတယ်"

"ခက်တာပဲအမေ့ကို ဘယ်သူကဉာဏ်မကောင်းဘူး ပြောလို့



သဲ အမိကပြဿနာက ယောကျ်ားမယူချင်တဲ့သမီးနဲ့ ယောကျ်ားပေးစားချင်တဲ့အမေတို့ နားလည်လွဲမှုပဲ. . . လမင်းဆိုတဲ့ကောင် ပြောတာတွေကလည်းယုံမနေနဲ့. . . အဲဒီကောင်က တစ်စက်မှကောင်းတဲ့ကောင်မဟုတ်ဘူး. . ."

"ဒါဖြင့်သီဟဆိုတဲ့ကောင်လေးနဲ့ ညည်းတကယ် ဘာမှ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

"မဟုတ်ရင်ပြီးတာပဲ. . . ပြီးမှ ရှုတ်ရှုတ်ရှုတ်ရှုတ် အသံကြားကြည့်. . . ချက်ချင်းကုန်နဲ့ ပေးစားပစ်မယ်. . ."

"အမေဘာသိလို့လဲ သူ့မှာရည်းစားငုတ်တုတ်ကြီးနဲ့ သမီးကို အမင်အမြင်ကတ်လို့ ယူမယ်လို့ပြောတာ. . . သူ့ရည်းစားနဲ့လည်း ခွတ်တာမဟုတ်ဘဲနဲ့ အမေတို့က စွတ်လုပ်နေ သမီးကြားထဲက သိက္ခာကျတယ်"

"ဘာပဲဖြစ်ဖြစ် ချမ်းသာပြီးစုတတ်ဆောင်းတတ်တဲ့ ယောကျ်ားနဲ့မှ သမီးဘဝအေးချမ်းမှာ အမေတို့ပေးတဲ့ အမွေဆိုတာ သမီးတို့အသက်ပဲ သုံးရင်ကုန်မယ်၊ သမီးတို့မျိုးဆက်အတွက်က ယူမဲ့ယောကျ်ားဘက်က ချမ်းသာမှဖြစ်မယ်"

"မချမ်းသာလဲ ဘာဖြစ်လဲအမေရာ"

"ညည်းက ဈေးတောင်းဗန်းရွက်ပြီး ယောကျ်ားကို ရှာကျွေးသို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

ကျောင်းဆရာမလက်သံလို့မပြောရ။ ခေါင်းကထူပူသွ သည်။ အမေ့အာဏာတ အဖေ့ထက်ပိုပြင်းသည်။ အမေ့ကိုမှ လ တိုင်ပြောတာ နဲနဲမှ မကျေနပ်။ ဒီကောင်က မစားရတဲ့အမဲ သဲနဲ့ တဲ့ကောင်ဟု မိငယ်ခပ်ချဉ်ချဉ်တွေးပစ်သည်။

"ပြောပြီးပြီနော် အခေါက်ပေါင်းမနဲဘူး. . . ငါသဘောတူ လူနဲ့မှ အမွေရမယ်နိုမို့ဆို တပြားမှမရဘူး"

မိငယ် မျက်ရည်ဝဲလျက် ကျန်ခဲ့သည်။ အိပ်ကပြဿနာရှ ကျောင်းကိုလာသော်လည်း သီဟနှင့်မတွေ့အောင် ရှောင်ရသော ကကြီးလှသည်။

သီဟကလည်း သူ့အစ်မလာပြောတာကို အားနာစွာ မိငယ်ကိုမျက်နှာချင်းဆိုင်ရင်တောင် မနှုတ်ဆက်ဘဲ ခေါင်းငုံ့ လျှောက်လေသည်။ အရင်လိုနွေးထွေးမှုတွေအစား ရင်နင့်မှုတွေ အစားထိုးဝင်ရောက်လာခဲ့သည်။ သီဟနဲ့ ကြိုက်တဲ့အသံ ထပ်ကြားတ တင်ဦးကုရှေနဲ့ ပေးစားပစ်မယ်ဆိုတော့ မိငယ်မလန့်လို့မရ။ လူကြီးကို မုန်းပါတယ်ဆိုမှ ယူရလျှင်သတ်သေဖို့ပဲ စိတ်ကူးတော့သ

ရည်စားဟွေ့ရှိရက်နဲ့ မိငယ်ကို အချဉ်လိုသဘောထာ ဦးကုရှေကို လက်ထပ်မဲ့အစား မိငယ်စောစောစီးမြေကြီးထဲဝင် ကောင်းပါသည်။

♡ ♡ ♡



မထင်မှတ်ထားတာက သီဟသည် မိငယ်ရဲ့ ဟန်းဖုန်းကို ညဘက်တစ်နာရီခန့်မှာ ဆက်ခဲ့ခြင်းဖြစ်သည်။ မိငယ်တို့နှစ်ယောက် နှုန်းတစ်ခါမှ မပြောခဲ့ဖူး၍မိငယ်သည် သီဟဆက်တယ်ဆိုတာ သိသိ ချင်းမှာ လက်များတွေအေးစက်ကာ ဖုန်းပင်ခုတင်ပေါ် လွတ်ကျသွားခဲ့ သည်။

ပြီးမှတမင်းကတန်း ပြန်ကောက်ယူပြီး ပြောရသည်။ ဖုန်းထဲက သီဟအသံက တိုးတိုးလေးရယ်။ ကလေးလေးတစ်ယောက် နေမ ကောင်း၍ ညည်းသလိုမျိုး။

"မိငယ်နေကောင်းလား"

"ညတစ်နာရီလို ဖုန်းဆက်တာ အဲဒါပြောဖို့လား. . . ဒါဆို ချလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာမလုပ်ပါနဲ့မိငယ်. . . ကျွန်တော်ဘာပြောရမှန်းမသိ
လို့ပါ. . ."

"ဒါဆိုတစ်ညအိပ်ပြီး စဉ်းစားဦးပေါ့"

"မိငယ်. . . ကျွန်တော်တကျက်လို့မရဘူး"

"မျက်မှန်ပါဝါတိုးပြီထင်တယ်. . . မနက်ဖြန် မျက်မှန်သွား
မစ်ပေါ့"

"မိငယ်ရာ. . . မနောက်ပါနဲ့"

"အတည်ပြောနေတာ. . . တို့နဲ့ပေါင်းပြီး သိပ်ဘာသာတိုင်း
အမှတ်နဲ့တာ အိမ်ကဆူတယ်မို့လား. . . အမှန်အတိုင်းပြော"

"အဲဒါတွေထားလိုက်စမ်းပါ"

"ကဲ. . . ဒါဖြင့်. . . ပြော"

"မိငယ်. . . ကျွန်တော်အခုလုံးဝအိပ်လို့မရဘူး"

"အိပ်ဆေးသောက်အိပ်"

"ကျွန်တော်မိငယ်ကို အရမ်းလွမ်းနေတယ်"

"ဟင်"

"မိငယ်ရဲ့ ဒေါက်ဖိနပ်သံလေးကိုပဲ နားထဲမှာကြားနေတယ်
မျက်လုံးမှိတ်လိုက်ရင် မိငယ် နေကြာစေ့ခွံနဲ့ ကျွန်တော့်ကို ပေါက်နေသ
လိုခံစားရတယ်၊ ကျွန်တော့ကို မိငယ်သူစိမ်းဆန်နေတာ ကျွန်တေ
မခံစားနိုင်ဘူး. . . ကျွန်တော့ကိုဘယ်သူဘာပြောပြော ဂရုမစိုက်ဘူ
ကျွန်တော်မိငယ်ကို ချစ်နေတာလားမသိဘူးဗျာ"



မိငယ်ရင်ထဲမှာ မီးတောင်တွေ အဆင့်ဆင့်ပေါက်ကွဲတုန်ပြီ။
သူမိငယ်ကိုဖွင့်ပြောခဲ့ပြီ။ မိငယ်မရှိရင် သူမနေတတ်တော့သလို မိငယ်
တရောသူနဲ့ စကားမပြောရတဲ့နေ့တွေမှာ ဘယ်လောက်စိတ်ဆင်းရဲရ
တာ သူသိရဲ့လား။ မိငယ်မပြောတော့ဘူးနော်။ သူသိရမယ်လို့ မိငယ်
ထင်တယ်လေ။ အချစ်စစ်မှန်ရင်မိငယ်တို့လမ်းဟာ ပြောင့်ကိုပြောင့်ဖြူး
ရပေမည်၊ မိငယ်သည် ခဏချင်းမှာပင် အိပ်ချင်စိတ်ပျောက်လျက်
သူ့စကားများကို ပူးစိုက်နားထောင်နေမိသည်။

"မိငယ် ကျွန်တော်ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ်. . . I
want to with her, I want to close to her, No one else to
approach to her တဲ့ အဲဒါဆို You're in deeply in love တဲ့. . .
အခုကျွန်တော်အဲဒီအတိုင်းဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . တကယ်. . . ဟာ. . . မိငယ်. . . နင့်ကို စာကြွင်းဗိုးက တကယ်ဖွင့်ပြောတယ်. . . ဩော် ဒင်းက အသဲနှလုံးရှိသေးတယ်ကိုး. . . ငါကသူ့ကို စက်ရုပ်ကြီးမှတ်လို့. . . ဩော် မိငယ်. . . မိငယ် စက်ရုပ်ကိုတောင် ရည်စားစကားပြောအောင်လုပ်နိုင်တယ်. . . ဂုဏ်ယူပါတယ်. . . ဂုဏ်ယူပါတယ်"

မီးမီးက မိငယ်ပြောပြတာကိုနားထောင်ပြီး ရယ်လိုက်ပေါက်ကရပြောလိုက်လုပ်နေလေသည်။ မိငယ်မှာတော့ ဘယ်အချိန်သူ အခန်းထဲဝင်လာမလဲဟု အပေါက်ဝကိုသာ မျှော်တလင့်လင့်ဖြစ်နေသည်။

ပြီးတော့ ဒီနေ့မိငယ်အလှတွေ ခါတိုင်းထက်ပိုပြင်လာသည်။

"အချစ်နဲ့တွေ့ရင် လူတွေဟာ အလိုလိုလှလာတယ်တဲ့. . . မီးမီးဒီနေ့ငါလှရဲ့လား"

"မလှဘူး"



"ဟင်"

"နင်ပြင်ထားတာ တအားများနေတယ်၊ ဟိုမျက်ခွံက ဝန်းရောင်တွေက အရမ်းထင်းနေတာပဲ၊ နားကွင်းကအစိမ်းရောင်၊ အကျႌတလည်းအစိမ်းဆိုတော့ တောက်နေတာပဲ၊ ဒီကြားထဲ Gucci ဖိနပ်က အနီရောင်ဆိုတော့ နင့်ဟာက ကြက်တူရွေးနှုတ်ခမ်းနီဆိုးထားသလိုပဲ အဟီ"

"ကြည့်စမ်း. . . ငါ့ကိုဘယ်အချိန်ကထဲက နှိပ်ကွပ်ချင်နေသလဲမသိဘူး ပြောတာများရစရာမရှိတော့ဘူး"

"ဟုတ်တာပဲ. . . နင့်ပုံစံက မျက်စိကျိန်းတယ်"

"သူတလဲ ဆရာမပဲလာနေပြီ ခုထိမရောက်သေးဘူး"

မိငယ်မှာ လည်တဆံ့ဆံ့နှင့် နောက်ဆုံးတစ်နေ့သာကုန်သွားသည်။ သူရောက်မလာ။ အိမ်ကိုပြန်သာသွားရသည်။ မိငယ်မှာ စိတ်နဲ့ကိုယ်မကပ်။ သူဘာများဖြစ်နေသလဲ။ စိတ်ပူကာလှုကနေမထိ ထိုင်မသာ၊ တော်တော်ဆိုးတဲ့ကောင်လေးပဲ၊ မိငယ်ဆီ ညနေခြောက်နာရီဖုန်းဆက်သည်။

"ဒီနေ့မိငယ် အစိမ်းရောင်ဝတ်တယ်"

"အင်း"

"ဒေါက်ဖိနပ်အနီရောင်စီးလာတယ်"

"အင်း"

"သိပ်ရုပ်ဆိုးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“သီဟာဘယ်လိုသိသလဲ”

“သိတာပေါ့. . . ကျွန်တော်ဒီနေ့ကျောင်းမှာရှိတယ်”

“မတွေ့ပါဘူး”

“ဘယ်တွေ့မလဲ အခန်းထဲမှ မဝင်တာ”

“ဘာဖြစ်လို့လဲ”

“မိငယ့်ကို မျက်နှာချင်းဆိုင်ရမှာရှက်လို့”

“မနက်ဖြန်လည်း အတန်းမတက်ဘူးပေါ့”

“အင်း”

“ဒါဆိုမိငယ်ပဲ ကျောင်းပြေးလိုက်ပါ့မယ်၊ သူကျောင်းမျက်ရင် စာတွေအဆက်ပြတ်ကုန်လိမ့်မယ်၊ မိငယ်က ပြသနာမရှိဘူး”

“မိငယ်”

“ဟင်”

“အခုဘာလုပ်နေလဲ”

“သီဟာနဲ့ဖုန်းပြောနေတယ်လေ”

“ထမင်းစားပြီးပြီလား”

“မစားရသေးဘူး”

“မနက်ဖြန်အလှမပြင်တော့နဲ့”

“ဘာဖြစ်လို့လဲ”

“မိငယ်ကအလှပြင်ရင် ရုပ်ဆိုးသွားရော. . . ဟို. . . ဘာခေါ်လဲ မျက်ခွံပေါ်က လက်လက်ထနေတာ နှုတ်ခမ်းနီအရောင်တ



သတ်လက်ထနေတာ ကျွန်တော်မျက်စိကျိန်းတယ်”

“အလှမပြင်ရင် ဘာလိမ်းရမလဲ”

“သနပ်ခါးလိမ်းပေါ့”

“သနပ်ခါး”

“အင်းလေ”

“တခါမှ မလိမ်းဖူးဘူး”

“လိမ်းကြည့်ပါလား. . . ပါးကွက်ကလေးကွက်ထားရင် မိငယ် မျက်နှာက သိပ်ကြည့်ကောင်းသွားမှာ”

“ဟုတ်လို့လား”

“အင်း”

“သီဟာကိုစကားမတတ်ဘူးထင်နေတာ ပြောတတ်သားပဲ”

“မိငယ်သင်ပေးတာလေ”

မိငယ်မှာ သူ့စကားများကို ဘယ်လိုချစ်မှန်းမသိ၊ တကယ့်ကို နူးညံ့သိမ်မွေ့ပြီး အပြစ်ကင်းသောချစ်သူပါလား။

သူဆင်းရဲတာ အပြစ်မှမဟုတ်တာ။

အမေတို့သဘောမတူလည်း မိငယ်ကတော့ သူ့ကိုချစ်စိတ်နှင့်သူ့ဖက်က အဆုံးစွန်ရပ်တည်ဖို့ ဆုံးဖြတ်ချက်ချပြီးဖြစ်သည်။

လောလောဆယ်အိမ်တသိလို့ မဖြစ်သေး၊ သိတာနဲ့ပြဿနာတအကြီးအကျယ် တက်လိမ့်မည်။ မိငယ်အတွက် ရည်းစားတစ်ယောက်ထားရတာ မဟာစွန့်စားခန်းကြီးလို လှိုက်ဖိုသလိုခံစားရသည်။ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ပေါ်ပေါ်ထင်ထင် မတွဲရဲ။

သူ့ဘက်ကိုသတင်းပေါက်သွားမှာစိုးသည်။

သူကဘယ်တော့မှ မိငယ်တားပေါ် လိုက်မစီးသူ။

မိငယ်ကလည်း မခေါ် သူမို့ အပြင်မှာတွဲလို့လည်းမရ။

မိငယ်နဲ့သူ့ကို အနဲငယ်စိမ်းသယောင် လူတွေမြင်ကြသော အခါ တကယ့်အဖြစ်နဲ့ ဆန့်ကျင်ဘက်အဖြစ် သူကမိငယ်ကို အကပ်မ[...] ဆိုသော သတင်းကထွက်လာသေးသည်။

"ရယ်စရာကောင်းလိုက်တာ မီးမီးရယ်. . . ငါတို့နှစ်ယောက် မှာ ဘယ်သူ့ရည်းစားစကား စပြောမယ်လို့များ သူတို့ထင်ထားလဲ မသိဘူး. . . ငါ့ကိုတော်တော်မေတ္တာထားပုံတယ်၊ သီဟဘက်ကခဲ[...] နာတော်မူကြတယ်. . ."

"အေးလေ ငါလည်းနင်ပိတ်ထားလို့သာ မပြောတာ၊ ပြောချင် တာမှ အူကိုယားနေတာပဲ၊ သီဟကနင့်ကို ဖုန်းထဲမှာ ဘယ်လိုချွဲတာ သဲတာ အရမ်းပြောပြချင်တယ်သိလား. . ."

"မလုပ်လိုက်ပါနဲ့. . . အခုမှ ဇာတ်လမ်းကစတုန်းရှိတာ"

"ဒါနဲ့ နင့်သူငယ်ချင်းတွေ ပေးသိပြီလား"

"ရွှေယိမ်းကိုတော့ ပြောပြမယ်စဉ်းစားသားပဲ၊ လမင်းကတော့ ပြောလို့မဖြစ်ဘူး. . . ငါ့အမေကို သူတစ်ခါတိုင်ပြီးပြီ၊ ဒါတစ်ခါ ထပ် တိုင်ရင် ငါပြဿနာမရှင်းနိုင်တော့ဘူးဟ. . ."



"ရွှေယိမ်းကိုပါ ပြောပြမနေပါနဲ့တော့လား မိငယ်"

"ဘာဖြစ်လို့လဲ"

"လမင်းသိမှာစိုးရင် ရွှေယိမ်းကိုပါ နင်မပြောနဲ့တော့. . . နင်တို့ကိစ္စက နှစ်ဖက်စလုံး ပြဿနာတွေနဲ့ အမြင်ကကြည့်တော့ ဘာမှ မဟုတ်သလိုနဲ့. . ."

"နင်နားလည်ရင် ပြီးတာပါပဲလေ. . ."

"ငါကနားလည်ပေးနိုင်ပါတယ်. . . နင့်ကိုငါသနားတယ် မိငယ်သိလား. . . လူတွေက စာတော်တာလေးတစ်ခုထဲနဲ့ ပေါက်ကရ လျှောက်ပြောနေတာ တကယ်တမ်းနင့်အိမ်ကနာတာ. . . လမ်းမှန် တယ်၊ သီဟဆိုတဲ့ကောင်က နင်စီးတဲ့ကားတစ်စီးစာငွေတောင် ဆရာဝန် လစာနဲ့ နောက်ဘယ်နှစ်နှစ်ရှာရမှန်း မသိနိုင်ဘူး. . . စာတော်တာ တစ်ခုထဲနဲ့ အားကိုးလို့မရဘူး. . ."

"ဘာပဲဖြစ်ဖြစ် ငါကတော့ သူမရှာနိုင်လည်း အပြစ်မတင်ပါ ဘူး"

"နင်ကချစ်တာကိုး"

"ဟုတ်တယ်. . . ငါ့လိုမိန်းမက အချစ်တစ်ခုနဲ့တင် တော်တော်မိုက်ကန်းတတ်တယ်"

"သီဟက နင့်ကိုတကယ်ချစ်ပါတယ်"

"ဟုတ်လား နင်ဘယ်လိုသိသလဲ"

"သူ့မှာ နင့်ဈေးနှိုးကြည့်ရတာ အမောပဲ အနားလဲမကပ်ရဲ၊

www.burmeseclassic.com

www.burmeseclassic.com



အငယ်ကနေ ငေးပြီး တစ်နေ့တစ်နေ့ မျက်နှာကလေးက အုပြုံးနေတာ"

မိငယ်ကို အလှပြင်လွန်း၍ သူမကြိုက်။ စကားများလွန်း၍ သူမကြိုက်။ စာမေးပွဲကျတာသူမကြိုက်။ စာသင်ချိန် မှုန့်ဖိုးစားရင်း အိပ်နေတတ်တာသူမကြိုက်။ သို့သော် မိငယ်ကတော့ သူလိမ်းစေချင်သောသနပ်ခါးလည်း ဘယ်တော့မှပလိမ်း။ စကားကတော့ မများဘဲ မနေနိုင်။ စာသင်ချိန်မှာ ထိုင်ငိုက်ရတာကို ဘိန်းစွဲသလို စွဲနေပြီ။ အဲဒါကို သူဘယ်လောက်ပြောပြော မိငယ်နားမဝင်။

သူကအနဲငယ်ချုပ်ခြယ်ချင်သည်၊ မိငယ်ကသိရက်နဲ့ နားမထောင်။ နောက်တော့သူမေးသည်။

"ကျွန်တော့်ကိုမိငယ် လုံးဝမချစ်သလိုပဲ"

"ဘာဖြစ်လို့လဲသီဟရဲ့. . ."

"မိငယ်ပုံစံက ကျွန်တော်အပေါ်မှာ လေးလေးနက်နက်ကို မရှိတာ"

"လေးနက်စေချင်ရင် ခဲဆွဲပြီးရေထဲခုန်ဆင်းလိုက်ပေါ့"

"ကျွန်တော် စနေတာမဟုတ်ဘူး"

လူရှေ့သူရှေ့ မိငယ်ခေါင်းဖြီးတာကို သူကရှက်တတ်သည်။ ထမိဖြန့်ဝတ်လျှင်လည်း မျက်နှာကို တစ်ဖက်လှည့်ထားတတ်သည်။ မိငယ်တို့နှစ်ယောက်ရဲ့ ရည်းစားဘဝတွေ့ဆုံချိန်က ဒီလို တစ်ကျောင်း



လုံးက လူတွေမရှိတော့တဲ့အထိ မိငယ်ကစာကြည့်တိုက်ထဲမှာ သူ့ကို ထိုင်စောင့်နေရပြီး သူကဘယ်သူမှမကျန်တော့မှ မိငယ်နားမှာ လာထိုင်တတ်သည်။ စာကြည့်တိုက်ပိတ်ချိန်မှာ မိငယ်တို့လမ်းခွဲချိန်ဖြစ်သည်။ အဲ. . . သူနဲ့ပတ်သက်ပြီး မိငယ်ညည်းမခံနိုင်တာတစ်ခုပဲရှိသည်။ အဲဒါကတော့ ချိုင်းချွေးနံ့နံလွန်းတာဖြစ်သည်။

"သီဟရေတစ်နေ့ ဘယ်နှစ်ခါချိုးလဲ"

"ဘာလုပ်မလို့လဲ မိငယ်ရဲ့"

"နံလို့"

"ဗျာ"

"ဟုတ်တယ် သီဟဆီက ချွေးနံ့တအားနံတာပဲ. . . Roll on တစ်ခုသုံးပါလား. . ."

"မိငယ်က အနံ့ခံကောင်းသားပဲ"

"အံ့မယ် ရှင့်ဆီကနံလွန်းလို့ပါနော်"

"မိငယ်မကြိုက်တာလေးတွေ ပြောပြထားဦး ရှောင်ရအောင်လို့"

"အင်း ဒူးခေါင်းတို့ပေါင်တို့ စကားပြောရင်း လှုပ်တာ ကြိုက်ဘူး"

"ဟုတ်ကဲ့"

"နောက်အစားတစ်ခုခုစားရင် ပါးစပ်က ပလပ်. . . ပလပ် မြည်တာ မကြိုက်ဘူး. . . ခေါင်းက ဆံပင်တွေရှည်ပြီးပွနေရင်

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး၊ ပြီးတော့ ပုဆိုးတွန့်ကြေနေရင် မကြိုက်ဘူး. . . ရှပ်အင်္ကျီ လက်ရှည်ဝတ်ရင် မကြိုက်ဘူး. . .”

“ဒါပဲလား”

“ကျန်သေးတယ်. . . သီဟကို ကောင်မလေးတွေနဲ့ စကားပြောရင်မကြိုက်ဘူး”

“ဟာကွာ အဲဒါလွှမှုရေပဲ”

“ဘာလွှမှုရေလဲ အိမ်ကသိမှာစိုးလို့ လူမြင်သူမြင်မတွဲတာ ရှင်ကအခွင့်အရေးမယူနဲ့”

“ကျွန်တော်ဘာလုပ်လို့တုန်း မိငယ်ရာ”

“ဘာလုပ်ရမလဲ အတန်းငယ်က ကောင်မလေးတွေ စာလာမေးရင် သွားအဖြီးသားနဲ့ သွားချေးအထပ်ထပ် တောင်မြင်ရတယ်. . . ဝီတိတွေဖြာပြီး အီးအီးတွေပါမဲ့ရုပ်နဲ့လေ”

“သဝန်တိုတာလား”

“မသိဘူး. . . မကြိုက်တာတော့ အမှန်ပဲ. . . အဲသလို စာမေးရင်းရယ်မောနေတာတွေ့ရင် မိငယ်ရင်ဘတ်ထဲက အောင့်လာတယ်. . . သဝန်တိုတာထင်ပါရဲ့ ဒါပေမဲ့ အဲဒီခံစားမှုက မကောင်းပါဘူး. . . ရင်ထဲမှာနာတယ်. . .”

“ကျွန်တော်မိငယ်ကလွဲပြီး ဘယ်သူ့မှစိတ်ထဲမထားပါဘူး”

“ပြောလို့ရမလား. . . ယောကျ်ားတစ်ယောက်ကို လက်ထပ်စာချုပ်နဲ့ တောင်ချည်ထားလို့မရတာ. . . ချစ်တယ်ဆိုတဲ့ စကား



တစ်ခွန်းထဲနဲ့ ဘယ်လိုမှ ချည်နှောင်လို့မရဘူး. . . မိငယ် တစ်ခါတစ်လေ ဆိုရင် သီဟကို ကျောင်းထုတ်ပစ်ချင်စိတ်တောင်ပေါက်တယ်။ ဟုတ်တယ်လေ၊ ကျောင်းမတက်ရရင် စာမကျက်ရတော့ဘူး. . . အဲဒါဆို သီဟနားမှာ ဝိုင်းဝိုင်းမလည်တော့ဘူးပေါ့. . .”

“မိငယ်က အတ္တတော်တော်ကြီးတာပဲ”

“အတ္တကြီးတာ မဟုတ်ဘူး. . . ဆုံးရှုံးရမှာကို ကြောက်တာ”

“ကျွန်တော်က မိငယ်ကိုသဝန်တိုတာ”

“ဘာဖြစ်လို့”

“အင်း. . . အိမ်ကလက်ထပ်ပေးမဲ့လူက ရှိနေတယ်လေ”

“တော်စမ်းပါသီဟရယ်. . . အဲဒီကြွေးကြီးများ. . . ပြီးတော့သူ့မှာ ရည်းစား in hand (လက်ရှိ) ကြီးနဲ့ပါ. . .”

“အိမ်ကတော့ သဘောတူတယ်မို့လား”

“အမှန်အတိုင်းပြောရမလား”

“ပြောလေ”

“အိမ်ကသူ့မှမဟုတ်ဘူး။ ချမ်းသာရင်သဘောတူတာပဲ. . . အိမ်ကမိငယ်ဆင်းရဲမှာ ကြောက်တယ်၊ စိုးရိမ်ကြတယ်. . . အဲဒါကြောင့်ပါ”

“မိငယ်ရောဆင်းရဲမှာကြောက်လား”

“ဆင်းရဲမှာတော့ မကြောက်ပါဘူး၊ စိတ်မဆင်းရဲရရင် တော်ပြီပေါ့. . . အမေတို့ကကျတော့ မိငယ်ကို အခုနေရာထက် ချီ့တဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



မှာ အရမ်းကြောက်ကြတယ်. . . ကားဆိုလည်းအနဲဆုံးသိန်းသုံးရာကျော်မှ. . . အမေတို့က ကားထင်တာ. . . တော်ရုံလူဆိုလူကိုမထင်တော့ဘူး"

"ကျွန်တော်နဲ့ဆို သဘောတူမှာမဟုတ်ဘူးပေါ့"

"အင်း. . ."

သူ့မျက်နှာကတော်တော်ငယ်သွားသည်။

"မိငယ်"

"ပြောလေ"

"ကျွန်တော်တို့နှစ်ယောက် ဝေးများဝေးသွားမလားမသိဘူး"

"ဘာတွေလျှောက်ပြောနေတာလဲ. . ."

"မိငယ်စိတ်ညစ်ရမှာ စိုးတာပါ"

"စိတ်ညစ်တာများ အထူးအဆန်းလုပ်လို့ သီဟရယ်. . . ရှည်ရှည်ဝေးဝေး သိပ်တွေးမနေပါနဲ့. . . ဖြစ်လာမှ ရင်ဆိုင်ကြတာပေါ့"

"ကျွန်တော်နဲ့ မိဘကြားမှာ မိငယ်စိတ်ညစ်မှာစိုးတာပါ. . ."

အဲဒါကြောင့် မိငယ်တို့နှစ်ယောက်အကြောင်းကို သူငယ်ချင်းတွေတောင် မပြောဘူး၊ ကျောင်းကမီးမီးတစ်ယောက်ပဲသိတယ်၊ သိတအိမ်ရော ပေးမသိဘူးမို့လား"

"မိငယ်ကမသိစေချင်တာလား"

"လူသိထင်ရှားဖြစ်ရင် မိငယ်ရှုတ်တရက် အိမ်ကသဘောတူတဲ့လူနဲ့ လက်ထပ်ရလိမ့်မယ် သီဟရဲ့. . . ရုတ်တရက်ကြီးဆိုရင် မိငယ်



သက်ခံမှာမဟုတ်ဘူး. . . ကျောင်းလည်းတစ်ဝက်တစ်ပျက်ဖြစ်လိမ့်မယ်၊ အကုန်လုံး မမျှော်လင့်ထားတာတွေ ဖြစ်လာမှာ. . . သီဟနောက်ကိုလိုက်ဖို့ဆိုတာလည်း ပန်းတိုင်မရောက်ခင်မှာ နှစ်ယောက်လုံးဒုက္ခရောက်ရုံပဲရှိမှာ ဘယ်ဘက်ကကြည့်ကြည့် ဆိုးကျိုးချည်းပဲ၊ ဒါကြောင့်တတ်နိုင်ရင် မိငယ်နဲ့ သီဟချစ်သူတွေဆိုတာ သိတဲ့လူနဲလေကောင်းလေပဲ. . . အထူးသဖြင့် သီဟဖက်ကသိရင် သိပ်မဆိုးဘူး. . . မိငယ်ဘက်ကသိရင် သွားရောပဲ. . . စိတ်ထဲမှာ ဘယ်လိုမှမထားပါနဲ့ သီဟရယ်. . . မိငယ်ကို နားလည်ပေးပါ"

"အဲဒီလူနဲ့ မိငယ်ခင်လား"

"သိတယ်ဆိုရုံပါ"

"ကျောင်းကိုတော့ ခဏခဏလာနေတာပဲ"

"မလာနဲ့လို့ မောင်းထုတ်လို့မှမရတာ. . . သီဟမျက်မှန်ခဏချွတ်စမ်းပါ"

"ဘာလုပ်မလို့လဲမိငယ်"

"တပ်ကြည့်မလို့"

"ဟာမတပ်ပါနဲ့ ပါဝါများတယ်"

"ချွတ်ဆိုချွတ်စမ်းပါ"

မိငယ်ကိုးတိုက်၍ သူ့မျက်မှန်ကို မချွတ်ချင် ချွတ်ချင်ပုံဖြင့်ချွတ်ပေးသည်။ မိငယ်သူ့မျက်မှန်တပ်ပြီးကြည့်ရာ ခေါင်းအတော်မူးနောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့. . . ရှေ့ ခေါင်းမူးတယ်"

"ပြောသားပဲ. . . မိငယ်ကလေ ဘယ်တော့မှ ကျွန်တော့်စကားကို နားမထောင်ဘူး"

"မျက်မှန်ချွတ်ရင် သီဟမြင်ရလား"

"မမြင်ရဘူး. . . ဝါးတားတားတွေ ဖြစ်တုန်ရော"

"ကောင်းတာပေါ့. . . ဒါမှနောက် ကောင်မလေးချောချောလေးတွေတွေ့ရင် သီဟမျက်မှန်ကို ချွတ်ခိုင်းထားရမယ်. . ."

တခါတလေကျလျှင် သူနဲ့မိငယ် ဘာလို့များ ချစ်သူဘဝရောက်သွားပါလိမ့်ဟု မိငယ်စဉ်းစားကြည့်သည်။ အူကြောင်ကြောင်နိုင်တာပဲ။ တစ်ယောက်အဆိုးဆုံးကျောင်းသူ။ တစ်ယောက်က အတော်ဆုံးကျောင်းသား။

ဘယ်လိုမှ မတွဲဖက်နိုင်လောက်အောင် ပုံစံတွေက အလှမ်းဝေးလွန်းသည်။ ရည်းစားသာဆိုသည်။ မိငယ်နဲ့သူသည် လက်ပင်မတွဲဖူးခဲ့။ သူကသတိလည်း ရပုံမပေါ်ပါ။ မိငယ်လည်းဟိုက်အကျိုဝတ်လျှင်ပင် မကြည့်ဘဲ မျက်နှာလွှဲထားသူ။

"သူများအတွဲတွေလို အတန်းထဲ မှာတူတူထိုင်ချင်တယ် မိငယ်"

"မဖြစ်နိုင်တာတွေ ပြောင်နေပြန်ပြီ. . . သီဟအစ်မတစ်ယောက်ယောက် ဆီအဲဒီသတင်းရောက်သွားရင် သီဟဘယ်လိုရှင်းမလဲပြော. . ."

"ပြောလိုက်ရင် ခေါင်းချည်းကုတ်နေတာပဲ. . . အဲဒီခေါင်းထုတ်တာချည်းကိုပဲ မုန်းတာဒါနဲ့သီဟ သီချင်းကြိုက်လား"



"မကြိုက်ဘူး"

"ဘယ်ကြိုက်မလဲ. . . နှလုံးသားမှမရှိတာ"

"နှလုံးသားမရှိရင် မိငယ်ကိုကြိုက်မလား"

"ရုပ်ရှင်ရော ကြိုက်လား"

"မကြိုက်ဘူး"

"ထင်သားပဲ. . ."

"ဘာလို့လဲ"

"မိငယ်က ရုပ်ရှင်အရမ်းကြိုက်တာ. . ."

"ကြိုက်လေ. , . ဘာဖြစ်လဲ. . ."

"ရုပ်ရှင်ကားလေးဘာလေး တွဲကြည့်ဖို့ စိတ်ကူးမရှိဘူးလား"

"ကျွန်တော်နဲ့ကြည့်မယ်"

"ဖေးလေး. . ."

"ကျွန်တော်ရုပ်ရှင်မကြည့်ဘဲ မိငယ်ကိုပဲ ကြည့်နေလို့ဖြစ်မလား"

"တော်ပြီ အဲသလိုဆို မသွားတော့ဘူး"

"စတာပါမိငယ်ရဲ့. . ."

"ဩော် . . . ရှင်စတတ်သေးတာကိုး. . . မိငယ်ကဖြင့်အေးတယ်မှတ်နေတာ"

"ကျွန်တော့်ကို အကုန်လုံးအေးတယ် ပြောကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သီဟနဲ့တို့ ပထမဆုံးစတွေ့တုန်းကဆို သီဟ
ဆွဲဆောင့်ပစ်ချင်တာပဲ"

"အဲဒီတုန်းက ကျွန်တော်ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်ဘူး. . . အဲဒီနေ့က စာကြည့်တိုက်ထဲမှာ သ
တစ်ယောက်ထဲပဲရှိတယ်၊ တို့ကနောက်မှရောက်လာတာ. . . သီဟ
စာအုပ်ကနေပြီး မျက်စိတစ်လက်မ မခွာဘူးလေ. . . မိငယ်မှာ သ
များကြည့်မလားလို့ ဘောလ်ပင်နဲ့ ခုံခေါက်ရတာ လက်ကိုညောင်းေ
ပဲ"

"ကျွန်တော်မသိဘူး"

"ဟုတ်မှာပါ"

"ကျွန်တော်မိငယ်ကို စတွေ့ဖူးတာ ဌာနမှူးအခန်းထဲ
အထွက်မှာပဲ မိငယ်ငိုထားတယ်လေ။ ပြီးတော့ ရုတ်တရက်ဖြ
မျက်နှာက စပ်ဖြဖြဖြစ်သွားရော အဲဒါကိုကြည့်ပြီး မိငယ်ကိုသဘော
သွားတာ. . . ဘယ်လိုကောင်မလေးပါလိမ့်ပေါ့. . ."

"ဟုတ်လား. . . ဟီးဟီး အဲဒီတုန်းက သိလား. . . . .
. . . . . . . . . . . . . . . . . . နောက်ဆုံးပိုက်ဆံငါးသောင်းမြတ်တယ်

"ဟာမိငယ် အဲသလိုကြီးတော့ မလုပ်သင့်ဘူး. . . ဒါအ
သုံးစားလုပ်တာပဲ"

မိငယ်စိတ်ထဲ မျက်ခနဲ ဖြစ်သွားသည်။ အလွဲသုံးစားလု
ဖောင် အဲဒီပိုက်ဆံတွေကို မိငယ်က တမင်ကောက်နိုင်းပြီး သုံး



ဘာလည်းမဟုတ်။ ရှေ့မတိုးသာ နောက်မဆုတ်သာမို့သာ ယူဖို့ ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။ ပြီးတော့ အဲဒီငွေအကုန်လုံးကို စာရေးကိရိယာတွေဝယ်ပြီး အတန်းတစ်တန်းစာ အကုန်ဝယ်ပေးလိုက်တာဖြစ်သည်။

"မိငယ်အတွက် ငွေငါးသောင်းဆိုတာ ဘာတန်ဖိုးမှ မရှိဘူး၊ ဒါပေမဲ့ ကျွန်တော်တို့လိုလူတွေအတွက် ကျောင်းစရိတ်ရတယ်မိငယ် ပြီးတော့ဌာနမှူးကို မိငယ်မလိမ်သင့်ဘူး. . . နာရေးကိစ္စနဲ့ လိမ်တာဒီအပြစ်ကြီးတယ်. . . တကယ်လို့ မိငယ်အဘိုးသာသက်ရှိထင်ရှားဖြစ်ခဲ့ရင် မိငယ်ဘယ်လိုလုပ်မလဲ. . . အပြင်မှာ ဘာမှမဖြစ်တဲ့လူတစ်ယောက်ကို ပြီးစလွယ်သေခိုင်းမှာပဲလား. . ."

မိငယ်သူ့ကိုဘာမှ ပြန်မပြောဘဲ သေချာစေ့စေ့ကြည့်နေမိသည်။ စိတ်ထဲ၌ တလွဲသုံးစားဆိုသောစကားကို ခံပြင်းလျက်ရှိသည်။

"အချိန်မရွေး အဲဒီပိုက်ဆံငါးသောင်းကို မိငယ်ပြန်ပေးနိုင်တာဟုတ်ပါတယ်၊ ဒါပေမဲ့ လူတွေရဲ့ယုံကြည်မှုကို မိငယ်ဖျက်ဆီးလိုက်သလိုပဲ"

"တို့ပြန်တော့မယ်သီဟ"

သူဘာမှ ထပ်မပြောနိုင်ခင် မိငယ်ခုံမှအမြန်ထသည်။ နှလုံးခုန်နှုန်းတွေမြန်နေကာ ရင်ထဲမှာ ဝမ်းနဲလွန်းသဖြင့် ခဏနေရင် မိငယ်ငိုချမိတော့သည်။

မိငယ်ရဲ့တန်ဖိုးကို အဆုံးစွန်ထိဆွဲချပစ်ခဲ့သူက မိငယ်ချစ်သူကိုယ်တိုင်ဖြစ်လိမ့်မည်ဟု ယောင်၍မျှမတွေးထားပါ။ ဘာလို့များ

www.burmeseclassic.com

www.burmeseclassic.com



မိငယ်ကို ငွေကြေးနဲ့ပတ်သက်၍ စော်ကားရတာလဲမသိပါ။ တခြ
ဘယ်အရာကိုမှ မခံမင်သောမိငယ်သည် ငွေကြေးနှင့် ဖြိုင်၍မာန
တော့ ပထမထားသည်။ အခုမိငယ်ရဲ့မာနကို ချစ်သူက စော်ကားခဲ့ပြီ



"မီးမီး. . . အဲဒီငွေတွေ ငါပြန်ပေးမယ်. . ."

"ဟာ. . . ဘယ်ဖြစ်မလဲ. . . အခုမှပေးရင် လူတွေက ပိုပြောကြမှာပေါ့. . . ပြီးတော့ ဒီကိစ္စကနှစ်စကဖြစ်တာ. . . အခုပဲ စာမေးပွဲတွေဖြေရတော့မယ်. . . မိငယ်ကိုယ့်အထုပ်ကိုယ် ပြန်ဖြေလို့ နင့်အတွက်တော့ဘာအကျိုးရှိမှာလဲ. . ."

"သိဟာက. . . သိဟာကလေ ငါ့ကိုအလွဲသုံးစားလုပ်တယ်တဲ့"

"ဘာဆိုင်လို့လဲ ဒီငွေလောက်နဲ့ နင့်အတွက်ဘာမှမဖြစ်တာ သူမသိဘူးလား. . . ဘယ်သူက ယူချင်လို့ယူတာမှမဟုတ်တာ၊ အချင်းမရှိဘဲနဲ့ ပြန်အပ်းရင် နင်ပဲပြဿနာတက်ကုန်မှာပေါ့. . .၊ တော်ပြီ. . . တော်ပြီ. . . စာကျက်မရတဲ့အထဲ. . . နင်လဲငိုမနေနဲ့၊ ဒီအနှန်းချလိုက်တော့မယ်. . ."

စာမေးပွဲမှာ မိငယ် ဆပ်ပလီတစ်ဘာသာကျပြီး သူကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစုံဂုဏ်ထူးထွက်သည်။ မိငယ်သူ့ကို မျက်နှာချင်းပင်မဆိုင်ဘဲ ကျောင်းကို တတ်နိုင်သလောက် ရှောင်သည်။ သူဖုန်းဆက်တော့ မိငယ် မကိုင်။ ဦးကုဋေက မိငယ်ကို စာမေးပွဲကျတာသိ၍ တကူးတကလာအား ပေးသည်။ သူ့လက်မှ စိန်လက်စွပ်ကြီးကို ဟန်ပါပါကြွားရင်းနဲ့ မိငယ် ကိုဟားတာဖြစ်သည်။

"မိငယ်ဒီပုံစံနဲ့ဆို ဆရာဝန်ရော ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"နှစ်တိုင်းစာမေးပွဲကျနေတယ်ဆို"

"စာမေးပွဲကျတာများထူးဆန်းလား"

"စိတ်မပါဘဲတက်တော့ အချိန်ကုန်တာပေါ့"

"ကုန်ပစေ. . . ဘာဖြစ်လဲ"

"မိငယ်ဆရာဝန်ဖြစ်ဖို့ အချိန်နောက်ကျတာပေါ့"

"ပြဿနာမရှိပါဘူး. . . ဆရာဝန်မဖြစ်လည်း တခြားအလုပ် တွေလုပ်မှာပေါ့. . . ဈေးရောင်းစားလည်း ဘာအရေးလဲ. . . ဆရာဝန် ဖြစ်မှလူဖြစ်တာ မဟုတ်ပါဘူး. . . ဒါနဲ့ဦးကုဋေရည်းစားက နှစ်နော်"

ဦးကုဋေမျက်နှာ ထိန်းမရအောင်ပျက်သွားသည်။

"ဘယ်တော့လက်ထပ်ကြမှာလဲ"

"လက်မထပ်ဘဲ ဘာလို့တွဲနေသေးလဲ. . . အဲသလိုတွဲဖို့ အတွက် ဦးကုဋေမှာ အချိန်တော်တော် အားပုံရတယ်နော်"

"အဲဒီကိစ္စတွေ မဆွေးနွေးချင်ဘူး"



"မိငယ်ကတော့ ရည်းစားထားပြီဆိုရင် လက်ထပ်ဖို့ထိ ည်ရွယ်ပြီးမှထားမှာ"

"ဒါပေမဲ့ လက်ထပ်တာတစ်ယောက် ချစ်တာတစ်ယောက် နေနိုင်တာပဲ. . ."

"ဒါဆိုမချစ်ဘဲနဲ့ လက်ထပ်ခံရသူဘက်က စဉ်းစားရင် ယ်လောက်ရှုံးသလဲ. . . ချစ်ရက်နဲ့ ထားခံခဲ့ရသူကရော ဘယ်လောက် င်နာဖို့ကောင်းသလဲ. . . မိငယ်ပြောတာ သဘောပေါက်လား. . . ာပဲဖြစ်ဖြစ် မိငယ်နဲ့ အိမ်ကသဘောဘယ်လောက်တူတူ အဲဒီ ကြောင်းပြချက်နဲ့ မိန်းမတစ်ယောက်ကို ထားခဲ့ဖို့မလုံလောက်ဘူး၊ ယ်ဘယ်တော့မှ သူများအသဲနှလုံးကို နင်းခြေပြီးဘဝတစ်ခု မတည် ာက်ဘူး. . . မိငယ်နှလုံးသားကို နင်းခြေဖို့ကြိုးစားတဲ့လူကိုလည်း ့မလွှတ်တတ်ဘူး. . . လူဆိုတာ ကိုယ်ကိုယ်တိုင် မကြိုက်တဲ့အလုပ် စ်ခုကို တခြားလူအပေါ် ကိုယ်တိုင်မကျူးလွန်သင့်ဘူးလေ. . . တ်တယ်မို့လား"

ဦးကုဋေက သက်ပြင်းငွေ့ငွေ့ချသည်။

"ကိုယ်မင်းကို သဘောကျတာ အဲဒါတွေလည်းပါတယ်. . . ဆိုကိုယ်သဘောထားကို ပွင့်ပွင့်လင်းလင်းပြောတတ်တယ်. . . တော့မင်းသိပ်လှတယ်မိငယ်"

"မိငယ်ကတော့ ဦးကုဋေကို သူငယ်ချင်းမိတ်ဆွေလို သဘော နိုင်တယ်. . . လက်ထပ်ရမဲ့လူလို့ သဘောမထားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကြိုးစားခွင့်ရှိသေးတယ်မဟုတ်လား. . ."

"မရှိပါဘူး. . . ရည်စားရှိလျက်နဲ့ လူကိုမိငယ် ထည့်မစဉ်းစားဘူး"

"မိငယ်ရည်းစားမထားဘူးလို့ပါ၊ တကယ်တော့ ရည်းစားထားတယ်ဆိုတာ ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်ပါဘူးမိငယ်. . . ကိုယ်ဖြတ်ရင်နောက်တစ်ယောက် ထပ်ထားနိုင်တဲ့ အခွင့်အရေးရှိပြီးသားပဲ. . . လူတစ်ယောက်နဲ့ တွဲပြီးတိုင်းအဲဒီလူကိုယူမှ ဖြစ်မယ်ဆိုတဲ့ သီအိုရီကတော့ မဟောင်းလွန်းဘူးလားဟင်. . ."

"ဟင့်အင်း. . . အဲဒါပြီးငွေ့လွယ်သူတွေရဲ့ဆင်ခြေပါ"

မိငယ်ကို သူရိဝေစွာကြည့်လျက် ခေါင်းခါသည်။



သူ့ကိုမလွမ်းဘူးလားဟုမေးလျှင် မိငယ်သည် လွမ်းသောစိတ်ကို ရှက်စိတ်ဖြင့် ဖြေဖျောက်ပစ်သည်ဟု ဝန်ခံရပေလိမ့်မည်။ သူ့လိုလူမျိုးဟာ စည်းကမ်းတကျ အသိုင်းအဝိုင်းထဲမှာ ကြီးပြင်းခဲ့ရပြီး အာကိုမဆို ဝေသီးနှင့်တိုင်းတာတွက်ချက်မည်ဆိုတာ အစကတည်းက ငြေးစားသင့်သည်။

သူ့မျက်လုံးများကိုတော့ သတိရတာနှင့် မိငယ်အတွေးထဲမှ ခောင်းထုတ်ပစ်လေသည်။ အဲဒီမျက်လုံးတွေကတော့ အပြစ်ကင်းတဲ့ မျက်လုံးတွေဖြစ်ပြီး မိငယ်တတော့ အပြစ်များစွာနဲ့ စွန်းထင်ပေကျံတဲ့ မိန်းမတစ်ယောက်နဲ့တူနေတာ သိပ်ဒေါသထွက်ဖို့ကောင်းသည်။ အခုအချိန်မှာ မိငယ်သူ့အကြောင်းတွေးနေသလို. . . သူကတွေးနေမှာမဟုတ်။ နောက်တစ်တန်းအတွက် စာတွေကြိုကျက်နေမှာ။

မိငယ်ဆီသူဖုန်းဆယ်ခါပြည့်အောင် ဆက်ပြီးမှသူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်ဖို့ စဉ်းစားမည်။ ခက်တာက Miss call ထဲတွင် သူ့ဖုန်းနံပါတ်က လက်ငါးချောင်းပင် မပြည့်။ မိငယ်ကို တစ်ချိန်လုံးဖုန်းခေါ်ခဲ့တာလမင်းပင်ဖြစ်သည်။ လမင်းဆီ ဖုန်းပြန်ခေါ်တော့ အာလုပ်သံလား လျှာလေးသံလား မသိသောအသံဖြင့် ထူးသည်။

"နင်ဘာကိစ္စရှိလို့လဲ လမင်း"

"ကိစ္စရှိမှ ဆက်ရမှာလား"

"ကျွတ်စ်. . . ပြောပဲ. . ."

"ဟုတ်တယ်. . . ငါ့အတွက်နင်က မြွေဟောက်မပဲ လျှာနှစ်ခွနဲ့မြွေဟောက်မ လျှာတစ်လစ်တစ်လစ်နဲ့ မြွေဟောက်မ. . . ငါ့မြွေဟောက်မက သိပ်လှတယ်. . . သိပ်အဆိပ်ပြင်းတယ်. . ."

"နင်ဘာတွေပြောနေတာလဲ. . . ရစ်နေတာလား"

"ကမ္ဘာကြီးတောင် ၂၄ ၇/၂ တိမ်းစောင်းသေးတာပဲ၊ ငါလည်း တခါတလေ အလွဲအချော်ရှိတာပေါ့. . . မိငယ်. . ငါ့ကိုအချိန်တစ်နာရီလောက်ပေးနိုင်လား"

"ဘာလုပ်ဖို့လဲ ငါ့ဖုန်းမါတ်ခဲခေါင်းသွားမှာပေါ့"

"ဒါဆိုမျက်နှာချင်းဆိုင်တွေ့မယ်"

"ဆယ့်ငါးမိနစ်ပဲပြောဟာ. . . နင့်ကိုငါလာမတွေ့နိုင်ဘူး"

"ငါအခုဘယ်ရောက်နေလဲသိလား"

"ဘယ်သိပါမလဲ"

"ငါအခု Sakura Tower ပေါ်ရောက်နေတယ်"



"အဲဒါငါကဘာလုပ်ရမှာလဲ"

"မိငယ် စကားတစ်ခွန်းကြားဖူးလား. . . ကိုယ့်ကိုကိုယ်အိမ်ငယ်စိတ်ဝင်လာရင်. . . အမြင့်ပေါ်တက်ကြည့်ပါတဲ့. . . အဲဒီအခါ သူတွေအားလုံး ကိုယ့်ထက် နိမ့်နေတာကို မြင်ရမယ်တဲ့. . ."

". . . . ."

"မိငယ်. . . နင်ငါ့ကိုလက်ထပ်ပါလားဟင်. . . နင့်ကိုငါတစ်နေ့ထမင်းနှစ်နပ်တင်မကဘူး. . . မနက်စာ Breakfast ကိုအဖျော်တိုက်ကျွေးမယ်၊ တစ်နေ့အားဆေးနှစ်လုံးပါ တိုက်မယ်. . . ပြီးတော့နင်စီးနေတဲ့ ကားပုံစံအတိုင်း ငါဝယ်ပေးမယ်. . . Volvo မဟုတ်လားဝယ်ပေးပါ့မယ်. . . ကားထဲမှာ နင်ကြိုက်တဲ့အရုပ်တွေ အများကြီးဝယ်ထည့်ပေးမယ်. . . နင်ကြိုက်တဲ့ဟိုဘာလဲ ဖြိုင်ဘက်. . . အေးခွတစ်ဆိုလား ဘာဆိုလား ပါကြီးလော့လား. . . ငါလဲသေချာမသိဘူးဟ"

"ဘာတွေလျှောက်ပြောနေတာလဲ . . . အနဂ္ဂနဲ့ဘာဘူပါ"

"အေး. . . ဘာပဲပူပူ. . . ဒီမှာငါရင်ပူနေတာ အရေးကြီးတယ်နော်. . . မိငယ်. . . ငါအခုအရမ်းခံစားနေရတယ်ဟာ. . . နင့်ကိုငါပြောစရာရှိသေးတယ်ဟ. . . ဟိုလေ ကမ္ဘာမှာနေနဲ့လ နှစ်ခုနိုင်ပွဲတွေမျက်စေ့နှစ်လုံးရှိတာတဲ့. . . အဲဒါဆို အင်္ဂလိပ်မှာ ကနှစ်စင်းတော့ မျက်စေ့သုံးလုံးပါတဲ့ အင်္ဂလိပ်သားတွေနဲ့ ဒီဗီဒီတစ်ကား သောက်တွဲရိုက်ရင် အပေါက်ပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"လမင်း. . . နင်ပေါက်နေပြီလား"

"ငါလား မပေါက်သေးဘူး. . ကဲပေါက်တယ်. . . အကျီ. . . အကျီ လည်ပင်းမှာတစ်ပေါက်၊ လက်မှာတစ်ပေါက်စီ. . . လည်ပင်းက အပေါက်က ငါခေါင်းစွပ်တယ်၊ လက်ကအပေါက်က ငါလက်ထည့်ထား တယ်. . . မိငယ်. . . မိငယ်. . . နာမည်ကငယ်ပေမဲ့ လူကမငယ်ပါ လားကွယ်"

ဆက်နားထောင်နေလျှင် မကြားဝံ့မနာသာတွေ ပါထွက်လာ မည်။ လမင်းမူးလျှင် ဘယ်တော့မှစကားအကောင်းမပြော။ မနက်ကျ ပြန်မေးကြည့်လျှင် သူဘာမှလည်းမသိ။ တစ်ခါကလည်း ရေခဲရောင်းတဲ့ ဆိုင်ရှေ့ကိုကားနဲ့ဝင်ကြေးကာ. . . လူတွေအားလုံး လန့်ဖျတ်နေချိန်တွင် ကားထဲကနေထွက်၍ ရေခဲတုံးတွေပေါ် တက်ထိုင်ကာ တိုက်တန်းနစ်ကွ တိုက်တန်းနစ်ကွဟု အသံမြှင့် အော်လေသည်။ ပိုင်ရှင်ကစိတ်တိုပြီး တိုက်တာနဲ့ တန်းမှောက်တာကွဟု ပြောသောအခါ လမင်းနဲ့ ရန်ဖြစ် ကြသဖြင့် ပိုက်ဆံအလျော်ပေးပြီး အမြန်ထွက်လာရဖူးသည်။

ဒါနဲ့တင်မပြီး လမ်းမှာသွားနေသော ဦးဇလေးကြီးနှင့် ကောင် မလေးကို. . . အငယ်လေးတွေ မချစ်နဲ့ အစ်ကိုကြီးဒုက္ခရောက်မယ် စသည်ဖြင့် လျှောက်အော်ရာ သားအဖဖြစ်နေတော့ ဟိုကအုတ်ခဲကိုင် ပြီး ကားကိုထုမည်လုပ်ရာ မိငယ်မှာမနဲမောင်းပြေးခဲ့ရသည်။ အခုလည်း ပေါက်ကရစပြောပြီ။



"မိငယ်. . . ဆံပင်က ဘာလို့ရှည်တာလဲ"

"ဘယ်သိမလဲဟာ"

"နင်ကကျောင်းပြေးတာကိုး. . . ဘယ်သိပါ့မလဲ. . . မနက်ဖြန်နင်တို့ဆရာမကိုမေးခဲ့. . . ဆရာမ. . . ဆရာဝန်နေမကောင်း ရင် ဘယ်သူ့ဆီသွားကုမလဲလို့"

"ဟဲ့ကိုယ့်ဟာကိုယ် ဆေးသောက်မှာပေါ့. . . နင်ဘာတွေ လျှောက်ပြောနေတာလဲ. . ."

"မိငယ် နင့်ကိုဟိုကောင်နမ်းဖူးလား"

"ဘာ"

မိငယ်မှာ ကြက်သီးတွေ ထသွားကာဖုန်းကို ညာဖက်နားမှ ဘယ်ဘက်နားသို့ ဂယောင်ဂတမ်းပြောင်းလိုက်သည်။

"ဘာဘာဘာမှ မဘာနဲ့ နင့်ရည်းစားလေ"

"ငါ့မှာရည်းစားမှမရှိတာ"

"ဟော့လိမ်မနေနဲ့. . . ရွှေယိမ်းကလည်း သူမသိဘူးလို့ လိမ် တယ်. . . ပြောင်လိမ်ပြောင်စားတွေ စားချင်ရင်ခိုးစားပါလား ငါ့ကို ပြောင်လိမ်ပြီးတော့. . . နင်တော်တော် ရက်စက်တဲ့မိန်းမ. . . နင်ယူနဲ့ ကြိုက်နေပြီမို့လား. . . ပြောစမ်း. . . သူနင့်ကိုလက်ကိုင်ပြီးပြီမို့လား"

"နင့်အမေကြီးတော်ကတည်းမှဘဲ ဘာမှမကိုင်ဘူး. . . လျှောက်ပြောမနေနဲ့"

"ဒါဆိုကြိုက်နေတာတော့ အမှန်ဘဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သွားပြီ"

"ပြတ်သွားပြီ. . . ဟား. . . ကောင်းတယ်ကွာ. . . ဟု
တယ်၊ သူ့လိုငတုံးအူတူအတ ပုံစံက ဘောဂိုက်ဆေးကျောင်းသား
တာ ဘာမှမက်စရာမရှိတာ နင်သိပြီမို့လား. . . နင်အမှန်တရား
မြင်သွားပြီမို့လား. . . သမီးမှန်တယ်. . . တစ်မှတ်"

အနားမှာသာဆိုလျှင် လမင်းကိုဆွဲကိုင်ဆောင့်ပစ်လိမ့်မည်
သေချာသည်။

"နင်လုံးဝဖုန်းချဖို့စိတ်မကူးနဲ့ မိငယ်. . . ငါနင့်အိမ်
လာခဲ့ရမလား"

"ငါ့အမေတွေနဲ့ ဒုက္ခရောက်ကုန်မှာပေါ့"

"ငါလာပြောမလို့. . . အန်တီသမီးအသဲတွေစားလိုက်
ကျွန်တော်အသဲမရှိတော့ဘူးလို့. . . အန်တီတာဝန်ယူပြီး ရှင်း
မရှင်းပေးရင် အန်ကယ်လ်ကို သွားတွေတစ်ချောင်းချင်း တစ်ချော
ချင်း. . . စိုက်ပေးမယ်. . . မနုတ်ပစ်ဘူး. . . ဒါမှကင်းကောင်
ထူးခြားပြီး နာမည်ကျော်မှာ"

"ကဲ. . . လမင်း"

"ဗျာ"

"နင်အိပ်တော့"

"ငါအခု သာကေတအမှိုက်ပုံနားမှာ ရောက်နေပြီမိ
ငါအမှိုက်ပုံမှာ အိပ်ရမှာလား"



"နင့်ကားကိုဘယ်သူမောင်းလဲ"

"ယမုံ"

"ဘာ"

"ဟုတ်တယ်. . . ယမုံငါ့နားမှာရှိတယ်"

"အဲဒါဆို အခုအိမ်ပြန်တော့ နင်ဒီလိုပေါက်ကရလုပ်နေ
ပြဿနာက မီးဒိုးကြွက်လျှောက်တော့မယ်၊ နင့်ရှုပ်သမျှ ငါထိုင်မရှင်း
နိုင်ဘူး. . . ဒါပဲ. . . လုံးဝထပ်မဆက်နဲ့. . . ငါဖုန်းပိတ်လိုက်ပြီ"

ယူရမဲ့မိန်းမကို အနားမှာထားပြီး မိငယ်ကိုပေါက်ကရတွေ
လျှောက်ရစ်နေတာ. . . ယမုံကဘယ်လောက် နားလည်မှုရှိရှိ စိတ်ကသိ
တအောင့်တော့ ဖြစ်မှာပဲဟု မိငယ်အတပ်သိသည်။ လမင်းကိုဘာလို့
ခင်ခဲ့မှန်းတောင် မစဉ်းစားတတ်တော့။

လမင်းသည် ငယ်စဉ်ကတည်းက ပြဿနာကောင်။
လယ်ထဲမှာ ဗရုတ်မျိုးစုံကျသည်။ နောက်စရာမရှိလျှင် သူ့အဖေ ဆန်
စက်ထဲက အလုပ်သမားတွေကို ပေါက်တတ်ကရ လျှောက်ပြောကာ
ရယ်သည်။ အလုပ်သမားထဲက လူပျိုတွေနဲ့ ဆန်စက်ဝင်းထဲက အပျို
တွေကိုအောင်သွယ်လုပ်ပေးသည်။ ပြဿနာအမျိုးမျိုးကို တစ်နေ့
တစ်မျိုး မရိုးအောင်ပတ်ရှာသူ။ တစ်ခုတော့ကောင်းတာ မိငယ်နားမှာ
သာင်းရှိနေ၍ ဆယ်တန်းကျူရှင်မှာ ရည်းစားစာလိုက်ပေးရဲသူမရှိ။
သူတအောင်ပြီးသားဆိုတော့ မိငယ်အနားမှာအမြဲ ကားလိုက်မောင်း
ပေးတတ်သည်။ လမင်းကို ချစ်သူနေရာမှာ ခဏထားကြည့်လို့တောင်

www.burmeseclassic.com

www.burmeseclassic.com



မရတာသိရက်နဲ့ မိငယ်ကို လက်ထပ်ခွင့်ခဏခဏတောင်းတာ နှောက်နေတာပဲဟု ထင်ခဲ့သည်။ အခုမှ ဇာတ်ရည်လည်သည်။ ဒီကောင် ကျိတ်ကြံနေတဲ့ကောင်၊ မှန်တင်ခုံရှေ့တွင် မိငယ်စိတ်ပျက်အားလျော့စွာ ထိုင်ကာမှန်ထဲက မိမိရုပ်သွင်ကို သေချာစွာကြည့်လေသည်။

မိငယ်သိပ်လှတာ မိငယ်သိပါသည်။ မျက်ခုံးအညိုကလေးနှင့် မျက်လုံးဝိုင်းဝိုင်းကလေးရယ်၊ ပုံဖော်စရာမလိုတဲ့ နှုတ်ခမ်းလုံးလုံး ကလေးရယ်၊ ရှည်လျားတဲ့အရပ်ကြောင့် မိငယ်သည် မိန်းမလှတစ်ဦး အဖြစ် ရွယ်တူကြားမှာ ထင်ရှားခဲ့သည်။ မိငယ်ကို လှငယ်သဘော ကြိုက်တဲ့လူတွေ ဒုနဲ့ဒေး။ မိငယ်က ပြန်စိတ်ဝင်စားခဲ့သောသူ လည်းအများကြီး။ သီဟနဲ့ကျမှ ဈာန်လျှောတာမဟုတ်။ သီဟနဲ့ ရည်းစားဖြစ်ဖို့ ကံပါလာလို့ဖြစ်တာ။ မိငယ်မှာရည်းစား မကျတကျ များသည်။ လမင်းကိုတော့ သူငယ်ချင်းလိုပဲခင်သည်။ ယမုံနဲ့နော တခါတွေ့လျှင် မိငယ် ဘယ်လိုမျက်နှာချင်းဆိုင်ရပါမလဲမသိ။ ယမုံ ဘေးထားပြီး လမင်းပြောချင်တာပြောပေမဲ့ လူ့စိတ်ခဏပျောက်သေ မှုးချိန်မှာမို့. . . ယမုံကနားလည်ခွင့်လွှတ်တန်ကောင်းပါရဲ့။

♡ ♡ ♡



ဆပ်ပလီပြန်ဖြေပြီး ထွက်အလာမှာ မိငယ်ရှေ့က ပိတ်ရပ် တ်သူကြောင့် ခြေလှမ်းတုံ့သွားသည်။ သီဟမျက်နှာက ချောင်ကျ သည်။ မျက်မှန်ကို လက်နဲ့တစ်ချက်ပင့်တင်ကာ ခေါင်းကုတ်သည်။ မှန်ဆိုမှ မျက်မှန်ကအမဲ(ကျွဲကော်)မဟုတ်တော့ဘဲ ရွှေရောင်ကြည် ည်ကလေးမှန်း. . . သတိထားမိသည်။ ပြီးတော့ဆံပင်။ ဆံပင်က ှင်လိုဆံပင်မဟုတ်။ ခပ်ဖွာဖွာပုံစံကို အနားတွေ အနဲငယ်ချန်ထားကာ ဆွင်းထားသဖြင့် ကိုရီးယားမင်းသားတချို့ရဲ့ ဆံပင်နဲ့သွားတူနေ ည်။ ရုပ်ကအရင်ကနဲ့ လုံးဝခြားနားလျက်ရှိသည်။ အကျီက Step ပ်နဲ့။ အောက်ကဘောင်းဘီသည် ပျော့အိစွာခြေဖမိုးပေါ် ကျလျက် ည်။

"ကြည့်လှချည်လား. . . ကျွန်တော်မနေတတ်တော့ဘူး"

"ဒါဘာစတိုင်လ်လဲ"

www.burmeseclassic.com



"ဗျာ"

"ဒါဘာစတိုင်လ်လဲလို့ မေးတာလေ"

"မိငယ်ကြိုက်တဲ့သူရဲ့ စတိုင်လေ"

ဒီတစ်ခါခေါင်းကုတ်ရသူက မိငယ်ဖြစ်သည်။

"ဗိုးဗိုးကပြောတယ်. . . မိငယ်တ ကိုရိုးယားမင်းသ
ဘေယွန်ဂျွန်းကို တအားကြိုက်တာတဲ့. . . မိငယ်က ဘေယွန်ဂျ
ဆံပင်လုပ်လာတာ. . . တူတယ်မို့လား"

"တူပါတယ် ပဲ့ကကြည့်ရင်"

"ဟာဗျာ. . . ကျွန်တော်စိတ်ရှည်လက်ရှည် လုပ်ခဲ့
မိငယ်ရဲ့"

"ဘာစိတ်ကူးပေါက်ပြီး လုပ်တာလဲ"

"အမှန်အတိုင်းပြောရမှာလား"

"လိမ်ပြော"

"ကျွန်တော့်ကို မိငယ်ဖြတ်ခဲ့မှာစိုးလို့"

မိငယ်သည် သူနဲ့မတွေ့ခင်ကသာ သူ့ကိုအပြတ်ပဲဟု မိ
ကပြင်ဆင်ထားခဲ့သော်လည်း ဤစကားတစ်ခွန်းမှာ နှလုံးအိမ်ကဲ့
သွားရသည်။

"ဖြတ်ခဲ့တော့ဘာဖြစ်လဲ"

"ကျွန်တော်မှ မပြတ်နိုင်ပဲ"



"မိငယ်ကပြတ်နိုင်တယ်. . ."

"ယုံပါတယ်"

"ဒါဆိုလည်း ပြီးပြီလေ. . ."

"မိငယ် ဒါနောက်စရာမဟုတ်ဘူး"

"သိဟ. . . မိငယ်သူ့ကို နားလည်သလောက် သူမိငယ်ကို
နားမလည်ဘူးနော်"

"ဗျာ"

"ဒီလိုပုံစံတွေ လုပ်ပေမဲ့စိတ်ဓာတ်ကို မပြောင်းလဲရင် မိငယ်
တို့ရှေ့ဆက်လို့ဖြစ်မှာမဟုတ်ဘူး"

"ဟုတ်တယ်. . . မိငယ်ကို အထင်သေးနေတဲ့စိတ်ဓာတ်လေ"

"ဟာမဟုတ်ပါဘူး. . ."

"သိဟ. . . မညာနဲ့. . . မိငယ်ညာတာကို အမုန်းဆုံးပဲ၊
အခြားလူတွေစိတ်ထဲမှာ ဘာရှိလဲဆိုတာ မိငယ်မှန်အောင် ပြောနိုင်ချင်မှ
ပြောနိုင်မယ်၊ ဒါပေမဲ့မိငယ်ချစ်သူကိုတော့ မိငယ်ကောင်းကောင်းသိ
တယ်၊ ကောင်းကောင်းနားလည်တယ်၊ ဒါတွေက ပါးစပ်ကဖွင့်ပြောမှ
သိရတဲ့ကိစ္စတွေလည်း မဟုတ်ပါဘူး. . . တို့ဘာတွေ ပြောနေလဲဆိုတာ
သိတာသိပါတယ်. . ."

မိငယ်တို့သည် တစ်ယောက်ကိုတစ်ယောက် ငြိမ်သက်စွာ
ကြည့်နေကြသည်။ သူ့ရင်ထဲမှာ ဘာတွေခံစားနေရမလဲဆိုတာ မိငယ်

www.burmeseclassic.com

www.burmeseclassic.com



မသိသော်လည်း မိငယ်ကတော့ ဝမ်းနဲ့သိမ်ငယ်မှုကို ခံစားနေရသည်။
သူ့အမြင်မှာတင်မဟုတ်။ ဘယ်သူ့အမြင်မှာမဆို မိငယ်သည် ပေါ့ကြေ
နေသော၊ ငွေကိုရှာဖို့ မစဉ်းစားဘဲ ဖြုန်းတီးတတ်သော လူ့မလိုင်အလွှာ
ကခပ်ညံ့ညံ့မိန်းခလေးတစ်ယောက်သာဖြစ်သည်။ မိငယ်ကို လေးနက်
သောမြေကြီးဆန်သောမိန်းမဟု ဘယ်သူမှမထင်ကြ။ မိငယ်ငွေတို
မရှာနိုင်ပေမဲ့ ငွေရဲ့အရေးကြီးပုံ၊ ရှာဖို့ခက်ခဲပုံကို ကောင်းကောင်းသိ
သည်။

"ကျွန်တော် တောင်းပန်ပါတယ် မိငယ်ရယ်. . ."

"ဟင့်အင်း. . . မတောင်းပန်နဲ့ ပြီးတော့သီဟမှားတာ
မဟုတ်တာ. . . မိငယ်မှားတာပဲ. . . ဒါပေမဲ့ ကိစ္စတွေအားလုံး
မိငယ်မရည်ရွယ်ဘဲ ဖြစ်ခဲ့တာပါ. . . မိငယ်မှာ သူများပိုက်ဆံ
အချောင်သုံးချင်စိတ်မရှိဘူး သိရဲ့လား. . ."ပြောနေရင်း မိငယ်
သည် ဆို့နင်လာသည်။ စကားဆက်ပြောလို့မရတော့။ သီဟရှေ့မှာ
ဘာကြောင့်မိငယ်ဟာ အားအင်တွေချိနဲ့ကာ မှိုနိုချင်နေတဲ့ကောင်မ
ဖြစ်နေရသလဲမသိပါ။ သီဟက မိငယ်လက်ကလေးတစ်ဖက်
ကိုင်သည်။

"ခွင့်လွှတ်ပါမိငယ်ရယ် ကျွန်တော်မှားသွားပါတယ်. .
ကျွန်တော်နောက် ဘယ်တော့မှ မိငယ်ကို အဲသလိုထိခိုက်နစ်နာအော
မပြောတော့ပါဘူး. . . ကျွန်တော့်ကြောင့် မိငယ်မျက်ရည်မကျစေ
ဘူး. . . ကတိပေးပါတယ်မိငယ်ရယ် ကျွန်တော်မိငယ်ကို မခွဲနိုင်



ကျွန်တော်မိငယ်ကို အရမ်းချစ်တယ်. . . မိငယ်နဲ့စကားတစ်နေ့မပြော
ရရင် ကျွန်တော် ငနဲ့ကျနေတဲ့အတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလှဲ. . . တယ်ဆိုတဲ့စာပါလား. . . မထင်ရဘူးနော်. . နင့်ကိုတော်တော်ချစ်ပုံပဲ. . . ဘာပဲဖြစ်ဖြစ် ရည်းစားဘဝမှာ စိတ်အခန့်မသင့်တာတွေ ဖြစ်မှာပဲ. . . တစ်ယောက်နဲ့တစ်ယောက် ညှိလိုက်တော့လည်း အဆင်ပြေသွားတာပေါ့. . ."

"အင်း. . . ဒါပေမဲ့ သူ့ပုံစံပြောင်းလိုက်တာ ငါတော့ နဲနဲမှ သဘောမကျပါဘူး. . . သူအရမ်းချောလာတာ ငါနဲနဲမှမနာလိုဘူး. . . စာကလည်းတော် အခုလိုစမတ်ကျကျနဲ့ဆိုတော့. . . အတန်းထဲမှာ အလုပ်မရှိ အလုပ်ရှာပြီး ဒင်းကိုစာမေးနေတဲ့ ကောင်မလေးတွေနဲ့ ရယ်လို့မောလို့သိလား. . . သိပ်မုန်းစရာကောင်းတာပဲ. . . ငါတို့ နှစ်ယောက် တစ်နေ့ကျရင် ဝေးသွားကြမယ်လို့ စိတ်ထဲမှာထင်လာတယ်"

"နင်စိတ်အားငယ်နေတာလားမိငယ်ရယ်"



"ဟုတ်တယ် ရွှေယိမ်း . . . လူတွေက သူနဲ့ငါ့ကို မကူဘူး တန်ဘူးလို့ ဆုံးဖြတ်ကြတယ်သိလား. . . အဲသလို ဆုံးဖြတ်ထားတာ တော့ ငါသိပ်ငိုချင်တာပဲ. . . ငါကပေတေနေတဲ့မိန်းမ၊ သူကအရမ်း ောင်မြင်နေသလို ခံစားရတယ်. . . ဒါပေမဲ့ငါချစ်သူကို ဆရာ/မ တွေကအလေးထားတာတွေ့ရင် ငါပျော်တယ်၊ သူအောင်မြင်လေ တျနပ်လေပဲ. . . ခက်တာက ကောင်မလေးတွေ သူ့ကိုစိတ်မဝင်စား ောင် တားလို့ရတဲ့နည်းလမ်းကို ငါမသိဘူး. . . တွေ့သမျှမိန်းမနဲ့ ာန်တိုနေတာတော့ မဟုတ်ပါဘူး. . . ဒါပေမဲ့ သူတို့စာတော်တဲ့ အချင်းချင်းထဲက မိန်းမတွေနဲ့ သူစကားပြောရင် ငါသူ့ကို ဆွဲဆောင့် လိုက်ချင်တယ်. . ."

"နင်သူ့ကိုတော့ နင်အဲဒီလိုဖြစ်နေတာ မပြောပြဘူးမို့လား"

"မပြောပြပါဘူး"

"အဲဒါပဲပေါ့. . . နင်သူ့ကို စိတ်မဆင်းရဲစေချင်ဘူးမို့လား"

"မျက်စိသိပ်နောက်လာရင် သူ့ကိုငါဖြတ်ပစ်လိုက်မယ် စဉ်းစား ာပဲ. . ."

"အဲဒီလိုကြီးတော့မလုပ်ပါနဲ့. . . သူကမဟုတ်တာဘာမှ ာ်တာ"

"သူ့စိတ်ထဲ ငါမြင်ရတာမှ မဟုတ်တာရွှေယိမ်း. . . သူ့စိတ် ာထဲ တန်တယ်မတန်ဘူး တွက်ချင်တွက်နေနိုင်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲဟာ ဒါပေမဲ့ယောကျ်ားလေးတွေက ရည်းစားထ ရင်သိပ်တွက်တဲ့ အလေ့အထမရှိပါဘူး. . ."

"ဒါဆိုလက်ထက်တဲ့အခါကျရင်ကော. . . လက်ထပ်တဲ့ အ ကျရင် စဉ်းစားကြတာပဲမဟုတ်လား. . . ဥပမာ. . . လမင်းပေါ့. . .

ရွှေယိမ်းသက်ပြင်း တစ်ချက်ချသည်။ လမင်းပြောသ စကားတွေကို ရွှေယိမ်းအား ပြောပြစဉ်က နောက်ပြောင်ရယ်မော သော်လည်း ယခုအနားမှာရှိနေတယ်ဆိုတော့ ရွှေယိမ်းမျက်နှာပျက်သွ သည်။ အခုလည်း လမင်းဟုစကားစတာနဲ့ ရွှေယိမ်းငိုင်သွားသည်။

"လမင်းက သူငယ်ချင်းအရင်းကြီးတွေကို . . . ဒီလိုမ မလုပ်သင့်ဘူး၊ ဘာပဲဖြစ်ဖြစ် သူဆုံးဖြတ်ပြီးသားပဲ. . . လမင်း သိပ်တွက်တာ. . . မိန်းမတစ်ယောက်ဆီတနေ့ တန်ရာတန်ကြေး မ လက်ထပ်မဲ့လူမျိုးမဟုတ်ဘူး. . . နင့်ကိုစကားနဲ့ တချိန်လုံးတသိ အောက် လုပ်နေတာအရင်တုန်းက လုပ်ခဲ့တာကထားတော့. . . အခုတော့ မလုပ်သင့်တော့ဘူး. . . အချိန်တန် သူလက်ထပ်ရင် ယ ဖြစ်မှာ. . ."

"မိန်းမတစ်ယောက်ဆီက အချစ်တစ်ခုထဲနဲ့ မရောင့်ရဲနိုင် ယောကျ်ားနှစ်ယောက်တိတိ ငါတွေ့ဖူးပြီ. . . တစ်ယောက်က ဦးတု တစ်ယောက်ကလမင်း. . . နှစ်ယောက်လုံးကို လေးစားလို့မ သိလား"

"ဦးကုဋေဆိုမှ သတိရတယ်. . . နင့်အိမ်ကအာတဲ့လဲ"



"ကျောင်းပြီးတဲ့အထိ ငါအချိန်ဆွဲထားတယ်"

"သီဟအကြောင်းသိလား"

"ပေးမသိဘူး. . . မေးရင်ငါပြောင်လိမ်မှာပဲ. . . ဒါပေမဲ့ နင်သိလား ရွှေယိမ်း. . . သီဟနဲ့ယူရင် ငါ့ဘဝက သူညကစရမှာ အိမ်က ငါ့ကိုလုံးဝလှည့်ကြည့်မှာမဟုတ်ဘူး. . . သီဟကို အားကိုးလို့လည်း ဘယ်လိုမှမရနိုင်ဘူး. . ."

"ဆရာဝန်တစ်ယောက်ရဲ့ ဘဝကအသက်လေးဆယ်က ငါးဆယ်ထိပဲ အောင်မြင်နိုင်တာ. . . စီးပွားရေးအရကြည့်ရင်တော့ နင်သီဟကို ယူရင်မွဲမှာပဲ. . . ဒါနဲ့တဲဒီလောက်ထိ ပြင်ဆင်ထားဖို့ တွေးနေပြီလား"

"ကြုံလာခဲ့ရင်ပေါ့. . . မတော်တဆဆိုတာ အချိန်တိုင်းမှာ ဖြစ်လာနိုင်တယ်လေ. . . ငါတို့မကြာခင် ကျောင်းပြီးတော့မှာ. . ."

"သိပ်မတွေးပါနဲ့. . . ကြုံလာခဲ့ရင်ဆိုတဲ့ အခြေအနေက အဝေးကြီးပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါလာမေးတာ. . ."

လမင်းမျက်နှာက ခုတော့ သူမဟုတ်တဲ့အတိုင်း။ ပကတိဖြူစင်နိုးသားသောမျက်နှာဖြစ်သည်။

"ငါအဲဒီညကဘာတွေ ပြောမိသေးလဲမိငယ်"

"ဘာမှ ထူးထူးခြားခြား မပါပါဘူး"

လမင်းခေါင်းကို ဖွာနေအောင်ကုတ်သည်။

"ယမ်းမူးနေတယ်ဟာ. . . ငါ့ကိုဘာမှမပြောဘဲနဲ့ ဒီနေ့မနက်ဘဲဘန်ကောက်ကို ပြန်သွားတယ်. . . အိမ်တပွမ်နေတာပေါ့"

"အဲဒါငါနဲ့ဘာဆိုင်လို့လဲ"

"မဆိုင်ပေမဲ့ ငါနင့်ဆီဖုန်းဆက်တဲ့ ညကယမ်းငါ့ကားကိုမောင်းပေးတာ ငါတစ်ခုခုများ မှားပြောမိသလားလို့. . ."

"တစ်ခုခုတော့မဟုတ်ဘူး. . ."



"နင်ပြောတာတွေထဲမှာ အမှားတော်တော်များများပါတယ်. . .
ခြားလူတွေအတွက် ရယ်စရာဖြစ်ကောင်းဖြစ်လိမ့်မယ်. . . ဒါပေမဲ့
င်ပြောတာတချို့ နင်နဲ့လက်ထပ်မဲ့မိန်းခလေးတစ်ယောက်အတွက်
သီးမခံနိုင်တဲ့ စကားတွေဖြစ်နေတယ်. . ."

"ငါ. . . ငါတကယ်ပြောမိခဲ့ပြီပေါ့"

"နင်ဘာပြောခဲ့မှန်း မမှတ်မိဘူးလား"

"ဟာ. . . ငါဘယ်တုန်းကများ မှတ်မိတတ်လို့လဲ. . ယမ်းကလဲ
သဘောထားသေးတယ်ဟာ. . . ထစ်ခနဲဆို စိတ်ကောက်ဖို့ပဲ ငိုဖို့ပဲ"

"သဘောထားသေးတာ မဖြစ်နိုင်ဘူး. . . နင်ကမှရည်းစား
ားဘူးတော့ အဲဒီခံစားချက်ကို နင်ဘယ်သိမလဲ"

"သဝန်တိုတာ မကောင်းပါဘူးဟာ"

"နင်ပြောပေါက်က သဝန်တိုတဲ့အဆင့်ကိုကျော်ပြီး ရိုက်ပေါက်
်နေတာ၊ တကယ်တည်းဘာတွေ ပြောမှန်းမသိဘူး. . . လက်ထပ်ခွင့်
ာင်းသေးတယ်. . . ယမ်းနင့်ကို ဘာမှလုပ်မသွားတာ ကျေးဇူးတင်
ာဆိုရင် နင့်ကိုပါးပါးလှီးပစ်ပြီးပြီ"

"ကြော်. . . အဲဒါလား"

ပြောနေရင်း လမင်းအသံက ခပ်ချော်ချော်အသံမျိုး ပြောင်းလဲ
သည်။

"တော်ပါသေးရဲ့၊ ငါဘာများပြောမိသလဲလို့. . . လက်ထပ်
ာင်းတာက ကြွတိုင်းတောင်းနေတာပဲ. . . နင်မပေးမှန်းသိလို့

www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတာပဲ. . . ဒါများဘာစိတ်ဆိုးစရာရှိလဲ. . . ငါ့ကိုယမ့်ဘာ
ပြောမသွားတော့ စိတ်ပူနေတာပဲရှိတယ်. . . နင်တို့မိန်းမတွေ
အချစ်ကို မှတ်ပုံတင်လုပ်ချင်ကြတယ်နော်"

"ဘာပြောတယ်"

"ဟုတ်တယ်လေ အချစ်ကိုတစ်ဦးတည်းပိုင် မှတ်ပုံတင်လုပ်ချ
ကြတယ်. . . အချစ်ဆိုတာ နာမည်တပ်လို့မှမရတာ ဘယ်လိုလု
တစ်ယောက်ထဲပိုင်ဖြစ်မလဲ. . . ပြီးတော့နင်ရော ဟိုတုံးနဲ့ ဘယ်အထ
သီးခံပြီး ကြိုက်နိုင်မှာလဲ. . . နင့်စိတ်က ငြီးငွေ့လွယ်တာငါသိတယ်
စိတ်ဝင်စားစရာရှိနေတဲ့သူကိုမှ ချစ်ရဟာဖီးလ်လာတယ်မိငယ်. . .
စိတ်ဝင်စားစရာကုန်သွားရင် အချစ်ဆိုတာ အမိပ္ပါယ်မရှိတော့ဘူး. . .
အဲဒီအချိန်မှာ ရည်းစားတွေ ပြတ်ကုန်တာပဲ. . ."

"ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ ငါသိဟာကို မပြော
နိုင်သေးဘူး"

"နင်ပြတ်မဲ့အချိန်ရောက်ရင် ငါ့ကိုပြောစမ်းပါ"

"ဘာလုပ်ဖို့လဲ"

"ဝင်တန်းစီဖို့လေ"

"နင်ဘယ်အချိန်ထိ ပါးစပ်ဆော့မှာလဲ"

"နင်ယောက်ျားရတဲ့အထိပေါ့"

"နင်ပြောတိုင်းသာ ငါစိတ်ဆိုးရရင်လဲ သေဖို့ပဲရှိတော့တယ်



"ပြောချင်တာတွေကို မျိုသိပ်ထားရတဲ့အဖြစ်က စိတ်ဆိုးဖို့ကောင်းဘူးလား မိငယ်. . . ဟင်း. . . အစကတည်းက ငါပဲမှားတာပါ. . . ငါမနိုင်တဲ့ဇာတ်ကို ငါကမိတယ်. . . ငါယမ့်ကို နဲနဲမှစိတ်မဝင်စားဘူးသိလား ယူပြီးရင်ငါလိမ်တာ သိလဲခံမဲ့မိန်းခလေးမျိုးဟာ. . ."

"အဲဒါကောင်းတာပေါ့. . . နင်လုပ်ချင်တာ လုပ်လို့ ရတာပေါ့"

"ငါကငါ့ကို ဖြိုင်မိုက်တဲ့မိန်းမမျိုးကို သဘောကျတာ ဥပမာ နင့်လိုပေါ့. . ."

". . . . ."

"မိငယ်. . . ခုချိန်မှ ဖွင့်ပြောတာ နင့်အတွက်တော့ ရယ်စရာကောင်းတဲ့ဟာသဖြစ်နေမှာပဲ. . . ဒါပေမဲ့ ငါနင့်ကိုချစ်တယ်. . . နင့်နားထဲမှာ ပေါ့ပျက်ပျက် ဖြစ်ချင်ဖြစ်နေမှာ. . . ငါလေးလေးနက်နက်ပြောတယ်ဆိုတာတော့ ယုံပါဟာ. . ."

မိငယ်ပါးစပ်အဟောင်းသားဖြင့် လမင်းကို ကြည့်နေစဉ်မှာပဲ သမင်းကပြတ်ကနဲထွက်သွားကာ သူ့ကားပေါ်တက်၍ ကားဝင်းထဲမှ မောင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ မတော်တဆတစ်ခုလား။
ကြိုတင်ကြံစည်မှုတစ်ခုလား။ ကျွန်မ မခွဲခြားတတ်တော့ဘူး
မတော်တဆလို့ဆိုရအောင် လမင်းနဲ့ကျွန်မဟာ
ခုမှသိကြတဲ့သူတွေမဟုတ်ဘူး။
ငယ်ငယ်တထဲက သိခဲ့တဲ့လူတွေ။
ကြိုတင်ကြံစည်မှုတစ်ခုလို့ ပြောရအောင်
လမင်းကကျွန်မကိုမှ
ကံဆိုးပြီး မတော်တဆ ချစ်မိခဲ့တယ်လို့ ဆိုပါတယ်။
ငယ်ငယ်ကထဲက ခင်ခဲ့ကြပေမဲ့
လမင်းကိုကျွန်မ မိဘတွေက ဆယ်ကျော်သက်အရွယ်မှာ
တစ်စက်မှကြည့်မရခဲ့ကြဘူး။
ဘာလို့လဲဆိုတော့. . . လမင်းက ကျွန်မအဖေမျက်စိထဲမှာ



ကန့်လန့်တွေပဲလုပ်လေ့ရှိတယ်။
အဲဒီတုန်းက လမင်းနဲ့ကျွန်မတို့ အိမ်ချင်းကပ်လျက်။
ဟုတ်ကယ်လို့သာ. . . လမင်းအိမ်မပြောင်းသွားရဘူး. . .
ကျွန်မတာမေးပွဲတွေ မကျခဲ့ဘူး. . .
အိမ်ကလဲ တစ်ယောက်ပြီးတစ်ယောက် စပ်ဟပ်မနေဘူးဆိုရင်
ကျွန်မသိဟန့် မဟုတ်ဘဲ
လမင်းနဲ့ပဲ ကြိုက်မိလိမ့်မယ်ထင်ခဲ့တယ်။
ခုမှတော့ နောက်ကျတယ်လို့
ကံကြမ္မာ ဆုံဆည်းခွင့်မရှိတော့ပါဘူး။
အချစ်ဆိုတာ တခါတလေ အနီးဆုံးမှာရှိနေပြီး
အဝေးဆုံးလည်း ဖြစ်နေတတ်တဲ့အခါ. . .
လမင်းစိတ်ကူးယဉ်တာကို အပြစ်မတင်ရက်ဘူး။
မချစ်နိုင်တာကို အကောင်းစားဟာသတစ်ခုလို
ကျွန်မ မဟားရက်နိုင်ပါဘူး။
ဆုံဆည်းမှုတိုးဟာ ကျွန်မအတွက် ခွဲခွာရခြင်းတွေနဲ့ပဲ
အဆုံးသတ်လေ့ရှိတယ်။
ဒါပေမဲ့ ဆုံဆည်းကြတဲ့အချိန် အတောအတွင်းမှာ
ကျွန်မအတွက်အမှတ်တရတွေ အများဆုံး
ပေးနိုင်ခဲ့တာ လမင်းပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

ကြေးစည်သံသည် မနက်ခြောက်နာရီခွဲခါနီး ဆယ်မိနစ်
ိုတွင် တစ်အိမ်လုံး၏ ငြိမ်သက်မှုကို ဖောက်ခွဲ၍ သာယာကြည်
်စွာ ထွက်ပေါ်လာသည်။ မိငယ်မှာ မနက်လေးနာရီကတည်းက
င်ထဲတွင် ကွေး၍ အဖေလာနှိုးသည်ကို ပြန်ယူးပြီးပြန်အိပ်သော်
ည်း အိပ်မရတော့ကာ မျက်လုံးအကြောင်သားနှင့် မိုးလင်းလာရ
ည်။ မိုးလင်းတာနဲ့ အဖေ့ကြေးစည်သံကြားရတာ ကျက်သရေရှိလှ
ည်။ အဖေက မနက်တိုင်း ဘုရားနှစ်နာရီရှိခိုး ကြေးစည်ထုအမျှ
ဘာ တရားတစ်နာရီခန့်အမြဲထိုင်သည်။ ပြီးရင်တရားခွေဖွင့်၍
ောင်တာ သတင်းစားဖတ်ရင်း ကော်ဖီသောက်သည်။

အဲဒီအချိန်မှာတော့ မိငယ်လည်း အဖေနဲ့အတူ ကော်ဖီဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှာထိုင်ရသည်။ သမီးကျောင်းတက်ရတာ အဆင်ပြေရဲ့လား.. မုန့်ဖိုးယူဦးမလား. . . ဘာညာနဲ့ နဲ့ပါးပါးမေးပြီး. . . အဖေ သူ့အလုပ်အကြောင်းတွေ နဲနဲပါးပါးပြောပြသည်။

ဒီနေ့လည်း ခါတိုင်းလိုပဲအဖေ ကြေးစည်ထုပြီးတာနဲ့ မိ မျက်နှာသစ်သည်။ သီချင်းသံက သိပ်မသဲကွဲသော်လည်း ဂစ်တာသံ ဆူညံနေသည်။

"ငါ့အိပ်ထဲတောင် ဒီလောက်ဆူနေရင် အဲဒီအိပ်ဖက်မှာ ပို မယ်လူတောင်နေလို့မရဘူး. . . မိုးကြိုးပစ်နေတဲ့အတိုင်းပဲ"

"ကလေးတွေကြိုက်တဲ့ သီချင်းကဘာသီချင်မှန်းကို မသိပ အမေကြီးလည်း နားထောင်လို့ကိုမရပါဘူး"

အဖေနဲ့အမေပြောတာကို ကြားသော်လည်း မိငယ်မကြား ဖြင့် ကော်ဖီနဲ့မုန့်ကိုသာ ငုံ့စားသည်။ လမင်းတစ်ကောင် Kiss အဖွဲ့ ဘယ်လောက်ရူးတယ်ဆိုတာ မိငယ်အသိဆုံး။ Kiss အဖွဲ့ရဲ့ ဓါ တွေ၊ ခွေတွေ၊ တီရှပ်တွေ အကုန်ဝယ်ကာ Kiss သီချင်းက ဘယ်သီချင်းမှမကြိုက်သူ။ ဒီကလူတွေ Kiss ရဲ့ရှော့စ်ကို ပို မဆိုနိုင်၍ နှာခေါင်းရှုံ့သူ။ ဝတ်ပုံစားပုံကအစ ရှော့စ်ကာဒီဇိုင်း

"ဒါနဲ့ မိငယ်ညက ဘယ်အချိန်အိပ်လဲ"

"ရှင် အဖေ"

"ညက ဖုန်းပြောနေတာ ဘယ်အချိန်မှ အိပ်လဲလို့မေး

"စောပါတယ်အဖေရဲ့"



"ညတစ်နာရီထိုးတဲ့အထိ ပြောနေတာ . . . စောတယ် ခေါ် မလား"

မိငယ်ပြန်မပြောဘဲ ရယ်ကျဲကျဲလုပ်နေသည်။ အဖေကမိငယ် ကိုမျက်မှောင်ကြုတ်၍ကြည့်ကာ. . .

"လမင်းနဲ့ပြောနေတာမို့လား"

"ဟုတ်. . ."

"ဘာအရေးတကြီးကိစ္စရှိလို့ ညဉ့်နက်သန်းခေါင်ထိ ပြောရ တာလဲမိငယ်"

"ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ. . . ငယ်ငယ်တုန်းကခင်တာ အကြောင်း ပြီး ဒီအရွယ်ရောက်မှ ငါ့မျက်စိရှုပ်အောင် မလုပ်နဲ့"

"မိငယ်ဘာလုပ်လို့လဲ အဖေရ"

"လုပ်မှာစိုးလို့ မလုပ်နဲ့တားနေတာ. . . အဲဒီကောင်ကို မြင်နေ ရင် . . . ငါ့စိတ်ထဲ ယားကျိယားကျိနဲ့ ဝဲပေါက်နေသလိုပဲ. . ."

"သူ့ဟာသူနေတာကို . . . အဖေကလဲ"

"သူ့ဟာသူ မနေပါဘူး. . . မနေ့က ငါ့ကားဝင်လာတော့ င်းထိပ်မှာ သူ့တို့ဘောလုံးပိတ်ကန်နေကြတာ. . . ဖယ်ပေးဖို့ န်းတာ အဲဒီကောင်ဦးဆောင်ပြီး မကြားချင်ယောင်ဆောင်ကြ ယ်လေ. . . သူ့ကိုလမင်းလို့ အော်ခေါ်တော့မှ "အန်ကယ်လ်. . . န်တော့်ကို ခေါ်တာလား"ဆိုပြီး မှင်သေသေနဲ့ပြန်မေးတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"လမ်းဖယ်ပေးတယ်မို့လားအဖေရ"

"ဖယ်ပေးပြီး. . . ဘာပြောတယ်မှတ်လဲ. . . ယောက္ခမ တော်ရမှာမို့. . . အားနာပြီး ဖယ်ပေးတာလို့ မကြားတကြားလှမ်းပြော တယ်လေ"

မိငယ်တင်မက အမေကပါရယ်သည်။

"ရှင်ကလဲ ကလေးနဲ့ဖက်ပြိုင်ပြီး. . ."

"ဒါကလေးလားကွ. . . အသက်ဆယ့်ခွန်ထဲရောက်နေပြီ မိန်းမယူရင် ကလေးငါးယောက်လောက် ရနေတဲ့အရွယ်. . . လူကြီး ကိုများမခန့်လေးစားနဲ့ မိငယ်နော် ငါရုတ်ရုတ်သဲသဲ ဘာမှမကြားချင်ဘူး သာမန်ရိုးရိုးသားသားခင်တာ ပြဿနာမဟုတ်ဘူး. . . သားမက်တော် လိုက်ရင် ငါ့ကိုစကားတစ်ခွန်းတစ်မိုင်လောက်လွင့်အောင် ပြော ကောင်မျိုးနဲ့မကြိုက်ပါစေနဲ့"

အဖေထွက်သွားတော့ အမေကရယ်လျက်ကနေ. . .

"လမင်းကို ညည်းအဖေခုတလော တော်တော်ကြည့်မရ ဖြစ်နေတယ်၊ ငယ်ငယ်တုန်းကတော့ သူ့ချစ်သားနဲ့. . ."

"လမင်းကလည်း ပြောစရာပဲအမေရဲ့. . . ဘယ်သူမှမ အောင်စတာ. . . သူတို့ကျောင်းမှာသူက စတားအွန်လိုင်းလေ. . ."

"တော်စမ်းပါအေ. . . အဲဒီတက္ကသိုလ်ကျောင်းသား ဆိုတာအရွယ်ထတဲ့အရွယ်မှာတော့ အရမ်းခမ်းနားတာပဲ. . . တ



ဘဝထဲရောက်ပြီးသွားရင် ခမ်းနားတာကြီးက ကိုယ်နဲ့မဆိုင်သလိုဖြစ် သွားရော. . ."

"အမေကအဲသလိုပြောမှာပေါ့. . . ယောက်ျားရပြီးမှ တက္ကသိုလ်တက်ရတာကိုး. . . အမှန်တော့ တက္ကသိုလ်ဆိုတာ လွတ်လပ် တဲ့အမေရာ. . . ပျော်စရာကြီးပါ. . . ဆေးကျောင်းကလွဲပြီး တော့ပေါ့"

မိငယ်မျက်နှာရှုံ့ကာ စိတ်ပျက်လက်ပျက် ညည်းတွားလိုက် သည်။

"ရေရှည်ကျတော့ ပျော်စရာဆိုတာ ကိုယ်ဟာကိုယ်ဖန်တီး ယူရတာချည်းပါပဲ မိငယ်ရယ်. . . သူများကြောင့် ပျော်ရတယ်ဆိုတာ နှိုက်မရှိဘူး. . ."

အိမ်ကမိငယ်ကို လမင်းနဲ့ကြိုက်သွားမှာ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်သည်။ မနက်မိုးလင်းတာနဲ့ မိငယ်အဖေထွက်သွားလျှင် လမင်း အိမ်ရောက်လာပြီး သူ့ကျောင်းကိုမိငယ်ကားနဲ့ ဝင်ပို့ဒါမှမဟုတ် မိငယ်ကျောင်းကို သူ့ကားနဲ့ပို့. ရွေးယိမ်းကတော့ ရံဖန်ရံခါမှပဲ တွေ့နိုင် သည်။

အိမ်ချင်းကပ်လျက်ဆိုတော့ လမင်းတို့အိမ်ဘက်မှ လမင်း သည်သမျှတွေက မကြားချင်မှအဆုံး။ ကက်ဆက်အကျယ်ကြီးဖွင့်တာ၊ ချပ်စစ်ဂစ်တာတီးတာ. . . ရိုက်ပွဲဖြစ်ပြီး ကားတံခါးဆွဲ ပြုတ်ထွက် သွန်တာ. . .

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားရှိတဲ့ အစ်ကိုရဲ့နှမကို အတွဲထင်ပြီး ခင်ဗျားရည်းစား နောက်တစ်ယောက်နဲ့ တွဲခုတ်နေပါတယ်လို့ ချွန်တွန်းလုပ်ရင်း ပါးရိုက်ခံရတာ. . .

ဒဂုံစင်တာမှာ တွေ့သမျှကောင်မလေးတွေနောက်ကို ရည်းစားစကားလိုက်ပြောတတ်သော၊ လေးဖြူစတိတ်ရှိုးမလွတ်တမ်း ကြည့်တတ်သော လမင်း၏ နာမဝိသေသနများ၊ ကြိယာဝိသေသန များအလယ်မှာ. . . စိတ်ထားကောင်းခြင်းကတော့ သိသာထင်ရှား နေသည်။

♡ ♡ ♡



"ဒီနေ့ ငါတေဘာယ်လ်တင်းနစ်ပြိုင်ပွဲရှိတယ်"

"ဘယ်မှာပြိုင်ရမှာလဲ"

"ကျောင်းမှာပဲ ဒဂုံတက္ကသိုလ်ကံမေဂျာဝေ့ အကုန်လုံးပြိုင်ကြ. . ."

"နင်ဖြစ်ပါ့မလားဟယ်"

"ဘာလို့မဖြစ်ရမှာလဲ"

"စိတ်ပူလို့ပါ"

"လုံလောက်သွားပြီ"

"ဘာ"

"နင်စိတ်ပူတယ်ဆိုလို့ ငါကျေးဇူးတင်သွားပြီသိလား. . . ငါ့ပထမရစေရမယ်"

ပထမရတော့ သူ့ဆုကလာပ်ကို မိငယ်ဆီလာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာသိမ်းထားဟုဆိုသဖြင့် အဝတ်အစားဗီရိုရဲ့ အပေါ်ဆုံးထပ်
မိငယ် တရိုတသေ သိမ်းထားရသည်။

"နင့်အဘိုးကြီး ငါ့ကိုတော်တော်မေတ္တာထားနေပုံရတယ်"

"ဘာဖြစ်လို့လဲ"

"ငါစက်ဘီးနဲ့ လမ်းဖယ်ပေးထားတာတောင် ငါ့ကိုပွတ်
သူကားမောင်းသွားတယ်"

"နင့်ကိုဝင်တိုက်ချင်နေလားတောင်မသိဘူး"

"ဘာဖြစ်လို့လဲ"

"ပနေ့က နင်သူ့ကိုယောက္ခမလို့ ပြောလိုက်တယ်မို့လား"

"သူကြားအောင် မပြောပါဘူး"

"ဒါပေမဲ့ ကြားတယ်လေ"

"ကောင်းတာပေါ့. . . နားဖောက်ပြီးသား ဖြစ်သွားပြီ"

"နင်ဟာလေ. . . ငါ့ကို အဖေကချုပ်ခြယ်တာသိရက်
ကရ သွားပြောတယ်"

"သူချုပ်ခြယ်လည်း နင်လုပ်ချင်တာ လုပ်နေတာငါသိ
ကျောင်းပြေးပြီး ဈေးပတ်နေတာ အိမ်ကဆင်တဲ့ပစ္စည်းတွေ ရောင်း
ပြီးဖဲကြွေးဆပ်တာ. . . နင့်အဖေမသိတာတွေ ငါအကုန်သိတယ်"

"အရေးထဲ. . . အေးပါ. . . နင်ဒီနေ့ကစပြီး ငါ့အ
လုပ်လိုက်တော့"



"ခွေးကောင် အလကားအသားယူပြီးတော့. . ."

မိငယ်ဈေးပတ်လျှင် ရွှေသိမ်းထက် လမင်းကစိတ်ရှည်သည်။ မိငယ်ဒေါက်ဖိနပ်ဆိုင်မှာ ကြာနေလျှင် မိငယ်ရွေးနေတာထက် လမင်းရွေးနေတာ ပိုကြာနေ၍ဖြစ်သည်။

"နင့်ခြေထောက်တွေက သိပ်လှတာမိငယ်ရဲ့. . . အဖြူရောင်တို့ ပန်းရောင်တို့နဲ့ အရမ်းလိုက်တာပဲ. . . ခြေသဲအရှည်ထား. . . ပြီးတော့ ငွေရောင်လက်လက်ကလေးဆိုး"

"ငါ့အသားက ဒီလောက်ဖြူတာ ငွေရောင်နဲ့ဘယ်လိုက်မလဲ"

"အပြာရင့်ရင့်ဆိုပေါ့ဟာ"

မိငယ်ကိုကြည့်လိုက်လျှင် အမြဲတမ်းလန်းဆန်း တက်ကြွသော ကောင်မလေးပုံစံဖြစ်အောင် အဝတ်အစားက အထောက်အပံ့ပေးထားသည်ဟုဆိုလျှင် မိငယ်ဝတ်သမျှသည် လမင်း၏စိတ်ကူးနှင့်ဝယ်ခြင်း ဖြစ်သည်။ ဆံပင်ကို သူများတွေမဖြောင့်ခင်မှာ အရင်ဖြောင့်ခိုင်းသည်။ သူများတွေဖြောင့်တဲ့အချိန်မှာ လှိုင်းတွန့်ရုံသာကောက်ခိုင်းသည်။ ဆံပင် ဖျက်စီးမှာစိုး၍ အခုတော့မိငယ် မကောက်တော့။ ဆံပင်သိပ်ရှည်လျှင် တိုလျှင်ကြည့်မကောင်းဟုဆိုသဖြင့် မတိုမရှည်ထားရသည်။

"နင်လူမဖြစ်ရင် သိပ်ကောင်းမှာပဲ"

အဲသလိုလမင်းညည်းသောတစ်နေ့မှာ မိငယ်ရယ်မိလေသည်။

"ကြွကြွဖန်ဖန်"

"ဟုတ်တယ် နင်အရုပ်မလေးဖြစ်ရင် သိပ်ကောင်းမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"နင်သာအရုပ်မလေးဆို ငါ့ကျောပိုးအိတ်ထဲထည့်သွားမှာပေါ့"

လမင်းကို သူ့အိမ်က မလေးရှားမှာ ကျောင်းတက်ခိုင်းပေမဲ့ သူကမတက်ခဲ့။ အကြောင်းပြချက်က မိငယ်ကိုမခွဲနိုင်လို့။

"နိုင်ငံခြားမှာ ကျောင်းတက်ဖို့ဆိုတာ လူတိုင်းလိုချင်နေတဲ့ အခွင့်အရေးနော်၊ နင့်အိမ်ကတတ်နိုင်လို့ ထားပေးတာတောင် ဘာလို့ ငြင်းတာလဲ. . . နင်ကိုဖယ်လည်း ခြောက်ရာကျော်ရထားတာ ဝင်ခွင့် ရနေပြီပဲဟာ"

"တော်စမ်းပါ. . . ငါမသွားချင်လို့ မသွားတာ"

"ငါသာဆိုသွားမှာ"

"မိငယ်. . . ငါဘာလို့မသွားချင်လဲသိနေသားနဲ့. . . ငါနင်နဲ့ မခွဲနိုင်ဘူးဟ၊ ပြီးတော့ ငါဟိုမှာကျောင်းတက်မှာနဲ့ အလုပ်လုပ်မှာနဲ့ အချိန်တွေအများကြီး နင်နဲ့ခွဲရမယ်. . . မဖြစ်နိုင်ပါဘူး"

လမင်းမိဘတွေက ငယ်ငယ်တုန်းကတော့ မိငယ်ကိုအလွန် ချစ်သည်။ ကြီးလာမှပဲ အဖေ့သဘောထားတင်းမာမှုကြောင့် စိမ်းသက်သွားကြတာဖြစ်သည်။ ငယ်ငယ်ကဆို လမင်းကအလွန်ဆိုးပြီး မိငယ်နှင့်ခြိမ်းခြောက်လျှင် လမင်းငိုနေလျှင်တောင် တိတ်သွားသည်ဟု ဆိုကြသည်။ လမင်းသည် မိငယ်ရဲ့ကလေးဘဝတောက်လျှောက် မိငယ်ရဲ့ စိတ်ကိုနားလည်နိုင်ဆုံးသော သူအဖြစ်တည်ရှိခဲ့သည်။ အရွယ် ရောက်လာမှ လမင်းစိတ်ကဘယ်လိုပြောင်းလဲသွားသလဲမသိ။



ဒါမှမဟုတ် တစ်ခုခုကြောင့်ပဲ လမင်းပြောဆိုပုံက ပြောင်းသွားတာလား သိ။ မိငယ်အပေါ်မှာ အရင်ကလို နီးနီးကပ်ကပ် မနေတော့ဘဲ စကားပြောလျှင် အနဲငယ်ရင့်သီးလာသည်။ တခါတလေဆို သီးမခံနိုင် လောက်အောင်းလွန်းတဲ့အထိ ရိုင်းလေသည်။

မိငယ်မွေးနေ့တိုင်းမှာ ကတ်ဒ်လှလှလေးတစ်ခုစီပေးတတ် သောလမင်းသည် ကောင်မလေးတွေနဲ့လည်း ခပ်ရှုပ်ရှုပ်ကောင်လေး ဖြစ်သည်။ မိငယ်သေချာကို နားမလည်နိုင်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



“မိငယ်. . . နင့်အသက်ဆယ့်ကိုးနှစ်ပြည့်မှာ ငါဘာလ
ဆောင်ပေးရမလဲ”

“ဘာမှမပေးနဲ့. . . မလိုချင်ဘူး”

“ခါတိုင်းလည်း ငါပေးနေကျပဲ”

“ခါတိုင်းနဲ့အခုနဲ့ မတူဘူး”

“ငါ့ကိုစိတ်ဆိုးနေတာလား”

“. . . . .”

“ငါဖွင့်မပြောဘဲ မနေနိုင်လို့ပြောတာ အပြစ်မြင်နေရင်လည်း ငါချော့မှာမဟုတ်ဘူးမိငယ်. . . ငါ့ကိုမူပြမနေနဲ့”

“ဘာ. . . နင့်ချော့စရာလိုလို့လား. . . ငါ့ရည်းစားချော့မှာ ပေါ့”

“နားကြားမြင်းကတ်တယ်ဟေ့. . . နင့် ရည်းစားဆိုး



အကြောင်းကို တခုတ်တရပြောမနေနဲ့. . .”

“ဒီမှာ နင်ငါ့ကိုပြောရင်တောင် ငါသီးခံနိုင်တယ်. . . သူ့ကို ဘာမှပြောစရာမလိုဘူး. . . နင့်ကိုသူကဖြင့် သိတောင်မသိဘူး”

“သိစရာလည်းမရှိပါဘူး. . . နင့်ကောင်ကိုငါကြည့်လို့ကို မရဘူး. . . မိငယ်နင်တစ်နေ့ နောင်တရမယ်သိလား”

“နင်ဘာလို့မနာလိုဖြစ်နေတာလဲ. . . ငါနင့်ကို သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးမို့ သီးခံနေတာသိလား. . . ရည်းစားရှိနေတဲ့ မိန်းမတစ်ယောက်ကို ဖွင့်ပြောတာနဲ့တင် တော်တော်တရားလွန်လှပြီ”

“ကိုးသမားရှိလည်း ကိုးသွင်းလို့ရတာပဲဟ. . . အဲဒီစကားကို တိုရိုးယားကားတစ်ကားထဲက ငါတွေ့တာ ဟုတ်တယ်မဟုတ်လား မိငယ်”

“ငါကကိုးပေါက်မဟုတ်ဘူး. . . ပြီးတော့ နင်ဂန့်ချင်တိုင်း ဂန်လို့ရတဲ့ ဘောလုံးလည်းမဟုတ်ဘူး. . . ပြီးတော့ ငါ့ရည်းစားက ဂိုးသမားမဟုတ်ဘူး. . . သူဘောလုံးလည်းမကန်တတ်ဘူး သိပြီလား”

“အဲဒါကြောင့်ပြောတာ ဝေးလို့”

ပြောပြီးဖုန်းချသွားသောအခါ မိငယ်ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့သည်။

သီဟကို ဝေးဟုသူများပြောလျှင် မိငယ်နန်မှုမခံနိုင်။ ဟုတ်နေတော့လည်း မခက်လား။ သီဟသည် ကျောင်းစာနဲ့ပတ်သက်လျှင် ဘယ်နေရာကပဲမေးမေး ဘယ်လိုလှည့်ပတ်မေးမေးရသည်။ မိငယ်တို့

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားမိတာတောင် သူစဉ်းစားနိုင်သည်။ ဘယ်လောက်ခက်ခဲ သူမရတာကိုမရှိ။ သို့သော် အပြင်ဗဟုသုတနှင့်ပတ်သတ်လျှင် မသိတာ တွေတော်တော်များသည်။ ဘယ်လောက်ဆိုးဝါးသလဲဆိုလျှင် သီဟသည် ဗိုလ်ချုပ်ဈေးတောင် တစ်ခါမှမရောက်ဘူး။ ဒဂုံစင်တာဆိုတာ ဘယ်နေရာရှိမှန်းမသိ။ Junction 8 တို့၊ ယုဇနပလာဇာတို့လည်း (တကယ်ပင်) တစ်ခါမှ မရောက်ဖူးခဲ့ပါတဲ့။ မိငယ်မှာပါးစပ်အဟောင်းသား၊ဖြင့် ရည်းစားကို ငေးကြည့်မိတော့သည်။ မိငယ်ကတော့ ဘယ်နေရာမှာ ဘာရှိသည့်ဆိုတာတော့ သိသင့်တယ်ထင်သည်။ လူငယ်ဆိုတာ လူငယ်လိုပဲ နေသင့်တယ်ထင်သည်။

သို့ရာတွင် သီဟကတော့ ကျောင်းစားတစ်ခုထဲမှာပဲ အချိန် အကုန်လုံးမြှုပ်နှံကာ ထိုဘဝမျိုးအတွက် အချိန်၊ ငွေ၊ လူ့ဦးနှောက် အရည်အသွေး အားလုံးရင်းရဲတာကိုပဲ တျေနပ်နှစ်သိမ့်နေပြန်သည်။ ပျော်လားဆိုတော့ သူနဲနဲမှမပျော်ပိုက်ပါ။ အဲဒါကို သူဝန်ခံခဲ့ဖူးသည်။

ဘယ်သူ့ကိုမှ မပြောရဲသည့်အချက်ကတော့ သီဟနားမှာ မိငယ်ရှေရှည်နေရဖို့အဆင့်မဟုတ်သေး၊ အတွဲအဆင့်သာရှိသေးပေမဲ့ မိငယ်သူ့နားမှာ အကြာကြီးမနေတတ်။ မိငယ်က ပြောချင်တာတခြား သူကစာအကြောင်း ဒါမှမဟုတ်. . . ကျောင်းအကြောင်းပဲ သိတဲ့လူ ဆိုတော့ ကိုးမကိုက်ချေ။ ထို့ကြောင့်ပျင်းလာသည်။ မိငယ်သူ့ကို ငြီးငွေ့ လာချိန်တွင် သူကတော့ မိငယ်တို့စွဲသထက်စွဲလာသည်။ လူဆိုတာ ဆန့်ကျင်ဖက်ကိုပဲ ပိုလိုလားကြတာ မဟုတ်တာဖြစ်သည်။



မတွေ့တာကြာလေမိငယ်က ပိုနေပျော်လေဖြစ်ကာ စာမေးပွဲ မှာဆပ်ပလီမထိမှာတောင် စိတ်ပူနေသေးသည်။ ဆပ်ပလီထိလျှင် မိငယ် ကျောင်းမှာကျန်နေခဲ့ပြီး သူကတော့ ထိုနှစ်လအတွင်း မိငယ်နှင့် အဆက်ပြတ်နေမှာဖြစ်သည်။

မိငယ်ရယ် နောက်နှစ်မှာ စာမေးပွဲတစ်ခါထဲအောင်အောင် ဖြေပါဟုသူဆိုလျှင် မိငယ်သည်လျှို့ဝှက်စွာပဲ ပြုံးရယ်နေတော့သည်။

ဟိုတစ်ခါပြဿနာဖြစ်ပြီးကတည်းက ပုံစံပြောင်းသည်ဆို သော်လည်း ရက်သိပ်မခံပါ။ သီဟပုံစံက နဂိုပုံစံပြန်ဖြစ်သွားသည်။

"သူ့ကြည့်ရတာ နင်နဲ့အမှီမလိုက်နိုင်ဘူးဖြစ်နေတယ်"

ဗီးဗီးတအဲသလို ဝေဖန်လာတော့ မိငယ်ပင်အံ့ဩသွားသည်။

"သိလားမိငယ်. . . သီဟပုံစံက နင်နဲ့သာမတူတာ စိတ်ဓာတ် တနဲနဲမှမအေးချမ်းဘူး၊ နင့်လိုမျိုးပဲ နင့်လိုဘဝကို သူစိတ်ဝင်စားတယ်၊ သူနင့်လိုမျိုးမနေရတော့. . . နင့်ကိုမသိစိတ်က အားကျတယ်. . . အဲဒါကြောင့် အချိန်တိုအတွင်းမှာ သူမနေနိုင်မထိုင်နိုင်ဖြစ်ပြီး နင့်ကို ဖွင့်ပြောတာ"

"သူငါ့ကိုချစ်တယ်လို့မြင်လား"

"အင်း. . . ချစ်တယ်. . . သူနင့်ကိုချစ်တာက တမျိုးလေးပဲ ဟ. . . နူးညံ့မှုတော့ရှိတယ်၊ ပြီးတော့ သူအားငယ်တတ်တယ်နော်၊ နင့်အိမ်ကသဘောမတူတာချည်းကိုတွေးပြီး သူခေါက်ကျောလုံ့ပုံ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုသိတာလဲ မီးမီး"

"ငါ့ကိုသူဖုန်းတက်မေးတယ်မိငယ်"

"ဘာတွေမေးတာလဲ"

"နင်ဘယ်လောက်ချမ်းသာလဲတဲ့. . ."

"နင်ဘာပြန်ပြောပြလိုက်လဲ"

"နင့်အိမ်မှာ ကားချည်းပဲ ဆယ်ခုနှစ်စီးရှိတဲ့အကြောင်း ငါပြောပြလိုက်တယ်"

"ဟာ ဘာလို့ပြောပြလိုက်တာလဲ"

"သူမေးလို့ပါ ပြီးတော့ သူစကားတစ်ခွန်းပြောတယ်သိလား"

"ဘာတဲ့လဲ"

"ကျွန်တော်ကသူစီးနေတဲ့ ကားဘီးတစ်ဘီးဖိုးတောင် မရှာနိုင်ဘူးဗျာတဲ့"

မိငယ်ရင်ထဲမှာ နင့်သွားရသည်။ မိငယ်မတွေးမိတာကို သူဘာကြောင့် တွေးမိတာလဲမသိပါ။ မိငယ်သိပ်ချမ်းသာပေမဲ့ အဲဒါမိငယ်ပိုင်ဆိုင်တဲ့ ပစ္စည်းမဟုတ်၊ ရှင်းရှင်းပြောရလျှင် မိငယ်ရှာထားတာမဟုတ်၊ အမွေဆိုတာထိုက်မှ စားရတာဖြစ်သည်။ မိငယ်တော့ အမွေတွေဘာတွေသိပ်လည်း စိတ်မဝင်စားပါ။

"သနားပါတယ်ဟယ်"

"ငါတောင်ဘေးကနေ သနားတာ နင်ကကာယကံရှင်ပဲ ဒါပေမဲ့ တကယ်လည်း သူနဲ့ဆိုရင် နင့်ဘဝက တိုးတတ်မှာမဟုတ်ဘူး မိငယ်။



ဘာပဲဖြစ်ဖြစ် နင်ကြိုစဉ်းစားထားနော် ကျောင်းပြီးဖို့က သိပ်လိုတော့တာမဟုတ်ဘူး. . . နင့်အိမ်ကသဘောတူထား တာကလည်း ရှိသေးတယ်. . . လမင်းကလည်း တမျှော်. . . နင်ခုချိန်ကတည်းက ကြိုးပြတ်ထားမှ တကယ့်အခြေအနေကို ရင်ဆိုင်နိုင်မယ်"

"ရောက်လာမှပဲ ပြေးတွေ့ကြတာပေါ့ဟာ. . ."

www.burmeseclassic.com

www.burmeseclassic.com



မီးမီးပြောပြီးသည့်နောက်ပိုင်း သီဟာကိုမိငယ် သတိထာ
ကြည့်မိသည်။ တကယ်ပဲ သီဟာသည် မိငယ်သုံးသမျှ ပစ္စည်းတန်
ဘယ်လောက်ရှိသည်ကိုမေးပြီး မျက်နှာငယ်သွားလေ့ရှိသည်။

"မိငယ်မျက်နှာတလေးက ဘာဝက်ခြံမှမရှိဘူးနော် ပြော
သလင်းခါနေတာပဲ. . . အလှပြင်ရင် ဘာသုံးလဲ"

"Kanebo စီးရီးလိုက်သုံးတယ်လေ"

"ဈေးကြီးလားဟင်"

"တစ်ခုကိုတစ်သောင်းကျော်လောက်ပေါ့"

"တစ်သောင်းကျော်"

"အင်း. . . မိတ်ကပ်အရည်တို့ ပေါင်ဒါတို့က ဈေးကြီးတယ်

"နှုတ်ခမ်းနီရော"

" Lo'real လေ. . . "



"တစ်တောင့်ဘယ်လောက်ပေးရလဲ"

"တစ်သောင်းကျော်ပဲ"

"မိငယ်တစ်နေ့တစ်မျိုးစီးတဲ့ ဖိနပ်တွေကရော. . . "

ဖိနပ်ကအစားစားပဲသီဟာရဲ့. . . သုံးသောင်းကျော်တန်က နေ
ခြောက်ထောင်တန်အထိရှိတယ်"

"အနိမ့်ဆုံးကခြောက်ထောင်ပေါ့"

"အင်း"

"မိငယ်ဆံပင်ညှပ်ဆိုင် ခဏခဏသွားလား"

"တစ်လတစ်ခါပါပဲ ဆံပင်ပေါင်းတင်တာပေါ့. . . လက်သဲ
ညှပ်တာတို့ မျက်နှာချေးချွတ်တာတို့က တစ်လတစ်ခါလုပ်ရတယ်. . . "

"မိငယ်တစ်လအသုံးစရိတ်မနဲဘူးပဲ. . . "

"အင်း. . . အောက်ထစ်နှစ်သိန်းလောက်ပါပဲ"

"ကျွန်တော်တစ်လကို သုံးသောင်းလောက်ပဲကုန်တယ်
သိလား"

"မိငယ်လည်း ချွေတာကြည့်ပါလား"

"ပိုက်ဆံသုံးဖို့ပဲဥစ္စာ ချွေတာပြီးဘာလုပ်မှာလဲ အိမ်မှာ မိငယ်
အအငယ်ဆုံး ပိုက်ဆံက မိငယ်မသုံးရင် သုံးမဲ့လူမရှိဘူး. . . "

"မိငယ်. . . ကျွန်တော်ကအဲဒီလောက် မရှာနိုင်ဘူးနော်"

ပြောရင်းသူ့အသံတိမ်ဝင်သွားသည်။

"ဘာလို့အနာဂါတ်ကို ကြိုတွေးနေတာလဲ သီဟာရဲ့. . .

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာမစ္ဆူပြန်မှာပဲ အသက်ရှင်နေတာကောင်းတယ်"

"ဒါပေမဲ့ ကွာဟချက်ကသိပ်ကြီးမားတော့ ကျွန်တော်သတိ မထားဘဲမနေနိုင်ဘူး ပိုက်ဆံဆိုတဲ့အရွက်တလေးက သိပ်ဆုတောင်း ကောင်းတာပဲဗျာ. . . လူတိုင်းရဲ့ သဲခြေကြိုက်ပဲ. . ."

"သီဟ. . ."

"ဗျာ. . ."

"သီဟ တစ်ခုခုဖြစ်နေသလားဟင်"

"မဖြစ်ပါဘူး. . . ဒါနဲ့မိငယ်ပတ်ထားတဲ့ Gucci နာရီကလေး ကချစ်စရာလေးနော် ကျွန်တော်ဟိုနေ့က နာရီဆိုင်မှာ အဲဒီပုံစံမျိုး တွေ့ခဲ့တယ်. . . မိငယ်ကို ဒီငိုင်းကွဲတာလေးတွေ ဝယ်ပေးချင်လိုက် တာလို့တောင် တွေးမိသေးတယ်. . ."

"ဒါပေမဲ့ တို့ကသီဟမုန့်ဖိုးနဲ့ ဝယ်ပေးတာဆိုမဝတ်ဘူးလို့ စဉ်းစားထားတယ်. . . သီဟတစ်နေ့အထူးကုဖြစ်မှပဲ တို့ကိုဝယ်ပေး ပေါ့"

"အဲဒီအချိန်ထိ စောင့်နိုင်ပါ့မလားဟင်"

"ဘာလို့မစောင့်နိုင်ရမှာလဲ. . . စောင့်မှာပေါ့"

"မိငယ်တကယ်ပြောတာလားဟင်"

"တကယ်ပေါ့. . ."

"ဟား. . . ဝမ်းသာလိုက်တာဗျာ ကျွန်တော်အရမ်းအားရှိ သွားပြီ. . ."



ပြောနေရင်းနဲ့ Oxford စာအုပ်ကြီးထုတ်ဖတ်ကာ မိငယ်ကို နားမှာရှိနေမှန်းတောင် သတိရဟန်မတူတော့။ စာအုပ်ကိုသဲကြီးမဲကြီး တ်နေသောသူ့ကိုကြည့်ပြီး မိငယ်မှာရယ်ရမလို ငိုရမလို မျက်နှာဖြင့် ူ့ကိုသနားရမလား။ ကိုယ့်ကိုကိုယ်ပဲ သနားရမလားမှန်းတောင် မခွဲ တတ်တော့ချေ။

မိငယ်တို့နှစ်ယောက်သည် အစွန်းအစမထွက်အောင် ည်းစား ဘဝကိုကျော်ဖြတ်နိုင်မည်ဟု အစကတည်းက မထင်ထားခဲ့ပါ။ ဩသနာ ဆိုသည်မှာ အချိန်မရွေးဝင်လာနိုင်သော နတ်ဆိုးတစ်ပါးဟု ငယ်က လက်ခံထားသော်လည်း တကယ်တမ်း ကြုံတွေ့ရသောအခါ ကြောင့် သာပြဿနာတွေ တန်းစီလာလေသည်။ မြောက်ပင် သူကလမင်း။

လမင်းကဘယ်အချိန်ကတည်းက သူနဲ့သိအောင်လုပ်ထားလဲ ပါ။ တစ်ခုသောစနေမနက် ခြောက်နာရီမှာ ရှပ်အင်္ကျီအဖြူကော်လာ နှင့် ပိုးပုဆိုးတျကျနန ဝတ်ဆင်တာ သူမိငယ်အိမ်ရောက်လာသည်။ ယ်တမူ အိပ်ရာထဲတမထချင်၍ တမင်းကွေးနေတုန်း အဖေကမိငယ် ပ်လာနှိုးတော့. . .

"ဟာ. . . အိပ်ကောင်းတုန်း"ဟုပြန်အော်မိလေသည်။

"အိပ်ကောင်းတုန်းဟုတ်လား အိမ်ရှေ့မှာ ဧည့်သည်ရောက် တယ်"

"ဘယ်သူလဲအဖေရ"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိရင် လာမနှိုးတော့ဘူး. . . ထစမ်း အိပ်ရှေ့မှာဆူကြောင်ကြောင် တစ်ကောင်ရောက်နေတယ်၊ ငါကအလှူခံလာမေးတော့ အလှူရှိလို့လာတာတဲ့. . . နင်နဲ့သိတယ်ပြောတာပဲ"

မိငယ်မှာ ရင်ထဲဒိန်းခနဲတစ်ချက်ခုန်သွားကာ ကပျာကယာ တံခါးထဖွင့်ပေးတော့ အဖေ့မျက်နှာကြီးက ဒေါသဖြင့်နီရဲနေလေသည်။

"ဘယ်သူလဲ သမီးနဲ့သိတယ်လို့ပြောတာ"

"အိပ်ရှေ့ထွက်ကြည့် ဘာကောင်မှန်းမသိဘူး"

အိပ်ရှေ့ဧည့်ခန်းမှာ မျက်နှာငယ်လေးဖြင့် ထိုင်နေသော သူ့ကို မြင်ရသောအခါ မိငယ်ခြေဖျားလက်ဖျားပင် အေးစက်သွားတော့သည်။

"သီဟ"

"မိငယ်. . . ကျွန်တော်"

"ဘာကိစ္စရှိလို့လဲဟင်"

မိငယ်အဲသလိုမေးလိုက်တော့ သီဟမျက်နှာက တကယ့်ငိုခါနီးလိုပင်မျက်လုံးများက နီရဲစိုလဲ့လာပြီး အသံများပင်တုန်ကာ မျက်နှာကငိုးရှုက်လောက်သာ ရှိတော့သည်။ အဖေ့ကိုလည်း မကြည့်ရဲသလို တစ်ချက်ခိုးကြည့်လိုက်သေးသည်။

"မနေ့က လမင်းဆိုတဲ့ မိငယ်သူငယ်ချင်း ကျွန်တော့်ဆီ ရောက်လာတယ်၊ သူကမိငယ်မအားလို့ သူလာဖိတ်တာတဲ့. . . စနေ မနက်ခြောက်နာရီ မိငယ်တို့အိမ်မှာ ဆွမ်းကျွေးရှိလို့ တရားနာကြွပါတဲ့ မလာမဖြစ်လာပါဆိုလို့ ကျွန်တော်လာတာ. . ."



"ဟာ. . . လမင်းနောက်လိုက်တာထင်တယ်"

"မိငယ်. . . နင်အဲဒီလမင်းဆိုတဲ့ကောင်နဲ့ ဘာတွေရှုပ်ထား မြန်ပြီလဲ"

"ဘာမှမလုပ်ပါဘူးအဖေရဲ့"

"မရှုပ်ရင်ဒီလို သူများကို သွားနောက်မလား ခုကြည့်စမ်း ဘယ်လောက်အားနာစရာ ကောင်းသလဲ သူကပြောတာ ငါကလည်း နားမလည်ဘူး. . . ဟေ့သူငယ် မင်းနာမည် ဘယ်လိုခေါ်သလဲ"

"သီဟပါခင်ဗျာ"

"နာမည်ကသာသီဟ. . . မင်းနှယ်သူများပြောတိုင်းယုံရလား မိငယ်. . . လမင်းနဲ့ကြွပ်ကြွပ်ပေါင်း. . . နင်ဒုက္ခရောက်မယ်"

မိငယ်မှာကြိမ်းဝါးနေသော အဖေ့ကိုတလှည့် သူ့မျက်နှာငယ်လေးကိုတလှည့်ကြည့်ကာ ဘာလုပ်ရမှန်းမသိ။

သူငိုတော့မလိုဖြစ်နေတော့ မိငယ်စိတ်ထဲကမကောင်း. . .

"လာသီဟ မိငယ်ကိုခဏစောင့်ရနော် မျက်နှာသစ်လိုက်ဦးမယ် ပြီးရင်မိငယ် ပြန်လိုက်ပို့ပေးမယ်"

"ကဲသွား . . . သမီးမျက်နှာသစ် ကဲသီဟ မင်းအလှူဆိုပြီး လာတာဆိုတော့ ငါကပဲ ကော်ဖီတိုက်ပါမယ်. . . လာ. . . လိုက် သောက်ချေ"

ဆိုကာအဖေကထမင်းစားခန်းထဲသူ့ကို ခေါ်သွားသည်။ မိငယ်မှာရင်တထိတ်ထိတ်ဖြင့် မျက်နှာကမန်းကတန်းသစ်ကာ အဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com



သူစကားအမှားမပြောမိပါစေနှင့်ဟု တိတ်တိတ်ကျိတ်ဆုတောင်းရသည်။ လမင်းကိုတော့ အမှုန့်ခြေပစ်ချင်စိတ်တောင်ပေါက်သည်။ မိငယ် မျက်နှာသစ်အဝတ်အစားလဲပြီး ထမင်းစားခန်းထဲ အမြန်လိုက်ဝင်သည်။ သီဟာကိုကြည့်ရသည်မှာ ကျားရှေ့ရောက်နေသော သမင်ကလေးလိုဝင် အဖေ့ကိုအရမ်းကြောက်နေကာ ကော်ဖီခွက်ကိုင်သော လက်တွေ တဆတ်ဆတ်တုန်ရင်လျက်ရှိတာတွေ့ရသည်။ မိငယ့်ကိုမြင်မှ သူ့အကြောက်ပြေသွားသလို ရှိလေသည်။

"မင်းကမိငယ်နဲ့ တစ်တန်းထဲလား"

"ဟုတ်ကဲ့"

"အဖေ. . . သူကမိငယ်တို့အတန်းက စာအတော်ဆုံးလေ နှစ်တိုင်းဂုဏ်ထူးဘာသာစုံထွက်တယ်"

"နင့်မှာဒီလိုသူငယ်ချင်းရှိပြီး ဘာလို့နှစ်တိုင်းဆပ်ပလီထိနေသေးလဲ"

"သီဟက ကျောင်းပြောင်းလာတာ တစ်နှစ်ပဲရှိသေးတယ် အဖေ"

"ဪ. . . မင်းစာဘယ်လိုကျက်သလဲကွ. . ."

"ကျွန်တော်အားတိုင်းကျက်ပါတယ်"

"မင်းကျောင်းပြီးရင်ဘာလုပ်မလဲ"

"ဗျာ"

"ဆရာဝန်လုပ်မှာလားလို့မေးတာ"



"ဟုတ်ကဲ့"

"ဒါဆိုမင်းတော့ တသက်လုံးစာကျက်ရမှာပဲ. . . အန်ကယ်တို့ကမိငယ်ကို ဆက်မလုပ်နိုင်းဘူး. . . ယောကျ်ားပေးစားပြီး စီးပွားရေးပဲလုပ်နိုင်မလို့ စဉ်းစားထားတာပဲ. . . သူဒီလောက်စာမေးပွဲတွေနှစ်တိုင်းကျတာ ဆရာဝန်ဆက်လုပ်လည်း ထူးချွန်မှာမဟုတ်ဘူး၊ ဘွဲ့လေးတစ်ခုခုရရင်ပဲ အန်ကယ်တို့က ကျေနပ်ပြီ"

"ဟုတ်. . . ဟုတ်ကဲ့"

"မင်းမိဘတွေကရော. . . ဘာလုပ်ကြလဲ"

"ကျွန်တော့်အမေက ဈေးရောင်းပါတယ်"

"အဖေကော"

"အဖေမရှိတော့ပါဘူး"

"ဪ. . . မင်းမှာညီအစ်ကိုမောင်နှမရှိသေးလား"

"အစ်မသုံးယောက်ရှိပါတယ်"

"သူတို့ကဘာလုပ်ကြသလဲ"

"ဆရာဝန်တွေချည်းပါပဲခင်ဗျာ"

"မင်းကအငယ်ဆုံးပေါ့"

"ဟုတ်ကဲ့"

"မင်းမိငယ်ကို တော်တော်ချစ်သလား"

"ဗျာ"

အဖေရုတ်တရက်မေးလိုက်သော မေးခွန်းကြောင့်မိငယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားလေသည်။ အမေပဲသိဟကိုသိတယ်ဟု မိငယ်ကထင်နေတာ။ အခုအမေမရှိဘူးဆိုတော့ တော်သေးတယ်ဟု အောက်မေ့မိတာ လက်စသတ်တော့ အဖေကပါ သိဟကို သိနှင့်ပြီးဖြစ်သည်။

"ဖြေပါကွ. . . ငါကပွင့်ပွင့်လင်းလင်းပဲဖြေတာကြိုက်တယ်"

". . . . . ."

"မင်းငါ့သမီးကိုတော်တော်ချစ်သလား"

"ဟုတ်ကဲ့"

"သူ့ကိုမင်းသည်းညည်းခံနိုင်လို့လား"

"ဟုတ်ကဲ့"

"သူ့ကိုမင်း ငါတို့လိုအဆင့်အတန်းထားနိုင်ပါမလားကွ"

"လောလောဆယ်ကျွန်တော် မထားနိုင်တာသေချာပါတယ်၊ ဒါပေမဲ့ကျွန်တော် အဲသလိုထားချင်ပါတယ်ဦး"

"မထားနိုင်တာ သေချာတယ်ဆိုတော့. . . ငါ့သမီးဆင်းရဲမှာပေါ့ကွ. . . ငါ့သမီးကိုဆင်းရဲမှာ ငါသိပ်ကြောက်တာ. . . မင်းတသက်လုံးဆရာဝန်လုပ်စားလို့ရတဲ့ငွေနဲ့ မိငယ်ထမင်းဝရုံပဲရှိမယ်သိဟ"

သူ့မျက်နှာရဲခနဲဖြစ်သွားကာ မိငယ်လည်းအဖေ့စကားအတွက် နာသွားလေသည်။ ဘာပဲဖြစ်ဖြစ် ဆရာဝန်ဆိုတာ လူတိုင်းဖြစ်ချင်လို့မှမရတာ။ သူတစ်နေ့သိပ်အောင်မြင်မှာဟု မိငယ်ကယုံကြည်စိတ်ချပါသည်။ အချိန်တစ်ခုတော့ အဲဒီအတွက်ပေးရမှာပဲမဟုတ်လား။ အဖေတို့က မျိုးရိုးစဉ်ဆက်ချမ်းသာလာတော့ ဒီလိုစကားမျိုး ပြောထွက်



နိုင်ပေမဲ့ အဖေတို့လိုချမ်းသာသူက ဘယ်နှစ်ယောက်ရှိမှာမို့လို့လဲ။ လူတိုင်းဟာ သာမန်လူနေမှုဘဝလေးအတွက် ထမင်းနှစ်နပ်စားဖို့ ရုန်းကန်နေကြတာ မိငယ်သိလို အဖေလည်းသိတာပဲ။ သိဟတို့က အနိမ့်စားကြီးထဲက မဟုတ်ပါ။ မိငယ်တို့က ကိုးကိုးကားကား ချမ်းသာနေ၍သာ တအားအဆင့်နိမ့်သယောင် ထင်ရတာပါ။

"ကျွန်တော်ကြိုးစားမှာပါ. . . မိငယ်ကို ဦးတို့လိုမထားနိုင်ပေမဲ့ မျက်နှာမငယ်စေရအောင် ကျွန်တော်ကြိုးစားမှာပါ"

"မင်းကြိုးစားတာကနောက်မှ ငါတို့မိငယ်ကို ကျောင်းပြီးရင် လက်ထပ်ပေးဖို့ ရည်ရွယ်ထားတဲ့လူရှိတယ်"

"ကျွန်တော်သိပြီးပါပြီ"

အဖေကမိငယ်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

"မိငယ်ပြောပြထားတာလား"

"ဟုတ်ကဲ့ အစကတည်းက မိငယ်က သူ့မှာအိမ်ကသဘောတူထားတဲ့လူရှိတဲ့ အကြောင်းပြောထားပါတယ်. . . "

"ဒါဆိုမင်းဘက်က ဘာမှအာမခံချက်မရှိတာ မင်းသိသင့်တာပေါ့"

"အချစ်က အသက်အာမခံမဟုတ်ပါဘူးဦး. . . ပြီးတော့ ကျွန်တော်မိငယ်ကို စေတနာထားပြီး မေတ္တာရှိတာပါ. . . ကျွန်တော် သူညာကစပြီးတက်ရပေမဲ့ မိငယ်အတွက် အောင်မြင်မှာလို့ ယုံကြည်ပါတယ်ဦး"

www.burmeseclassic.com

www.burmeseclassic.com



အဖေ့မျက်ခုံးများမြင့်တက်သွားသလို မိငယ်လည်းသူ့ အပြော အဆိုယဉ်ကျေးမှုကို သဘောကျသွားလေသည်။

"ကဲ. . . မိငယ် သူ့ကိုပြန်လိုက်ပို့လိုက်တော့"



အပြန်လမ်းတွင် သူတိတ်ဆိတ်နေကာ ခေါင်းငိုက်စိုက်ချထားသည်။

"စိတ်မကောင်းဖြစ်နေတာလား သီဟ"

"ကျွန်တော်အမှန်အတိုင်းပြောရမလား"

"ပြောရမှာပေါ့"

"ကျွန်တော် မိငယ်အဖေကို မကျေနပ်ဘူး"

". . . . . ."

"လူတစ်ယောက်ဆင်းရဲတာ အပြစ်မဟုတ်ဘူးမိငယ် အဲဒါ တကြမ္မာပဲ. . . ပြီးတော့ ပြီးပြည့်စုံတဲ့လူဆိုတာ အယောက်တစ်ရာမှာ ဘယ်နှစ်ယောက်ရှိမှာလဲ"

"ဟုတ်ပါတယ် မိငယ်အဖေ့အစား တောင်းပန်ပါတယ်သီတာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး. . . ကျွန်တော်က ယောက်ျားပါ. . . ကျွန်တော့်ကို အထင်သေးတာ ခံနိုင်ပေမဲ့ . . . ကျွန်တော်ရွေးချယ်ထားတဲ့ ဆရာဝန်အလုပ်ကို အထင်သေးတာကြီးကို မခံနိုင်ဘူးမိငယ်. . . ဆရာဝန်ဘဝနဲ့ ချမ်းသာနေတာတွေအများကြီးရှိတယ်. . . အလုပ်တစ်ခု အောင်မြင်သွားရင် ဘဝတစ်ခုလုံးကောင်းကောင်း ရပ်တည်နိုင်တာပဲ. . . ငွေချမ်းသာတဲ့လူတွေဟာ ဘာလို့ပညာတတ်တွေကို အထင်မကြီးရတာလဲမိငယ်. . . လူဆိုတာငွေတစ်ခုထဲနဲ့ ရပ်တည်လို့မရဘူး"

"မိငယ်သိပါတယ်"

"မိငယ်သိပေမဲ့ မိငယ်အဖေကမသိဘူး. . ."

"အဖေတို့က အရမ်းချမ်းသာတော့ ငွေဂုဏ်မောက်တယ်"

"ဒါနဲ့ အဲဒီလမင်းဆိုတာက ကျွန်တော့်ကို ဘာလို့ချောက်ချတာလဲ"

"မိငယ်လည်းမသိဘူးလေ"

"မိငယ်သိမှာပေါ့. . . အဲဒီလမင်းက မိငယ်ကိုကြိုက်နေတာပဲဖြစ်ရမယ်. . . ဒါကြောင့် ကျွန်တော့်ကို ဒုက္ခရောက်အောင်လုပ်တာပေါ့"

"သိပ်ဟာကလည်း သူများပြောတိုင်းယုံတာပဲလား"

"ကျွန်တော်က မိငယ်စိတ်ဆိုးမှာ ကြောက်တာကိုး. . . တစ်ခါစိတ်ဆိုးတုန်းကဖြတ်တာ ကျွန်တော်မှ မခံနိုင်ဘဲမိငယ်. . . ခုတစ်ခါ



မလာရင်အသိပဲဆိုတော့ အရမ်းလန့်တာပေါ့. . . သတ္တိရှိလွန်းလို့ မိငယ့်အိမ်လာတာမဟုတ်ဘူး၊ ကြောက်ပြီးလာတာ၊ မိငယ်အဖေနဲ့လည်း တွေ့လိုက်ရော လိပ်ပြာလွင့်သွားမတတ်ပဲ ကျွန်တော့်ကို ခြေစွန်းခေါင်းစွန်းကြည့်ပြီး စောစောစီးစီး အလျှခံနဲ့တွေ့နေပါလားတဲ့. . . အဲဒါကို ကျွန်တော်ကလည်း ဘုမသိဘမသိနဲ့ ဟုတ်ကဲ့အလျှုရှိလို့ လာတာပါဦးလို့ ပြောလိုက်တာ မင်းငါ့ကိုပြန်နောက်နေတာလား ဘာလားနဲ့ အော်ပါလေရော မိငယ်နဲ့သိတယ်ပြောတာတောင် မယုံဘူး ဗျ၊ မိငယ်ကိုနှိုးပြီးမေးကြည့်မယ်ဆို ထွက်သွားတော့မှ ကျွန်တော် အသက်ရှုနိုင်တော့တယ်. . ."

မိငယ်မှာဟက်ခနဲ တစ်ချက်ရယ်ပြီး သူ့ကိုသနားလွန်းစွာဖြင့် သူ့လက်ကလေးတစ်ဖက်ကို ကားမောင်းရင်း လွှတ်နေသောလက်ဖြင့် လှမ်းကိုင်ထားလိုက်သည်။ အဲဒီလက်တွေက ခွန်အားတွေသူ့ဆီရောက်ပါစေ မိငယ်ချစ်သူရဲ့ စိတ်ရှည်သီးခံမှုကြောင့် တစ်နေ့ကျိန်းသေပေါက် အောင်မြင်ပါစေဟုလည်း ဆန္ဒပြုမိသည်။ သူကမိငယ်လက်ကလေးကို ပြန်ဆုပ်ကိုင်ကာ. . .

"မိငယ် ကျွန်တော်ကလွဲပြီး တခြားဘယ်သူ့ကိုထပ်မချစ်ရဘူးနော်"

"အင်းပါ"

"ဘယ်သူ့ကိုမှမယုံရဘူး"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အခု ငွေတွေအများကြီး မရှာနိုင်ပေမဲ့ တစ်နေ့ကျရင် မိငယ်ကို ငွေတွေအများကြီးရှာပေးနိုင်မှာပါ"

"သနားစရာကောင်းတဲ့ ကောင်လေးရယ်"

မိငယ်မှာထိုသို့ရေရွယ်ပြီး ကားကိုလမ်းဘေးချရပ်ကာ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်မိလေသည်။

မိငယ်နဲ့သူသည် ရည်းစားဖြစ်ခဲ့သော သက်တမ်းတစ်လျှောက်ခုတစ်ခါလောက် နီးနီးကပ်သည်ဟု ခံစားရတာမျိုး တစ်ခါမှမရှိဘူးခဲ့။

မိငယ်ရည်းစားများ ဘယ်လောက်တုံးသလဲဆိုလျှင် မိငယ်သူ့ရင်ခွင်ထဲ ရောက်နေတာတောင် မိငယ်ကို ပြန်ဖက်ရကောင်းမှန်းမသိ။

"မိငယ်. . . ဟို. . . ကားမောင်းတော့လေ. . . ကျွန်တော်မနေတတ်ဘူးဗျာ"

♡ ♡ ♡



သီဟာအိမ်ကိုရောက်ပြီးသည့် ညမှာပင် အဖေက မိငယ်ကို ရာဇသံပေးလေသည်။ တစ်လအတောအတွင်း ဦးကူရွှေနှင့်စေ့စပ်ဖို့။ မိငယ်မှာ အဲဒီရာဇသံကို ကြားတာနဲ့တင် ခေါင်းနားပမ်းကြီးကာ သွေးရူးသွေးတမ်း ဖြစ်သွားသည်။

"ဘာမှမဟုတ်တဲ့ရှုတ် လုပ်ဖို့မစဉ်းစားနဲ့ အေး တကယ်လို့ လုပ်ခဲ့ရင်လည်း ငါလုံးဝလှည့်မကြည့်ဘူးဆိုတာ မှတ်ထား ငါနင့်အဖေနော် နင်ကတောင်လုပ်ရက်ရင် ငါကလှည့်မကြည့်ဖို့ လုံးဝဝန်မလေးဘူး သိလားမိငယ်"

"တကယ်ရက်စက်တော့မှာလား အဖေ အဲဒီလူကြီးကို မိငယ် တစ်စက်မှကြည့်မရတာ သိရက်နဲ့. . ."

"နင့်ကိုပညာတွေ သင်ပေးထားတာ အရှူးဖို့မဟုတ်ဘူး မိငယ်. . . အသိစိတ်အဲဒီလောက်ကင်းမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပြီးခြောက်လဆိုလျှင် ညည့်ခံပွဲလုပ်ပေးမှာဆိုတော့ မိငယ်အတွက် ဒီတစ်လမစေ့စပ်ခင်ပဲ အချိန်ရသည်။ စေ့စပ်ပြီးသွားလျှင် ဘယ်လိုမှ အဆင်ပြေမှာမဟုတ်တော့။ ရုပ်ရှင်ဗွီဒီယိုထဲမှာသာ စေ့စပ်ပြီးသော်လည်း ချစ်သူနောက်လိုက်ပြေးသွားတာတို့ ရိုက်ပြတာ။ အပြင်မှာ စေ့စပ်ပြီးတာနဲ့ ကွဲဖို့က တော်တော်ကြီးမလွယ်။ မင်္ဂလာညည့်ခံပွဲမှာ သတို့သမီးဝတ်စုံကြီးနဲ့ ထွက်ပြေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စ။ မိငယ်လည်းခုနေခါမှသာ သတ္တိရှိနေတာ။ အဲဒီအချိန်မှာဆို သတ္တိ ဘယ်လိုမှ ရှိမှာမဟုတ်။

ဒီလိုအကျပ်အတည်းမှာ ပထမဆုံးသတိရတာ လမင်း။

"ငါဘာလုပ်ရမလဲဟင်"

"နင့်အဲဒီလူကြီးနဲ့ မစေ့စပ်ချင်ဘူးပေါ့"

"အင်း"

"ဒါဆိုဒီတစ်လအတွင်း နင်ဟိုငတုံးနဲ့ လုံးဝမတွဲနဲ့"

"ဘာဆိုင်လို့လဲ"

"ငါကူညီမယ်လေ"

"ဘယ်လိုကူညီမှာလဲဆိုတာတော့ နင်ပြောပြသင့်တာပေါ့"

"ဒါကလျှို့ဝှက်ချက်လေ. . . နင်မချစ်တဲ့ လူနောက်ကို ငါကလည်း မထည့်ပါဘူးစိတ်ချ"

"နင့်ငါ့ကို ဘယ်လိုကူညီမှာလဲ အဲဒါလေးတော့ ကြိုသိထားသင့်တာပေါ့ဟ. . . တောကြာကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျား



ထက်ဆိုးနေဦးမယ်"

"မိငယ် မတော်တဆဆိုတာ သိပ်ကြောက်စရာကောင်းတယ် သိလား"

"ဟင်"

လမင်းမျက်နှာကို မိငယ်နားမလည်စွာ ပြန်ကြည့်တော့ လမင်းက မသဲမကွဲတစ်ချက်ပြုံးသည်။

"နင့်ကို ငါမတော်တဆချစ်မိသွားတော့လည်း ငါ့အတွက် တံဆိုးတာပဲ. . . ဒါပေမဲ့ စိတ်ချပါ. . . လမင်းဆိုတဲ့ကောင်က ပိုင်ရှင်မကြည်ဖြူရင် လုံးဝမကြိုးစားဘူး. . ."

"အရေးထဲ ကြော်ငြာဝင်နေသေးတယ်. . . တကယ်ဆို ပြဿနာကနင့်ကြောင့်သိလား. . . နင်သာသူ့ကို ချွန်တွန်းမလုပ်ရင် ငါဒီလိုစိတ်ညစ်ရမှာ မဟုတ်ဘူး"

"ဘူယုံတာ သူ့အပြစ်ပဲ. . . ငါကလိမ်တဲ့လူပဲ. . . လိမ်တဲ့လူဆိုတာ သူများယုံအောင်လိမ်ရတာပဲ. . . လိမ်တယ်ဆိုကတည်းက ပိပိရိရိ လိမ်ရတာပဲ. . ."

"သူကရိုးတယ်ဟဲ့"

"တော်စမ်းပါမိငယ်ရာ. . . ယောကျ်ားတစ်ယောက်တို့ နင်ဒီလောက်ထိ ယုံကြည်စိတ်ချနေတာ နင်တော်တော် အငယ်ဆိုတာ ကိုပြနေတာပဲ"

"ဘာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်ယူပြီး တစ်နေ့ကျမှ . . . ငါပြောထား
အမှန်တွေဆိုတာ နင်သိလာလိမ့်မယ်"

ဘာပဲဖြစ်ဖြစ် မိငယ်သည် တစ်လအတောအတွင်း အိမ်
ပြောသမျှကို ကန်းချင်ဟန်ဆောင်ကာ စေ့စပ်မဲ့နေ့အထိ သီးခံစော
ဆိုင်းရလေသည်။ စေ့စပ်မဲ့ အနက်အစောကြီးမှာ မိငယ်နိုးနေသည်။
လမင်းက ဘာမှကြိုမပြောထားသဖြင့် တကယ့်စေ့စပ်ဖြစ်သွားမှာ
လည်း ဘယ်လောက်ထိတ်လန့်နေရတာ စာဖွဲ့မပြနိုင်။

မနက်တိုးနာရီမှာ ဦးကုဋေတို့ မိသားစုရောက်လာသည်။
မိငယ်မှာငိုချင်သလိုဖြစ်လာကာ ခြေဖျားလက်ဖျားတွေ အေးစက်
သည်။ ဦးကုဋေရဲ့ နှုတ်ခမ်းပေါ်ကအပြုံးကိုမြင်တော့ လမင်းကိုအ
တိတ်ကျိန်ဆဲမိလေသည်။

"ကလေးရယ် . . . နောက်ဆုံးတော့ မင်းငါနဲ့ပဲ ဖူးစာပါ
တော့မှာပေါ့"

မိငယ်စိတ်ဆိုးစွာဖြင့် ဦးကုဋေကို မျက်စောင်းထိုးလိုက်သည်။

အဲဒီခဏမှာပဲ . . . လမင်း။ တိုက်ပုံအဖြူ၊ ပိုးပုဆိုးနှင့်
လမင်းနောက်လမင်းမိဘတွေ။ မျက်နှာများကတော့ အနဲငယ်တင်းနေ
သည်။

"မိငယ်ကို လမင်းက မေတ္တာရှိနေလို့ . . . အတင်းတောင်း
နိုင်တာနဲ့လာရတာ မိငယ်ကိုဒီနေ့မတောင်းပေးရင် သူ့ကိုယ်သူ
သောက်ပြီးသေမယ်လို့ ခြိမ်းခြောက်တယ်လေ"



လမင်းအမေက မျက်နှာထားတင်းတင်းဖြင့်ဆိုသည်။ ဦးကုဋေ
ဘမျှားက ထိုင်ရာမှထရပ်ကာ အဖေ့ကို အပြစ်တင်ကြသည်။

"ခင်ဗျား ဒါဘာသဘောလဲ တစ်နေ့ထဲဆိုပြီး ခင်ဗျားသမီးကို
လာတောင်းခိုင်းတယ်၊ ကျွန်တော်တို့ကို စော်ကားတာလားဗျ"

ပြဿနာသည် ဘဲဥအစရှာမရအောင် ခဏချင်း ရှုပ်ထွေး
သွားသည်။ ဦးကုဋေမျက်နှာက ရဲတက်လာကာ မိငယ်ကို စားတော့
ဝါးတော့မလိုကြည့်နေ၍ စိတ်တိုပြီးလျှာထုတ်ပြောင်ပြလိုက်သည်။
အဲဒီတော့ မျက်နှာကိုတစ်ဖက်လှည့်သွားသည်။

လမင်းကတော့ ခပ်တည်တည်ပဲ မိငယ်နားမှာမတ်တတ်ရပ်
နေသည်။

"မိငယ်"

အဖေ့အသံက မိုးခြိမ်းသံအလား မိငယ်နားထဲမှာကျယ်လောင်
သည်။ ပြီးတော့ မိငယ်နားထဲမှာ ပူထူ၍ မျက်လုံးတွေထဲမှ ကြယ်တွေ
လတွေထွက်လာသည်။ "ကလေးကိုဘာလို့ ရိုက်တာလဲ"ဟူသော အမေ့
အသံကိုသာ မိငယ်နောက်ဆုံးကြားလိုက်သည်။ ဘာဖြစ်လို့ဖြစ်သွားမှန်း
တိုသေချာမသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်အထုပ်နင်ပိုက်ပြီး အိမ်ကဆင်းမလား. . . ငါနင့်ကို နှင်ချရမလား" သတိပြန်ရလာသောအခါမှ အဖေအလွန်ဒေါသကြီးနေတာကို မိငယ်ဖျော့ရသည်။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ် သမီးကလေးကိုအိမ်ကပင် နှင်ချနေလေပြီ။

"အဖေအဲဒီလောက် မတွေ့ချင်ရင်လည်း မိငယ်အိမ်ကဆင်းသွားပါ့မယ်"

"အံမယ် ပြောတဲ့ပုံစံက, ငါကပဲ သူ့ကိုတမင်သက်သက်အပြစ်ရှာနေသလိုလို. . . သူတော်ကောင်းမကြီးရဲ့. . . နင့်ကိုဘယ်သူမှဒီလင်းခင်းပေးတာ ငါမဟုတ်ဘူး နင်ကိုယ်တိုင်ပဲ ဒီလမ်းဖေါက်တာ"

"အဖေဘယ်လောက်နှင်ချချ မိငယ်မဆင်းနိုင်ဘူး. . . ကျောင်းပြီးအောင်အိမ်မှာ ဆက်နေမှာပဲ. . . အဖေဘာလုပ်ချင်လဲ ကဲလုပ်ချင်တာလုပ် ရိုက်လည်းခံမယ်. . . မိဘဖြစ်ပြီး ဘွဲ့ရတဲ့အထိ



ကျောင်းမထားချင်ဘဲ အတင်းယောက်ျားပေးစားပြီးတော့ မယူချင်ပါဘူးဆိုလည်းမရဘူး"

"နင်မကြိုက်လို့ နင်ချေးများနေတာများ . . . ကြိုက်တဲ့ဟာဆိုငါတောင်သိလိုက်မှာမဟုတ်ဘူး. . . ရည်စားမျက်နှာတစ်ကမ္ဘာထင်ပြီး မိဘကိုကန်မဲ့မိန်းခလေး. . ."

ပြောချင်တာပြော လောလောဆယ်မှာ မိငယ် လက်မထပ်ရတော့။ ဘာပဲဖြစ်ဖြစ် ကျောင်းမပြီးမချင်းတော့ မိငယ် သီးခံနေရမှာပဲဖြစ်သည်။ ကျောင်းပြီးသွားရင်တော့ အခြေအနေတွေက တစ်မျိုးပြောင်းနိုင်ပါရဲ့။ အမေကတော့ ရှက်လှချည်ရဲ့ဆိုကာ အခန်းတံခါးပိတ်ငိုသည်။ မိငယ်မှာ လူဆိုးမကြီးကိုဖြစ်နေသည်။ အမေကတိုးတိုးမေးသည်။

"မယူချင်ပါဘူးပြောသားပဲ အတင်းစီမံကြတော့ ဒီလိုဖြစ်တာနဲ့တောင်နဲ့သေးတယ်. . . နောက်ကိုယ်ဇာတ်ကိုယ်မနိုင်ဘဲ သူများကိုပါဆွဲမထည့်နဲ့. . ."

"နင်နဲ့လမင်းက ကြိုက်နေတာလားမိငယ်. . . ငါ့ကိုမှန်မှန်ပြောစမ်း"

"မဟုတ်ပါဘူး. . ."

"ဒါဖြင့်လမင်းက ဘယ်လိုရောက်လာတာလဲ"

"မသိဘူးလေ"

"နင်ခေါ်လိုက်တာမဟုတ်ဘူးလား"

"မဟုတ်ဘူး သူ့အဲသလိုရောက်လာလို့ သမီးတောင်အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



နေသေးတာ"

"နင်မှန်မှန်ပြောနော်"

"မိငယ်မလိမ်ပါဘူးအမေရဲ့"

"လမင်းကိုတော့ စိတ်မကူးပါနဲ့အေ၊ ယောက္ခမကိုညှိုးပြီး ဆန်အိတ်ပိသေအောင် သတ်မဲ့သားမက်မျိုး. . . ညည်းအဖေကို သူတစ်စက်မှ ကြည့်မရဘူး"

"အဖေကရုပ်ဆိုးလို့ နေမှာပေါ့"

"တယ်ဒီကောင်မလေး. . . ပေါက်ကရပြောနိုင်သေးတယ်"

မိငယ်မှာ စေ့စပ်ပွဲပျက်သွားသည့်အတွက် အရိုက်ခံလိုက်ရသလို လမင်းလည်း သူ့အိမ်က အဆူအပူတော်တော် ခံလိုက်ရကြောင်း ဖုန်းဆက်၍ အသိပေးခဲ့သည်။

"နင်ငါ့ကိုအဲသလို လာမယ်လို့ဘာလို့ ကြိုမပြောတာလဲ"

"မပြောချင်လို့ပေါ့. . . ဘယ်နှယ့်လဲ နင့်အဖေကျွေးလိုက်တာနင်[illegible]တော်တော်အီသွားမှာပဲ"

"အီတာပေါ့. . . နင့်ဇောင်းမှုလေ"

"အဲသလိုမပြောပါနဲ့ဟာ. . . ငါကပိုဆိုးသေးတယ်. . . ငါ့အမေတွေက ငါ့ကိုလုံးဝကို မကြည့်တော့ဘူး. . . နင့်အဖေကို ငါ့မိဘတွေက သိပ်ကြည့်မရတော့ ပိုဆိုးကုန်ပြီ"

"ကောင်းတာပေါ့"

"ခုမှပဲ ငါနဲ့နင်က ရိုမီယိုနဲ့ ဂျူလိယက်လိုလိုဘာလိုလို"



"စိတ်ကူးယဉ်မနေနဲ့. . . ငါနင့်ကိုတစ်စက်မှမကြိုက်ဘူး"

"မိငယ် နင်အဲသလိုတစ်ခွန်းပြောလိုက်ရင် ငါ့ရင်ဘတ်တစ်ချက်အောင့်တယ်. . . နဲနဲမှကိုယ်ချင်းစာစိတ်မရှိဘူး. . . ပိန်းကော မကြပ်ကြပ်ဥတောင် ကျောင်ဆောင်နဲ့တိုးမယ်ဆိုတာ နင်မှအစစ်"

"ဟုတ်တယ်. . . ငါကအစစ်ပဲ နင့်လိုရေမရောဘူး"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

ကျွန်မက ကံကြမ္မာကို ဘယ်တုန်းကမှ မယုံခဲ့ဘူး. . .
ကျွန်မဖြစ်စေချင်တာတွေကို
အားလုံးဖြစ်လာဖို့လည်း
မရည်ရွယ်ပါဘူး. . .
ဒါပေမဲ့. . . လူတစ်ယောက်ကို ချစ်ရဖို့အတွက်
ကျွန်မဟာကျွန်မထင်တာထက်
တော်တော်သည်းညည်းခံနိုင်ခဲ့တယ်
အဲဒီအပေါ် မှာ ဝိုင်းဝန်းသွေးစုပ်တာကို
ပြုံးပြုံးပဲခံခဲ့တယ်. . .
အတိုင်းအတာတစ်ခုထိပေါ့လေ. . .

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလက်ထပ်ဖို့ပြင်ဆင်ချိန်ကစပြီး
အဆိုးဆုံးနဲ့ အကောင်းဆုံးနှစ်ခုကြားမှာ
ကျွန်မဗျာများတော့တာပဲ. . .
အင်း. . . လောကကြီးမှာ မထင်မှတ်တာတွေ
တော်တော်များများ ဖြစ်ပျက်လေ့ရှိတဲ့အထဲမှာ
သူ့အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ
ကျွန်မဟာ အောင်မြင်သင့်တာထက် ပိုအောင်မြင်တာ
လည်းပါမယ်ထင်တယ်. . .

♡ ♡ ♡



သူရောမိငယ်ပါ ဖိုင်နယ်အောင်ပြီးသောအခါ သူကပ်ပါသီတူးများကို စာပြန်သင်သည်။ တစ်ယောက်ကို ငါးသောင်းယူပြီး ဝိုင်းတွေ ဆက်ရှင်တွေပြည့်နေသောသူသည် အငယ်တန်းမှ ကောင်မလေးများ၏အသဲစွဲကိုကြီးဖြစ်လာသည်။ သူ့ဟန်းဖုန်းမှာ မကြာခဏမိတ်ဆက် သောကောလ်များဝင်လာပြီး ကိုကြီးဆိုသောအသံကြားတာနဲ့ သူ့ပုံတ နွားပြာကြီး အောက်သွားဖြသွားသလို ပြုံးဖြီးဖြီးဖြစ်နေသည်။ မိငယ်တ ဆွဲကုတ်ချင်စိတ်ကို ထိန်းထားရသည်။ မိငယ်ကတော့ အောတ်စ်ဆာဗျင် ကာလကို တော်တော်သီးခံဆင်းပြီးပြီးလျှင်. . . အလုပ်ဝင်ရမလိုလို သူများတွေလို အင်္ဂလန်သွားပြီးပလပ်ပဲ ဖြေရမလိုလို ယောင်ချာက ဆယ်အာလူးဝါး ဖြစ်နေသည်။

"ကျွန်တော်အိမ် လိုက်ခဲ့ပါလားမိငယ်"

"ရှင့်အိမ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

"မလိုက်ချင်ပါဘူး မိငယ်နဲ့သဘောမတူဘူးဆိုတာ ဘာလိုက်လုပ်ရမှာလဲ"

"အမေကတွေ့ချင်လို့"

"ကျုပ်ကို"

"အင်း"

"ကျုပ်ကိုတွေ့ပြီး ဘာလုပ်မှာလဲ. . . ကျုပ်ကငရုတ်သီးလဲမထောင်းတတ်ဘူး၊ ယောက္ခမကြိုက်အောင် အမေလို့ ပျော့ညက်ညက်မခေါ်တတ်ဘူး. . . တွေ့ရင် ဘာပြဿနာက ဝင်ဦးမလဲမသိဘူး"

"ဘာမှမဖြစ်ပါဘူး လူကြီးကတွေ့ချင်တာ လိုက်တွေ့လိုက်ပေါ့ကွာ. . . အမေကသဘောကောင်းပါတယ်"

"မဖြစ်နိုင်ဘူး. . ."

"ဟင်"

"ယောက္ခမလုပ်မဲ့သူက ချွေးမကိုသဘောကောင်းကောင်းဆက်ဆံတာရှားတယ်သီဟရဲ့၊ အဲဒီအထဲမှာ ယူ့အမေမပါဘူးစိတ်ချ ကျုပ်ပုံစံကိုမြင်တာနဲ့ ဒါလားဆရာဝန်လုပ်မှာလို့ မပြောရုံတမယ် ပြူးပြူးကြည့်လိမ့်မယ်"

တကယ်လည်း မိငယ်ခန့်မှန်းတဲ့အတိုင်းပါပဲ။ မိငယ်ကလည်း ဆရာဝန်မသာဆိုသည် လက်မှာ ကော်လက်ကောက်တွေ အကွင်းငါးဆယ်ကျော်စွပ်ထားပြီး လည်ပင်းမှာလည်း ဖန်စီကြိုးတွေဝတ်ထားသည်။



မျက်နှာကရောင်စုံ။ မိငယ်ကို မဲ့ရွဲ့ကြည့်သော သီဟအမေကို သီဟမမြင်ခင် မိငယ်ပြန်မဲ့ရွဲ့ပြလိုက်သည်။ မှတ်ကရော။

"ညည်းကနေတော်တော်ချမ်းသာတဲ့ပုံပဲ"

"မချမ်းသာပါဘူး ဒါလောက်ကို ချမ်းသာတယ် ဘယ်ခေါ်ပါမလဲ. . ."

"ချမ်းသာတဲ့သူဆိုတော့ အောက်ခြေလွတ်တာပဲ"

"ဆင်းရဲတဲ့သူကမရှိတာတွေ ထုတ်ထုတ်ကြွားတာ ပိုမဆိုးဘူးလားအန်တီ"

"သားက ခုကတည်းက ဗီဂျီ(ဘွဲ့လွန်)ဖြေဖို့ကြိုးစားနေတာ မိငယ်ကရော"

"ကျွန်မက အထူးကုကတော့ပဲ လုပ်မယ်လေ။ ပြီးတော့ ယောကျ်ားရှာသမျှငွေကို ဆေးခန်းလည်ပြီးလိုက်သိမ်းမယ်. . . ကောင်းတယ်မဟုတ်လား"

အဘွားကြီး၏နှုတ်ခမ်းက ပို၍ရွဲ့သွားသည်။

"ဒါနဲ့အန်တီမျက်နှာက ပုံမှန်မဟုတ်ဘူးနော်. . . သီဟ ယူ့အမေမျက်နှာသေချာကြည့်စမ်း facial palsy (မျက်နှာရွဲ့ခြင်း) ရနေတယ်. . . မကြာခင်က လေဖြတ်ထားသေးလား"

"ဟာမိငယ်ကလည်း မဖြတ်ပါဘူး ပေါက်ပေါက်ရှာရှာ"

အကယ်၍ မိငယ်သာဆင်းရဲလျှင် သူတို့သားနဲ့ မတူမတန် ဖြစ်ဦးမည်။ ခုတော့ သူတို့သားကို စာတော်လို့မိငယ်ကလိုက်ကြိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးပြောနေတာ။ မိငယ်မှာ ရင်ထဲ၌ ကလိကလိဖြစ်လာသည်။ အမြန်ပြန်မှဖြစ်မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

"သီဟ. . . ယူ့ကိုပြောရဦးမယ်. . . မိငယ်ဆေးခန်း ထိုင်ဖို့နေရာရပြီသိလား. . . မင်္ဂလာဒုံဘက်မှာ"

"မိငယ်အိမ်က. . ."

"တော်ပါ ဆေးခန်းထိုင်တာ ရှင်နဲ့လက်ထပ်ဖို့ ပိုက်ဆံစုတာ"

"မလိုပါဘူးမိငယ်ရာ. . ."

"အလုပ်ခွင်ထဲရောက်မှ အိမ်ကပိုက်ဆံပြန်တောင်း မသုံးချင်တော့ဘူးသီဟရဲ့ ရှက်စရာကောင်းတယ်လို့ထင်လာတယ် . . . ပြီးတော့သီဟကဝင်ငွေတအားကောင်းနေတာ၊ တို့ကတစ်ပြားမှမရှာနိုင်သေးဘူး ချမ်းသာတာက ချမ်းသာတာပဲ အဲဒီချမ်းသာတာကို ပြဿနာလုပ်ပြီး ရှာနေတဲ့ ယူ့အမေလိုလည်း ကိုယ်ပိုက်ဆံကိုယ်ရှာနိုင်တယ်လို့ ပြချင်တယ်"

"အမေ့ကို မုန်းနေတာလား"

"မမုန်းပါဘူး. . . ဒါပေမဲ့ မချစ်ဘူး"

"ကျွန်တော်ကြားက အနေရခက်တာပေါ့ မိငယ်"

"ယောကျ်ားလေးဘက်က သဘောမတူပါဘူးလို့ ပြောခံရတာလောက် မိန်းခလေးဘက်ကအောက်တာမရှိဘူး. . . မိငယ်ကို ချွေးတော်ချင်တဲ့လူတွေမှ အများကြီးရယ်. . . သီဟကြောင့် မိငယ်အိမ်မှာ



လည်း မျက်နှာအရမ်းငယ်တာသိလား. . . အမေကတချိန်လုံး စကားနဲ့စစ်ထိုးနေတာ. . . ကြာရင် စိတ်တိုပြီးရူးလိမ့်မယ်. . . အမှန်ဆို အမေဖြစ်တာကမှန်သေးတယ်. . . ယူ့အမေကသာ ဝမရှိဘဲဝိုလုပ်နေတာ"

"တော်ပါတော့မိငယ်ရာ. . . အမေ့ကိုအဲဒီလောက်ထိ ပြောမနေပါနဲ့"

"မဟုတ်လို့လား. . . အိမ်က သဘောမတူတာကတမျိုး ယူ့အမေကတမျိုး၊ ယူ့အမတွေကတမျိုးနဲ့. . ."

"နားငြီးလာပြီဗျာ မိငယ်. . . တော်တော့လို့ ကျွန်တော်ပြောနေတယ်"

"သြော် တော်ကကျုပ်ပြောတာကိုတော့ နားငြီးတတ်လာပြီပေါ့. . . ကလေးမလေးတွေက ကိုကြီးကိုကြီးဆိုရင်တော့ နားမငြီးဘူးသွားကြီးဖြဲပြီး သဘောတွေကျလို့. . . အခုကတည်းက ဇာတိပြလာပြီဒါတောင်ဟောက်စ်ဆာဂျင်ပဲ ရှိသေးတယ်၊ ပီဂျီတက်လို့ကတော့ နေ့လားညလားပဲ"

"မိငယ်"

"မအော်ပါနဲ့ တို့နားကောင်းတယ်"

"မင်းတော်တော်စကားများပါလား. . . တော်ပြီကွာ မင်းလုပ်ချင်တာလုပ် ပြောချင်တာပြော. . . ကျွန်တော်နဲ့ဘာမှမဆိုင်တော့ဘူး"

"ဘာ. . . ဒါဖြတ်တာပေါ့. . . ဟုတ်လား . . . ဟင်အေးလေ ပြတ်နိုင်တယ်ဆိုဖြတ်ပေါ့. . မိငယ်တို့က One go, two

www.burmeseclassic.com

www.burmeseclassic.com



come ပါ"

"သိတယ် သိတယ် မင်းဘယ်လောက်စွဲတယ်ဆိုတာ သိတယ်၊ အေးအဲ့ဒီလူတွေက မင်းရဲ့နောက်ခံနဲ့ ငွေကြေးကိုချစ်တာ မင်းကိုချစ်တာမဟုတ်ဘူးနားလည်လား. . . ငတုံးမ"

မိငယ်မှာ ငတုံးမဟု အဆဲခံရသဖြင့် ဆတ်ဆတ်ခါနာသွားသည်။

သူ့လက်မောင်းကို စိတ်တိုပြီးကိုက်ဆွဲတော့ အသံမထွက်ဘဲ ကြိတ်ခံနေသည်။ အားယူ တစ်ချက်မအော် ကျွတ်ဟုတစ်ချက်မညည်း။ စိတ်ရှိလက်ရှိ ဆွဲပစ်ပြီး လွှတ်ပေးလိုက်သောအခါ သူ့မျက်ရည်တွေ ဝဲလျက်ရှိတာ တွေ့ရသည်။

"အဲဒါနောက်ငတုံးမလို့ပြောဦး"

"ဝပြီးလား တစ်ချက်နဲ့တော်ပြီလား နောက်တစ်ချက်ထပ်ကိုက်ဦး၊ အသက်ပဲနှစ်ဆယ်ကျော်ပြီ ခုထိခွေးစိတ်မကုန်သေးဘူး"

"ဘာပြောတယ်"

"ဟုတ်တယ်လေ. . . ကိုက်တာခွေးမှကိုက်တာ"

"သိဟနော်. . . ငါထပ်လုပ်မိတော့မယ်"

"လုပ်လေ ကျွန်တော်ကချစ်တော့ခံရမှာပေါ့. . . ကြိုက်သလောက်နှိပ်စက်. . . ဝအောင်နှိပ်စက် ဒါပေမဲ့ ကျွန်တော်ကို ဖြတ်ဖို့ဘယ်တော့မှ ထပ်မပြောနဲ့. . . ကျွန်တော်ကိုမိငယ် ဖြတ်ရဲဖြတ်ကြည့် ကျွန်တော်မိငယ်ကို အရှင်မထားဘူး သတ်ပစ်မယ်၊ ပြီးမှထောင်ကျခံ



ဆိုက်မယ်"

"အမယ်လေး. . . အဲဒီလောက်ထိ စွန့်ဝံ့မနေပါနဲ့၊ ရှင့်အနာဂါတ်က ရွှေရောင်တလက်လက်တောက်နေတာ ကျုပ်ကြောင့် ချက်စီးပါတယ်ဆိုပြီး ရှင့်အမေကြီးက ပြဿနာလာရှာနေဦးမယ်"

မိငယ်နဲ့သူသည် ပြတ်လည်းမပြတ်၊ တည့်လည်းမတည့်ကြဘဲ ကြာခဏ နောင်ကျိန်ချကြသည့် ရည်းစားသက်တမ်းကြာလေလေ ပိုမို ချစ်ခင်စွဲလမ်းလာလေဟုပဲ ဝှတ္တုပေါ်မှာ ဖတ်ဖူးပေမဲ့ မိငယ်တို့မှာတော့ တစ်ယောက်နဲ့တစ်ယောက် ပြောမနာဆိုမနာတွေ ဖြစ်လာကြသည်။

နိုက်ဂျူတီတူတူဆင်းတော့ ညဘက်ညဉ့်နက်လျှင် သူ့ကို အမြဲအရေးတကြီးနှိုးရသည်။ သူ့အခန်းတံခါးကို ခပ်သာသာခေါက်နှိုးနေလေ့ရှိသည်။

"သိပ. . . သိပ"

"ဘာတုန်း"

"မိငယ်အိမ်သာသွားမလို့"

"သွားပါလား. . . ဒီမှာအိပ်နေတာ. . . စောစောကမှ အိပ်ရတာ"

"တစ်ယောက်တည်း ကြောက်လို့ပါ"

"မီးရှိတာပဲ"

"ရည်းစားဖြစ်ပြီး ဒါလေးတောင် အားမကိုးရဘူး"

အဲသလိုဆိုလျှင် အိပ်ချင်မူးတူးဖြင့် အခန်းထဲက ထွက်လာလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ပြီးရင် မိငယ်က အိမ်သာထဲမှာ၊ သူကအိမ်သာနဲ့ မနီးမဝေးမှာ ထိုင်ငိုက်နေသည်။ အလုပ်ကတော့ သူရှိ၍မိငယ်သက်သာသည်။ သို့သော်သူ့ကို မိန်းမလူနာများနှင့် အဆင်ပြေလွန်းတာ မိငယ်တို့ ရန်ဖြစ်ကြရသေးသည်။

ဗိုက်ကြီးသည်တွေအဆိုးဆုံးပါဘဲ။ သူ့ကိုမြင်တာနဲ့ "ဆရာ ကယ်ပါဦး အမေလေး နာလှပြီဆရာရဲ့ ဆရာဗိုက်ကြည့်နေတော့မှာ လား. . . ဆရာပဲမွေးပေးပါနော်. . . ဟင်းဟင်း"ဆိုကာ သူ့လက်ကို ကိုင်ပြီးပြောနေတာ မြင်ရတိုင်း မိငယ်မှာ ဒေါသတွေအလိပ်လိုက် တက်လာကာ ဘာပြောရမှန်း မသိဘဲပြန်မျိုချရပြန်သည်။ သူတို့ဟာ သူတို့ ဗိုက်ကြီးပြီးကလေးမွေးတာများ သီဟကို ပန္နပင်လုပ်၍တိုင်တည် နေတာ သီဟရဲ့ချစ်သူအနေနှင့် မိငယ်နားကလောလှသည်။ မိငယ် သည် ဤသို့သောအချိန်အခါမျိုးတွင် ဆရာဝန်တစ်ယောက်နဲ့မတူညီ မုန့်ယိုနေသော ဆင်မတစ်ကောင်နှင့်ပင် တူနေသည်ဟု ကိုယ့်ကိုကိုယ် ထင်မိသည်။ ဗိုက်ကြီးသည်များကို မွေးစင်ပေါ်တင်ပြီး ညှစ်ခိုင်းသည့် အခါမျိုးမှာ သီဟဘယ်လောက်စိတ်ရှည်တာကိုယ်တွေ့ပင်ဖြစ်သည်။

♡ ♡ ♡



"အား"

မွေးခန်းကထွက်၍ ဟောက်စ်ဆာဂျင်အခန်းဝ ရောက်တာနဲ့ သူ့ဗိုက်ကို မိငယ်တအား လိမ်ဆွဲပစ်လိုက်သည်။

"ဟာ. . . နာလိုက်တာကွာ"

"နာအောင်ဆိတ်တာပဲ"

"ဘာအမှားလုပ်မိလို့လဲမိငယ်ရဲ့"

"ရှင်ဗိုက်ကြီးသည်မတွေနဲ့ အီစီကလီပြောနေတာ ကျုပ် နားမခံနိုင်တော့ဘူး"

"ဟာကွာ. . . သူတို့ကလူနာပဲ. . . ပြီးတော့ မီးဖွားချိန်ဆို တာ ဘယ်လောက်နာကျင်သလဲ မိငယ်လည်း မိန်းမတစ်ယောက်ပဲ ကိုယ်ချင်းစာကြည့်ပေါ့"

"အို. . . ကလေးမွေးတာပဲ နာမှာပေါ့. . . သကြားလုံးခွာစား

www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ကိစ္စမှမဟုတ်တာ . . . နာတိုင်းသာ ဒီလိုလိုက်ချော့နေရရင် ရှင်ရှိသ ဗိုက်တွေချော့လို့တောင်မလောက်ဘူး"

"မိငယ်ကလဲ ပြဿနာတို မီးဖွားနိုင်မှာနေပြန်ပြီ"

"မီးဖွားစရာတောင် မလိုဘူး တို့မျက်စိနဲ့ တပ်အပ်တွေ့ထား နေပါဦးရှင်ကဗိုက်မှန်သမျှ လိုက်ပွတ်နေတာ ဘယ်သူနိုင်းလို့လဲ ပွတ် စရာလား"

"အနာသက်သာအောင်လို့ပါ . . . မိငယ်သဝန်တိုနေတာ လား . . . ဟား . . . ဟား . . . မိငယ်အလှည့်ကျရင် ကျွန်တော်ပွတ်ပေး မှာပါ"

"တော်စမ်းပါ နားရှက်စရာတွေ ရှင့်ကို ဘယ်သူကယူမ ပြောလို့လဲ . . . ယူပြီးအားတိုင်းကလေးချည်း ထိုင်မမွေးနိုင်ဘူး . . . ဒါပဲ ပွတ်ချင်ရင် ရှင့်အိုကျီလုပ်ပေါ့"

ဆေးရုံမှာတော့ မိငယ်နှုတ်ကြမ်းလျှာကြမ်းသလော ဆေးခန်းမှာတော့ အဆင်ပြေသည်။ ဆေးခန်းထိုင်တာဆို ပေါက်တ လူနာမလာပါနှင့်ဟု စာချိန်လုံးဘုရားကို ဆုတောင်းထားရသည်။

မိငယ်ရဲ့ပထမဆုံးလူနာအတွေ့အကြုံသည် ရယ်စရာလည်း ကောင်းကာ စိတ်တိုစရာလည်းကောင်းသည်။

လူနာက အသက်ငါးဆယ်အရွယ် ခေါင်းကွဲလူနာ။

သွေးရဲရဲ သံရဲရဲဖြင့် မိငယ်မှာ ဂွမ်းဖတ်တစ်ခု ခေါင်းဒဏ် ပေါ် အသာအုပ်ထားရပြီး ထိုလူနာက တဂေ့ဂေ့နှင့် လေချဉ်တက်



သေးသည်။

"ဆရာမလေး . . . မိန်းမနဲ့သားသမီးတွေ အသုံးကျရင် ကျွန်တော်ဒီလိုဖြစ်မှာ မဟုတ်ဘူးဗျ"

"ဟုတ်ကဲ့"

"ဆရာမလေး စဉ်းစားကြည့်လေ . . . ကျွန်တော်တ အငြိမ်းစားယူထားတာ ဒင်းတို့ကို နှစ်လေးဆယ်လောက် ရှာကျွေး လာတဲ့ကျေးဇူးကိုမထောက်ဘျာ . . . ငွေမရှာနိုင်တော့ အိမ်ကမွေးထား တဲ့ခွေးညိုကတောင် ကျွန်တော်ကို ဟောင်တယ်။ အဲဒါကို သူတို့မထိန်း ဘူး . . . အဲဒါကိုစိတ်တိုပြီး ကျွန်တော်လည်း တိုင်နဲ့ခေါင်းဆောင်ပစ် လိုက်တယ်"

"ဦးလေးကမူးနေတာဆိုတော့ ဦးလေးပဲနာမှာပေါ့"

"ဟာမဟုတ်သေးဘူး ဒီလိုဆရာမလေးရဲ့ . . . ဟီးဟီး . . . တိုင်နဲ့တမင်လွဲပြီး မနာအောင်ဆောင့်တာပဲ မူးနေတော့ လွဲအောင် လုပ်ရင်း တည့်တည့်တိုးတာဗျ . . . ဟားဟား . . . ဆရာမလေး . . . အစိမ်းချုပ်နော် . . . ကျွန်တော်သွေးကရဲပါတယ်ဗျ . . . မကြောက်တတ် ဘူး . . . ရဲရဲသာချုပ် တစ်ခါထဲကျက်အောင်ချုပ် . . ."

မိငယ်မှာ ငိုရမလိုရယ်ရမလိုဖြင့် Mersilk ဖြင့်ချုပ်ရာ အပ်နဲ့ အသားထိတာနဲ့ အကျယ်ကြီး ထအော်လေသည်။

"အား"

"ဦးလေးကလဲ ရဲရဲချုပ်ဆို"

www.burmeseclassic.com



"ဘွာတေး. . . ဘွာတေး. . . ကျွန်တော်ကနားတတ်လို့ပါဗျာ. . . ဆရာမ. . . ထုံဆေးလေးရော မထိုးဘူးလားဟင်"

မိငယ်ရဲ့ဆေးခန်းကလေးသည် ငွေကြေးမတတ်နိုင်သူတို့အလယ်မှာ ခြောက်လကြာသောအခါ အတော်အသင့် နာမည်ထွက်လာသည်။ ဆရာမလေးက ဆေးလိုက်တယ်ဆိုကာ အဝေးမှတကူးတကလာပြသူတွေတောင်ရှိသည်။ မိငယ်မှာ ဆေးခန်းကရသမျှပိုက်ဆံကို ငါးမူးသား ရွှေကြေးကြောက်တစ်ကွင်းစီလုပ်၍စုသည်။

သီဟာကစာသင်၍ဝင်ငွေကောင်းနေချိန်မှာ မိငယ်ကတော့ ကုသရေးပိုင်းကို ဇောက်ချ၍ဒုက္ခခံလုပ်ကိုင်သည်။

"ဆရာဝန်ဖြစ်ပြီးမှတော့ ဆေးပဲကုချင်တယ်. . . ဒါပေမဲ့သီဟာက P.G မှန်းထားတာဆိုတော့ Teaching ပဲ ပိုစတင်လျှောက်ပါကွယ်. . . မိငယ်ကတော့ ဆေးရုံထဲမှာပဲ ကျန်ခဲ့မယ်"

"ဟာ. . . ကျွန်တော် P.G တက်တော့ မိငယ်က နယ်လွှင့်သွားရောပေါ့. . . ကျွန်တော်မဝေးချင်ပါဘူး"

သီဟာပခုံးမှာမှီကာ သက်ပြင်းတိုးသဲ့သဲ့ကို မိငယ်ရှိုက်သည်။

ဒီအသက်မှာတော့ ရင်ခုန်ရုံနဲ့တင် ဘဝဆိုတာ ပြီးပြည့်စုံမှာ မဟုတ်တော့ဘူးလေ။ ကျောင်းသားဘဝလည်း ကုန်ခဲ့ပြီ။ ကျောင်းသားဘဝဆိုတာ ရွာပြီးသွားတဲ့ မိုးစက်တွေလိုပဲ ခုချိန်မှာခန်းခြောက်ခဲ့ပြီ။ မချွင်အတွက်နဲ့. . . အိမ်ကိုလည်း အတတ်နိုင်ဆုံး ခုခံဆန့်ကျင်ကာကိုယ့်အချစ်ကိုကာကွယ်ခဲ့ဖူးပြီးပြီ။ လျှောက်လဲချက်တွေ တပုံတပင်နဲ့



တည်ဆောက်ခဲ့သော မိငယ်ရဲ့အချစ်သည် ယခုအခါ စိတ်ကူးထဲမှာတော့ တခမ်းတနား အချစ်နန်းတော်ကြီးဖြစ်နေခဲ့ပြီ။ ထိုနန်းတော်ထဲတွင် မိငယ်နဲ့သီဟာသည် တကျက်ကျက် ရန်ဖြစ်လိုကာရန်ဖြစ်ရင်းမိငယ်တသူ့မျက်မှန်ကို ဆွဲချွတ်ကာလွှင့်ပစ်သဖြင့် ပြန်လုပ်ရသော မျက်မှန်ဖိုးတွေလည်း ငွေတစ်သိန်းကျော်ပြီ။ ပြီးတော့ ခွဲခွာလို့မဖြစ်သောထူးဆန်းသည့် ခံစားချက်တစ်မျိုးဖြင့် မိငယ်တို့နှစ်ယောက်သည် စိတ်ကူးနန်းတော်ကို အနာဂါတ်အတွက် ပြင်ဆင်မှုများဖြင့် ထပ်မံအလှဆင်ကြမြန်သည်။

တဖြည်းဖြည်း မိငယ်တို့နှစ်ယောက်သည် ဆယ်ကျော်သက်အဖြစ်မှ ရင့်ကျက်လာခဲ့ကြပြီး ငွေကြေးကို ဘယ်လိုရှာဖွေမလဲဆိုတာငွေကြေးကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ ပိုနားလည်ခဲ့ကြသည်။

မိငယ်တို့နှစ်ယောက်မှာ အိမ်မက်တစ်ခုကလည်း အလိုလိုခန်ဆင်းခဲ့ပြီးသားဖြစ်သည်။ အံ့ဩစရာက ထိုအိမ်မက်ကို သူရောမိငယ်ပါပြိုင်တူတစ်ညထဲမှာ မက်ခဲ့ခြင်းဖြစ်သည်။ အိမ်မက်ထဲမှာ မိငယ်တို့သည် သားကလေးနှစ်ယောက်ဖြင့် တိုက်အိမ်လှလှကလေးတစ်လုံးရှေ့မြတ်ခင်းပြင်ပေါ်မှာ ပျော်ရွှင်စွာဆော့ကစားနေကြသည်တဲ့။ မိငယ်တို့သူတ. . .

"သေချာတယ်သိလား. . . ကျွန်တော်တို့နှစ်ယောက် သက်ထပ်ဖြစ်ကြလိမ့်မယ်"ဟု တိတိကျကျ ဟောကိန်းထုတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်မှာယောင်ယမ်းပြီး လှေကျင့်ခန်းလုပ်ထား၍ ပြား... ကာအဆီမရှိသော ဗိုက်ကိုစမ်းမိကာ ဘုရားဘုရား အိမ်မက်အတိုင်း... ငါတော့ကလေးနှစ်ယောက်မွေးပြီး ပုံပျက်ပန်းပျက်ဖြစ်ရချည့်ရဲ့ဆို... သွေးပျက်ထိတ်လန့်မိတာတော့ သီဟတစ်ယောက် မသိရှာပေ။

♡ ♡ ♡



"အမေ့မျက်စေ့ခွဲဖို့ ကျွန်တော်အလုပ်ရှုပ်နေတယ်။ အဲဒါ မိငယ်ကို ဒီတစ်ပတ်အတွင်း ဆေးခန်းလာမကြို့ပေးနိုင်ဘူး"

"အင်းပါ ရပါတယ်. . . ဒါနဲ့ဗိုက်ဆံရောရှိရဲ့လား"

"နဲနဲတော့ လိုနေတယ်"

"သီဟစုထားတဲ့ဗိုက်ဆံတွေရော"

"မိငယ်ရယ် အဲဒီဗိုက်ဆံတွေက အိမ်အတွက် လိုတာတွေ သုံးတာနဲ့လျော့ကုန်တာပေါ့"

"ဒါဆိုမိငယ်လိုတဲ့ငွေချေးမယ်လေ"

"အတိုးပေးရမှာပေါ့"

"အင်း. . . နှစ်ဆယ်တိုးပေးရမှာပေါ့"

"အင်း. . . ပေးရမှာပေါ့ အဲဒီအတိုးအတွက်နောက်မှမိငယ် ဆီကပြန်ယူရမယ်. . . သားတွေမွေးခိုင်းပြီးတော့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း. . . ယုတ်ပတ်တာ. . . သိပ်မမွေးပေါ့. . . တို့က မမွေးပါဘူး"

"မိငယ်ကမိန်းမပဲ"

"အို. . . မမွေးချင်ပါဘူး. . . တို့အလှပျက်သွားမှာပေါ့"

"ချစ်တယ်ဆို. . . ကျွန်တော့်ကိုချစ်တယ်ဆို. . . ဟင်"

မိငယ်မျက်နှာ ရှုံ့မဲ့သွားတော့ သူကရယ်လေသည်။ အင်း ဒီကောင်လေးဟာ မိငယ်စချစ်တုန်းကလို ခပ်အေးအေး ကောင်လေး မဟုတ်တော့ဘူးပဲ။ စကားတွေသွက်လာပြီ။ ဟောက်စ်ဆာဂျင် တစ်နှစ်ဆင်းပြီး ကျောင်းဆရာပေါက်စပဲရှိသေးသည်။ ကောင်မလေးတွေနဲ့ အပြောများလို့ တက်လာသည်ထင်ပါရဲ့။ မိငယ်မှာ သဝန်တိုသော်လည်း သီဟာနဲ့ပတ်သက်လျှင် ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချမှုရှိသည်။

မိငယ်ဆိုသောမိန်းမသည် အချစ်တစ်ခုနဲ့ ခိုင်းစား၍ရသော မိန်းမဖြစ်သည်။ ထိုအချက်ကို မိငယ်ကဲ့သို့ပင် သူကလည်းကောင်းကောင်းသိထားသည်။

ပြီးတော့မိငယ်မှာ အရည်အချင်းရှိသည်။ အဲဒါက ငွေရှာနိုင်ခြင်းနဲ့ ငွေကိုဘယ်ကရှာရမလဲဆိုတာ အမြဲတစေ စဉ်းစားနေသော မိန်းမပျိုဖြစ်သည်။

ရုပ်ရည်ကအပျံစား၊ ပညာကဆရာဝန်၊ ငွေကလည်းကောင်းကောင်းရှာနိုင်၊ နောက်ခံကလည်း အင်အားတော့တင့်သူ ဒီလိုမိန်းမမျိုးကို ဦးနှောက်နဲ့ ဆုံးဖြတ်ရင်တောင် လက်လွှတ်ဖို့ ဘယ်တော့မှ မဖြစ်နိုင်တဲ့အတွက် သူ့ချစ်သူဖြစ်နေသောအခါ ဒီတသက်သူဘယ် တော့မှ မိငယ်ကိုကျော်၍ တခြားတစ်ယောက်ကို မရွေးချယ်ဟု ယုံကြည်ထားသည်။ သူအဲသလို ရွေးချယ်ထားသွားလျှင်လည်း မိငယ်က တမီစွန်တောင်ဆွဲ၍ငင်၊ မျက်ရည်ပေါက်ကြီးငယ်ကျ၍ငင်၊ လူတကာကိုသနားစရာကောင်းအောင် လိုက်လံပြောပြ၍ငင်၊ ဘာနည်းလမ်းမှ မသုံးဘဲ မိငယ်ကို အသဲအသန်ချစ်သောလူတစ်ယောက်ကို တောက်တွဲဖို့ဘယ်တော့မှ ဝန်မလေးသောမိန်းမဖြစ်သည်။

မိငယ်တို့ဆရာဝန်အသိုင်းအဝိုင်းမှာ တခေါက်သောသူသည် ပေါ်ပြူလာဖြစ်လွန်း၍ မိငယ်ကို ကိုယ့်သဘောင်းကိုယ်တူးသူဟု မီးမီးကငင်း ရွှေယိမ်းကငင်း လမင်းကငင်း ဝေဖန်ခဲ့ပေမဲ့ မိငယ်အပြုံးမပျက်ပေ။

ဘာလို့လဲဆိုမိငယ်သည် ရည်းစားကိုတောင် အတိုးနဲ့ ငွေချေးသောမိန်းမဖြစ်သည်။ ဒီလိုမိန်းမမျိုးနှင့် သူလက်ထပ်လျှင် သူ့တသက်ဘယ်တော့မှ (အားနွဲ့သောမိန်းမကိုလက်ထပ်၍ နှစ်ယောက်ရှုန်းရသော) ပူပင်သောကမျိုး ကြုံရမှာမဟုတ်ဆိုတာ သူကောင်းကောင်းနားလည်ထားတာမိငယ်သိသည်။

"အချိန်မရွေးဘဲ ငါ့ထက်ကောင်းမယ်ထင်လို့ သာသယ်ထင်လို့ နားရင်သူနားပါစေ. . . ပြဿနာမရှိဘူး။ အေး. . . လဒဆိုတာ သချိုင်းမှာပဲနေရိုး ထုံးစံရှိတယ်. . . မြို့ထဲက[illegible]တို့ ပြန်လာလို့ ဘယ်တော့မှမရဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကို မေတ္တာမရှိသော်လည်း မိငယ်မှာဝတ္တရားရှိသည့် အတိုင်းတစ်ရက် ဆေးရုံသွား၍ကြည့်ရသည်။ အသွားကြီးနှုတ်ခမ်းက အရွဲ့မပျောက်သေးပေ။ မိငယ်ကလည်း နှုတ်ခမ်းကို ခပ်ရွဲ့ရွဲ့ပြုံးကာ ထားသည်။

"သီဟာ. . . သီဟ. . . အား. . . နာလိုက်တာ"

"ဟင်ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

"ခြေထောက်. . . ခြေထောက်"

"ဟင်. . . ဘယ်မှာလဲ. . . ဘယ်မှာလဲ"

"မရတော့ဘူး. . . မိငယ်ကိုချီ. . . ချီလို့. . . ဆို"

"ဘယ်လိုချီရမှာလဲ"

"ချီပြီး ခုတင်ပေါ်တင်လေ ပြီးမှခြေထောက်ကိုကြည့်ပေး"

သီဟာအမေက ကပျာကယာ ခုတင်ပေါ်က ဆင်းပေးသည်။ မိငယ်ကိုကပျာကယာ ပွေ့ချီလိုက်သော သီဟရင်ခွင်ထဲမှာ အလိုက်သင့် လိုက်ပါငြိမ်သက်ရင်း. . .

မိငယ်သည် ကိုယ့်မာယာကို သဘောကျကာ ပြုံးစိစိလုပ်နေလေသည်။

အမှန်ဆို ခြေထောက်က ဘာမှမဖြစ်။ သို့သော် သီဟာအမေရှေ့မှာ သီဟာသည် သူတို့ဘယ်လောက်ပြောပြော မိငယ်ကို အသဲအသန် ချစ်မြတ်နိုးသည်ဆိုတာ ပြသချင်သော စိတ်ဓာတ်ကလေးဖြင့် တမင် ညစ်ပတ်ခြင်းဖြစ်သည်။



မိငယ်ခြေထောက်ကလေးကို မထိရက်ထိရက်နဲ့ ကိုင်ကာ နီးရိမ်တကြီး ကြည့်နေသောသီဟာကိုကြည့်ကာ သနားသော်လည်း မိငယ် ခပ်တည်တည်နဲ့ ဆက်လိမ်လိုက်သည်။

"အဲဒီနားကလေ အရမ်းနာတာပဲ. . . အားအဆစ်လည်သွားတာလားမသိဘူး. . . ဟာ. . . မလှုပ်နဲ့လေ. . . ခက်တော့တာပဲ. . . ဒီသီဟကလေ. . . တော်ပြီ ဒီတိုင်းဆို မိငယ် ကားမမောင်းနိုင်တော့ဘူး. . . ယူပဲမောင်းပြီးပြန်ပို့တော့"

သီဟာပခုံးကို အကျအနမှီကာ ထော့နဲ့ထော့နဲ့ လမ်းလျှောက်ရင်း

"အန်တီ သီဟာကို ကားမောင်းခိုင်းမယ်နော် ဖြစ်တယ်မို့လား"

ဟုသီဟာအမေကို မေးဖြစ်အောင် မေးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



“သီဟ. . . အဲဒီဖုန်းကို မသုံးနဲ့တော့ တို့အသစ်တစ်လုံး ဝယ်ပေးမယ်”

“ဘာဖြစ်လို့လဲ မိငယ်. . . ဒီဖုန်းဝယ်ထားတာ တစ်နှစ်ကျော် ပဲရှိသေးတယ်”

“ကောင်မလေးတွေ တချိန်လုံးဆက်နေလို့လေ”

“ဒါကတော့ စာသင်ဖို့ အချိန်ပြောတာပါ”

“တော်စမ်းပါ ဖြီးရင်လည်း ယုံအောင်ဖြီးစမ်းပါ၊ ဒီအလုပ်တွေ ကမိငယ် ဆယ့်ခြောက်နှစ်တုန်းက ပျင်းလို့ရပ်စဲခဲ့တဲ့ အလုပ်တွေပါ ဟင်းမသိတာမှတ်လို့ ကိုကြီးထမင်းစားပြီးပြီလား. . . တာလုပ်နေသလဲ ဆိုရင် အသံက အီကြာကွေးထဲ ပဲထည့်ကြော်ထားတဲ့အသံနဲ့. . . ငှက်ဖျားတက်သလို တုန်တုန်ချိချိက ပါလိုက်သေးတယ်. . . အဲဒါပြော တာပေါ့. . . လူရိုးဆိုတာ ခုခေတ်မှာမရှိတော့ဘူးဆိုတာလေး တယ်မှ



တာပဲ. . .”

“ဟာကွာ. . . ဘာတွေပြောနေမှန်းမသိဘူး. . . မိငယ် ကိုယ့်ဆရာလုပ်နေတာနော်. . . သဘောပေါက်လား”

“ဘယ်ကကိုယ်လဲ မပြောစဖူး ကိုယ်တွေတောင် ဖြစ်ကုန်ပြီ၊ ကိုယ်ပြီးရင်တော့ ခေါင်းအလှည့်ပဲ”

“ကဲ. . . ကလေးကျနေတာပဲ”

“ဟုတ်တယ် ဦးကုဋေကဆို မဒိုပါနဲ့ကလေးရယ် သီချင်းကို နေ့တက ဆိုပြသေးတယ်”

“ဘာပြောတယ် အဲဒီလူကြီးက မိန်းမမယူသေးဘူးလား”

“မိငယ်တို့ စိတ်မကုန်သေးဘူး ပြောတာပဲ. . . လမင်းတာ သည်း မိငယ်သာ ခုချက်ချင်းခေါင်းညိတ် ခုချက်ချင်း နှီးပြေးပြီးသား ပဲတဲ့”

“မင်းမှာငါရှိရက်နဲ့ သူတို့အကြောင်းကို မြိန်ရည်ရှက်ရည် ပြောနိုင်သေးတယ် အရှက်မရှိတဲ့မိန်းမ”

“ဘာဖြစ်လဲ မိငယ်တို့က ပြောင်ပဲ ဘာမဆိုပြောင်လုပ်တယ် သူများလိုခိုးမစားဘူးသိလား. . .”

“ဘယ်သူကခိုးစားလို့လဲ”

“ပါးစပ်ထဲမှာ အလုံးအထည်နဲ့ မိတာတောင် လိမ်သေးတယ်၊ ပြောထားမယ်နော်၊ မိငယ်မမှားတဲ့အမှားမျိုးကို ကြိုက်တဲ့အချိန်လုပ် ခဲ့တော့မမိစေနဲ့ မိတဲ့အချိန်မှာ လုံးဝလှည့်မကြည့်ဘူး အဲထောက်တောင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်ရင်တောင် လုံးဝခွင့်မလွှတ်ဘူး ဒါပဲ"

သူတို့လွှန်ဝင်ခွင့်ပြင်ဆင်နေသည့် နှစ်နှစ်အတောအတွင်းမှာ မိငယ်တို့အိမ်၌ အပြောင်းအလဲကြီးတစ်ခုဖြစ်လေသည်။ အဲဒါကတော့ အင်္ဂလန်တွင် သွားရောက်အခြေချနေထိုင်ရန် မိငယ်မိဘများက ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။ မိငယ်အစ်ကိုနဲ့ ယောင်းမက ဟိုမှာအခြေကျနေပြီမို့ အဖေတို့က လိုက်သွားရန် စီစဉ်ခြင်းဖြစ်သည်။

မိငယ်မှာ ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် ဘာလုပ်ရမှန်းပင် မသိ။

" IELTSဖြေပြီး သမီးလိုက်ခဲ့ပါ. . . ဟိုမှာကျောင်းဆက်တက်လေ၊ ဘာပူစရာရှိလဲ"

"ဒါပေမဲ့ မိငယ်ဆေးခန်းကလေးကို သံယောဇဉ်ရှိတယ်. ."

"တစ်လဆယ်သိန်းမဝင်ပါဘူး မိငယ်ရယ်. . . မိဘကစီစဉ်တာကို ညည်းစိတ်ကြိုက် လုပ်ခဲ့တာတွေ သိပ်များနေပြီနော်. . . ဒါနောက်ဆုံးတစ်ခုပဲ ဆေးခန်းကို အကြောင်းပြမနေနဲ့. . ."

တောသွားမဲ့သူနဲ့ နိုင်ငံခြားထွက်မဲ့မိဘများ အလယ်မှာ မိငယ် အကျပ်ရိုက်နေလေပြီ။ ဒီတစ်ခါ မလိုက်ရင် မိဘတွေက မိငယ်တို့ တသက်စာ ခွင့်လွှတ်တော့မှာမဟုတ်။ လိုက်သွားလျှင် သီဟနဲ့က တသက်စာဝေးပြီ။

"မိငယ် ဘာလုပ်ရမလဲ သီဟ"



"ကျွန်တော်ဖြင့် အံ့ဩလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး မိငယ်. . . ဒါပေမဲ့ ကျွန်တော်ကြိုပြင်ဆင်ရမှာပေါ့၊ ခံစားဖို့အတွက်လေ"

"သီဟဘာကိုဆိုလိုတာလဲ"

"မိငယ်လမ်းတစ်လမ်းကိုပဲ ရွေးမှာကျွန်တော်သိတယ်. . . ထားခဲ့ရင်နေတတ်ဖို့ကြိုးစားရမှာပေါ့ မိငယ်. . . ချစ်သူဆိုက ပျော်ရွှင်မှုကို လိုလားရင် ကြေကွဲမှုကိုလည်း ယူတတ်ရမှာပေါ့"

သူဒီလောက်စကားတတ်မယ်မှန်း မိငယ်ထင်မထားခဲ့ပါ။ ယခုလိုတဖွဖွ တန်နှဲ့ ပြောလိုက်ချိန်တွင် သူ့ကိုထားခဲ့ဖို့ မိငယ်တော်တော်စဉ်းစားရပေမည်။ သူနဲ့မိငယ်ကြိုက်ခဲ့တာ ငါးနှစ်ကျော်ခဲ့ပြီ။ မိငယ် သူနဲ့ခွဲနိုင်တယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စ။ ခွဲခွာဖို့အတွက် မိငယ် ချစ်သူထားခဲ့တာမဟုတ်။

"အချိန်တွေရပါသေးတယ်သီဟရယ်. . . စီဇာကိစ္စက အချိန်ယူရဦးမယ်"

"ဒါပေမဲ့ တစ်နှစ်ထက်ပိုကြာမှာမှ မဟုတ်တာ"

"မိငယ် ပြန်လာလို့ရတာပဲ"

"မဖြစ်နိုင်တာတွေ စိတ်ကူးမယဉ်စမ်းပါနဲ့ မိငယ်ရယ် ပြန်လာဖို့ပြောပြီး ကျွန်တော်က ဝဋ်ဒုက္ခကြီးနဲ့ စောင့်နေရဦးမလား ပြီးတော့ မိငယ်ကဟိုမှာ အိုးသစ်အိမ်သစ် ထူထောင်ချစ်သူအသစ်ထပ်တွေ."

"တော်တော့. . . ဆက်မပြောနဲ့တော့ မကြားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဲဒါတကယ်ဖြစ်လာမှာလေမိငယ်. . . အဲဒါတွေက တကယ်ဖြစ်လာမဲ့ဟာတွေလေ. . . မိငယ်အတွက် ချစ်သူဆိုတာ အချိန်မရွေးရှိနိုင်တာပဲ. . . ကျွန်တော့်မိငယ်အတွက် အဟန့်အတားတစ်ခုဖြစ်နေပြီလားတောင် မသိပါဘူး. . . အဲသလိုဖြစ်ခဲ့ရင် ကျွန်တော် ကျွန်တော်"

"တော်တော့လို့ မိငယ်ပြောနေတယ်နော်. . . ဆက်ပြောရင် မိငယ်အဆိုးမဆိုနဲ့ သီဟကိုမိငယ် မထားခဲ့နိုင်ဘူး. . . မိငယ်နဲ့ တစ်ခါထဲလိုက်ခဲ့မလားဟင်"

"ကျွန်တော့်အမေကို ကျွန်တော်ထားခဲ့လို့မရဘူးမိငယ်"

မိငယ်သီဟရှေ့မှာ ပျော့ခွေလဲကျသွားလေသည်။



"မိငယ်နေခဲ့မယ်"

ထိုဆုံးဖြတ်ချက်အတွက် မိငယ်စွန့်လွှတ်လိုက်ရတာ အများကြီးဖြစ်သည်။ မိငယ်သည် အချစ်အတွက်နဲ့ ကံကြမ္မာကို ခုံမှ ရဲရဲကြီးစိမ်ခေါ်လိုက်သလို ဘဝတစ်ခုလုံး ပြောင်းလဲသွားတော့သည်။

နေခဲ့မယ်ဆိုသော ဆုံးဖြတ်ချက်နှင့်အတူ မိငယ်ရရှိလိုက်သည်မှာ သုညပင်ဖြစ်သည်။

"သုညဆိုတာ သိတယ်မို့လားသီဟ ဟင်. . . သုညဆိုတာ ဘာမှမရှိဘူး။ သူတစ်ခုတည်းထားရင် ဘာတန်ဖိုးမှမရှိဘူး"

"ကျွန်တော်က မိငယ့်အတွက် သုညပါပဲ"

"ဟုတ်တယ်. . . ဒါပေမဲ့. . . ယောကျ်ားတစ်ယောက်ရဲ့ တန်ဖိုးကိုမြင့်အောင် လုပ်ပေးနိုင်တာ မိန်းမလေ. . . မိငယ်လေ. . . သုညရှေ့က အမြင့်ဆုံးဂဏန်းတွေ ဖန်တီးမယ်သိလား. . . သုညကို

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိအောင် လုပ်ဖို့တစ်ခုပဲလိုတယ်. . . အဲဒါအချစ်ပဲ သီဟသာ မိငယ်ကို သစ္စာရှိရှိချစ်နေမယ် ဆိုရင်ပေါ့ . . မိငယ်သုညကနေ ဘဝကို ပြန်စနိုင်မှာပါ"

"မိငယ်. . . ကျွန်တော်. . . ကျွန်တော်အရမ်းချစ်တယ် ဗျာ"

မိငယ်မှာကားမရှိ၊ အိမ်မရှိ။ ဆေးခန်းတစ်ခန်းနှင့် ငွေဆယ်သိန်းကျော်၊ ရွှေသိန်းနှစ်ဆယ်ကျော်ဖိုးသာ လက်ကိုင်ရှိသည်။ အိမ်ကပိုက်ဆံတစ်ပြားမှ ချန်မထားခဲ့ချေ။ မိငယ်သည် လူချည်းသက်သက် သီဟနဲ့လက်ထပ်လိုက်သည်။ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်တွေနှင့် သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် လက်ထပ်နေချိန်မှာ မိငယ်အတွက် ရွှေရောင်ကတ်ထူထူဖုံးထားသော မင်္ဂလာစာချုပ်တစ်စုံသာ လက်ဝယ်ပိုင်ခဲ့သည်။

"မင်္ဂလာဆွမ်းကျွေးလေးတော့ လုပ်ကြရအောင်မိငယ်. . . မောင်တို့စုထားတဲ့ငွေနဲ့ပဲ လုပ်ကြတာပေါ့"

"မလုပ်ဘူး. . . အဲဒါအာပလာတွေပါ. . . အဲဒီငွေတွေဟာ စီးပွားရေးလုပ်ရာမှာ အပိုကုန်လို့ မဖြစ်ဘူး. . . ဒါပေမဲ့ နောက်ဆယ်နှစ်မိငယ်တို့ Annivessary ကို မြန်မာပြည်ရဲ့ နာမည်အကြီးဆုံး Hotel ရဲ့ Pool Side (ရေကူးကန်ဘေး)မှာလုပ်ဖြစ်အောင်လုပ်မယ်. . ."

မိငယ်တို့ မင်္ဂလာဦးညသည် ဆေးရုံမှာမိငယ်က နိုက်ဂျူတီဆင်းရခြင်းဖြင့် တစ်ယောက်တစ်နေရာ ခွဲအိပ်ရသည်။ ဆေးရုံမှာလည်း လာလိုက်တဲ့လူနာ။ ဆယ့်ငါးမိနစ်တစ်ယောက်နှုန်း လာနေတယ်တောင်



ထင်ရသည်။ မိငယ်မှာ နောက်တစ်နေ့နံနက် သီဟဆီပြန်တော့. . သီဟ ကျောင်းသွားခါနီးပြီ။

တစ်ညလုံးအိပ်ရေးပျက်လာသော လက်ထပ်ပြီးခါစ ဇနီးတလေးကို သီဟခမျာ နဖူးကလေးတစ်ချက်နမ်းပြီး စာမေးပွဲခန်းစောင့်ဖို့ ထွက်သွားသည်။

"ဆရာဝန်ဆိုတာ ဒါပဲလေ. . . လူနာတွေအတွက် နှစ်ဆယ့်လေးနာရီ ညမအိပ်ဘဲ အလုပ်လုပ်ရတယ်. . . လူနာတွေအတွက် ကိုယ့်အခွင့်အရေးတွေ တော်တော်များများ ဖျက်စီးပစ်ရတယ်. . . ဒါကို အပြင်လူတွေမသိဘူး. . . သိဖို့လည်း ဘယ်တော့မှ သူတို့ကြိုးစားမှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ မြန်မာပြည်ကလူတွေ သိထားတဲ့ ဆရာဝန်ဆိုတာ ကားစီးနိုင်တဲ့လူတန်းစား ဘယ်တော့မှ မဖျားမနာတဲ့ ဓာတ်ရုပ်လူသားလို့ ထင်နေကြတာ. . . သူတို့အတွက် မိငယ်တို့အချိန်တွေအားလုံး မြှုပ်နှံထားတာကို သူတို့ကဂုဏ်သိက္ခာနဲ့ အောင်မြင်ချော်ကြားမှုအတွက်လို့ပဲ မြင်နေကြတယ်၊ ဝါသနာတွေ၊ အနစ်နာခံတာတွေ၊ စွန့်လွှတ်ရတာတွေ သူတို့မသိကြဘူး. . . ဂျူတီကုတ်ဝတ်ရတဲ့လူတွေဟာ သူတို့လိုပဲ ခံစားတတ်တယ်. . . နာကျင်တတ်တယ်၊ ဆရာဝန်တွေဟာ လူတွေပဲ. . . မိသားစုကိုယ်စီရှိတယ်. . . လူမှုရေးကိစ္စတွေရှိတယ်. . . ဒါပေမဲ့ ဆရာဝန်တွေဟာ အများအတွက်အတွက် ကိုယ့်မိသားစု အရေးကိစ္စတော်တော်များများကို လှည့်မကြည့်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို အပြစ်တင်ရမလဲ"

သီဟာစာမေးပွဲစောင့်ပြီး ညနေပြန်လာချိန်မှာ မိငယ်ဆ ဆေးခန်းမှာ။ ညဆယ်နာရီထိ ဆေးခန်းထိုင်ရသောမိငယ်ကို သီဟ လာကြိုချိန်မှာ မိငယ်သည် တစ်ကိုယ်လုံးနွမ်းနယ်လျက်ရှိသည်။

"ဘုရားရေ. . . ဒီနေ့ကမှ မင်္ဂလာဦးညဖြစ်ဦးမယ်ထင်ပါရဲ့ ဒါပေမဲ့ကိုယ့်ကိုကိုယ်တောင် မိငယ်မသယ်နိုင်တော့ဘူး"

မိငယ်မှာ ဘတ်စ်ကားကျပ်ကျပ်တိုးစီးရင်း ဤသို့စိတ်ထဲမှာ ရေရွတ်မိလေသည်။ အိမ်ပြန်ရောက်တော့. . . မွေ့ရာပေါ် လှဲလိုက် တာနဲ့ သီဟကိုလှည့်မကြည့်နိုင်ဘဲ အိပ်မောကျသွားလေသည်။

သူညကစရသောဘဝသည် ဘယ်လောက်ထိပင်ပန်း ဆင်းရဲ ရပါသလဲ။

မိငယ်ရဲ့အနာဂါတ်မှာ ပြီးပြည့်စုံခြင်းကိုသာ နံပါတ်တစ်ထား လျက်သီဟအိမ်မှာ မျက်နှာအငယ်ခံကာ ဆက်နေရဦးမည်ဒုက္ခကိုတော့ မိငယ်အကြောက်ဆုံးဖြစ်သည်။



နဖူးပြင်ပေါ် ကို သီဟနမ်းလိုက်တာသိသည်။ ညကအိပ်ရေး ဝထားသော်လည်း မျက်လုံးမဖွင့်ချင်သေး။

"ထတော့လေမိငယ်"

အလို။ သူ့အသံကသိပ်ချိုနေပါလား။ မိငယ်သည် ရယ်ချင် စိတ်ကို မျိုသိပ်ကာ တစ်ဖက်သို့ပြန်စောင်းအိပ်သည်။ သူကနားထင်စပ် ကဆံပင်တွေဖယ်ပြီးထပ်နမ်း ပြန်သည်။

"ဟာကွာ အိပ်ချင်သေးတဲ့ဟာကို"

"ဒီဘက်လှည့်အိပ်လေ. . . မောင်မိငယ်မျက်နှာကို ကြည့် ချင်လို့"

"မလှည့်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲလို့ ဟင်မိငယ်"

"ကြောက်လို့"

"မောင်ကကြောက်စရာကောင်းလို့လား"

"အင်းပေါ့"

"ဘာကိုကြောက်တာလဲ"

"ဟာကွာ. . . တော်ပြီစကားမပြောတော့ဘူး"

မိငယ်ကို သူ့အဆက်အစပ်တင်းဆွဲလှည့်ကာ မျက်လုံးဖွင့်ခိုင်းသည်။ အိပ်ခန်းနံရံမှာကပ်ထားသောနာရီက မနက်ရှစ်နာရီခွဲ။ မိငယ်တဖြင့် မနက်ငါးနာရီလောက်ထင်နေတာ။

"ဟာ အစောကြီးရှိသေးတယ်၊ အကျင့်ပုတ်ကြီး သူများအိပ်ချင်တာကို ပေးမအိပ်ဘူး"

"မိငယ်"

သူ့အသံတွေကတုန်နေသည်။ မိငယ်ကမူ သူ့မျက်နှာကို ရဲရဲကိုမကြည့်ဝံ့တော့။

"ဘာတုန်း"

"ငြင်ငြင်သာသာလေးများ ထူးပါဦးကွာ. . ."

"မထူးပါဘူး"

"မိငယ်"

"ဘာပြောမလို့လဲ. . . မြန်မြန်ပြော မိငယ်ပြန်အိပ်ချင်ပြီ"

"မောင်. . . မိငယ်ကို အရမ်းချစ်တာပဲ"



"သိသားပဲ"

"မနေ့က လက်မှတ်ထိုးတဲ့အချိန်တုန်းက မောင်လက်တွေတုန်နေတယ်"

"အင်း"

"မိငယ်"

". . . . ."

"မောင်တို့သားလေးတစ်ယောက်လောက် အရင်ယူထားကြမယ်နော်"

"အာ မယူသေးပါဘူး. . . ကလေးအလုပ်က ပြောတော့သာလွယ်တာ မိငယ်မထိန်းနိုင်သေးဘူး"

"မိငယ်"

"မောင်ဘာဖြစ်နေတာလဲ"

မိငယ်တစ်ကိုယ်လုံးကို သူရုတ်တရက်ခပ်တင်းတင်း ထွေးဖက်လိုက်တော့ မိငယ်လန့်သွားကာ ရှုန်းလေသည်။

"မောင့်ကိုချစ်လို့ အားလုံးစွန့်ခဲ့ပြီးပြီပဲ ဘာလို့ခုမှရုန်းနေတာလဲ. . ."

"အာ. . . သိဟာကို ရိုးတယ်ထင်တာ ဘာကြီးမှန်းလည်း မသိဘူး. . . ဘာတွေပြောနေမှန်းလည်း မသိဘူး"

"ဒါပေမဲ့ မောင်တို့လက်ထပ်ပြီးပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးနောက် ပထမဆုံး အဆုံးအရှုံးကား သူဝင်ခွင့် စာမေးပွဲမှာ ရေးဖြေအောင်ပြီး နှုတ်ဖြေကျခြင်းဖြစ်သည်။ မိငယ်ရင်ခွင်ထဲမှာ သူစာမေးပွဲကျသဖြင့် ငိုသည်။

"ကျမှာပေါ့ မိန်းမနားပဲကပ်ပြီး စာမှမကျက်တာကိုး"

"အန်တီက ဆရာဝန်လောကအကြောင်း ဘယ်လောက်သိလို့လဲ တစ်နှစ်ကို Medicine ဖြေတာ အယောက်နှစ်ရာကျော်မှ သုံးဆယ်လောက်ပဲအောင်တာ. . . အဲဒီ အယောက်သုံးဆယ်မှာ နှုတ်ဖြေနဲ့ကျတာ အနဲဆုံးဆယ့်ငါးယောက်ရှိတယ်။ MSc ဆိုတာ ဈေးထဲကကန်းစွန်းရွက်လိုပေါပေါလောလောမရဘူး သိလား. . ."

တစ်ယောက်တစ်ခွန်း မအော်ကောင်း၍ အကြီးအကျယ် မဖြစ်ကြတာ။ မောင်ကတော့ စိတ်ဓာတ်တွေကျကာ ထမင်းတောင် မိငယ်ခွံ့ကျွေးရသည်။



မိငယ်ကတော့ အကြိမ်ကြိမ်စာမေးပွဲကျဖူးနေလို့လားမသိ၊ အဲဒီခံစားမှုမျိုးရှိကိုမရှိ။ နောက်နှစ်မှပဲ မိငယ်တစ်ခုခုဖြေတော့မည်။ ဘာဖြေရမလဲဆိုတာ စဉ်းစားမထားရသေး။

"မိငယ်ရာ မောင်စိတ်ဓာတ်ကျတယ်"

"မောင်တစ်ယောက်ထဲကျတာမှ မဟုတ်တာ၊ နောင်နှစ်အောင်မှာပေါ့. . . နော်"

လက်ထဲတွင်ရှိသောငွေဖြင့် သူကမှော်ဘီဘက်က မြေတစ်ခြံဝယ်ချင်သည်ဆိုသောကြောင့် သူ့သဘောအတိုင်း မိငယ်ခွင့်ပြုလိုက်သည်။ စာမေးပွဲကျနေ၍ သူစိတ်လေနေတာ မိငယ်နားလည်သည်။ ကံဆိုးချင်တော့ အဲဒီခြံမှာ ပန်းစိုက်တာပိုးကျကုန်သည်။ ငွေဆယ်သိန်းကျော်အလကားခြတက်သွားသလိုပါပဲ။

မိငယ်သူ့ကို အပြစ်ကို မထင်ချင်တော့။

"မိငယ်ခြံပြန်ရောင်းချင်တယ်"

"မောင်ကမရောင်းချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကြက်မွေးမယ်"

"မောင်ရှုံးချင်တိုင်း ရှုံးဖို့အခွင့်မပေးနိုင်ဘူးသိလား၊ အဲဒါ မိငယ်ချွေးနဲ့ရှင်းရှာထားရတဲ့ငွေတွေ. . ."

ခြံကို လမင်းရဲ့အသိတစ်ယောက်ကနေ ဝယ်သဖြင့် အရင်းပြန်ရသည်။ ဘာလုပ်ရင်ကောင်းမလဲဟု လမင်းကိုတိုင်ပင်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါကားတစ်စီးဝယ်ဖို့လုပ်နေတယ်. . . လက်ထဲမှာ ငွေမနိုင်ဘူး. . . သုံးဆယ်ငါးလောက်လိုတယ်. . . နင်ထည့်မလား"ဟုမေးသည်။

"ငွေတချို့ရောင်းထားတာပဲရှိတယ်။ ဆေးခန်းပိုက်ဆံနဲ့လုပ်ထားတဲ့ရွှေတွေတော့ရှိတယ်"

"ရောင်းပစ်လိုက်ဟာ နင်မရှင်းရဲဘူးလား"

"ဘာလို့မရှင်းရဲရမှာလဲ"

မိငယ်ရွှေတွေအကုန်ရောင်းပစ်ကာ လမင်းနဲ့ ရှယ်ယာထည့်သည်။ တံကောင်းချင်တော့ မိငယ်တို့ဝယ်လိုက်သောကားက တစ်လပင်မကြာ သိန်းငါးဆယ်ကျော်မြတ်သည်။ လမင်းနဲ့တစ်ယောက်အစိတ်စီခွဲယူရမှာ မယူဘဲနောက်ထပ် ကားတစ်စီးကို ထပ်ဝယ်သည်။

မိငယ်ကံလိုက်၍ပဲလားမသိ။ ထိုကားမှလည်း သိန်းနှစ်ဆယ်ခန့်စီကျန်သည်။ ဤသို့ဖြင့် ခြောက်လအတောအတွင်းမှာ မိငယ်ပါမလစ်ကာလေးတစ်စီး ဝယ်ဖြစ်လေသည်။ ဆေးခန်းကလည်း အခြေအနေအတော်ကောင်းလာသည်။

သီဟကမူ မိငယ်ရဲ့လာဘ်ကို အံ့ဩမဆုံးဖြစ်ကာ ချီးကျူးသည်။

"မောင်မအောင်မြင်ပေမဲ့ မိငယ်က Luck ရှိတယ်ကွ"

"အင်း ဟုတ်တယ်. . . ထင်တောင်မထင်ထားဘူး"

"ဒါပေမဲ့ လမင်းနဲ့တွဲလုပ်နေတာတော့ သိပ်မကြိုက်ဘူး"

"ဘုရားရေ. . . မောင်. . . မိငယ်ကအခု ကာမပိုင်ရှိနေပြီနော်"



"ဒါပေမဲ့သူကဘာလို့ မိန်းမမယူသေးတာလဲ"

"မယူချင်လို့ နေမှာပေါ့. . ."

"အဲဒါကြီးကိုလက်ခံလို့ မရတာပဲ. . ."

"မောင်ကသဝန်တိုနေတာလား"

"ဟုတ်တယ်"

"မိငယ်ငွေရှာနေတာနော်မောင်. . . ဘာမဟုတ်တာနဲ့ ပြဿနာမရှာနဲ့ မရှင်းနိုင်ဘူး. . . လမင်းက မိငယ်လေးဘက်ထောက်အရွယ်ကထဲက ခင်လာတဲ့လူ မောင်ထင်သလိုသာဆို မိငယ်မောင်နဲ့တောင်ညားမှာမဟုတ်ဘူး"

"မောင့်ကိုယ်မောင် သုံးလို့မရတဲ့လူကြီးလို့ မြင်လာတယ်"

"ဟာကွာ မောင်ကတဇိဝင်ပြန်ပြီ မောင်ဘာဖြစ်လို့ ဒါတွေပြောနေတာလဲ. . . အခုမိငယ်ရှာနေတာ မောင့်အတွက်ပဲ မောင့်ရွှေနစ်ဝီဂျီအောင်ရင် သုံးရမဲ့ငွေတွေရှာနေတာ မောင်မျက်နှာငယ်လို့မဖြစ်ဘူးလေ. . . အနဲဆုံးမောင်မှာ ကားတစ်စီးကောင်းကောင်းတော့ရှိသင့်တယ်။ မိငယ်အလုပ်လုပ်နေတာလို့မြင်ထားရင် မောင်စိတ်ချမ်းသာရမယ်. . . မဟုတ်တာဟုတ်တာ လျှောက်တွေးရင် မောင်ပဲစိတ်ညစ်ရမယ် မိငယ်လည်း စိတ်ချမ်းသာမှာမဟုတ်ဘူး"

"မိငယ်နယ်သွားဦးမှာလား"

"အဲဒါကိုစဉ်းစားနေတာ. . . တစ်ခုခုကြောင့်တော့သွားလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြေမလဲ"

"စာသိပ်မကျက်ရတာပေါ့"

"အွဲ့လွန်က စာအကုန်ကျက်ရတာချည်းပဲ"

"ဘာမှမဖြေလို့လည်း မဖြစ်ဖြန်ဘူးမောင်ရဲ့"

"မိငယ်"

"ဟင်"

"မိငယ်သာ IS ဖြေပြီးအင်္ဂလန်ထွက်သွားရင် ဒီလိုစိတ်ညစ်ရမှာမဟုတ်ဘူးနော်"

"ဟာကွာ. . . ပြီးခဲ့တာတွေ ခေါက်ထားလိုက်စမ်းပါမောင်ရာ. . . အဲသလိုသာလိုက်သွားချင်ရင် ရှင်နဲ့တောင် မညားဘူးစိတ်ချ. . ."



လင်ယောကျ်ားထက် ဇနီးမယားက ပိုအောင်မြင်သော အိမ်ထောင်ရေးတွင် အနဲဆုံးတွင် ယှဉ်ပြိုင်ခြင်း၏ အနိဋ္ဌာရုံကို ကြုံတွေ့ရနိုင်ကြောင်း မိငယ်ကြိုမသိထားခဲ့။ မိငယ်သိသည်မှာ မိငယ်သည် အချစ်ပေါ်တွင် အလွန်သစ္စာရှိ၏။ ထိုသစ္စာကြောင့် လုပ်သမျှ အောင်မြင်၏။

စာသိပ်မကျက်ဘဲ အလွန်ဝင်ခွင့်ခက်သော အိုင်ဂျီကို တစ်ခါထဲ အောင်သည်မှာ မိငယ်ပတ်ဝန်းကျင်၌ မျက်လုံးတစ်ခုအသွင် ပြောဆိုကြ၏။

မိငယ်စာသိပ်မရတာအမှန်ပင်။ လျှိုလည်းမထား။ သို့သော် အောင်မယ်ဟုတစ်ခါမှ မမက်ခဲ့ဖူးသော ဝင်ခွင့်ကိုအောင်တော့ ဝမ်းသာ စိတ်တာ ပြောမနေနှင့်တော့။ မောင်လည်း ဒုတိယအကြိမ်မှာ အောင်သည်။ ဒါကတော့ မျှော်လင့်ထားပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



"မိငယ်ကို အဲဒီစရာသိပ်ကောင်းတာပဲလို့ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဟုတ်တယ်လေ. . . မိငယ်စာကျက်တာ ကိုယ့်အမြင်ပဲ အဲဒါအောင်သေးတယ်. . . ပြီးတော့ ဝါသနာလည်း တစ်စက်မှမပါဘူး ဆိုတာ ကိုယ်သိနေတာပဲ"

"မိငယ် သိပ်စိတ်ကုန်တဲ့တစ်နေ့ကျရင် အလုပ်ထွက်မယ်. . . မောင့်အနားမှာပဲ နေတော့မယ်သိလား. . . မိငယ် အရမ်းပင်ပန်းတာပဲမောင်ရယ်"

"မောင်သိတယ်. . . မိငယ်တအားအလုပ်လုပ်နေတာ မောင်သိတယ်. . . ဒါပေမဲ့ မောင်ကမိငယ်အစွမ်းအစမှမရှိတာ ဒီတိုင်းလက်ပိုက်ကြည့်နေတာပေါ့. . ."

မိငယ်ရဲ့ ဗီဇိကျောင်းသူဘဝသည် အလွန်တရာခက်ခဲပင်ပန်းလှသည်။ ကိုယ်စားဖို့ထမင်း ကိုယ့်ဟာကိုယ်ချက်ရသည်။ နေ့လည်ပိုင်းအားချိန်ကို ကားပွဲစားတန်းပြေးရသည်။ ဆေးရုံနှင့်နီး၍သာ တော်တော့သည်။

ညမှာယောက္ခမချက်ထားသော အရသာမရှိသည့် ထမင်းဟင်းကိုရေဖြင့်ကပျာကယာမျိုချရသည်။

"မိငယ်အိမ်ပြောင်းချင်ပြီ"

"အမေနဲ့ အဆင်မပြေလို့လား"

"အစကတည်းက မနေချင်တာ နေစရာမရှိလို့ကပ်နေတာ



မိငယ်မောင့်ကိုပဲ ရှာကျွေးနိုင်မယ်. . . သူတို့ကိုရှာမကျွေးနိုင်ဘူး၊ မောင့်အစ်မတွေကလည်း ပိုက်ဆံရှိတဲ့သူတွေနဲ့ ညားတာပဲ မောင့်အမေတစ်ယောက်လောက်တော့ခေါ်ကျွေးနိုင်သားပဲ။ မောင့်ကိုယူထားတာ ယောက္ခမကို ခြေဆုပ်လက်နယ်ပြုဖို့မဟုတ်ဘူး။ မိငယ်ငွေလည်းရှာရတယ်။ စာလဲသင်ရတယ်။ အိမ်အလုပ်လည်းလုပ်ရတယ်။ ကြာရင် သေလိမ့်မယ်။ မဖြစ်ဘူး မိငယ်အခန်းတစ်ခန်းဝယ်ပြီး ပြောင်းတော့မယ်မောင်လိုက်နိုင်ရင်လိုက် မလိုက်နိုင်ရင်နေခဲ့. . ."

"မောင့်ကို အကျပ်မကိုင်ပါနဲ့ကွာ"

"မောင်ပဲစဉ်းစားကြည့်လေ မိငယ်မောင့်ဆီကိုရောက်လာတာ၊ မောင့်အမေကြိုဆိုခဲ့သလား၊ မိငယ်လင်ယူပြီး ကိုယ့်ထမင်းကိုယ်ရှာစားရတာတောင် အခုကားနှစ်စီးဖြစ်လာတော့ မောင့်အစ်မတွေအမွေခွဲဖို့ မျက်စောင်းထိုးနေကြပြီ ဒါတရားသလား. . . ဒါမိငယ်ရှာထားတာတွေနော်. . . မောင်ရှာနိုင်တာ မောင့်ဖာသာတောင် သုံးလို့မလောက်ဘူး၊ အဲဒါမောင်သိတယ်နော် ကိုယ့်ပစ္စည်းတော့ မိငယ်အထိမခံနိုင်ဘူးဒါပဲ. . . မောင်ကြိုက်သလိုဆုံးဖြတ်ချေ"

"မိငယ်ရာ. . . သီးခံလို့မရဘူးလား"

"ရှင့်အမေ မျက်စိဘယ်သူ့ပိုက်ဆံနဲ့ ခွဲခဲ့တာလဲ[illegible] တရားရုံးမှာ လက်မှတ်ထိုးတာတောင် ငါသက်သေလိုက်[illegible]ပေးနိုင်ဘူး၊ သဘောလဲမတူဘူးလို့ ရှင့်အမေပြောတာကို ခေါင်းငုံ့ခံပြီး မိငယ်တို့လက်ထပ်ခဲ့ရတာ. . . မောင်မေ့နိုင်ပေမဲ့ မိငယ်မမေ့နိုင်ဘူး မိငယ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မောင့်ကြောင့် မိဘကိုရော ဘဝကိုရော အို. . . အကုန်. . . အကုန်. . . မိငယ်စွန့်ရတယ်၊ မောင်ကခုချိန်ထိ ဘာကိုမှ မစွန့်သေးဘူး. . . ဒီအချိန်မှာ ရှင်းမှနောက်မို့ရှေ့ဆက်ရှပ်လာလိမ့်မယ်. . . တဲ မောင်တစ်ခုခုကို ပြတ်ပြတ်သားသားရွေး"

"အိမ်ခွဲနေရင် မောင့်အဝတ်တွေ ဘယ်သူလျှော်ပေးမလဲ"

"ပူမနေနဲ့ ပိုက်ဆံရှိရင် အားလုံးဖြစ်တယ်"

မိငယ်ကိုကြည့်ပြီး လမင်းကသနားမဆုံး။ အမြဲတစေ နှစ်ယောက်စာပူပန်နေရတာ၊ ပြောရင်သာ ပြွယ်တာ။ အားလုံး မိငယ် ခေါင်းပေါ်မှာပဲ ပုံနေတာမဟုတ်လား။ လင်မယားဘဝတော်င ကျိစယ် တာစနောက်တာ သူ့အိမ်မှာမို့ မလွတ်မလပ်နိုင့် နေရတာလောတ် မိငယ်မုန်းတာမရှိ။ အခုတော့ မိငယ်ထောင်နိုင်လေပြီ။ သိန်းတစ်ရာနှင့် နှစ်လွှာတစ်ခန်းဝယ်ကာ ပစ္စည်းတွေဖြည့်သည်။

ပြီးတော့ အသိတစ်ယောက်ဆီကနေ စိတ်ချရသည့် အိမ်အကူ တစ်ယောက်ခေါ်သည်။ မောင်မပြောင်းခင် မိငယ်အရင်းပြောင်းနေ လိုက်သည်။

လမင်းကတော့ မိငယ်ဆီကို အဝင်အထွက်မပျက်ချေ။

"မောင်ဒီလောက် မြန်မြန်ပြောင်းလာမယ်တော် မထင်ဘူး"

"သူများနောက်ပါမှာစိုးလို့ပေါ့. . ."

"ဘယ်သူ့ပါမှာလဲ. . ."

"မင်းကိုပြောနေတာ"



"ဟာမဖြစ်နိုင်တာ"

"သတင်းတွေက လန်ထွက်နေတာပဲ"

"ရှင့်အစ်မတွေ အမေတွေ ပြောတာမဟုတ်ရဲ့လား"

"ဘယ်သူပြောပြော အဲဒီလမင်းနဲ့ အသွားအလာ ဆင်ခြင်ပါ မိငယ်"

"မောင်ကသတိပေးရအောင် မိငယ်ဘာလုပ်နေလို့လဲ. . .၊ ဘာမှမလုပ်တဲ့လူကို မြှားသနားလာမရှာနဲ့နော်. . . လမင်းနဲ့ မိငယ် ပတ်သက်နေတာ ငွေအတွက်ပဲ တခြားဘာရည်ရွယ်ချက်မှ မရှိဘူး"

"သူ့အရင်တုန်းက မင်းကိုကြိုက်ဖူးတယ်လေ"

"အဲဒါကလေးဘဝကိစ္စတွေ အခုထိကြိုက်မလား အဓိပ္ပါယ် မရှိတာ"

"ယောကျ်ားတွေအကြောင်း မင်းမသိသေးပါဘူးမိငယ်"

"ဒါဆိုရင် မောင်လည်း မိန်းမတွေအကြောင်းမသိသေးဘူးပဲ"

"ဘာပဲပြောပြော ဒီနေ့ကစပြီး မောင်လိုက်ပို့မယ်"

"လိုက်မပို့နဲ့ ကိုယ့်ကားကိုယ်မောင်း"

"မင်းဘာဖြစ်နေတာလဲ"

"ညနေဆေးခန်းသွားရင် မောင်ပါလာလို့ ဖြစ်တာလေး သိပါတယ်"

သူ့မျက်နှာကွက်ခနဲ ပျက်သွားသည်။ သီတာရဲ့ တည်းသည် မိငယ်နဲ့ ယှဉ်လျှင် အလွန်ညံ့ဖျင်းလှကာ ဆေးခန်းကိုသူလိုက်လာတိုင်းမှာ နေ့စဉ်

www.burmeseclassic.com



လူနာငါးဆယ်ကျော်သော မိငယ်ဆေးခန်းသည် လူနာဆယ်ယောက် ခန့်သာ လာလေ့ရှိတော့သည်။ တစ်ခါလည်းမဟုတ် သူလိုက်လာတိုင်း မှာထိုကဲ့သို့ ဖြစ်တတ်တာ တော်တော်သိသာသည်။

ဆေးခန်းကငွေနဲ့ သူထမင်းစားတာပို့ လေးငါးခါဆိုတော့ မိငယ်သူ့ကို မလိုက်လာစေချင်တော့။ စီးပွားရေးထိခိုက်တာ မခံနိုင်။

"ဆေးခန်းနားက မှတ်တိုင်မှာစောင့်မယ်"

"သိဟ. . . ဘယ်လိုဖြစ်နေတာလဲ. . . ဒီလောက်လိုက်ချုပ် ချယ်နေရင် မိငယ်ဘာအလုပ်မှ မလုပ်တော့ဘူး. . . အိမ်ထဲမှာပဲ ထိုင်နေတော့မယ်. . . ရှင်ပဲရှာကျွေးတော့"

မိငယ်စိတ်ရှုပ်စွာဖြင့် အော်ပစ်လိုက်လေသည်။

"အဲဒီအိုဂျီကလည်း ဝင်ခွင့်ကအောင်လာသေးတယ် အသက် လုံးဆေးကျောင်းမှာကျလာပြီး ဘွဲ့လွန်ကျမှ လာအောင်နေတယ်. . . ငါကိုက ကံဆိုးတာပါ။ ကျရင်ပြီးရော ဒီလောက်ချုပ်ခြယ်တဲ့ ကြိုးနဲ့လင် လုပ်နေရမှာ မဟုတ်ဘူး။ ငါ့နယ်မှာ အေးအေးဆေးဆေးနေရမှာ. . . မယားကငွေကို ဘယ်လောက်ခက်ခက်ခဲခဲနဲ့ ရှာနေရတယ်ဆိုတာ သိဖို့ လည်းမကြိုးစားဘူး၊ သိလည်းမသိဘူး၊ သိရင်လည်း မသိချင်ဟန်ဆောင် နေမှာ. . . ငါကိုက ကံဆိုးတာပါ. . . တော်ပြီ. . . တော်ပြီ ကွာမယ် ကွာပစ်မယ်. . . ဒါမှနားအေးမှာ"

မိငယ်စိတ်တိုပြီး ပြောပြောရင်း ငိုချင်လာ၍ ငိုချလိုက်လေ သည်။



လူတကာကို အကိုအကိုဟု ပါးစပ်ဖျားတခေါ်ခေါ်နေရ တာကို ခေါ်ချင်လို့ မှတ်နေသလားမသိပါ။ စီးပွားရေး လုပ်နေတာကို ဒီလောက်တောင် နားလည်မပေးနိုင်ရင် သူ့ဆရာဝန်မလုပ်သင့်တော့။ အံ့သြစရာ ရည်စားဘဝတုန်းက မိငယ်ဘက်က သဝန်တိုနေရပြီး ယူပြီး သည့်နောက်မှာတော့ သူကချည်းပြဿနာရှာတာခံနေရသည်။ တစ်နာရီ ခြားတစ်ခါ မိငယ်ကို ဖုန်းဆက်ပြီး အမြဲချက်ကပ်လိုက်နေတာ မခံချင် တော့။

♡ ♡ ♡

www.burmeseclassic.com

www.burmeseclassic.com



"နင်သိပ်အောင်မြင်လာရင် နင့်ယောက်ျားပို့ဆိုးမယ်. . . နင့်တန်ဖိုးကို သူကောင်းကောင်းသိနေပြီ. . . ပြီးတော့ နင့်ကျောင်းသူဘဝတုန်းကထက် ပိုလှလာတယ်မိငယ်ရဲ့" မီးမီးက ကလေးဆေးပညာပထမနှစ်တက်နေရာ မိငယ်နဲ့ မကြာခဏ အိုတီထဲမှာတွေ့သည်။ မီးမီးကလေးကောက်၊ မိငယ်ကခွဲမွေးသူ။

သီဟပြဿနာရှာတာတွေ ပြောပြတော့ အထက်ပါအတိုင်း ပြောလေသည်။

"တော်စမ်းပါဟယ် လှတဲ့အကြောင်းမပြောပါနဲ့တော့"

"ငါတို့သတင်းကြားပါတယ် နင့်ကိုဟောက်စ်ဆာဂျင်တောင်လေးတစ်ယောက်က အပျိုထင်ပြီး ရည်းစားစာပေးတာရော နောက်အသစ်ဝင်လာတဲ့ ဆာဂျင်တစ်ယောက်ကနင်ရှိရင် အိုတီထဲ အကြောင်းမရှိအကြောင်းရှာဝင်လာတာရော. . . နင့်ယောက်ျားက အမြဲတမ်း



ချက်ကင်လိုက်နေတာရော. . . ဟား. . . ဟား ရယ်ရတယ်နော်။ ဒါတောင် နင်အိုဂျီမဖြစ်သေးဘူး. . . ဖြစ်ရင်တော့ဒုက္ခပဲ"

"တခါတလေကျရင် ငါကိုယ်ငါ သိပ်သနားတာပဲ။ ဖြစ်နိုင်ရင် ယောက်ျားယူထားပြီး သူရှာကျွေးတာပဲ အေးအေးဆေးဆေး ထိုင်စားချင်တာပေါ့ဟယ်. . . ဒါပေမဲ့. . . လမ်းက တစ်ဝက်ရောက်နေပြီ. . . ငါအောင်မြင်သင့်သလောက် အောင်မြင်နေပြီ၊ ငါ့စွန့်လွှတ်လို့မဖြစ်တော့ဘူး. . . ပြီးတော့ စီးပွားရေးလုပ်ရတာ ဆေးကုရတာနဲ့မတူဘူးဟ. . . လွှတ်လပ်တယ်. . . ငွေကိုငွေနဲ့ရင်းယူစုတာ လောဘမှာအလွယ်ကူဆုံးအလုပ်ပဲ ငါ့မှာကြောက်စရာလူမရှိဘူး. . . အင်း. . . စဉ်းစားမိပါတယ်. . . တကယ်လို့သာ ငါ့နေရာမှာသူဖြစ်ခဲ့ရင် ငါကတော့ သူ့လိုပြဿနာရှာနေမှာမဟုတ်ဘူး. . . ယောက်ျားရှာသမျှ ငွေကိုအိတ်ထဲထည့်ပြီး ငါစိန်ဆိုင်၊ ရွှေဆိုင်တွေသွားမယ် ရတနာတွေဝယ်မယ်. . . ဈေးသွားမယ်. . . ကိုယ့်ကိုယ်ကိုယ် ကျောသည်အထိ ကျော့အောင်ပြင်ပြင်ဆင်ဆင်နေမယ်. . . ကောင်းကောင်းချက်စားမယ်။ ငါ့ကလေးတွေ ကျောင်းလိုက်ပို့မယ်. . . အဲဒီလို နေပစ်မယ်"

"အေး. . . ပြီးတော့ သူ့နားကပ်လာတဲ့ နံပါတ်နှစ်တွေ သုံးတွေကို နင်ပြုံးဖြုံးလေးထိုင်ကြည့်နိုင်အောင် ကြိုးစားပေါ့. . . ယောက်ျားတစ်ယောက် အောင်မြင်လာရင် အဲဒီပြဿနာတော့ တစ်ခုနဲ့တင် နင်စောစောကနေချင်တဲ့ စိတ်ကူးတွေအကုန်လုံး အရောင်ဆိုးခံရလိမ့်မယ်. . . မိန်းမတစ်ယောက်အောင်မြင်ရင် အဲဒီနံပါတ်ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



တော့မရှိဘူး . . . ယောကျ်ားကမနာလိုဖြစ်လို့ ကွာရှင်းတာမျိုးပဲရှိတယ်၊ သတိတော့ထားပါမိငယ်၊ တစ်ခါတစ်လေမှာ Jealousy (မနာလိုဝန်တိုခြင်း)ဆိုတာ လင်မယားနှစ်ယောက်ကြားကို ပုံစံပြောင်းပြီး ရောက်လာတတ်တယ် ပြီးတော့ အချစ်ကိုရော ယုံကြည်မှုကိုရော သံယောဇဉ်ကိုရော တပိုင်းတဆဖြစ်အောင် ဖျက်ဆီးပစ်တတ်တယ်"

မိငယ်ရဲ့စန်းကတော့ ကြောက်စရာအလွန်ကောင်းလောက်အောင် အောင်မြင်ခဲ့လေသည်။ လုပ်ငန်းခွင်မှာ မိငယ်သည် လူချစ်လူခင်အင်မတန်များသော ဘွဲ့လွန်ကျောင်းသူ၊ ဆေးခန်းလောက မိငယ်သည် နာမည်တစ်လုံးခိုင်ခိုင်ရထားသူ၊ ကားပွဲစားလောကမှာလည်း လမင်းရဲ့ကောင်းမှုကြောင့် လုပ်သမျှအောင်မြင်သူ၊ မိငယ်တို့နှစ်ယောက်တွဲလုပ်သမျှကားတိုင်း အောက်ကားဖြစ်ဖြစ် အပေါ်ကားဖြစ်ဖြစ် အယ်တော့မှမရှုံးခဲ့။

အိမ်ထောင်ရေးမှာ တစ်ယောက်က အောင်မြင်မှုများဖြင့်ရွှေရောင်လွှမ်းသော အချိန်များကို ပိုင်ဆိုင်ရချိန်တွင် ကျန်တစ်ယောက်ကအားငယ်မှုများဖြင့် ရှက်ရွံ့နာကျင်နေခဲ့လိမ့်မည်ဟု မိငယ်မထင်ထားခဲ့ပါ။ ဆရာဝန်လောက၏ Dinners (ညစာစားပွဲများ)တွင်မိငယ်နဲ့သူသည် ရေပန်းအစားဆုံးစုံတွဲကလေးဖြစ်သည်။ မိငယ်ကြောင့်သူ့ကိုလူတွေချစ်ကြသည်။ နေရာပေးကြသည်။ ကားပွဲစားဆိုသည်မှာ လူလတ်တန်းစားများနှင့် ချမ်းသာသူများကိုသာ အဓိကထား ပတ်သက်ရသဖြင့် မိငယ်သည် ပါမောက္ခများ၏ကားများ အရောင်းအဝယ်ခါ



ငွေတပြားမှမရပါစေနှင့် ခါးချိအောင်လိုက်လုပ်ပေးရသည်။ အကြောင်းရင်းမှာ မိငယ်က သိပ်မကြာခင် ဆရာဝန်လောကမှ အနားယူမည်ဖြစ်ပြီး သူကကျန်ခဲ့မည်သူ။ ထို့ကြောင့် သူ့အနာဂါတ်အတွက် လူချစ်လူခင်ပေါများခြင်းသည် အထောက်အကူရမည်ကို မိငယ်ကရည်ရွယ်ခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူ့ထက်မိငယ်က လူရည်လည်သည်။ သူ့ထက်မိငယ်ကစကားပြောပါးနပ်သည်။ ကျွမ်းကျင်လိမ္မာသည်။ Physician (သမားတော်)တစ်ယောက်ရဲ့ ဇနီးမယား(တရားဝင်ပွဲတက်မယား) နေရာ တွင် မိငယ်လိုမိန်းမမျိုးသည် လင်ယောကျ်ားရဲ့ ဂုဏ်သရေကိုတလက် လက်အရောင်ထွက်သည်ထက်ထွက်အောင် တင်ပေးနိုင်သောပေါ်လစ် ဖြစ်သည်။

မိငယ်သည် သူ့ကို စိတ်ပျက်သည်ထက် ပျက်လာသော်လည်းသူ့ကိုကလေးတစ်ယောက်လို ခွင့်လွှတ်မြဲဖြစ်သည်။ မိငယ်ကိုယ်တိုင် သူနဲ့ဝေးပြီးမနေနိုင်တာ သေချာသည်လေ။ တခါတလေ MRCP ယူဖို့အတွက်အင်္ဂလန်ကို သွားနေရသောအချိန်မှာ မိငယ်ဘယ်လိုများနေရပါမလဲဟု စဉ်းစားကာ စိတ်ပူနေတတ်ပြန်သည်။ သုံးနှစ်ကြီးတောင်ခွဲရမှာကွဲ့။ အဲဒီအချိန်မှာ သူစိတ်ခုတ်ကျရင်ပဲဖြစ်ဖြစ် မိငယ်အနားမှာရှိမနေပေးနိုင်မှာကို မိငယ်တွေးပူတတ်သည်။

မိငယ်ကတော့ MRCOG ထိယူဖို့စိတ်တူးကိုမရှိ။ တလည်းမကျက်နိုင်တော့။ မီးခံသေတ္တာထဲတွင် ငွေအထပ်လိုက်ပြည့်နေဖို့

www.burmeseclassic.com

www.burmeseclassic.com



ရတနာပစ္စည်းတွေတိုးဖော်ဖို့၊ သူတစ်နေ့ကားတစ်စီးပြောင်းစီးဖို့ အိုး မိငယ်သည် သူ့ကိုချစ်သောအချစ်ဖြင့် လှပ၍မက်မောစရာ ကောင်းသောအရာမှန်သမျှကို လက်ဆုပ်လက်ကိုင် ဖမ်းမိအောင် ကြိုးစားနေသော မိန်းမတစ်ယောက် အဖြစ်သို့ ရင့်ကျက်စွာပြောင်းလဲလာခဲ့လေသည်။

"မိငယ်ဒီလိုအရည်အချင်းမျိုးရှိအောင် မွေးပေးခဲ့လို့ အဖေနဲ့ အမေကို ကျေးဇူးတင်ပါတယ်"

မိငယ်ဆီအဖေနဲ့အမေက တစ်ခေါက်လာတွေ့သည်။ မိငယ် ဘဝကိုမြင်သောအခါ သူတို့မှန်းသလို စိတ်ဖြိုတ်မနေသောကြောင့် အံ့ဩကာ ချီးကျူးလေသည်။

"အောင်မြင်တဲ့အချိန်မှာ နောက်ပြန်တွေးကြည့်ရင်တော့ ခဏလေးလို့ထင်ရတာပဲအဖေ. . . ဒါပေမဲ့ အဲဒီအချိန်တွေကို ဖြတ်ကျော်ရတဲ့အချိန်ကဆို အရမ်းခက်ခဲ့ပါတယ်. . . ကြမ်းတမ်းပါတယ်"

"သူရောသမီးနဲ့ အတူတူရှိနေခဲ့တာ သေချာရဲ့လား"

"ရှင်"

"အဖေတို့အိမ်ထောင်ရေးမှာ အဖေရှန်းကန်ခဲ့တုန်းက သမီးအမေက အဖေ့နားမှာ တချိန်လုံးအတူတူရှိခဲ့တယ်၊ ဘာကိုမှမဆန့်ကျင်ဘူး၊ ဘာကိုမှမကန့်ကွက်ဘူး. . . အဖေစိတ်ညစ်အောင် စကားတစ်ခွန်းနဲ့တောင် ရန်မစခဲ့ဘူး. . . အဖေတို့နှစ်ယောက် တစ်ယောက်



ကိုတစ်ယောက် နားလည်ကြတယ်. . . သမီးနဲ့သမီးခင်ပွန်းရော အဲသလိုပဲလား အောင်မြင်ဖို့ကြိုးစားချိန်မှာ အနားမှာရှိပေးတယ်. . . အောင်မြင်တဲ့အချိန်မှာ အောင်မြင်မှုကို အတူတူထိန်းသိမ်းကြတယ် အဲသလိုပဲလားလို့ အဖေမေးချင်တာပါ. . ."

အမေကဘာမှမပြော။ နားထောင်ရုံသာထောင်သည်။

"မိငယ်ကို အဖေမွေးခဲ့တာ အဖေကောင်းကောင်းနားလည်တယ်. . . သမီးဟာ ပစ္စည်းတစ်ခုကို လိုချင်ပြီဆိုရင် ရအောင်ကြိုးစားတယ်. . . ရပြီးရင်လည်း ထိန်းသိမ်းစောင့်ရှောက်တတ်တယ်. . . ပြီးတော့ အင်မတန် ပြင်းရတယ်လို့ အပြင်ကမြင်ရပေမဲ့ တကယ်တမ်း အဖေ့သမီးကလေးက သိပ်နူးညံ့တယ်. . . သမီးစိတ်က အထိအခိုက် မခံဘူး. . . ပြီးတော့ သမီးက ဟန်ဆောင်တတ်တယ်. . . သမီး စိတ်ညစ်နေတာကို သိတဲ့လူက အဖေကလွဲလို့ တခြားလူမရှိဘူး"

မိငယ်သည် အချစ်ကို ခုခံကာကွယ်ခွင့်အတွက် မိဘတို့ ခြေစုံကန်ခဲ့ဖူးသည်။ ထိုသို့သောမိငယ်ကို မိဘကသာနားအလည်ဆုံး ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်သမီးရယ် စိုသောလက်မခြောက်စေနဲ့ ခြောက်သောလက် မစိုစေနဲ့ပေါ့. . ."

"မိငယ်ကြိုးစားတုန်းပဲအဖေ. . . မိငယ်လေ. . ဒီမိ ထောင် တစ်ခုမှာငွေရယ်၊ ပညာရယ်၊ အချစ်ရယ် ဒီသုံးမျိုးရှိရင် ပြီးပြည့်စုံပြီလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ မိငယ်တို့အိမ်ထောင်ရေးမှာ တစ်ခုခုတော့ လိုနေ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ အဲဒီလိုနေတာကို မိငယ်ခုချိန်ထိ မသိဘူး. . .။ အဲဒီ တစ်ခုအတွက် ကွက်လပ်ဖြည့်စရာ ကျန်သေးတယ်. . . အဲဒီအတွက် မိငယ်အချိန်ဘယ်လောက်ယူရမလဲ ဆိုတာလည်း မိငယ်မသိဘူး”



မိငယ်ရဲ့ ဒိုင်ယာရီစာအုပ်ကလေးများသည် ကျောင်းသူအဝ တုန်းကလိုပဲ. . . တိုးတိတ်ဖွဲ့ညက်သော ရင်ခုန်သံများ ရှိနေတုန်းဖြစ် သည်။

နေ့လည်ဖက် ဆေးရုံထမင်းစားချိန်မှာ အောက်ထပ်ရှိ Medical Word သို့သွားပြီး လင်တော်မောင်ကို တိတ်တိတ်ခိုးကြည့် ရသည်။

ဂျူတီကုန်ဝတ်ထားသောမောင်သည် လက်တစ်ဖက်က ခါးကို ဟန်ပါပါထောက်၊ ကျန်လက်တစ်ဖက်က နားထင်ကိုခေါက်ကာ Professor ရှေ့တွင် ရယ်ကြဲကြဲဖြင့် စာဖြေနေဟန်ကို တွေ့ရသည်။

မောင့်ဘေးမှာတော့ ငယ်ရွယ်နုပျိုသော တက်ကြွသော ဟောက် ဆာဂျင်မလေးများက မောင့်ကို အားကျသောအကြည့်ဖြင့် ငေးမော နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘခါတရံမောင်သည် လူနာတွေကြားမှာ တစ်ယောက်ထဲ ရှုပ်နေတတ်သည်။ သူသိချင်တာတတ်ချင်တာတွေ သိပ်များနေ၍ သူ့ကို ဟိုက်ပါဟု တခြားလူတွေက နားလည်ထားကြသည်။

"ကလေးမယူသေးဘူးလား မိငယ်"

"နင်ရော ဘာလို့မိန်းမမယူသေးတာလဲ"

လမင်းမျက်နှာပျက်သွားသည်။

"တခါတလေကျရင် လွတ်လပ်တဲ့ဘဝကို မစွန့်လွှတ်ရက်နိုင်အောင် ငါမက်မောတယ်၊ ငါစတစ်ကာ အတပ်မခံနိုင်ဘူးဟ"

"ဘာ. . . စတစ်ကာ. . ."

"အေးလေ. . . အိမ်ထောင်ပြုတယ်ဆိုတာ စတစ်ကာ အကပ်ခံရတာပဲကွ၊ ပြီးတော့ ငါကငြီးငွေ့လွယ်တယ်. . . ငါစိတ်ဝင်စားတဲ့ မိန်းခလေးက နောက်ထပ်တစ်ယောက် ထပ်မတွေ့နိုင်တော့တာလည်း ပါတယ်. . . မိန်းမယူပြီး အဲဒီမိန်းမဟုတ်တဲ့ နောက်တစ်ယောက်ကို မလွမ်းနေချင်ဘူး. . . လွတ်လွတ်လပ်လပ်လွမ်းရတာ ပိုကောင်းပါတယ်. . . ရင်ခွင်ထဲတစ်ယောက်ထည့်ထားပြီး နောက်တစ်ယောက်ကို ကြံစည်တာ လူမှုရေးအရ အောက်တန်းကျတယ်ကွ၊ ဘာသာရေးအရလည်း အပြစ်ကြီးတယ်. . ."

"နင်စာတတ်လာပြီလို့ ငါတော့ထင်တာပဲ"

"ဟင်းဟင်း. . . တကယ်တော့လည်း လူ့ဘဝကြီးက ကားစီးသလိုပါပဲဟာ. . . တချို့လူတွေက မွေးကတည်းက သေတဲ့အထိ



ကားတစ်စီးထဲကိုပဲစီးကြတယ်. . . တချို့လူတွေက လက်ထဲငွေရှိသလို အလိုက်ပေးပြီးကားကောင်းကောင်းတွေ ပြောင်းစီးကြတယ်၊ တချို့ကျတော့ တစ်ချိန်တည်းမှာ ကားတွေအများကြီးဝယ်ထားပြီး တစ်ရက်တစ်မျိုး ပြောင်းစီးကြတယ်"

"ဒါပေမဲ့ လူတော်တော်များများကတော့ ဘတ်စ်ကားစီးရတဲ့ ဘဝနဲ့တင် အချိန်ကုန်သွားတတ်ကြတယ်. . ."

"နင်လည်းအဲသလိုပဲ အချိန်ကုန်သွားမယ်ထင်တယ် မိငယ်"

"ဒါကဘာပဲဖြစ်ဖြစ် ငါရွေးချယ်ခဲ့တာပဲလေ. . ."

"နင်ပျော်လား"

". . . . . ."

"နင်ပျော်တယ်လို့ ငါတော့မထင်ဘူး၊ နင်လက်ထပ်လိုက်တဲ့ အချိန်ကစပြီး နင့်မှာ ပေါ့ပါးလွတ်လပ်တာတွေ အကုန်လုံးပျောက်ဆုံး သွားတယ်. . . ခုနေမှာ နင်ပျော်တယ်လို့ဖြေရင်. . . နင်မှသာဝါဒ ဆစ်ခုကို ကျူးလွန်တာပဲ"

"လမင်း. . . မနေ့ကညက ငါစာဖတ်တယ်. . . စာပေမှာ ရှိတဲ့ အစ်ဆင် (....ism.....ဝါဒ) တွေအကြောင်းပေါ့. . . Transcentialism ဆိုတဲ့ဝါဒကို အရမ်းသဘောကျတယ်. . . Individual feelings (ပုဂ္ဂလိကခံစားချက်)ကို ပထမဦးစားပေး ရေးတဲ့စာပေမျိုးကို နိုင်ငံခြားကလူတွေ အရမ်းလေးစားကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဖတ်ပြီး လျှောက်စဉ်းစားတာပေါ့ဟာ. . . Existentialism (ဖြစ်တည်မှုပဝါနဝါဒ)ဆို ဘဝဆိုတာဖြစ်ချင်သလိုဖြစ် ကြုံသလိုနေထိုင်ရမယ်၊ ကြုံသလိုဖြေရှင်းရမယ်၊ အဲဒါမှပဲ နေရတာသက်သာမှာတဲ့ မလိုလားအပ်တဲ့ စည်းတွေဘောင်တွေနဲ့ လူတွေကိုထိန်းချုပ်ထားတာ ဆေးပညာဘက်ကကြည့်ရင် Pscychosomatic diseases ဖြစ်တတ်ကြရော. . , ဒါကြောင့် အသက်ကြီးရင် သွေးတိုးကုန်ကြတာပဲ၊ နှလုံးရောဂါ ဖြစ်ကုန်တာပဲ၊ သိပ်စိတ်ဆင်းရဲရင် ကလေးကိုယ်ဝန်ပျက်တာတွေ ဖြစ်ကုန်တာပဲ. . . ငါလည်းသူ့ကို ထိန်းချုပ်ထားသလိုဖြစ်မှာ အရမ်းစိုးတယ်. . . ငါဒါကြောင့် ကလေးမယူတာ. . . ငါတို့နှစ်ယောက်မှာ ကလေးရှိလာရင် အချိန်ပိုကုန်တာပဲရှိမယ်. . . ပြီးတော့ သားသမီးဆိုတာ မိဘနှစ်ယောက်ရဲ့ကြားက အက်ကွဲကြောင်းကို ဖာထေးပြုပြင်နိုင်တဲ့ စွမ်းရည်မရှိပါဘူး. . . ပိုဝေးကွာအောင် လုပ်သလိုပဲဖြစ်လိမ့်မယ်၊ ငါအဲဒါကို ကြောက်တယ်. . ."

"သူကခုထိ ကလေးယူဖို့ တစ်ခါမှမပြောဖူးဘူးလား"

"မပြောဘူး. . ."

"တကယ်"

"ဟုတ်တယ်. . တစ်ခါမှကို မပြောခဲ့ဘူး. . . လက်ထပ်ပြီးနောက်ပိုင်းမှာလုံးဝကို မပြောတာ"

"သူစဉ်းစားနေတာ ဖြစ်ပါလိမ့်မယ်. . . ကလေးယူလိုက်ရင်



နှင့်အတွက်ဗို Leading (ဝန်ထုပ်ဝန်ပိုး)ဖြစ်မှာ သူတွေးမိမှာပေါ့ လောလောဆယ်မှာ သူကငွေအဲဒီလောက် မရှာနိုင်သေးဘူး အင်း. . . Physician (သမားတော်)တစ်ယောက်ဟာ ဘယ်တော့မှ အိုင်ဗိုလောက်တော့ဝင်ငွေကောင်းမှာ မဟုတ်မှန်း နှင်လဲသိတာပဲမိငယ်. . . နှင်သိသလို သူမသိဘဲနဲ့ နေမှာမဟုတ်ဘူး. . . နှင်အောင်မြင်နေတော့ သူတဖြည်းဖြည်း ငုံ့လာတဲ့သဘောပါ ဒါပေမဲ့ သူလုံးဝမချုပ်ဘူးမို့လား"

"ဟုတ်တယ်. . . မိန်းမကိစ္စတော့ ရှင်းတယ်. . ."

"သူအင်္ဂလန်သွားရခါနီးပြီလား"

"ဟင့်အင်း. . . သူ MRCP part I ဖြေဖို့တော့ ပြင်ဆင်နေတာပဲ၊ ငွေကပ္ပစရာမရှိဘူးလေ အင်း. . . သူ MRCP ရပြီးရင် ငါကားပွဲစားလောကထွက်တော့မယ်. . . ဆရာဝန်လည်း ဆက်မလုပ်တော့ဘူး"

"ပွဲစားကတော့ ထားပါတော့. . . ဘာလို့အိုင်ဗိုဆက်မလုပ်ချင်တာလဲ"

"အိုင်ဗိုဆက်လုပ်ရင် ငါ့အသက်ခြောက်ဆယ်အထိ အိမ်ရေဝမှာမဟုတ်ဘူး. . . ပြီးတော့ ငါနားချင်ပြီလမင်း. . . ငါပြေးရတာမောနေပြီ"

"နှင်ဟာလေ. . . တော်တော်မိုက်မဲတဲ့ တောင်မတာလေး. . . အဲအခုကောင်မကြီးဖြစ်နေပြီ"

လမင်းစကားကြောင့် မိငယ်ရယ်သံများက အဲတော့မသတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်။ ဟုတ်မှာပါ။ မိငယ်သည် အချစ်အတွက်နဲ့ မိုက်မဲသောမိန်းမ ဖြစ်သည်။



"မောင်မနက်က မိငယ်ကိုတွေ့လိုက်တယ်"

"ဘယ်မှာလဲ"

"မောင်တို့ Ward ထဲမှာ on call လာကြည့်တာလား"

"မဟုတ်ဘူး. . ."

"ဘာကိစ္စရှိလို့လဲ"

"မောင့်ကိုလာကြည့်တာပါ. . ."

"မောင်မတွေ့အောင် လာကြည့်တာပါ"

ဆိုဖာပေါ်မှာ ထိုင်နေသော သူ့ပေါင်ပေါ်သို့ မိငယ်ခေါင်း တင်လဲချတာ နေကြာစေ့တဖေါက်ဖေါက်ခွာစားနေသည်။ သူကတော့ မိငယ်မျက်နှာကို နားမလည်သလို ကြည့်နေဆဲဖြစ်သည်။

"မောင့်ကို သူခိုးလာဖမ်းတာလား"

"မဟုတ်ပါဘူး. . . မောင့်ကိုသူခိုးဖမ်းရအောင် မောင်က

www.burmeseclassic.com



ဘာလုပ်ထားလို့လဲ. . . ဒီလိုပဲ. . . သတိရလို့. . . မောင့်ကို တခြားလူတွေအလယ်မှာကြည့်ရတာ အရမ်းရင်ခုန်ချင်စရာကောင်းတာပဲ. . . ဘယ်သူနဲ့မှမတူဘူး။ မောင် Ward Round နေရင် မိငယ်ငေးယူရတယ် မောင့်ကိုစာမေးနေတဲ့ ကျောင်းသူတွေနဲ့ စကားပြောတာလည်း မိငယ် သဘောကျတယ်. . ."

"ဟုတ်လား"

သူ့မျက်နှာက ပြုံးသွားသည်။

"မောင့်ကိုမေးစရာတစ်ခုရှိသေးတယ်. . ."

"မေးလေ"

"မိငယ်ကို ချစ်သေးရဲ့လားဟင်"

"ဘာဖြစ်လို့မေးတာလဲ"

"မိငယ်စိတ်ထဲမှာ မိငယ်တို့နှစ်ယောက် ဝေးကွာနေသလိုပဲလို့ တဖြည်းဖြည်းခံစားလာရတယ်. . . ခုဆိုမိငယ်တို့မှာ အားလုံးပြည့်စုံနေပြီပဲ. . . အမှန်ဆို ဒီအချိန်မှာ Stable ဖြစ်သင့်ပြီ အခုတ Stable မဖြစ်ဘူး. . . တစ်ခုခုဖြစ်ဖို့ အရှိန်ယူနေသလိုပဲလို့ ခံစားရတယ်"

"မောင်ကတော့ တစ်ယောက်ထဲ နေတတ်အောင် ကျင့်ထားရတယ်"

"ဘာဖြစ်လို့လဲ"

"ဪ အင်္ဂလန်သွားတဲ့အချိန်ကျရင် တစ်ယောက်ထဲမနေ



တတ်တော့ဘယ်လိုလုပ်မလဲ. . . မောင့်ဘဝအစိတ်အပိုင်း တော်တော်များများ မိငယ်ဖြည့်ပေးလို့ ဘာလိုအပ်ချက်မှ မရှိဘူး. . . မိငယ်မရှိရင် မောင်လုံးဝမနေတတ်ဘူး. . . အဲသလိုမဖြစ်အောင် အခုနဲ့စိတ်ကျင့်နေတယ်. . . ညဘက်တောင် ခွဲအိပ်မလားလို့. . ."

"မောင့်သဘောလေ. . . မောင့်စာတော့ ရတယ်မို့လားဟင်"

"ဒီလိုပါပဲ"

"မောင် MRCP ရတဲ့နေ့ကျရင် မိငယ်တို့နှစ်ယောက် တာရာ အိုကေဆိုင်မှာ သွားဆိုကြမယ်. . ."

"အင်း. . . ပြီးတော့ အသားကင်သွားစားကြမယ်"

"မောင်ကားမောင်းပေါ့. . . ဟီးဟီး. . . MRCP ရခါမှ အထူးကုလေးကို ဒရိုင်ဘာလုပ်ခိုင်းဦးမှ ဒါနဲ့ အခုမောက်လာတဲ့ ဟောက်စ်ကောဇ်မလေးတွေ ချစ်စရာလေးတွေနော်"

"ဟုတ်လား. . . သတိတောင်မထားမိပါဘူး"

"ဟုတ်လို့လား. . . မောင့်နားမှာဝိုင်းနေတာပဲဟာကို. ."

"စာမေးကြတာပါ. . . ဘယ်သူ့ကိုလှတယ်ဆိုတာ မိငယ်တို့ မမိုဘူး. . . မိငယ်တကယ်ဆုတောင်းကောင်းတယ်သိလား. . . မိငယ် အသက်က သုံးဆယ်တစ်လို့ပြောရင်တောင် ယုံမှာမဟုတ်ဘူး. . . တအားနုတာပဲ. . . မျက်နှာမှာဘာအရေးအကြောင်းမှ မရှိဘူး. . ."

"အသက်ကညာလို့မရပါဘူး မောင်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"မိငယ်အင်္ဂလန်မသွားတာပဲကောင်းတယ်"

"ဘာဖြစ်လို့လဲ"

"ဟိုရောက်ရင် မိငယ်ကိုဝိုင်းကြိုက်ပြီး ပါသွားရင်ဘယ်ည လုပ်မလဲ. . ."

"မောင်ကသဝန်တိုစရာမရှိ ကြံဖန်တိုလို့ မိငယ်တို့ပြဿနာ တက်နေတာ. . . ချစ်တဲ့သူကို သံသယမထားကောင်းဘူးမောင်ရဲ့"

"ဒါဆိုမောင့်ကို မိငယ် သံသယမရှိဘူးပေါ့"

"ဟင့်အင်း"

"အကြွင်းမဲ့ယုံတယ်ပေါ့"

"ဟုတ်တယ်"

"ဘာလို့ဒီလောက် ကိုယ့်ကိုကိုယ်သေချာနေတာလဲ"

"မောင်ကမိငယ်သေမှပဲ နောက်မိန်းမယူမဲ့လူမျိုး. . . အဲဒါကို မိငယ်သိတယ်. . . ပြီးတော့ မောင့်ကိုဆရာဝန်လောကမှာ ဒေါက်တာ မိငယ်ယောက်ျားဆိုတာ အကုန်သိနေတာပဲ. . . ဘယ်သူမှ မတော်မတည့်မကြံစည်ရဲဘူး မိငယ်မှာ အဲဒီလိုအကုသိုလ် မပါလာဘူး. . . အရင်ဘဝက သူများအိမ်ထောင်ကို ဖြိုဖျက်ဖူးရင် သူများအသိုက် ဖျက်ဆီးဖူးရင် ဒီဘဝမှာဝဋ်ပြန်ခံရမှာပဲ. . . အဒါကို မိငယ်ယုံတယ်. . ပြီးတော့ဒီနေ့အထိ မိငယ်ဘယ်သူ့ကိုမှ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ဖူးဘူး. . . မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်ခဲ့ဖူးဘူး. . . ဒါကြောင့်မိငယ်ကိုလည်း ဘယ်လိုလူကမှ စိတ်ဆင်းရဲအောင် မျက်ရည်



ပေါက်ကြီးငယ်ကျအောင် လုပ်မှာမဟုတ်ဘူး. . ."

မိငယ်တို့အိမ်ထောင်သက်တမ်းမှာ ဒီလိုအေးအေးနေရတာ အင်မတန်ရှားပါးသည်။ မိငယ်တို့နှစ်ယောက်စလုံးမှာ ဆေးရုံတာဝန်ရယ်၊ မိငယ်အလုပ်ရယ် လုံးဝမအားလပ်။

"တကြည့်စမ်း. . . မောင့်ပါးမှာ အမွှေးလေးတစ်ချောင်း အရင်တုန်းက မိငယ်မမြင်ဘူး. . . ဒါချစ်မွှေးပဲဖြစ်မယ်"

"ဟုတ်လား. . . ဘယ်နားမှာလဲ"

"ဗယ်ဘက်ပါးမှာ"

သူကသူ့ပါးကို လက်နဲ့စမ်းသည်။ မတွေ့။ မိငယ်ကသူ့ပါးပေါ်ရှိ အမွှေးကလေးနေရာကို လက်နဲ့ပြပေးတော့ မိငယ်လက်တို့ အုပ်ကိုင်ထားပြီး မလွှတ်ပေးချေ။ မောင့်လက်တွေက နူးညံ့ထွေးထွေး နွေးနွေးရှိလှသည်။

"မောင်မိငယ်ကို ကားပွဲစားမလုပ်စေချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ယောက်ျားတွေအလယ်မှာ မသင့်တော်ဘူးလေ"

"မောင် MRCP ရရင်မိငယ် ဆက်မလုပ်တော့ပါဘူး"

"ဘာဆိုင်လို့လဲ"

"မိငယ်မှာ ခုဆိုကားငါးစီးတောင်ရှိနေပြီ မိငယ်လည်း မလုပ်ချင်တော့ပါဘူး. . . ဒါပေမဲ့မောင့်ကို ဘွဲ့တုန်အောင် ယူစေချင်သေးတယ်. . . FRCP ထိပေါ့. . . မောင့်ကိုလေ. . . လူနာတွေက

www.burmeseclassic.com



အားကိုးတကြီးနဲ့ ကြည့်ရင်မိငယ်ကြည်နူးတာပဲ. . . မောင်Physician အနေနဲ့ အောင်မြင်ဖို့က မိငယ်ရဲ့ ဆန္ဒပဲအဲဒီဆန္ဒအတွက်မိငယ် အလုပ်လုပ်နေတာ. . . မောင့်ကို မပြည့်မစုံမဖြစ်စေချင်ဘူး. . . မောင်က ငယ်ငယ်ကထဲက သိပ်ပြည့်ပြည့်စုံစုံ မနေရတော့မိငယ် သနားတယ်. . . 'မောင့်ကိုမိငယ်နဲ့ လက်ထပ်ပြီးကတည်းက ဘာပြော ခဲ့လဲ မှတ်မိတယ်မို့လား"

"အင်း"

"ယောကျ်ားတစ်ယောက်ရဲ့တန်ဖိုးကို မြင့်အောင်လုပ်ပေးနိုင် တာမိန်းမပဲ. . . မောင့်ကို Physician ချင်းအတူတူ မိငယ်ကြောင့် လူသိပိုများတာ မိငယ်ကြောင့်မောင့်ဂုဏ်တက်တာ ဒါတွေလိုချင်လို့ မိငယ် ဝါသနာမပါဘဲ အိုဂျီလုပ်ခဲ့တာ. . . မိငယ် ပင်ပင်ပန်းပန်း ငွေရှာနေတာ. . . အခုမိငယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေချင်တဲ့ အတိုင်း အကုန်လုံးမဟုတ်တောင် တစ်ဝက်နီးပါးလောက် ဖြစ်ခဲ့တယ်၊ မိငယ်ကားပွဲစားမလုပ်ဘဲ အေးအေးဆေးဆေး လုပ်ရမဲ့အလုပ်တစ်ခုခု လုပ်မယ် စဉ်းစားတာပဲ ဥပမာ. . . စာရေးကိရိယာကိုယ်စားလှယ်ယူ တာမျိုးပေါ့. . . ဦးကုဋေလိုမျိုးလေ"

မိငယ်လက်ဖဝါးကို တယုတယကိုင်ထားသော သူ့လက်က ချက်ချင်းအေးစက်ကာ မိငယ်လက်ကို ဖြုတ်ချပစ်သည်။

"မင်းရည်းစားဟောင်းတွေနဲ့ မဆက်ဆံရတဲ့အလုပ် မရှိတော့ ဘူးလားဟင်. . . ရန်ကုန်မြို့မှာ အလုပ်တွေအများကြီးပါ. . ."



"ဦးကုဋေလည်း မိန်းမရလို့ ကလေးတောင်သုံးယောက်ရှိ နေပြီ. . . မောင်အခုချိန်ထိ နာကောက်နေတုန်းပဲ"

"ဪ မင်းတို့ချင်း အဆက်အသွယ်ရှိကြတယ်ပေါ့"

"မောင် ရူးနေလား. . MRCP မရဘဲ အရူးထောင်ရောက် သွားဦးမယ် ခေါင်းနဲ့သုံးပြီး စကားပြောဦး. . ."

"အဲဒီနာမည်နှစ်မျိုးကို ငါအမုန်းဆုံးပဲ. . . လဝင်းတဲ့ ကုဋေတဲ့. . . ဘာတွေမှန်းမသိဘူး. . . သိပ်မုန်းဖို့ကောင်းတဲ့နာမည် တွေ. . ."

"မောင့်သဘောထား ပြည့်ဝသင့်တယ်. . . တလေးလဲ မဟုတ်တော့ဘူး. . ."

"ကလေးမဟုတ်လို့ တင်းထားတာပေါ့ကွာ ဇိုက်ပြီး. . . ဘာအလုပ်မှ လုပ်ဖို့မင်းစဉ်းစားမနေနဲ့တော့. . . မင်းကိုအဲဒီလူတွေနဲ့ ထားခဲ့ပြီးအင်္ဂလန်သွားရမှာ ငါနဲနဲမှ သဘောမကျဘူး. . . စိတ်လည်း မချဘူး"

"ရှိတဲ့ပိုက်ဆံထိုင်စားရင် ကုန်သွားမှာပေါ့. . . အလုပ်တ တစ်ခုခုတော့ လုပ်ရမှာပဲ. . . မောင်လူကြီးဆန်စမ်းပါကွာ. . . မိငယ် တိုကဒီလိုဖြစ်လာတာလမင်းနဲ့ အလုပ်တွဲလုပ်လို့ သိလား. . . နိုင်ဆို အချဉ်ဖပ်းတဲ့လူတွေချည်းပဲ မိငယ်လိုဟာမျိုး စားမလောက်ပါဘူးလောက် ပဲဘယ်နေရာမှာပဲဖြစ်ဖြစ် ယုံကြည်စိတ်ချရတဲ့လူတစ်ယောက်ရှိဖို့လို

www.burmeseclassic.com

www.burmeseclassic.com



အပ်တာပဲ. . .”

“မင်းယုံကြည်စိတ်ချတဲ့လူတွေက မင်းရည်းစားဟောင်းတွေ ချည်းပဲ”

“မောင်တော်တော်ဆိုးပါလားဟင်. . . စာတွေဖတ်နေပြီး တော့ နဲနဲမှမစဉ်းစားဘူး. . . ဦးနှောက်မရှိဘူး. . . ပြောသင့်မပြောသင့် နားမလည်ဘူး. . .”

“အား. . . နာလိုက်တာ. . . ဗိုက်ကနာလိုက်တာ”

မိငယ်ရဲ့ ဝယ်ဘက်ဗိုက်သားပြင်က မခံမရပ်နိုင်အောင် ထိုးအောင့်၍ နာကျင်လာသဖြင့် ဘာမှဆက်မပြောနိုင်တော့။ နာလွန်း၍ ချွေးစေးတွေ ပြန်လာသည်။

ခြေလက်တွေ အေးစက်လာသည်။

အဲဒီအချိန်တွေ မိငယ်မြင်ရတာ လာနောက်မနေနဲ့ ဆိုသော မျက်နှာပေးမျိုးဖြင့် မောင်ထထွက်သွားတာဖြစ်သည်။

အိမ်ဖော်ကောင်မလေးကို မိငယ်အော်ခေါ်သည်။

“ငါ့ကိုဆေးရုံပို့. . . ချက်ချင်း”

ထို့နောက်မိငယ် သတိလစ်သွားသည်။



မိငယ်တစ်ချက် ပြန်သတိပြန်လည်လာတော့ ခွဲခန်းဝင်ခါနီး မှာ။

“မိငယ်. . . သတိရလာပြီလား. . . မမတို့ သမီးကို အရေးပေါ် ခွဲရမယ်. . . စိတ်အေးအေးထားနော်. . .”

“ဘာ. . . ဘာဖြစ်တာလဲဟင်. . . မောင်ရော. . . မောင် ရော. . . ဟင်”

“အခုထုံဆေးပေးတော့မယ်နော်. . . မျက်လုံးမှိတ်လိုက် တော့. . . ဒူးခေါင်းနဲ့ ရင်ဘတ်နဲ့ ကွေးလိုက်. . .”

“မရဘူး အရမ်းနာတယ်”

နောက်မိငယ်ကို ဧမှဆေးနဲ့ပင် ခွဲဖို့ဆုံးဖြတ်လိုက်ကြပါသည်။

အချိန်တော်တော်ကြာ လောကကြီးနဲ့ အဆက်ပြတ်ပြီး မိငယ် သတိရလာချိန်မှာ ညဘက်ကြီး။ ဆေးရုံရဲ့ ICU (အထူးကြပ်မတ်ကု

www.burmeseclassic.com

www.burmeseclassic.com



သခန်း) ထဲမှာမိငယ်တစ်ယောက်တည်း။

"မောင်. . ."

မိငယ်အသံကိုကြား၍ထင်။ အိပ်ပျော်နေဟန်ရှိသော နှာစ် ကောင်မလေးအပြေးရောက်လာသည်။

"မမသတိရလာပြီ"

"မောင်ရော. . ."

"ဆရာရှိတယ်ဆရာ မမကို တောက်လျှောက်စောင့်နေတာ အခုခဏလေးပဲ အပြင်ကိုထွက်သွားတာ. . . ကျွန်မဖုန်းဆက်ပေးမယ်"

"ရတယ်. . . မဆက်နဲ့. . . ရေ. . . ရေသောက်ချင်တယ်"

မိငယ်ပါးစပ်ထဲသို့ ရေစက်ကလေးနှစ်ပေါက် သုံးပေါက် ရောက်လာသည်။ ချက်ချင်းပဲအားအင်ပြည့်ဝသလို ခံစားရသည်။

"မမ. . . ဆရာပြန်လာပြီ"

မိငယ်ကိုမြင်သောအခါ မောင်သည် ချက်ချင်းငိုချလိုက်တော့ မည့်မျက်နှာမျိုးဖြင့် မိငယ်ဘေးမှာ ဝင်ထိုင်ကာ. . .

"အရမ်းနာသေးလား"ဟုမေးသည်။

"အင်း. . . နာတယ်. . . မိငယ် ဘာဖြစ်တာတဲ့လဲမောင်"

" Ectopic Rupture လေ"

မိငယ်သည် ရုတ်တရက်ဗိုက်အောင့်ပြီး နာလွန်း၍ သတိလစ် သွားတာကို Pain Shock due to Ectopic repture ဟု လုံးဝခေါင်းထဲ မရှိ။ သေတတ်တဲ့ အရေးပေါ်အနေအထားတစ်ခုမှန်း ဆရာဝန်တိုင်း



သိသည်။

ကိုယ်ဝန်သည် သားအိမ်ထဲမှ မတည်ဘဲ သားဥပြွန်ထဲမှာ သွားတည်ပြီး ပေါက်တွဲထွက်သောအခါ ရုတ်တရက် ဗိုက်အလွန်နာကျင် ပြီး ဝမ်းတွင်းခေါင်း သွေးယိုမှုဖြစ်၍ သွေးပေါင်ချိန်ထိုးကျကာ မိငယ် ရှော့စ်ရသွားခြင်းဖြစ်သည်။

နို့မို့နာရီဝက်နှင့် မိငယ်အသက်လဲလိုက်ရမှာ. . .

"မောင့်ကို ခွင့်လွှတ်ပါမိငယ်. . . မောင်တမိငယ် နေ့တိုင်း နေ တယ်ပဲထင်ခဲ့တာ။ မိငယ်တစ်ခါကလည်း အမေ့ရှေ့မှာ လုပ်ခဲ့ဖူးတော့ မယုံတာပါ. . . တမင်လှည့်ထွက်သွားတာမဟုတ်ပါဘူး. . ."

"ရပါတယ်မောင်ရယ်. . . အဲဒီအချိန်မှာ သေဖို့ရှင်ဖို့ဆိုတာ တံတရားကပဲ ဆုံးဖြတ်တာပါ. . ."

"ဒါပေမဲ့ မောင်ကဆရာဝန်လေ. . . မိငယ်ကျောင်းထား ပေးခဲ့လို့ အထူးကုဖြစ်လာခဲ့တဲ့ကောင်လေ. . . ဆရာဝန်ဖြစ်ရတဲ့သား နဲ့ ကိုယ့်မိန်းမ သေတွင်းနှုတ်ခမ်းပေါ် ရောက်နေချိန်မှာ မောင်ထွက်သွား ခဲ့မိတယ်. . . ဒီအဖြစ်က မောင့်အတွက် အကြီးဆုံးပဲ မောင်မမေ့နိုင် ဘူး။ မောင်ဟာတကိုယ်ကောင်းသမားပါ. . . မောင်တာအတ္တသမားပါ မိငယ်"

ပြောရင်း မိငယ်လက်ဖဝါးတစ်ဖက်ကို ဆွဲကိုင်လျက် မောင် ရှိုက်ကြီးတငင်ငိုလေသည်။ မောင်မျက်ရည်ဝဲတာ တစ်ခါတစ်ခါ မိငယ် ကိုက်တုန်းကပဲမြင်ဖူးခဲ့ရာ အခုလိုမျိုး ငိုနေတော့ အထူးအဆန်း ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

မောင့်ကို အပြစ်လည်းမတင်ရက်ပါ။ မိငယ်သည် မောင့်ကို အပြစ်လုပ်သော်လည်း အပြစ်ပင်မမြင်နိုင်အောင် မိငယ်ကချစ်မြတ်နိုးနေသူပင်တည်း။

"မောင့်မျက်ရည် ပူပူနွေးနွေးများသည် မိငယ့်ရဲ့ လက်ဖဝါးထဲကနေစိမ့်၍ မိငယ့်ရဲ့ နှလုံးသားထဲထိ ရောက်သွားသည်ဟုတောင် ထင်မိသည်။

"မငိုနဲ့လေ မောင်ရယ်"

မောင့်ကိုပြောရင်း မိငယ်ပါ မျက်ရည်ဝဲလာသည်။

"တော်တော့... မိငယ်အခု ဘာမှမဖြစ်ဘူးပဲဟာကို"

မောင်ခေါင်းမော့လာသောအခါ မောင့်ပါးပြင်က မျက်ရည်များကို မိငယ်လက်ဖမိုးနှင့် မမှီမကမ်းသုတ်ပေးလိုက်သည်။

"မောင်တလေ... ကလေးလေးအတိုင်းပဲ"

"မိငယ်မသိပါဘူး... မိငယ်ကို ခွဲခန်းထဲသွင်းလိုက်တဲ့ အချိန်မှာ Prognosis က 50% - 50% ပဲရှိတာ... သွေးခြောက်လုံး သွင်းရတယ်... Shock ကို cover ဖြစ်အောင် ခွဲခန်းထဲမသွင်းခင် ဒရစ်တွေ Run ရတယ်... ဒါပေမဲ့ မိငယ်လုံးဝသတိပြန်မလည်လာဘူး... မောင်ဆိုတာလေ... ဘာမှမလုပ်တတ်တော့ဘူး... သူများတွေမိငယ်ကို လိုင်းတင် CPR လုပ်နေတာ မောင်ရပ်ကြည့်နေရတယ်၊ မောင်ဘာမှ မသိတော့ဘူး... လူကထုံနေတယ်... မိငယ်ကိုမြင်ရတာအသက်ရှင်တဲ့လူနဲ့ တစ်စက်မှမတူတော့ဘူး... မျက်နှာက ဖွေးဆုတ်နေတာပဲ... မျက်တောင်ကလေးတွေကမဲပြီး မျက်လုံးမှိတ်နေတာ... အရမ်းသနားစရာကောင်းတယ်... မောင်လေမိငယ်ကို ကြည့်ပြီး ငိုမိတာပဲ... မောင့်တို့ FA ကမောင့်ကို ဘယ်လောက် ဖြောင်းဖြပါစေ မောင်အရမ်း Restless ဖြစ်နေတာ... အဲဒါနဲ့ ဗိုင်ယာဇီပင်တစ်လုံး မောင့်ကိုထိုးပေးရတယ်"



"မိငယ်ခွဲခန်းထဲရောက်တော့ သတိပြန်ရသေးတယ်"

"ပြောတယ်... မိငယ်က မောင့်ကိုမေးတယ်လို့ ဟောက်စ်တစ်ယောက်က ပြန်ပြောပြတယ်... မောင်ဖြင့် တကယ်မျက်ရည်တောင်ကျတယ်... မိငယ်ကို မောင်အရမ်းချစ်တယ်... သိလား... ဒီတသက်လုံးဝမခွဲနိုင်ဘူးကွာ... မိငယ်သာတစ်ခုခုဖြစ်ရင် မောင်ပါ လိုက်သေနိုင်တယ်... တကယ်... မိငယ်မရှိလို့ မောင်လုံးဝ မရပ်တည်နိုင်ဘူး... မောင့်အတွက် မိငယ်က ဘဝပဲ မိငယ်သိလား... မောင်ဟာတော်တော်ဆိုးတဲ့မောင်... အဲဒီဆိုးတာကိုပဲ မိငယ်ချစ်တာ"

မိငယ်မှာမျက်ရည်များကျကာ... ဝမ်းနဲ့တုန့်ချီစွာနဲ့ ပြောမိလေသည်။ မောင်ဘယ်လောက် သွေးပျက်သွားမယ်... တကယ်လို့ မိငယ်သာ မောင်အဲသလိုဖြစ်တာကို ကြုံရလျှင် မေ့လဲသွားမှာ သေချာလှသည်။

ဆရာဝန်တွေဟာ လူတွေပဲဆိုတာ မိငယ်တို့အဖြစ်က သက်သေပြလျက် သည်။ မိငယ်တို့မှာလည်း ခင်ပွန်း၊ မယားအတွက်

www.burmeseclassic.com

www.burmeseclassic.com



ပူပင်သောကရှိသည်။

သားသမီးရှိလျှင် သားသမီးအတွက် ပူပင်ရသည်။ မိဘရှိလျှင် မိဘအတွက် ပူပင်ရသည်။ ခုဆိုမယားဖြစ်သူ မိငယ်က သေဖို့ 50% ဟု မောင်သိထားသောအခါ မောင်သည် အဲဆက်ဆင်းမဲ့သွားသလို ထိတ်လန့်ခြောက်ခြားသွားလေသည်။ ဆရာဝန်တောင် ရိုးရိုးဆရာဝန် မဟုတ် မကြာခင် MRCP ရဖို့နိုင်ငံခြားသွားရမည့်ဆရာဝန်သည် မယားဖြစ်သူကိုကြည့်ကာ စိတ်ဂယောင်ခြောက်ခြားဖြစ်နေ၍ စိတ်ငြိမ်ရန် ဒိုင်ယာဇီပင်တစ်လုံးမင် ထိုးရသည်ဆိုတာ အခြေအနေ တော်တော် ဆိုးနေ၍ပင်ဖြစ်သည်။

"နာရီဝက်များ နောက်ကျမိရင် ဒီတသက်မောင်နောက်တ ရလို့ ဆိုးမှာမဟုတ်ဘူး. . ."

"CPR တောင် လုပ်ရတယ်ဆိုတော့ မိငယ်ကံကောင်းလို့ မသေတာပေါ့နော်. . ."

"ဟုတ်တယ်. . . ဒါနဲ့မိငယ် Amnoenhoea ရတာမသိဘူး လား"

"ဟင့်အင်း ကိုယ်ဝန်ရှိတယ်လို့ လုံးဝကိုမထင်တာ။ ရာသီ ပျောက်တယ်ဆိုတာလည်း ခါတိုင်းလို စိတ်ညစ်တာများလို့ ပျောက်တယ် လို့ထင်နေတာ ကိုယ်ဝန်ရှိလာရင် မောင့်အတွက် နောက်ဆံတင်းမှာစိုး လို့ မိငယ်မယူတာပါ"

"မသိဘူး မောင်ကလည်းမိငယ် အလှကြိုက်တာသိတော့



အလှပျက်မှာစိုးလို့ ကလေးမယူဘူးပဲထင်နေတာ. . ."

"ဒါဆိုအခု မိငယ် tube တစ်ခုပဲ ကျန်တော့တာပေါ့"

"အင်း"

မောင့်ကိုကြည့်၍ မိငယ်သိပ်စိတ်မကောင်းဖြစ်သွားလေသည်။

မိန်းမတစ်ယောက်မှာ သားဥပြွန်နှစ်ချောင်းရှိရာ တစ်ချောင်း ဖြတ်ထုတ်လိုက်ရပြီ။ ပြီးတော့ Ectopic ဆိုတာ ပထမတစ်ကြိမ်ဖြစ်ပြီး လျှင် နောက်တစ်ကြိမ်ထပ်ဖြစ်ဖို့က ရာနှုန်းများသွားပြီ။

နောက်တစ်ကြိမ်ဖြစ်လျှင် မိငယ်သည် ဒီတသက်ကလေး နောက်ထပ်မရနိုင်တော့။ ပြီးတော့ခုလို Ectopic တစ်ခါဖြစ်ပြီးလျှင် အနဲဆုံး နှစ်နှစ်ခွဲခန့် လုံးဝကလေးယူခွင့်မရှိ။ အဲဒါမှပဲ စိတ်ချရမည်။ နို့မို့ဆို မိငယ်အတွက် ချုပ်ရိုးပေါင်းက ပြဿနာရှိနိုင်သည်။

"မောင့်အိမ်မက်ထဲကလို သားလေးနှစ်ယောက်ဆိုတာ ဒီတစ် သက်မရနိုင်တော့ဘူးထင်ပါတယ်မောင်ရယ်"

"အဲဒါတွေ လျှောက်မတွေးနဲ့လေ. . . မရှိလည်း ဖြစ်တဲ့ကိစ္စ တွေမောင်စိတ်မဝင်စားဘူး. . . အခုမိငယ် စိတ်ချမ်းသာအောင်နေ ဒါပဲ. . ."

"ခွင့်ရောနေဆေးရုံက ယူလို့ရရဲ့လား"

"ဆယ်ရက်တော့ ရတာပေါ့. . . ဒါပေမဲ့ မိငယ်ခါတိုင်းထဲ အလုပ်ထွက်စာတင်လိုက်ရင်ကောင်းမယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . မိငယ် အလုပ်လာထွက်လိုက်တော့ အိမ်မှာပဲနားတော့ . . . နောက်တစ်ကြိမ် ဒီလိုဖြစ်မှာ အရမ်းစိုးတယ် . . ."

"အလုပ်လက်စသတ်ဖို့တွေ ကျန်သေးတယ်"

"လမင်းကို မောင်ဖုန်းဆက်ခေါ်ထားတယ်. . . သူ့ကိုပဲ အကူအညီတောင်းရတာပေါ့. . . မိငယ်နေကောင်းမှ ဦးကုဋ္ဌေဆီကို မောင်ကိုယ်တိုင် လိုက်ပို့ပေးမယ်လေနော်. . . မောင့်မိန်းမဖြစ်ချင်တာ မောင်အကုန်လုပ်ပေးမယ်"



"ငါနင့်ဆီကိုလာတော့ သတင်းတစ်ခု ကြားခဲ့တယ်သိလား မိငယ်. . . ဆေးရုံထဲက ဝန်ထမ်းတွေ ပြောနေကြတာ"

"ဘာတွေပြောနေလို့လဲ"

"နင်ယောကျ်ားငိုတဲ့အကြောင်းလေ. . . နင်တို့လင်မယား တတော့စံပဲ. . . ဆရာဝန်ဖြစ်ပြီးတော့ မိန်းမအသဲသန်ဖြစ်တာတောင် ခေါက်တယ်လို့ထင်သေးတယ်. . . တော့်"

"နင်နော် ငါ့ယောကျ်ားကို . . . ဒါနဲ့ရွှေယိမ်းရော သူတော့အင်း ဘာစာသင်ရတာ အဆင်ပြေရဲ့လား. . . ဒီမိန်းမ ငါ့ဆီတောင်မလာဘူး"

"လာလိမ့်မယ်. . . စာမေးပွဲတစ်ခုရှိလို့ နင့်ယောကျ်ားပဲ ဖုန်းဆက်ပြောထားတာ. . . ငါမြင့်ထင်တောင်မထင်ဘူး. . . သူငိုသံကြီးနဲ့ ဆက်တာပါ. . ."

"ဟုတ်တယ် ငါသတိရလာတော့လည်း သူငိုတယ်. . . ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းတောင်းပန်တယ်"

"ဒါနဲ့နင်က ဘယ်လိုဖြစ်တာလဲ ရုတ်တရက်ကြီး ငါနဲ့တွေ့တုန်းကအကောင်းပါ. . . ပြီးတော့ ကလေးရှိလို့ ဖြစ်တာဆို ဘာတွေလဲ"

"ဟုတ်တယ် သန္ဓေက သားအိမ်ထဲမှာ မတည်ဘဲ ဥပြွန်ထဲ ရောက်နေတာပေါက်ထွက်သွားတာ"

"ဟာ. . . ကြောက်စရာကြီး"

"နာရီဝက်နောက်ကျရင် သေမှာဟ"

"ဩော် နို့မို့ဒီအချိန်ဆို နင့်အသုဘ မုန့်ဟင်းခါး ငါစားနေရပြီပေါ့. . . အေးဟာ ဒီအရွယ်နဲ့နင်သေသွားရင် နင့်ယောကျ်ားကံကောင်းတာပေါ့. . . ဒါမှနောက်မိန်းမ ယူဖို့အချိန်ရှိသေးတယ်. . . အခုနင်မသေတော့ သူစိတ်ညစ်မှာပဲ"

"နင်နော် ဘာတွေလာပြောနေတာလဲ"

"နောက်တာပါဟ. . . ဟော့. . . နင်ငတုံးက နင့်ကိုတော့ အတော်ချစ်သားဟ သိလား. . . ငါအခုနင့်အိမ်ဝင်ခဲ့တာ သူဟင်းတွေချက်နေတယ်. . . နင်ကြိုက်တဲ့ ဆိတ်သားခြောက်ဖုတ်လေ. . . အဲဒါဆီကျကျနနစမ်းလို့ ပြီးတော့ငါးဖယ်လုံးဟင်းချိုဆိုလားပဲ အဲဒါလည်းလုပ်နေတာတွေ့တယ်. . . သူဟင်းချက်တတ်တယ်နော် အံ့ရော. . ."

"သူ့အမေနဲ့ နေရတုန်းက သူပဲချက်ရတာများတယ်. . ."

"အေးလေအခု ဆေးရုံမသွားဘဲနဲ့ အိမ်မှာမိန်းမစားဖို့



ဟင်းချက်နေတယ်. . . ဆေးရုံနဲ့ နားလည်မှုယူထားတယ်လို့ ပြောတာပဲ. . ."

"လမင်း"

"ပြော"

"ငါနောက်နင်နဲ့ အလုပ်တွဲမလုပ်နိုင်တော့ဘူးဟာ"

"သူမကြိုက်လို့လား"

"ငါ့ကျန်းမာရေးကြောင့်ပါ"

"ရပါတယ်. . . နင့်လူဝင်မပါလဲ ငွေစိုက်တာနဲ့ ရတာပဲ ဥစ္စာငါ့ကိုယုံရင်သာပြီးပြီ. . . နင်ဟာ မသေကောင်းမပျောက်ကောင်းနောက်ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ဦး. . . နောက်မိန်းမစားဖို့ရှာမနေနဲ့ ကြားလား"

"အမယ်လေး ငါ့ယောကျ်ားလား နောက်မိန်းမယူမှာ"

"အာလုပ်သံကြီးနဲ့ ကြွားမနေနဲ့. . . နင်အခုသကြည့်ပါလား နင့်ငတုံးက ခြောက်လအတွင်း ဆရာဝန်အငယ်တစ်ယောက်ယောက်နဲ့ လက်ထပ်လိမ့်မယ် ပျော့ပျော့ပါးပါးကြီး နင်ရှာထားတဲ့အိမ်မှာနေကြမှာ နင်ရှာထားတဲ့ပစ္စည်းတွေ သုံးကြမှာ. . . အဲဒီလောက်ထိ နင်တုံးအနေနဲ့"

"နင်ဟာလေ ကိုယ့်မှာမရှိတိုင်း သူများကိုမှိုချိုးနှိုးချိုးသိပ်ပြောတာပဲ. . . ငါခွဲခန်းထဲရောက်နေတုန်း သူ့အရှင်း Restless ဖြစ်နေလို့ D3 တောင် ထိုးရတယ်"

"အဲဒီအချိန်မှာ မငိုလို့ရယ်နေရမလား. . . စိတ်ထဲတတော့

www.burmeseclassic.com



ရယ်ချင်ရယ်မှာပေါ့. . . ပျော်နေပြီးတော့ မိငယ်သေပြီ ငါနောက်တစ်ယောက်ယောက်ရပြီဆိုပြီးတော့လေ. . . နင်ဟာ စီးပွားရေးတွေလုပ်ငွေသိန်းနဲ့ချီပြီးတော့ ဒီလောက်ထိ ရိုးအမနေစမ်းပါနဲ့ နင့်ယောကျ်ား နောက်မိန်းမယူမယူ နင်နဲ့ငါလောင်းမလား နင်မသေဘဲနဲ့တောင် ငါလောင်းကြေးထပ်ရဲတယ်"

"တော်တော့နော်. . . ငါငိုမိတော့မယ်"

"ငါစနေတာပါ. . . ငိုတော့မငိုပါနဲ့. . . တော်ကြာအောက်က ချုပ်ရိုးကြီး ပြုထွက်သွားရင် ငါဘာမှမလုပ်တတ်ဘူးနော်"

လမင်းကတစ်ချိန်လုံး အနောက်အရွှတ်တွေ ပြောနေရာ မောင်ထမင်းချိုင့်လာပို့တော့မှပဲ နှုတ်ဆက်ပြီး ပြန်သွားသည်။

မိငယ်ကိုမောင်ကိုယ်တိုင် ထမင်းခွံကျွေးလေသည်။

ဒီတခါလေးမှာတော့ မိငယ်သည် ကြည်နူးမှုဖြင့် အရာရာ မေ့လျော့နေသည်။

"မိငယ်မိဘတွေဆီဖုန်းဆက်မလား"

"ဟင့်အင်း. . . စိတ်ပူနေဦးမယ်. . . လူကြီးတွေ အေးအေး ဆေးဆေး နေပါစေ"

"မိငယ်"

"ဟင်"

"တကယ်လို့ မောင်အင်္ဂလန်သွားရရင် မိငယ်လည်း လည်ခွင့်ဗီဇာတင်ပြီး လိုက်ခဲ့ပါလား. . . တစ်ယောက်ထဲသွားတာ စိတ်



လို့. . . ဟိုမှာ. . . မိငယ်အမေအမေလဲရှိတော့ မိငယ် အဆင်ပြေတယ်လေ. . . နော်. . ."

"ကောင်းသားပဲမောင် . . . အင်း. . . ဒီတစ်ခါတွေ့ရင် အမေကမေးတဲ့အခါ အဖြေရှိပြီ. . . လုံခြုံစိတ်ချမှုလို့. . ."

"ဟင်. . . ဘာတွေပြောနေတာလဲ"

"ပြော်. . . အိမ်ထောင်တစ်ခုမှာ ငွေရယ်၊ အချစ်ရယ်၊ ပညာရယ် အပြင်နောက်တစ်မျိုး လိုအပ်တာရှိတယ်လေ. . .၊ အဲဒါ လုံခြုံစိတ်ချမှုပဲ. . .၊ အခုမိငယ်အဲဒါကို ခံစားလို့ ရတယ်သိလား. . ."

"မောင်ကတော့ မိငယ်နဲ့ လက်ထပ်လိုက်ကထဲက လုံခြုံတယ်လို့သိတယ်. . . မောင့်မိန်းမက တော်တာမောင်သိတယ်လေ"

မောင်နဲ့မိငယ်သည် တစ်ယောက်မျက်နှာတစ်ယောက် ချစ်ခင်သောအကြည့်များဖြင့် ကြည့်နေကြသည်။

မောင်နဲ့မိငယ်ဟာ ဒီလိုပဲ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် အခက်အခဲတွေကို ရင်ဆိုင်လိုက်နဲ့ ဘဝသံသရာဆိုတာ အချိန်တန်လျှင် ပျော်ရွှင်စွာ လည်ပတ်သွားမည်ဟု မိငယ်က ယုံကြည်မျှော်လင့်လေသည်။

မြလွှန်းချို [illegible]

www.burmeseclassic.com